www.burmeseclassic.com

ရွှေစကား
၁၄၅



BURMESE CLASSIC .com

# သီရိကြွယ်စင်

## ဒီဇာတ်လမ်းမှာမင်းနဲ့ငါ

www.burmeseclassic.com

www.burmeseclassic.com

# ဒီဇာတ်လမ်းမှာ မင်းနဲ့ငါ

သီရိကြယ်စင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁)

"ဒီမှာ မြင်းလှည်းဆရာ . . . မြင်းလှည်းအားပါသလား"

အနားကပ်ပြီး မေးလိုက်သံကြောင့် မျက်နှာကို ဦးထုပ်နှင့် အပ်လျက် မြင်းလှည်းပေါ်တက်ပြီး ခဏမှိန်းနေသော ရန်ကြီးအောင် တစ်ယောက် ဦးထုပ်ကိုဖယ်လိုက်ပြီး အသံလာရာသို့ လှည့်ကြည့်လိုက် မိသည်။

သူ့အပြောကိုစောင့်နေသည့် ကောင်မလေးအား ကြည့်ရင်း ဘေးဘက်ကိုပါ ဝေ့ဝိုက်ကြည့်လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"အားပါတယ် ... တစ်ယောက်တည်းလား"

"ဟုတ်ပါတယ်"

"ဒါဆို ခဏတော့ စောင့်ရမယ်"

ကောင်မလေးက အလိုမကျသလို မျက်နှာလေးရှုံ့မဲ့လျက် ..

"ဟင် ... ဘယ်လောက်တောင် စောင့်ရဦးမှာလဲ မသိဘူး"

"လူပြည့်မှဆို နောက်ငါးယောက်တင်ရဦးမယ်၊ ခဏလေးပါ၊ နောက်ရထားတစ်စင်းဆိုက်တာနဲ့ လူပြည့်ပါတယ်၊ လာလေ ... လှည်းပေါ်တက်ထိုင်နှင့်ပါလား"

ရန်ကြီးအောင်က ဖော်ရွေပျူငှာစွာ ဖိတ်ခေါ်သော်လည်း ကောင်မလေးပုံစံက စိတ်ပျက်စိတ်ကုန်ခန်းသွားသည့်ပုံဖြင့် ...

"ခက်တာပဲ ... စိတ်ညစ်လိုက်တာ"

ညည်းညည်းညူညူဖြင့် ကောင်မလေးတစ်ယောက်တည်း ပြောနေရာမှ တစ်ခုခုကိုစဉ်းစားနေပုံမို့ ရန်ကြီးအောင် ဘာမှဆက်မပြောဘဲ ငေးကြည့်နေလိုက်သည်။

တော်တော်ချောတဲ့ကောင်မလေးပါလား ... လို့ စိတ်မှ အသိအမှတ်ပြုရင်း ကောင်မလေးကို မသိမသာ အကဲခတ်လိုက်မိသည်။





အရွယ်က ခပ်ငယ်ငယ်ပင်ရှိသေးသော်လည်း အခုခေတ် ကောင်မလေးတွေလို ရှေ့ပင်နံ့တို့ ဘောင်းဘီတိုနန့်နန့်အပြင် စကတ်တွေ ဘာတွေ ဝတ်မထား။ အင်္ကျီရင်စေ့ ခါးတင် လက်စကနှင့် ထဘီကို ချပ်ရပ်စွာ ဝတ်ထားသည်။

ဆံပင်ကို အလယ်ခွဲခွဲကာ နောက်မှာစုစည်းထား၏။ အသား အရေက ဖြူတာမဟုတ်ဘဲ ဝါညက်ညက်လေးနှင့်။ မိတ်ကပ်ပါးပါး လေးလူးထားပုံက ဝတ်ထားသော ပါတိတ်အပြာဝမ်းဆက်လေးနှင့် လိုက်မှလိုက်ပဲ။

ဘယ်သွားမလို့ပါလိမ့်၊ ဘယ်ကလာပါလိမ့်ဟု တွေးကာ ကောင်မလေးပြောလာမှာကိုပဲ စောင့်နေသလိုပုံစံမျိုးဖြင့် ငေးကြည့်ရင်း ရန်ကြီးအောင် အပြုတ်ရှိုးနေမိသည်။

ကောင်မလေးကတော့ သူမကို ရန်ကြီးအောင် မှိုအားတစ်ထောင်မျက်လုံးနှင့်ကြည့်ကာ အကြိတ်အနယ်ဝေဖန်နေတာကို မရိပ်မိရှာ။ သူမ ဘာပြောမလဲဆိုတာကို စောင့်နေသည့် အထင်နှင့် ...

"အဟင်း ... အားနာလိုက်တာ၊ ဒီလိုလုပ်ပါလားရှင် ... ကကြီးတို့ရန်ကုန်မှာလို စင်းလုံးငှားလို့ မရဘူးလား၊ ရရင် ငှားပါရစေ၊ ကကြီး မစောင့်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . ရပါတယ်၊ အဲသလိုလည်း ရပါတယ်၊ ဒါဆိုလာလေ . . . မြင်းလှည်းပေါ်တက်၊ ပေး ပေး . . . အဲဒီအိတ်၊ ဒီကပဲ လှမ်းပေးလိုက်"

ရပါတယ်ဆို၍ ကောင်မလေးက ဝမ်းသာအားရဖြင့် မြင်းလှည်းပေါ်တက်ရန် မြေပြင်မှာချထားတဲ့ ခရီးဆောင်အိတ်ကို ကောက်ကိုင်တော့ ရန်ကြီးအောင် ပျာပျာသလဲပဲ အလိုက်တသိ လှမ်းယူလိုက်သည်။

ခရီးဆောင်အိတ်ကို နေရာချပေးပြီး ကောင်မလေး နေရာတကျထိုင်ပြီးသည်နှင့် မြင်းရဲ့ဇက်ကြိုးကို ခပ်ဆဆလေး ရန်ကြီးအောင် ဆွဲလိုက်ပြီး . . .

"ဘယ်ကိုပို့ပေးရမလဲ ခင်ဗျာ"

"ဟိုလေ . . . ဘာတဲ့၊ ဩော် သိပြီ သိပြီ . . . ဆောင်းရင်ခွင် ဂေဟာကိုပါ၊ ရော့ ရော့ . . . မြင်းလှည်းခ"

"ဘယ်လို"

မေးလိုက်ပြီးမှ ကောင်မလေးရဲ့ဖြေသံကြောင့် ကြိမ်မတို့သေးပေမယ့် ဇက်ကြိုးကို ဆွဲလိုက်ကတည်းကိုက သခင့်အလိုကျ ပြေးထွက်ရန် ဟန်ပြင်နေသောမြင်းအား ရန်ကြီးအောင် စုတ်သပ်ရင်း လက်ထဲ





ကကြိုးကိုပါ ဆောင့်ဆွဲလိုက်မိသည်။

ပြီး ကောင်မလေးကို လှည့်ကြည့်၍ . . .

"မင်း အဲဒီကိုဘာသွားလုပ်မလို့လဲ"

ပြောင်းလဲသွားသောအခြေအနေနဲ့ ထူးခြားသော မေးခွန်းကြောင့် ကကြိုး မျက်ခုံးလေးပင့်လျက် ပြန်ငေးကြည့်နေပြီးမှ မျက်နှာကိုတင်းလိုက်ပြီး . . .

"ရှင်နဲ့ဘာဆိုင်လို့ မေးရတာလဲ၊ ရှင့်အလုပ်က မြင်းလှည်းမောင်းရမယ့်အလုပ် မဟုတ်လား"

လို့ ခပ်မာမာပဲ ပြန်ဖြေလိုက်မိသည်။

ဟုတ်တယ် . . . ယောက်ျားဖြစ်ပြီး စပ်စုလိုက်တာ လွန်ရော။ မြင်းလှည်းခရရင် ပြီးတဲ့ဟာကို။

ဟွန်း . . . မုန်းလိုက်တာ။

ဖြေပြီးတာနဲ့ မျက်နှာကို ခပ်လွှဲလွှဲလုပ်နေလိုက်သည်။

ရန်ကြီးအောင် မကျေနပ်သေး။ စူပုတ်ပုတ်မျက်နှာနဲ့ တစ်ဖက်လှည့်သွားတဲ့ ကောင်မလေးကို ဘာအတွက်သွားမှာလဲ မရမက မေးချင်လှသည်။

မေးတာမကြိုက်လည်း မတတ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်အကြောင်း သူမက ဘယ်လောက်သိထားလို့လဲ။ သိတယ်ဆိုလည်း ပြီးရောပေါ့။ မသိသေးရင်တော့ သိအောင် ပြောပြချင်မိသည်။

စေတနာနှင့်ပါ။ ဒီလိုချောချောလှလှကောင်မလေးကို ဒီအိမ်ရဲ့ အရှုပ်ထဲမှာ မပါစေချင်။

ရန်ကြီးအောင် သက်ပြင်းမှုတ်ထုတ်လျက် . . .

"ငါက နမချင်းကိုယ်ချင်းစာမိလို့ မေးလိုက်တာပါ . . . တစ်မျိုးမထင်ပါနဲ့။ အဲဒီအိမ်အကြောင်း မင်း ဘယ်လောက်သိထားလို့လဲ"

"ရှင်"

ရန်ကြီးအောင်၏ တိုးဖွသောစကားသံက ကကြိုးမျက်နှာကို ဆတ်ခနဲ လှည့်လာစေတော့သည်။ အံ့သြတဲ့မျက်နှာလေးကလည်း အခုတော့ ဖြူဖပ်ဖြူရော်နှင့်။

"ရှင် . . . ဘာကိုဆိုလိုတာလဲဟင်"

အသံလေးတုန်ကာ ပြန်မေးနေပြန်သည်။ ဒီတော့မှ ရန်ကြီးအောင် သူမဘက်ကို တစ်ကိုယ်လုံးလှည့်လိုက်ပြီး . . .

"အဲဒီအိမ်က ဒီမြို့ရဲ့အပြင်ဘက်မှာ သက်သက်ရှိနေတာ၊ အိမ်ထဲမှာ ဘာတွေအရှုပ်အရှင်းရှိတယ်ဆိုတာ ဘယ်သူမှ အတိအကျ





မသိပေမယ့် သူစိမ်း အိမ်ထဲဝင်ခွင့်မပြုတာ သူတို့တွေရဲ့ဆန္ဒပဲ၊ နိုးဝင်လို့က အသေပဲလို့ ကြားဖူးတယ်၊ နောက်ပြီး အဲဒီအိမ်ရဲ့ အရှင်သခင်မကြီး ရောဂါဖြစ်နေတာကို ပြုစုဖို့ ခေါ်လိုက်တဲ့သူတိုင်း ပြန်ပြေးကုန်ကြတယ်လို့ ပြောတယ်၊ ဘာကြောင့်လဲဆိုတာတော့ အတိအကျ မသိရဘူး၊ ဘယ်သူ့ကိုမှလည်း သူတို့က အပေါင်းအသင်းမလုပ်ကြဘူး . . .၊

အဲဒီ ကျယ်ဝန်းတဲ့ခြံကြီးထဲမှာပဲ အလုပ်သမားတန်းလျားရယ်, ဆေးရုံအသေးစားလေးရယ်, စာသင်ကျောင်းအသေးစားလေးရယ် ရှိတယ်လို့ ပြောကြတယ်၊ ဒါပေမဲ့ အဲဒီက ဆရာဝန်တွေ ဆရာမတွေ သွားလာလှုပ်ရှားတာကို ဘယ်သူမှ မတွေ့ခဲ့ကြရဘူး၊ အဲဒါကြောင့် ဘာမှန်းမသိတဲ့အိမ်ရဲ့ အရှုပ်ထဲမှာ မင်းပါနေမှာစိုးလို့ သတိပေးတာပါ"

"အဟင်း . . . ကျေးဇူးပါပဲရှင်၊ စိုးရိမ်လို့သတိပေးတဲ့သူကလည်း သတင်းက ဘာမှလည်း မတိကျဘဲနဲ့များ သူများအပြောနဲ့ချည်း ပြောနေတာပဲ၊ သူများ အတိအကျ တွေ့ကြုံဖူးလို့လားဆိုပြီး ဒီကတော့ နားထောင်နေမိတာ"

"ဟ . . . ငါက စေတနာနဲ့ပြောတာကွ"

သူ့စေတနာကို အစော်ကားခံလိုက်ရသည့်အတွက် ရန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အောင် ဒေါသနှင့် အော်မိတော့သည်။

"ဟုတ်ပါတယ် ... ကကြိုးက ရှင့်ကို ဘာပြောမိလို့လဲ၊ ရှင်လည်း တကယ်လက်တွေ့ကြုံဖူးတာမှ မဟုတ်တာ၊ သူများအပြော ကို မယုံနဲ့လို့ ပြောချင်တာပါ။ ကဲပါ ကဲပါ ... မြင်းလှည်းကို မောင်း ပါတော့၊ လမ်းမှာ စကားပြောသွားကြတာပေါ့၊ ဒါနဲ့ ရှင့်ကိုပြောရဦး မယ် ... ကကြိုး အဲဒီအိမ်ကိုသွားမှာ ရှင် ခုနကပြောတဲ့ အဲဒီအိမ်ရဲ့ အရှင်သခင်မကြီး ဒေါ်စိန်မြချယ်ရဲ့ရောဂါကို ကုဖို့အတွက်ပဲ၊ ကျွန်မ ဆရာက လွှတ်လိုက်လို့သွားမှာ"

"ဟင် ... မင်းက ဆရာဝန်လား"

မြင်းလှည်းမောင်းလာရင်းမှ ကကြိုးပြောသမျှကို နားစွင့်နေ တဲ့ ရန်ကြီးအောင်တစ်ယောက် အံ့သြကြီးစွာ လှည့်၍ မေးလိုက်မိ တော့သည်။

ကကြိုးက ပြုံးပြုံးလေးနဲ့ ခေါင်းညိတ်ပြလိုက်တော့ ရန်ကြီး အောင် နှုတ်ဆိတ်သွားရသည်။

အထင်ကြီးသွားရခြင်းနှင့်အတူ နှမြောမိသည့်စိတ်က ရင်မှာ ပူလောင်လာ၏။

"မင်း အဲဒီအဘွားကြီး ဘာရောဂါဖြစ်တာလဲ သိပြီးပြီလား"





"အင်း ... သိပြီးပါပြီ၊ အရေပြားရောဂါတဲ့"

"မင်း မကြောက်ဘူးလား"

"ဘာကိုလဲ"

"အဲဒီရောဂါကူးမှာကိုလေ"

"အဟွန်း အဟင်း ဟင်း ... ရှင်ကလည်း ရယ်ရတယ် ... တကယ်ပဲ၊ ကကြိုး အဲဒီအရေ့လေးမှာ ထွက်ထိုင်မယ်၊ အရှိန်နည်း နည်း လျှော့လိုက်ပါလား၊ စကားပြောရတာ အဆင်မပြေဘူး၊ ရှင် ကကြိုးကို လှည့်လှည့်ကြည့်နေရတယ်"

ကကြိုး ရှေ့ကိုထွက်ထိုင်ပြီး ခြေထောက်ကလေး တွဲလောင်း ချလျက် သူ့ဘက်ကို လှည့်ကြည့်လျက် စကားဆက်ပြောနေလိုက် သည်။

"ရှင်တွေးသလို ရောဂါကူးမှာစိုးနေရင် ဒီလောကကြီးမှာ ဆရာဝန်, ဆရာမဆိုတာ ရှိလာပါ့မလား၊ ဒါတွေကို မတွေးလို့သာ လူနာတို့ ကုဖို့ဆရာဝန်, ဆရာမဆိုတာ ဖြစ်လာတာပဲလေ၊ မရောက် သေးဘူးလားဟင် ... ဝေးတယ်နော်"

"ရောက်တော့မှာပါ ... ဟိုးမှာတောင် လှမ်းမြင်နေရပြီ၊ ဟိုမှာ တွေ့လား ... ကုန်းမြင့်ကြီးပေါ်က တိုက်ဝါဝါကြီး၊ အဲဒီအိမ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရန်ကြီးအောင် မေးငေါ့ပြရာသို့ ကကြိုး လှမ်းကြည့်လိုက်သည်။

ဟုတ်ပ. . . ကုန်းမြင့်ပေါ်မှာ ထယ်ဝါခန့်ထည်စွာ ရှိနေလိုက်တာ။ မြုန်းခနဲဆို အဝေးကနေ မြင်ရတာ တိမ်တိုက်ထဲမှာ ရှိနေသလိုလို။ ပတ်ဝန်းကျင်မှာ အိမ်ခြေဆိုတာမရှိပါဘဲ သစ်ပင်တွေအုံ့ဆိုင်းပြီး သူ့တစ်အိမ်တည်း ထီးထီးကြီးရှိနေတာကိုက မြင်ရတာ တစ်မျိုးကြီးပဲ။

အင်း . . . တိုက်ပုံစံကလေးကတော့ လှတပတလေးပါလား။ မြင်လိုက်တာနဲ့ နေချင်ဂရာ။

"တိုက်လေးက နေချင်စရာလေးနော်"

ကကြိုး လွှတ်ခနဲ ပြောလိုက်ပြီးမှ ရှုတည်တည်နဲ့ ကြည့်နေသော သူ့အကြည့်ကြောင့် မျက်နှာကို ပြန်လွှဲနေလိုက်ရသည်။

ဒီလိုနဲ့ပဲ ထိုခြံနားကို တဖြည်းဖြည်း နီးကပ်လာပြီး အုတ်တံတိုင်းအမြင့်ကြီး ကာရံထားသော ခြံဝမှာ မြင်းလှည်းက ရပ်သွားလေသည်။

မြင်းလှည်းပေါ်ကနေ ရန်ကြီးအောင် ခုန်ဆင်းလိုက်ပြီး . . . အနောက်မှာတင်ထားသော ခရီးဆောင်အိတ်ကို လှမ်းယူရင်း မြေပြင်မှာ ချထားလိုက်ကာ . . .





"အဲဒီ နေချင်စရာကောင်းတဲ့ တိုက်လေးထဲမှာ သေချင်စရာကောင်းလောက်အောင် ကြုံရမယ့်အဖြစ်မျိုးနဲ့ ကြုံခဲ့ရင်, အကူအညီလိုခဲ့ရင်ပေါ့လေ ခုနက မြင်းလှည်းဂိတ်မှာ ဘယ်သူ့မေးမေး ရတယ် . . . ကိုယ့်နာမည် ရန်ကြီးအောင်တဲ့"

ပြောပြီးတာနှင့် မြင်းလှည်းပေါ်တက်ကာ မောင်းထွက်သွားသော ရန်ကြီးအောင်ဆိုသူအား ကကြိုး နားမလည်နိုင်စွာ ငေးကြည့်ကျန်ခဲ့ရလေသည်။

သူ့မြင်းလှည်း အဝေးကြီးကိုရောက်သွားမှ သက်ပြင်းတစ်ချက်နဲ့အတူ မြေကြီးပေါ်ကအိတ်ကို လှမ်းဆွဲရင်း အုတ်တံတိုင်းဘက် မျက်နှာမူလိုက်လေသည်။

အထဲကို ဆက်သွယ်ခေါ်ယူလို့ရတဲ့ ဘဲလ်အား ဘယ်နေရာမှာ ရှိနေမလဲလို့ အရင်ဆုံး ကကြိုးရှာလိုက်သည်။

တွေ့ပါပြီ . . .။ ဆောင်းရင်ခွင်ဂေဟာလို့ ရေးသားထားသော ကြေးဝါဆိုင်းဘုတ်ကြီး၏ အောက်တည့်တည့်မှာ မြှုပ်ထားသည့် ဖြူဖြူခလုတ်လေး။

ခလုတ်လေးကိုနှိပ်ရန် ကကြိုး လက်ရွယ်ပြီးမှ ရန်ကြီးအောင်စကားများက နားဝမှာ ပဲ့တင်ထပ်လာတာကြောင့် လက်လေးကို



www.burmeseclassic.com

www.burmeseclassic.com



အသာရပ်လိုက်မိသည်။

ခဏကြာ ရပ်တွေးနေပြီးမှ တာဝန်ယူလာတဲ့အလုပ်တစ်ခုကို ကျေပွန်စွာ ထမ်းဆောင်ရပါမည်။ ကတိတွေ အထပ်ထပ်ပေးပြီးမှ သူမ သူရဲဘောကြောင်စွာ တွေဝေနေလို့မဖြစ်။ ဘယ်သူမှ ကုလို့မရတဲ့ ဒေါ်စိန်မြချယ်အား သူမအစွမ်းအစနှင့် ရအောင်ကြိုးစားပါမည်ဟု အားလုံးရဲ့အရှေ့မှာ ကတိတွေပေးထားခဲ့ပြီလေ။

ဒီတော့ ခပ်မြန်မြန်ပဲ လက်ကလေးကို လှုပ်ရှားလိုက်လေသည်။

မကြာလိုက်ပါ ...။ သံမဏိ ဧရာမတံခါးကြီး ပွင့်လာကာ လူတစ်ယောက် ထွက်လာ၍ ...

"ဘာကိစ္စလဲ ကလေးမ"

"ကျွန်မ ဒေါက်တာကကြိုးသွယ်ပါ"

"ဩော် ... ရန်ကုန်က ဒေါက်တာချမ်းငြိမ်းလွှတ်လိုက်တဲ့ သခင်မကြီးကိုကုမယ့် ဒေါက်တာလား"

"ဟုတ်ပါတယ်"

ကကြိုး အပိုမပြောပါ။ မေးတစ်ခွန်း ဖြေတစ်ခွန်းပါပဲ။ အားလုံး ကြိုတင်သိနေလောက်ရောပေါ့။





"အထဲကို ဝင်ပါ၊ အဲဒီမှာ ရပ်နေပေးပါနော်"

ပြောလာသူက တောင်းပန်သလိုမျိုးမို့ နားလည်စွာ ခွင့်လွှတ်လျက် ကကြိုး ရပ်နေလိုက်ပါသည်။

အခုမှပဲ ကကြိုး သတိထားမိတော့သည်။ ရပ်နေပါလို့ ပြောမှာပေါ့။ နောက်ထပ် ခြံစည်းရိုးသဖွယ် ကာရံထားသည့် အုတ်တံတိုင်းနားကို ထိုလူ လျှောက်သွားရသေးတာကိုး။

အံ့ပါရဲ့ ...။ ခြံစည်းရိုးနှစ်ထပ်နဲ့ ကြီးကျယ်ခမ်းနားလိုက်တာ။ အယ် ... ကြည့်ပါဦး။ ဒီခြံစည်းရိုးနဲ့ ဟိုခြံစည်းရိုး နှစ်ခုကြားမှာပဲ သပ်ရပ်တဲ့ ပျဉ်ထောင်အိမ်လေးတွေကို စေ့လို့။ ဒါ အလုပ်သမားတွေနေတဲ့အိမ်မှ ဟုတ်ပါ့မလား။ အိမ်လေးတွေက သပ်သပ်ရပ်ရပ်ရှိလိုက်တာ။ ဒါ ဘယ်သူတွေ နေတာပါလိမ့်။

ကကြိုး အတွေးမဆုံးခင် ခုနကလူ ပြန်ရောက်လာပြီး ...

"လာလို့ရပါပြီ၊ ကျွန်တော့်နောက်က လိုက်ခဲ့ပါ"

ထိုသို့ပြောပြီး ရှေ့က ထွက်သွားပြန်တော့သည်။ ကကြိုး အိတ်ကိုဆွဲပြီး နောက်ကလိုက်သွားမိ၏။

ကွန်ကရစ်လမ်းခင်းထားတဲ့တစ်လျှောက်မှာ မြေကြီးဆိုတာ ရှာမတွေ့။ ဟိုဘက်လမ်းဘေး၊ ဒီဘက်လမ်းဘေး မျက်နှာချင်းဆိုင်အိမ်



www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့ရှေ့မှာလည်း သမံတလင်းတွေကအပြည့်။ အိမ်တိုင်းရဲ့ရှေ့မှာ အလှပန်းအိုးလေးတွေက အစီအရီ၊ ရန်ကုန်မှာဆို ဆင်ခြေဖုံးရပ်ကွက် တစ်ခုစာလောက် ရှိမည်ထင်သည်။

အောင်မယ်လေး . . . ရှေ့ကသွားတဲ့လူက အနောက်ကို လှည့်ပင် မကြည့်။ ဒီအိတ်ကလေးတောင် ပိုင်းဆွဲဖော် မရ။ နေနိုင် လိုက်တာလို့ စိတ်ထဲကတွေးကာ ကကြိုး မျက်နှာကလေးမဲ့သွားရ သည်။

မဲ့သည်ပေါ့ . . .။ နောက်ခြံစည်းရိုးနားရောက်ဖို့က ၁၅ မိနစ် လောက်ကို ကြာသည်လေ။ ဒီတော့ ကကြိုး လက်တွေနာလာတာနဲ့ အတူ စိတ်တောင်တိုတယ်။

ဟော . . . ရောက်ပါပြီ ခြံစည်းရိုးပေါက်ဝကို။ ကြည့်စမ်း . . . ကာထားလိုက်တဲ့ တံတိုင်းကြီးက လွင့်နေတာပဲ။ ဒါတောင် သံဆူး ကြိုးတွေက ထပ်ဆင့်ထားလိုက်သေးတယ်။ မလွယ်ပါလား။ အိမ်ထဲ ရောက်ဖို့မပြောနဲ့ . . . ခြံထဲဝင်ရတာတောင် ဒီလောက်ခက်ခဲပါလားလို့ တွေးလိုက်ပြန်ကာ ကကြိုး သက်ပြင်းမှုတ်ထုတ်၍ လက်ထဲကအိတ်ကို ပစ်ချလိုက်မိလေသည်။

ထိုလူကတော့ ဘဲလ်နှိပ်လိုက်ပြီး ဖုန်းတစ်လုံးနဲ့ အလုပ်ရှုပ်





နေလေရဲ့။ အောင်မယ်လေး . . . အဆင့်မြင့်လိုက်တာ။ ခြံစောင့်က တောင် ဖုန်းကိုင်နိုင်သတဲ့။ အိမ်ကြီးထဲမှာ ဘယ်လောက် ခမ်းနားနေလဲ မပြောတတ်။ အိမ်ထဲရောက်ဖို့ကို အဆင့်ဆင့်အပြင် အစီရင်ခံရသေး သတဲ့။

ကကြိုး စိတ်ရှုပ်ထွေးစွာ နှုတ်ခမ်းမဲ့လိုက်မိသည်။ ဟို . . . မြင်းလှည်းဆရာ ရန်ကြီးအောင်ကိုပင် သတိရလိုက်မိ၏။ သူပြောသလို အခြေအနေမျိုး မရောက်သေးပေမယ့် ခရီးရောက်မဆိုက် စိတ် အနှောင့်အယှက်ဖြစ်နေရပြီ *မဟုတ်ပါလား။

"ဒေါက်တာ . . . အိမ်ကြီးဆီကိုသွားဖို့ ကားအဆင်သင့် ဖြစ် နေပါပြီ"

"ရှင်"

စိတ်ရှုပ်ထွေးလွန်းလို့ အဲဒီလူကို ကျောပေးပြီး ကိုယ့်အတွေးနဲ့ ကိုယ် ရှိနေခိုက် ကြားလိုက်ရတဲ့စကားသံကြောင့် အူကြောင်ကြောင်နှင့် ကကြိုးလှည့်ကြည့်လိုက်မိသည်။

အိမ်ကြီးဆီကို ကားနဲ့သွားရမယ်ဆိုတော့ ကကြိုး မအံ့ဩဘဲ နေမလား။ အံ့ဩတာပေါ့။ လှမ်းကြည့်နေတာ မြင်နေရတဲ့ဟာကို။ ကြီးကျယ်လိုက်တာလို့ စိတ်ထဲက ထင်လိုက်မိတာလေ။



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်ပြီးမှ ကကြိုး ပိုပြီး အံ့သြရပြန်ရော။ ဒုတိယခြံ စည်းရိုးက သံမဏိတံခါး ပွင့်သွားချိန်မှာ ပါရာဒိုကားကြီးက အရန်သင့် ဆိုက်ထားနှင့်နေပြီ။

နောက် ကားကိုကျော်ပြီး အရှေ့ကို ကကြိုး မျှော်ကြည့်လိုက်ပြန်သည်။ ခုနက အပြင်ကနေ မြင်နေရတဲ့အိမ်ကြီးကို ရောက်ဖို့ ဖြောင့်ဖြူးနေတဲ့လမ်းမကြီးက တမျှော်တခေါ်ပါလား။

ကကြိုး အံ့သြငေးမောနေဆဲ ထပ်ပြီးသတိပေးလိုက်သူကြောင့် ကားနားကို လျှောက်သွားလိုက်ကာ အသင့်ဖွင့်ပေးထားတဲ့ ကားပေါ် တက်ထိုင်လိုက်မိ၏။

ကားပေါ်ရောက်တာနှင့် ကားလေးက ငြိမ့်ခနဲ မောင်းထွက်ခဲ့လေပြီ။ အခု ကားမောင်းသူက တစ်ယောက်။ ခုနက လူက ကျန်ခဲ့ပြီ။ နောက်ထပ်အလုပ်သမားတွေ ဘယ်နှယောက် အသစ်တွေထပ်တွေ့ရဦးမလဲ မသိဘူးလို့ ကကြိုးတွေးကာ သက်ပြင်းတွေ လှိုင်လှိုင်ချနေမိတော့သည်။

ရောက်လာပြီးမှတော့ စိတ်ညစ်စရာတွေ တွေးမနေလိုတော့။ ဖြစ်သမျှအကြောင်း အကောင်းပဲဟုတွေးကာ ပတ်ဝန်းကျင်ကို ငေးမောနေလိုက်မိ၏။





ထင်းရှူးပင်နှင့် တမာပင်ကို တစ်ပင်ခြားစီ စိုက်ထားသော လမ်းဘေးတစ်ဖက်တစ်ချက်မှ ရှုခင်းများက ကကြိုးရင်ကို ခဏတာ စိတ်အမောပြေစေခဲ့သည်။

ပင်လုံးကျွတ်မျှပွင့်နေသော တမာပွင့်တို့၏ မွှေးရနံ့က လေအဝေ့မှာ ကကြိုးကို ဆီးကြိုနှုတ်ဆက်နေကြလေ၏။

တစ်ချက်တစ်ချက် ကြားလိုက်ရသော ကလေးများ၏ စာအံသံကို တမာရနံ့မွှေးအီအီအား ရှူသွင်းရှူထုတ်လုပ်ရင်းက ကကြိုး နားစွင့်လိုက်မိလေသည်။

ရန်ကြီးအောင်ပြောပြလိုက်သော စာသင်ကျောင်း အသေးစားလေးအကြောင်းကို သတိရသွား၍ ကကြိုး အသာပြုံးလိုက်မိတော့သည်။

အခုမှပဲ ပုံမှန်စိတ်နဲ့ တည်ငြိမ်သွားရပြီး လာရာလမ်းရဲ့ တောင်ကုန်းအောက်ကို ကားပြတင်းကနေ လှမ်းကြည့်မိလေသည်။

တောင်ကုန်းအောက်ဆိုသော်ငြား သစ်ပင်ကြီးငယ်တို့နှင့် ရှုပ်ထွေးနေသော နေရာမဟုတ်။ ဘာအဆောက်အအုံမှန်း မသိရပေမယ့် ခိုင်ခံ့သပ်ရပ်သော အဆောက်အအုံများက ဟိုဘက်ရော ဒီဘက်ပါ သူ့နေရာနှင့်သူ အကျအန ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး တောင်ကုန်းမြင့်ပေါ်ကအိမ်ကြီးဆီကို သွားဖို့ လူသွားလမ်းနဲ့ ကားလမ်းပါတဲ့ ကုန်းကျော်တံတားက ရှိလိုက်သေး၏။

ဒါတွေကို ဆောက်လုပ်ဖို့ အတော်ကိုအချိန်ယူရမှာပဲ။ ဘယ်လိုအဓိပ္ပာယ်နဲ့ ဒီလိုနေရာမှာ ဒီလိုကြီးကျယ်ခမ်းနားတဲ့စိတ်ကူးတွေကို အသုံးချရတာပါလိမ့်။

ထိုစဉ် ...

'ပွမ် ပွမ်'

ကားဟွန်းသံကြောင့် ကကြိုး အတွေးစတွေ လွင့်စဉ်ပျောက်ကွယ်သွားရပြီး ကားရှေ့ကို ကမန်းကတန်း ကြည့်လိုက်မိသည်။

လှပတဲ့တိုက်ကြီးရဲ့ ပတ်ချာလည်မှာလည်း အုတ်တံတိုင်းတွေ ကာထားတာပါလားလို့ တွေးရင်း ကျောချမ်းလာရတဲ့ အဖြစ်။

တည်ငြိမ်စိတ်တွေ ပြန်လှုပ်ရှားလာရ၏။

ထိုသို့ဖြစ်ရင်း အော်တိုမစ်တစ်ပွင့်သွားတဲ့ ခြံစည်းရိုးတံခါးပေါက်ကနေ ဘီးလိမ့်ရုံ မောင်းဝင်တဲ့ကားပေါ်မှာ ရင်တထိတ်ထိတ်၊ အသည်းတထိတ်ထိတ်နဲ့ ကကြိုးလိုက်ပါခဲ့ရပါ၏။

ကြီးမားဆန်းကြယ်လှတဲ့ ဆင်ဝင်အောက်မှာ ကားလေး တုံ့ခနဲ ရပ်သွားသည့်တိုင် ကကြိုး အသက်မရှူရဲသေး။





သူမ မြန်မာပြည်ထဲမှာရှိနေတာမှ ဟုတ်ရဲ့လားလို့ အထင်ရောက်သွားရသည်။

မေမေတားတဲ့ကြားက ထွက်လာမိတာ မှားပြီလားလို့ ကကြိုး အခုမှ နောင်တရချင်လာမိသည်။

အစက ဒီလောက်ကြီးကျယ်ခမ်းနားလိမ့်မည် ထင်မထားခဲ့။ ရိုးရိုးလေးပဲ တွေးထားခဲ့သည်။

လူနာဆေးကုတာ တစ်ခုတည်းပဲ ကကြိုးခေါင်းထဲမှာ ရှိခဲ့တာ။ ဒါလောက်နဲ့ ကကြိုး လာရင်းကိစ္စ လုံလောက်ပြီဟု။

အခုဟာက ဘာတွေဘယ်လိုလဲဆိုတာ တွေးရခက်နေတော့သည်။

"ဆင်းလို့ရပါပြီ"

ကကြိုးအတွေးနဲ့ နပန်းလုံးနေတုန်း ကားတံခါးလာဖွင့်ပေးသူကြောင့် ကားထဲက ဆင်းလိုက်ရသည်။

ကားအပြင်ရောက်မှ လက်ဆွဲအိတ်ကို လှမ်းယူစဉ် ...

"ထားခဲ့ပါ"

ကကြိုး တွန့်ခနဲ ဖြစ်သွားရ၏။

ဘာတွေလဲဆိုသည့်အဓိပ္ပာယ်နှင့် ကကြိုး ထိုသူကို လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်မိသည်။ ထိုသူကတော့ ကကြိုးကို အရေးမစိုက်။ လက်နောက်ပစ်ပြီး ခပ်တည်တည်ပင် ရပ်နေလေသည်။

ကကြိုး ခါးကို ဆတ်ခနဲ ပြန်မတ်လိုက်ပြီး ကားတံခါးကို ဝုန်းခနဲနေအောင် ပိတ်ပစ်လိုက်မိလေသည်။

ဆေးကုဖို့ခေါ်လာတာကို ပြန်ပေးဆွဲလာသလား မှတ်ရတယ်။ ကကြိုး ပြန်ပြေးချင်တဲ့စိတ်ကို မနည်းထိန်းထားရ၏။

မထိန်းလို့လည်း မဖြစ်။ ဘယ်မလဲ ပြေးပေါက်။

"လိုက်ခဲ့ပါ"

ရှေ့ကထွက်သွားပြီဖြစ်တဲ့လူရဲ့နောက်ကို ကကြိုး မလိုက်မဖြစ် မလိုက်ခဲ့ရပြန်ပါပြီ။

ရန်ကြီးအောင်ပြောသွားသော နေချင်စရာကောင်းတဲ့ တိုက်ကြီးထဲမှာ သေချင်စရာကောင်းလောက်အောင် ကြုံရမယ့်အဖြစ်မျိုးနဲ့ ကြုံခဲ့ရင် သူ့ကိုမမေ့ဖို့ မှာခဲ့သည်။ ဒါပေမဲ့ တကယ်ကြုံခဲ့ရင်တောင် ဘယ်လိုအကူအညီတောင်းရပါ့မလဲ။

ရင်မှာ စိုးရိမ်စိတ်ဖြစ်လာခြင်းနှင့်အတူ ခြေလှမ်းတွေက နှေးကွေးလာရသည်။

ကြောက်စိတ်မဟုတ်သော်လည်း ပတ်ဝန်းကျင်အနေအထား





ကြောင့် စိုးရိမ်စိတ်တွေ ဖြစ်ပေါ်လာရခြင်းပင်။

ရှေ့ကလူ ရပ်သွားတော့ ကကြိုးလည်း ရပ်နေလိုက်သည်။

သိပ်မကြာပါ . . .။

ဖိတ်ဖိတ်တောက်နေတဲ့ ကျွန်းတံခါးကြီးက ပွင့်သွားလေသည်။

ရှေ့ကလူ အထဲကိုဝင်သွားတော့ ကကြိုးလည်း လိုက်ဝင်ခဲ့ရသည်။

"အို"

မထင်ခဲ့ . . .။ ကကြိုး ဘယ်လိုမှ ထင်မထားပါ။ ညည့်ခန်းတဲ့။ ဒီလိုနေရာမျိုးမှာ ဒီလောက်တောင် ခေတ်မီဆန်းသစ်တဲ့ အဆောင်အယောင်တွေ ရှိနေတယ်တဲ့လား။

လိုရော လိုလို့လား . . . ဒီလောက်ကြီးလိုလို့လား။

တကယ်ဆို ဒီလောက်အဆောင်အယောင်တွေ မလို . . . ဟု ကကြိုး ထင်သည်။

ပြောကြစတမ်းဆို ရန်ကုန်မြို့တော်ကြီးမှာတောင် အချမ်းသာဆုံးဆိုတဲ့ လူချမ်းသာစာရင်းဝင်တွေတောင် ဒီလောက် အဆောင်အယောင်တွေ မသုံးနိုင်ကြ။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ဒီလူတွေ ဘယ်လောက်တောင် သုံးနိုင်ဖြုန်းနိုင်နေကြတာပါလိမ့်။ ကကြိုး တွေးလို့မဆုံးနိုင်အောင် ဖြစ်နေရသည်။

လေအေးစက်ရော လေပူစက်ပါ မျှတစွာသုံးထားတဲ့ အခန်းကိုဖြတ်ပြီး မှန်ချပ်တံခါးကြီးကို တွန်းလိုက်တယ်ဆို အခန်းတစ်ခန်းကို ရောက်ကြပြန်သည်။

အဲဒီမှာမှ ကကြိုးကို တွေ့ချင်သူကိုတွေ့ရတာ ဖြစ်သည်။

"ထိုင်ပါ ဒေါက်တာ"

ရှားညိုရောင်ဆိုဖာထိုင်ခုံရှည်ပေါ်မှာ ခြေချိတ်ပြီးထိုင်နေသူက ကကြိုးကို ခရီးဦးကြိုပြုပါ၏။

ကကြိုး သက်ပြင်းခိုးချရင်း ထိုင်လိုက်ရသည်။

လိုက်ပို့သူက ပြန်ထွက်သွားပြီမို့ ဒီအခန်းထဲမှာ ကကြိုးနဲ့ ထိုလူနဲ့ နှစ်ယောက်တည်းရယ်။

ကကြိုး မျက်နှာကို အတတ်နိုင်ဆုံး ဟန်ဆောင်ထားရပေမယ့် သွေးတွေ အေးခဲမတတ် တုန်လှုပ်နေရပြီ။

"စိတ်ကိုလျှော့ချလိုက်ပါ ဒေါက်တာ၊ အဟွန်း . . . အန်ကယ်က ဒေါက်တာချမ်းငြိမ်း ဖုန်းဆက်တုန်းက အသက်ကြီးကြီး၊ လုပ်သက်ရင့်ရင့် ဒေါက်တာမလေးတစ်ယောက်လို့ ထင်ထားခဲ့တာ၊ အခု





တွေ့လိုက်တော့ အံ့သြနေမိတယ်၊ ဒေါက်တာ့ကြည့်ရတာ ကျောင်းဆင်းပဲ ရှိဦးမယ်ထင်တယ်၊ ဒါကြောင့် အတွေ့အကြုံမရှိသေးတော့ မရင့်ကျက်သေးတာလားလို့"

"ဟင်"

ကကြိုး သူမအလုပ်ကို ထိပါးတဲ့စကားကြားရတော့ တုန်လှုပ်နေတဲ့ကြားက ဒေါသစိတ်တွေ ပြူထွက်လာရ၏။

"ကကြိုး ဆရာကြီးလက်အောက်မှာ နှစ်နှစ် အလုပ်လုပ်ခဲ့ပြီးပါပြီ အန်ကယ်၊ ဆရာကြီး စိတ်ကျေနပ်မှုရှိလို့ ယုံကြည်စိတ်ချလို့ လွှတ်လိုက်တာပါ၊ ကကြိုးရဲ့လုပ်ရည်ကိုင်ရည်နဲ့ ပညာကို ကြည့်ပြီးမှ အန်ကယ် ဝေဖန်သင့်တာပေါ့၊ အခု အန်ကယ်ဝေဖန်တာ စောမနေဘူးလား"

"အားပါး . . . ကြိုက်တယ်ကွာ၊ ဒါကြောင့် ဒေါက်တာချမ်းငြိမ်း အားကိုးတာဖြစ်မယ်၊ မင်းကိုထိခိုက်စေတဲ့စကား ဖြစ်သွားရင် အန်ကယ်တောင်းပန်ပါတယ်၊ မင်းရဲ့ စိုးရိမ်မှုလွန်ကဲနေပုံကြောင့် ပြောမိသွားတာပါ၊ ဘာတဲ့ . . . နာမည်လေးက ကကြိုးတဲ့ . . . ဟုတ်လား"

"ဟုတ်ကဲ့ . . . ကကြိုးသွယ်ပါ"

"ဪ . . . နာမည်နဲ့လူနဲ့ လိုက်သားပဲ၊ အန်ကယ့်နာမည်



www.burmeseclassic.com

www.burmeseclassic.com



လည်း မှတ်ထားပါ . . . ရဲရင့်နောင်လို့ခေါ်တယ်၊ အခု ဒေါက်တာ ကုရမယ့်လူနာက အန်ကယ့်အမေပဲ၊ မယ်မယ့်ကိုတော့ နောက်နေ့မှ တွေ့ပေးပါ့မယ်၊ ဒီနေ့တော့ ဒေါက်တာ နားလိုက်ပါဦး။ ဒေါက်တာ့ အတွက် အခန်းအရန်သင့် ပြင်ပြီးနေပါပြီ၊ ခဏလောက်နားပြီး ရေမိုး ချိုးပြီးမှ ညစာစားဖို့ ခေါ်နိုင်းလိုက်ပါ့မယ်၊ ခုနက အန်ကယ့်စကား တွေကို မေ့ပစ်လိုက်ပါနော်''

''ဟုတ်ကဲ့ပါ''

ကကြိုးကို အထပ်ထပ်တောင်းပန်ပြီး အနားက ခလုတ်လေး တစ်ခုကို နှိပ်နေသော ဦးရဲရင့်နောင်အား ကကြိုး အကဲခတ်နေမိသည်။

ဟုတ်သားပဲ . . . အရွယ်တင်နေလို့သာ၊ အသက်က ငါး ဆယ်ဝန်းကျင်လောက် ရှိနိုင်သည်။

အသားက ဖြူနုရုံတင်မကဘဲ ပန်းနုရောင်သန်းနေလိုက်သေး သည်၊ မတ်တတ်ရပ်လိုက်လျှင် အရပ်က ဘယ်လောက်ရှည်မည်မသိ။ ထိုင်နေတာတောင် ကိုယ်တစ်ပိုင်းက အပေါ်မှာ လွင့်နေသည်။

စကားပြောလျှင် ပြုံးပြီးပြောတတ်တာ သူ့အကျင့်လား။ ဒါက လည်း လူတစ်ယောက်ရဲ့စိတ်ကို ညှို့ယူနိုင်ခဲ့သည်။

ကကြိုးကိုပဲ ကြည့် . . .။ အထင်သေးတဲ့စကား အပြောခံရ





တာတောင် သူတောင်းပန်လိုက်တယ်ဆို ခဏလေး ခွင့်လွှတ်လိုက်မိ သည်။ ရင်ထဲမှာလည်း သူ့ကို အငြိုးအတေးမထားမိတဲ့အပြင် ကြောက်စိတ်တွေတောင် ပျောက်ကုန်ရသည်။

''ဝင်ခဲ့ စောနန်း . . . ဒေါက်တာ့ကို ပြင်ထားတဲ့အခန်းဆီ လိုက်ပို့လိုက်ပါ၊ လိုက်သွားပါ ဒေါက်တာ . . . ညစာထမင်းစားရင် သူပဲ လာခေါ်ပါလိမ့်မယ်၊ ခိုင်းချင်တာရှိလည်း သူ့ကိုခေါ်ခိုင်းပါ . . . ရပါတယ်''

ဦးရဲရင့်နောင်ရဲ့အသံကြားမှ ကကြိုး အတွေးကို ကမန်းက တန်း ထရပ်လိုက်ပြီး ကြည့်နေမိတဲ့အကြည့်တွေလည်း လွှဲဖယ်လိုက် မိတဲ့အဖြစ်။

သူမ ကြည့်နေတာကိုပဲ သတိမထားမိတာလား။ ကြည့်နေ တဲ့အပေါ်မှာ ဘယ်လိုမှ စိတ်ကသိကအောက်မဖြစ်တာလားတော့ မသိ။

ဦးရဲရင့်နောင်က ခပ်အေးအေးပဲ သူမကို စကားပြောလာခဲ့ သည်။

ဒီတော့ လာခေါ်သူ စောနန်းဆိုသူ ကောင်မလေးနောက် ကို ကကြိုးက လိုက်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်ကိုတက်တဲ့ လှေကားတစ်လျှောက် ကကြိုး အံ့သြစရာတွေချည်း တွေ့နေရသည်။

အကွေ့အဝိုက် လှေကားတွေကို ကျွန်းတွေချည်း သုံးထားလေသည်။ ဘေးလက်ရန်းက ပွတ်လုံးလေးတွေမှန်သမျှ အနုစိတ်လွန်းစွာ ကနုတ်ပန်းခက်များ ထွင်းထုထားသေး၏။

လှေကားထောင့်ချိုးတိုင်းမှာလည်း ရှေးလက်ရာများဖြင့် ခြယ်မှုန်းထားသော ပန်းချီကားချပ်များက ခမ်းနားထည်ဝါလှသည်။

ဦးရဲရင့်နောင်နဲ့ စကားပြောခဲ့သော အခန်းထဲမှာလည်း မြန်မာ့လက်ရာ ပန်းချီကားများကို သတိထားမိပါ၏။

ဒီလောက် ခေတ်မီခမ်းနားတဲ့ တိုက်ကြီးထဲမှာ ဒီလို မြန်မာမှုလက်ရာတွေ တွေ့နေရတာ အံ့သြစရာပါပဲ။

ရောက်ပါပြီ ...။ လှေကားအကွေ့တစ်ခုမှာ ဘေးကို ကွေ့လိုက်ရုံနှင့် အခန်းတစ်ခန်းရှိနေ၏။

လှေကားမဆုံးသေးတာကြောင့် အပေါ်မှာ အခန်းတွေ ရှိနေသေးမှန်း ကကြိုးသိလိုက်ပါသည်။ သို့သော် စိတ်မဝင်စားချင်တော့ပါ။ အံ့လည်း မအံ့သြတော့ပါ။ အခုလက်ရှိ သိထားသလောက်နဲ့ပဲ နေတတ်သလိုနေနိုင်ရန် ကြိုးစားရပါတော့မည်။





"ဒီအခန်းက ဒေါက်တာ့အတွက်ပါ၊ ခိုင်းစရာရှိရင် ခုတင်ဘေးက စားပွဲပေါ်မှာ လူခေါ်ဘဲလ် ရှိပါတယ်၊ နှိပ်လိုက်ပါ ... စောနန်းလာခဲ့ပါ့မယ်"

စကားဆုံးတာနဲ့ လှစ်ခနဲဆင်းသွားတဲ့ စောနန်းဆိုတဲ့ ကောင်မလေးကို ဘာမှတောင် ပြောလိုက်ချိန်မရ။

ကကြိုး မဲ့ပြုံးလေးပြုံးပြီး အခန်းတံခါးကို တွန်းဖွင့်လိုက်လျှင် မွှေးပျံ့သောရနံ့များက ဆီးကြိုနှုတ်ဆက်လိုက်တာကြောင့် ရင်မှာ ရှုပ်ထွေးနေသမျှ ရှင်းလင်းသွားရပါ၏။

အခန်းထဲ လှည့်ပတ်ကြည့်ရင်း ကျေနပ်နေရပြန်သည်။ ရန်ကုန်က သူမအိပ်ခန်းက သပ်ရပ်သန့်ရှင်းလှပြီ ထင်တာ၊ အခုတော့ ဒီအခန်းနဲ့ယှဉ်လျှင် အသေးအမွှားလေး ဖြစ်သွားရပါပေါ့လား။

စိတ်ရောလူရော ပင်ပန်းလာတာကြောင့် အိစက်ညက်ညော သော အိပ်ရာထက်မှာ ခဏဆိုပြီး လှဲကာ အနားယူလိုက်မိသည့် ကကြိုးတစ်ယောက် ညစာစားဖို့ လာခေါ်တာလည်း မသိလိုက်၊ ရေချိုးဖို့လည်း သတိမရ၊ အိပ်ပျော်သွားလိုက်တာမှ သတိလက်လွတ်။

ဖျတ်ခနဲလည်း နိုးလာရော ဇဝေဇဝါဖြစ်နေရသည်၊ နောက်မှ ခရီးထွက်လာတာကိုသတိရကာ လက်မှနာရီကို မြှောက်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ၂ နာရီမှာပြနေ၏။ ကကြိုး သတိမေ့တွေစုစည်းပြီး စဉ်းစားလိုက်သည်။ ဒါ နေ့ ၂ နာရီတော့ မဖြစ်နိုင်။ ည ၂ နာရီသာ ဖြစ်နိုင်ပေမည်။

အခုမှ ဗိုက်ထဲမှလည်း အသံစုံကြားလာရသည်။ ထမင်းစားရန် လာခေါ်တာကို သူမ မသိတာဘဲဖြစ်လိုက်မည်ဟု တွေးလျက် အိပ်ရာထက်မှ ထထိုင်လိုက်သည်။

"ဟယ်"

ထထိုင်လိုက်ပြီး ခုတင်ပေါ်မှာ ခြေထောက်လေး တွဲလောင်းချကာထိုင်ရင်း ခေါင်းရင်းစားပွဲဆီ မျက်စိရောက်အသွား . . . တွေ့လိုက်ရသောမြင်ကွင်းကြောင့် အံ့သြသွားရလေသည်။

အုပ်ဆောင်းအုပ်ထားသည့် အောက်မှာ စားစရာများ ဖြစ်နိုင်တာကြောင့် အနားသို့ ကကြိုး လျှောက်သွားလိုက်၏။

စားပွဲပေါ်မှာ ဖန်လုံးလေးနဲ့ဖိထားတဲ့ စာလေးတစ်စောင်ကို အတွေ့ ယူဖတ်လိုက်မိ၏။

ဒေါက်တာ အိပ်ပျော်နေလို့ မနှိုးတော့ဘဲ စားစရာတွေ လုပ်ပေးထားပါတယ်။ ရေချိုးခန်းနဲ့ရေအိမ်





တွဲလျက်ရှိတာမို့ ဒေါက်တာ အဆင်ပြေသလို အသုံးပြုနိုင်ပါတယ်။ ရေခဲသေတ္တာထဲမှာလည်း အစုံရှိတဲ့အတွက် ဒေါက်တာ စိတ်တိုင်းကျ သုံးဆောင်ပါ။ မနက်ကျမှပဲ လာခေါ်ပါ့မယ်။

စောနန်း

စာအဆုံးမှာ ကကြိုး ပြုံးလိုက်မိသည်။

ပလတ်စတစ်အုပ်ဆောင်းလေးကို အသာမလိုက်သည်။

ထမင်းအုပ်ထဲမှာ ထမင်းက ပူပူနွေးနွေးရှိတုန်း။ အရည်သောက်ဟင်းတစ်ခွက်၊ အသားဆီပြန်ရယ်၊ ပုစွန်တုပ်ကြော်ရယ်၊ ပြီးတော့ ကိတ်မုန့်တစ်ပန်းကန်နဲ့ အဖုံးနဲ့ကြွေပန်းကန်လုံးထဲမှာ နွားနို့ပျစ်ပျစ်က သောက်ချင်စဖွယ်။

ဘာမှတွေးမနေတော့ ကကြိုး ရေချိုးရန် စဉ်းစားလိုက်သည်။

ရေချိုးလိုက်မှ လန်းဆန်းသွားရပြီး စိတ်လည်းကြည်လင်သွားရသည်။

နောက် ဘယ်အချိန်က လာပို့သွားမှန်းမသိသော သူမအဝတ်အိတ်ထဲမှ အင်္ကျီကိုထုတ်လဲပြီး ကိတ်မုန့်နဲ့နွားနို့ပျစ်ပျစ်ကို သောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်းဖြင့် ရင်ထဲမှာ ဆာလောင်မွတ်သိပ်မှုတို့က ငြိမ်းချမ်းသွားရရှာတော့သည်။

အဲဒီနောက်မှာတော့ ခုတင်ပေါ် ခဏပြန်လှဲလိုက်တာနဲ့ . . . ကကြိုး ဘာမှကို စဉ်းစားချိန်မရလိုက်ဘဲ အိပ်ပျော်သွားခဲ့ရပြန်၏။

❊ ❊ ❊



## အခန်း (၂)

"အောင်ကြီး . . . မင်း မနေ့ညက မြင်းတစ်စီးနဲ့ ဘယ်ရောက်သွားနေတာလဲ၊ မင်း ပြန်မလာလို့ တစ်ညလုံး ဒေါ်ကြီးမှာ မအိပ်နိုင်ရှာဘူး၊ စောင့်နေလိုက်တာ"

အနားမှာလာထိုင်ပြီး မေးလိုက်တဲ့ သူငယ်ချင်းသောင်းထိုက်ကို မျက်လုံးစွေကြည့်လိုက်ပြီး ရန်ကြီးအောင် ဘာမှပြန်မဖြေ၊ သိနေလျက်နဲ့ လာမေးနေတော့ ခါတ်ပြားပေါင်းကြီးကို ပြန်မဖွင့်ချင်။ အဝေးမှာမြင်နေရတဲ့ တောင်တန်းတွေကိုပဲ ငေးကြည့်နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ပြန်မဖြေလည်း ရပါတယ် အောင်ကြီးရာ၊ သိပြီးသား ကြီးဆိုပေမယ့် မင်း ဘာတွေလုပ်ရှားမလဲ သိချင်လို့ပါ၊ မင်းတို့ သား အမိကြား တစ်နေ့တစ်နေ့ ငါ စိတ်တွေဆင်းရဲလွန်းလို့ မေးမိတာပါ"

တည်ငြိမ်အေးဆေးစွာ ပြောလာတဲ့ သောင်းထိုက်၏ပခုံးကို နှေးကွေးစွာ ရန်ကြီးအောင် ဖက်လိုက်ရင်း သက်ပြင်းဖွဖွချလျက် ...

"ငါက မင်းထက်ဆိုးတော့မှာပေါ့ သောင်းထိုက်၊ မင်းက ငါတို့ဒီနားကို ပြောင်းလာမှ ဒီအသံတွေကို ကြားရတာပါ၊ ငါ့မှာက ဟိုး ... လူမှန်းသိတတ်တဲ့ အရွယ်ကတည်းက ဒီအကြောင်းတွေကို နားထောင်ချင်လည်း ထောင်, မထောင်ချင်လည်း ထောင်နေခဲ့ရတဲ့ အပြင် မင်းကြားတဲ့အတိုင်းပဲ ... အမေ့ရဲ့ ဆူပူကြိမ်းမောင်းမှုတွေကို နေ့စဉ်နဲ့အမျှ ခံနေခဲ့ရတာ၊ ကြာတော့ အိမ်မှာ နေချင်စိတ်ကို မရှိတော့ တာ သူငယ်ချင်း"

စိတ်ပျက်ညည်းညူစွာ ပြောနေသော ရန်ကြီးအောင်၏စကား များက မှန်နေသောကြောင့် သောင်းထိုက်လည်း ပြေရာပြေကြောင်း လေးတောင် ပြောစရာစကား ရှာမရ၊ သူငယ်ချင်းဖြစ်သူကို ကိုယ်ချင်း စာစိတ်ဖြင့် ပြောကြည့်မိ၏။





"မင်းအမေပြောသလို လုပ်ဖို့မလွယ်မှန်း မင်းပြောထားလို့ ငါသိနေပါတယ်၊ ဒါပေမဲ့ သူကျေနပ်သွားအောင် တစ်ခါလောက်တော့ ကြိုးစားကြည့်ပါလားကွာ"

"မလွယ်ပါဘူး သောင်းထိုက်ရာ ... ဒီအသိုင်းအဝိုင်းထဲ ရောက်သွားဖို့မပြောနဲ့၊ ခြစည်းရိုးနားတောင် ကပ်ဖို့ လွယ်လို့လား"

စိတ်ဓာတ်ကျတဲ့စကားမှန်း သောင်းထိုက်သိ၏။ သူပြော သလိုပဲ ဟုတ်နေ၏။ သို့သော် ရန်ကြီးအောင်ဘက်မှ မလှုပ်ရှားလျှင် သူ့အမေ ဒေါ်ကြီးဆောင်းတမီ အလိုမကျမှုတွေနှင့် တစ်နေ့ တစ်နေ့ ဝုန်းဒိုင်းကြဲနေသမျှ ပတ်ဝန်းကျင် နားမခံသာ။

ရန်ကြီးအောင်ခမျာလည်း အိမ်မကပ်ချင်လောက်အောင် စိတ်ရှုပ်ထွေးနေရ၏။

အဲဒီတော့ နှစ်ဦးနှစ်ဖက် ငြိမ်းချမ်းသွားအောင် ရန်ကြီးအောင် ဘက်က အမေနိုင်းတာကို လုပ်ပေးကြည့်လိုက်လျှင် ကောင်းမည်ဟု သောင်းထိုက် မကြာခဏ တွေးမိ၏။

သို့သော် ရန်ကြီးအောင်ပြောသလိုပဲ ဒီအသိုင်းအဝိုင်းထဲကို ရောက်ဖို့ မလွယ်တဲ့အဖြစ်။

ခက်တာက ဒေါ်ကြီးပင်။



www.burmeseclassic.com

www.burmeseclassic.com



ဒီဇာတ်လမ်းမှာ သူ ပါဝင်လှုပ်ရှားလိုက်တာနှင့် ပွဲသိမ်းနိုင်ရဲ့နဲ့ ရန်ကြီးအောင်ကိုသာ လှုပ်ရှားခိုင်းနေတာ ဘာသဘောလဲ။

သူ့အပြောနှင့်သူကတော့ သဘာဝကျပါရဲ့။

ဒီလူတွေရဲ့မျက်နှာကို သေတောင်မကြည့်ပါရစေနဲ့ ... ဟု ဆိုသည်။ ဒီလူတွေကြောင့် သူ့ယောက်ျား အသေဆိုးနှင့် သေရခြင်းကို စိတ်နာလွန်း၍ ဘယ်တော့မှမမေ့နိုင်ဟု အမြဲပြော၏။

သို့သော်လည်း ရန်ကြီးအောင်ကိုတော့ သူတို့သွေးသားအဖြစ် ရပ်တည်စေချင်သည်။ သူတို့ပိုင်ဆိုင်သလို သူ့သားလည်း ပိုင်ဆိုင်စေချင်သည်က ဒေါ်ကြီးဆန္ဒ။

ဒေါ်ကြီးသဘောထားနှင့် ဆန့်ကျင်နေတာက ရန်ကြီးအောင်။ အခုလို မြင်းလှည်းမောင်းပြီး သားအမိနှစ်ယောက် စားဝတ်နေရေး ဖန်တီးရင်း ဘဝမှာ အေးချမ်းနေရတာက ဘာနှင့်မှမလဲနိုင်သည့် ချမ်းသာသုခဟု မှတ်ယူထားသူ။

ရွှေဘုံပေါ်မှာစံပြီး အမေ့လို သောကတွေအပြည့်နှင့် လောဘဒေါသမီးတွေ မလောင်မြိုက်လို။ အဖေသေရခြင်းအပေါ် ဘယ်သူ့အပေါ်မှ အပြစ်ပုံမချချင်။ လက်ဝါးက နှစ်ဖက်တီးမှ မြည်မှာလေဟု အမြဲပြောလေ့ရှိသူ။





တစ်ခါမှ မတွေ့ဖူးလိုက်သော အဖေ့ကို မရှိမသေ မလေးစား၍ မဟုတ်။ ဘယ်ကိစ္စမဆို ဖြစ်ချင်တာထက် ဖြစ်နိုင်တာကို လက်ခံတတ်တာ ငယ်စဉ်ကတည်းက ရန်ကြီးအောင်အကျင့်။

သူ့အမေက ဘွဲ့ရဖို့မလိုဘူး၊ ယောက်ျားလေးပဲ သေစာရှင်စာဖတ်တတ်ရင် ပြီးရောပေါ့၊ မိဘဒုက္ခရောက်ချိန်မှာ အကူအညီပေးနိုင်မှ သားသမီးကောင်းပီသမှာပေါ့ဟု ပြောဆိုဆုံးမသဖြင့် ဆယ်တန်းအောင်သော်လည်း တက္ကသိုလ် ဆက်မတက်ခဲ့။ ရရာအလုပ်ကို လုပ်ရင်း မိခင်ကြီးကို လုပ်ကျွေးခဲ့သည်။ ဒါက ရန်ကုန်မှာနေစဉ်က ဖြစ်၏။

အခု သူ့အမေ မွေးရပ်မြေကို ပြောင်းလာပြန်တော့ မြင်းလှည်းမောင်းရင်း သားအမိနှစ်ယောက်၏ဝမ်းရေးကို ဖြေရှင်းပေးရင်း မိခင်အပေါ် တာဝန်ကျေပွန်ခဲ့သူပင်။

ဒါကို ဒေါ်ကြီးက မတင်းတိမ်နိုင်။ ရွှေလင်ပန်းနှင့် အချင်းဆေးခဲ့သူမို့ အခုလိုဒုက္ခရောက်ချိန်မှာ ရွှေပုံပေါ်တော့ ပြန်တက်ချင်ပြန်သတဲ့။ သားက သူ့ဆန္ဒကို မဖြည့်ဆည်းပေးလေတော့ ဒေါ်ကြီးရဲ့ဒေါသမီးက တစ်ခါမှ မီးညွန့်မကျိုး။ ကြာလာလျှင် ဒီသားအမိအပြင် ဘေးလူတွေပါ မီးဟပ်၍ သေနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုပဲကြည့် ... အပူကူးပြီး ကိုယ်တွေတောင် မနေနိုင်လို့ ကြားဝင်စေ့စပ်နေရ၏။

ကာယကံရှင်တွေဆို ပြောဖွယ်ရာမရှိ။ ဒေါ်ကြီးဆို သူ့ဆန္ဒ မပြည့်ဝတဲ့အတွက် အပူမီးတွေ လောင်မြိုက်ပြီး မျက်နှာက တစ်ခါမှ အလိုကျတာ မတွေ့ရ။ အမြဲတမ်း အပြောအဆိုကအစ ကြမ်းတမ်း ခက်ထန်နေသည်။

အစက မည်မျှချောမောနုပျိုသည်ကို မတွေ့ဖူးပေမယ့် အခု လက်တွေ့မှာတော့ လောဘဒေါသမီး၏ လောင်မြိုက်မှုကြောင့် ဟို အရင်ငယ်ရုပ်ကိုပင် မှန်းဆရန်မလွယ်။

ရန်ကြီးအောင်ဆိုလည်း သနားစရာ။ မိခင်ဆန္ဒကို မဖြည့် ဆည်းပေးနိုင်၍ အချိန်ပြည့် အိမ်မှာနေသည်ဟူ၍ မရှိ။

အလုပ်ကပြန်လာပြီး မိခင်လက်ထဲ ရသမျှပိုက်ဆံ ထည့်ပေး ပြီးတာနှင့် အစအနပင် ရှာလို့မတွေ့အောင် ဘယ်တွေသွားနေမှန်းကို မသိ။

အတွေးတွေ ဆင့်ပွားဆင့်ပွားတွေးရင်း သောင်းထိုက် သက် ပြင်းရှည်တစ်ချက်မှုတ်ထုတ်လျက် သူ့ပခုံးပေါ်က ရန်ကြီးအောင်လက် ကို ဖယ်လိုက်ပြီး ...





"ကဲ ... တို့ဒီကိစ္စ ဒီမှာပဲရပ်ကြစို့၊ ရထားဆိုက်ချိန် နီးပြီ ... လှည်းပြင်ရအောင်၊ မြင်းကို အစာ အရင်သွားကျွေးလိုက်ဦးမယ်၊ မင်းလည်း အိမ်ပြန်မယ်မဟုတ်လား ရန်ကြီးအောင်၊ မြင်းလှည်းဂိတ်ကျ မှပဲ ဆုံမယ်ကွာ"

"အေး"

ထိုသို့သာပြော၍ ထိုင်နေရာမှ မထချင်ထချင်ဖြင့် ထရပ်လိုက် ပြီး မြင်းကိုချည်ထားသော ကညင်ပင်ရှိရာသို့ ရန်ကြီးအောင် ထွက်ခဲ့ လိုက်သည်။

ကြိုးဖြုတ်ပြီး မြင်းပေါ်တက်ထိုင်မိသည့်တိုင် အိမ်ပြန်ရန် ဝန်လေးနေဆဲ။

အိမ်ခြံဝန်းထဲ လှမ်းဝင်လိုက်တာနှင့် အော်ဟစ်ဆူညံစွာ ဆဲ ရေးတိုင်းထွာရင်း အပြောင်းအလဲမရှိသော ကြားနေကျစကားများကို ကြားရပေဦးမည်။

ဒီအသံတွေ မကြားချင်၍ တခြားမှာ အလုပ်သွားလုပ်ပြီး အမေ့ထံ ငွေပို့ပေးရုံနှင့်မပြီးသောအကြောင်းများက ရန်ကြီးအောင် အတွက် အခက်တွေ့နေခြင်းပင်။

တဖြည်းဖြည်းချင်း စီးတော်မြင်းက ခွာသံပေး၍ လှုပ်ရှားနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီဖြစ်သော်လည်း မြင်းခွာသံများအစား ရန်ကြီးအောင် ကြားနေရသည်က ...

"သွား ... ဘာလို့အိမ်ပြန်လာလဲ၊ နင်လည်း အလကားကောင်ပဲ ...ငါ မွေးရကျိုးမနပ်ဘူး၊ ဒီလိုမှန်းမသိလို့ ... အစကတည်းက သိခဲ့ရင် နင့်ကို မမွေးခဲ့ဘူးဟဲ့ ... သိရဲ့လား ...၊

သိတယ် သိတယ် ... နင်လဲည်း နင့်ဘကြီးလိုပဲ ငါ့ကို မေတ္တာမရှိမှန်း သိတယ်၊ ဒါပေမဲ့ နင့်ဘကြီးဆီက ငါလိုချင်တာ မရသေးသ၍ ငါလည်း မသေချင်သေးဘူး နင်လည်း သေဖို့ မစဉ်းစားနဲ့ဦး ... ကြားလား ရန်ကြီးအောင်၊ နင့်ကိုငါ ခိုင်းစရာတွေ အများကြီးရှိသေးတယ်ဟဲ့"

ဆိုသည့် နားမခံနိုင်သောစကားများက ကြားရလွန်း၍ ရီကောဒင်း လုပ်စရာမလို အမြဲတမ်း နားဝမှာ လျှံလို့နေရလေသည်။

❊ ❊ ❊



အခန်း (၃)

'ဒေါက် ဒေါက် ဒေါက်'

"ဒေါက်တာ ... နိုးနေပြီမဟုတ်လား၊ အရန့်သင့်ဖြစ်ရင် ထွက်ခဲ့ပါ၊ ဆရာကြီး ဘရိတ်ဖတ်စားဖို့ စောင့်နေပါတယ်"

တံခါးခေါက်သံနှင့်အတူ ကြားလိုက်ရသော အပြင်မှ စောနန်း၏အသံကြောင့် ကကြိုး တွန့်ခနဲ ဖြစ်သွားရ၏။

ညက အိပ်ရေးဝသွားတာကြောင့် စိတ်တွေကြည်လင်နေပြီး ပေါ့ပါးလန်းဆန်းနေသော်လည်း နိုးတယ်ဆို ရေပါချိုးလိုက်တာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး ပေါ့ပါးနေရ၏။

အားလုံးပြင်ဆင်ပြီးတာနှင့် လူခေါ်ဘဲ(လ်)ကိုနှိပ်ပြီး စောနန်းကိုခေါ်လိုက်မည်ဟု တွေးနေတုန်း အခန်းဝမှ ကြားလိုက်ရသောအသံကြောင့် ကကြိုး အံ့သြသွားရခြင်းပင်။ အခန်းပတ်လည်ကိုလည်း လိုက်ကြည့်မိသည့်အဖြစ်။

တစ်နေရာကနေ သူမရဲ့လှုပ်ရှားမှုမှန်သမျှကို Video Camera နဲ့ ကြည့်နေရော့သလား

လို့ ကကြိုး အထင်ရောက်သွားရ၏။

မထင်ဘဲ နေမလား ... ကကြိုး အားလုံးပြီးတာနဲ့ စိတ်ကူးရုံရှိသေး ရှေ့ကအသံက ကြားရပြီ။ ဒါ ကြည့်နေလို့သာပေါ့။ ကြည့်မနေရင် အရန်သင့်ဖြစ်ရင် ထွက်ခဲ့ပါလို့ ပြောပါ့မလား။

ဟွန်း ... စိတ်ညစ်စရာ။

ကကြိုး စိတ်ထဲကသာ ညည်းညူမိတာပါ။ လက်တွေ့မှာ တံခါးလေးဖွင့်ပြီး အပြင်ကို ထွက်ခဲ့လိုက်သည်။

အရန်သင့်စောင့်နေတဲ့ စောနန်းနောက်က အသာလေး လိုက်ခဲ့မိပြီး ဘာမှကိုမမေးရဲ။

လှေကားဆုံးတော့ ညာဘက်ကိုကွေ့ပြီး လိုက်လာစကို စော





နန်း တစ်ဖက်သေားကိုသိမ်းလိုက်တာနဲ့ အားပါး ... ဒါ ထမင်းစားခန်းတဲ့လား။ ကကြိုး အံ့သြရပြန်သည်။

ဟိုတယ်တစ်ခုက ဖိမ်ခံအခန်းကြီးတစ်ခုလား မှတ်ရလောက်အောင် အသုံးအဆောင်တွေက ခေတ်မီဆန်းသစ်လွန်းသည်။ အပြင်အဆင်ကအစ ငေးကြည့်နေရ၏။

"ထိုင်ပါ ဒေါက်တာ"

ကိုယ့်ထက်ငယ်ပေမယ့် ပညာကို ရိုသေလေးစားသော ဦးရဲရင့်နောင်က ကကြိုး အနားကိုရောက်သည်နှင့် ညေ့ဝတ်ကျေပွန်စွာ ကြိုဆိုလိုက်သည်။

ဣန္ဒြေရရပင် ကကြိုး အပြုံးနှင့်ပြန်နှုတ်ဆက်ပြီး လွတ်နေတဲ့ ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်၏။

လွတ်နေတယ်လို့ ပြောရပေမယ့် ဘဲဥပုံကျွန်းစားပွဲကြီးနှင့် ကျယ်ဝန်းသန့်ပြန့်သော ဒီအခန်းထဲမှာ ကကြိုးနှင့် ဦးရဲရင့်နောင်ရယ်သာ ရှိလေသည်။

လူတွေ ဘယ်နှယောက်ရှိသေးသည် မသိရသေးသော်လည်း ကနုတ်ပန်းတွေ အနုစိတ်ခြယ်ထားသည့် ကျွန်းကုလားထိုင်များက ဆယ်လုံးထက် မနည်း။ ကကြိုး မစပ်စုလိုပါ။ သူမ,သိချင်တာ ဒါတွေ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ ဒေါ်စိန်မြချယ်ကိုသာ ဘယ်မှာလဲ၊ ဘယ်လိုပုံစံလဲ သိချင်လှပါပြီ။

"ဘာသုံးဆောင်မလဲ ဒေါက်တာ ... ဒီမှာက နို့စားနွားတွေ မွေးထားတော့ နွားနို့ကတော့ရှယ်ပဲ၊ နွားနို့နဲ့ကြက်ဥ ဒါမှမဟုတ် ကော်ဖီ, လက်ဖက်ရည် ... လိုချင်တာ ရပါတယ်၊ မုန့်ကတော့ မြင်တဲ့အတိုင်းပဲ ... ကြိုက်တာယူစားပါ၊ ဒါတွေမှ အဆင်မပြေဘူး ဆိုရင် ဒေါက်တာ မနက်ကို ဘာစားချင်သလဲ, ဘာစားတတ်သလဲ စောနန်းကိုပြောထားပါ ... သူ လုပ်ပေးပါလိမ့်မယ်"

"ရပါတယ် အန်ကယ် ... ကကြီး ကြေး (ဂိုး) မများတတ်ပါဘူး၊ အားလုံးအတွက် လုပ်ထားတာနဲ့ပဲ စားလို့အဆင်ပြေပါတယ်၊ ကကြီးအတွက် တကူးတက မလုပ်ပေးပါနဲ့လို့ တောင်းပန်ပါရစေ၊ နောက်ပြီး ကကြီးကို ဒေါက်တာလို့ တလေးတစားမခေါ်ပါနဲ့၊ တူမ အရွယ်မို့ နာမည်ပဲခေါ်ပါ၊ လူနာကို ဘယ်တော့တွေ့ရမလဲဆိုတာပါ သိပါရစေ"

ကြည်လင်ဝင်းပတဲ့မျက်နှာလေးနဲ့ ပညာမာနဆိုတာ ကင်းရှင်းစွာပြောနေပုံလေးအား ဦးရဲရင့်နောင် ကျေနပ်စွာ နားထောင်ရင်း ...





"ကောင်းပါပြီကွယ် ... ကကြီးလို့ပဲ လွယ်လွယ်ခေါ်ပါ့မယ်၊ လူနာကို အခုစားသောက်ပြီးတာနဲ့ တွေ့ပေးမှာပါ၊ ကြိုတင်ပြီး ပြောထားချင်တာက မယ်မယ့်ကို စိတ်ရှည်ပေးပါလို့"

"ရှင်"

တစ်ပြန်ကြီး သူမကို ခယတောင်းပန်နေခြင်းမို့ ကကြီး နားမလည်နိုင်စွာ မော့ကြည့်ဖြစ်၏။

လက်ထဲကနွားနို့ခွက်ကိုပါ ပြန်ချထားလိုက်မိ၏။

"ဒီလိုပါ ... မယ်မယ့်က အခုဖြစ်နေတဲ့ရောဂါပေါ် သည်းခံနိုင်စွမ်းမရှိဘူး ဖြစ်နေတယ်၊ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မဖြစ်ဖူးတော့ ရှက်တာလည်း ပါတာပေါ့၊ အန်ကယ့်မိန်းမနဲ့ သားတွေ သမီးတွေဆို အနားကို ကပ်ကိုမကပ်ကြတော့တာ၊ အဲဒီတော့ မယ်မယ့်မှာ ဝမ်းနည်းတာလည်း ပါတာပေါ့ကွာ၊ နိုင်ငံခြားအထိ သွားကုပေးဖို့ စီစဉ်သေးတယ်၊ မယ်မယ်က လက်မခံတာ၊ စင်ကာပူမှာ အဲဒီရောဂါကိစ္စ အသိဆရာဝန်နဲ့ သွားဆွေးနွေးပြီး ပြန်အလာ လေယာဉ်ပေါ်မှာ ဒေါက်တာချမ်းငြိမ်းနဲ့တွေ့ပြီး စကားစပ်မိရာက ပြောမိတာပဲ ...၊

အဲဒီမှာတင် သူက မြန်မာပြည်မှာလည်း ဒီလိုရောဂါကုလို့ ပျောက်နိုင်ပါတယ်၊ သူ ကူညီပါ့မယ်ဆိုရာက နိုင်ငံခြားကို မသွားဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တော့တာပဲကွ၊ နောက် နှစ်လလောက်အကြာမှာ ဒေါက်တာချမ်းငြိမ်းဆီက အဆက်အသွယ်ရခဲ့တယ်၊ သူ ယုံကြည်အားထားရသူတစ်ယောက်ကို လွှတ်လိုက်မယ်ဆိုတော့ အန်ကယ်ဖြင့် ဝမ်းသာလိုက်တာမပြောနဲ့တော့၊ မယ်မယ်လည်း ဝမ်းသာရှာပါတယ်၊ ဒါပေမဲ့ သူ့ကိုရွှံပြီးပစ်သွားမှာတော့ ပူပန်ရှာတယ်၊ အဲဒါကြောင့် ကကြိုးကို အန်ကယ်ကြိုတင်ပြီး တောင်းပန်ရတာပါ''

''ဩော် ... ဒါတော့စိတ်ချပါ အန်ကယ်၊ ကကြိုး အတတ်နိုင်ဆုံး စိတ်ရှည်မှာပါ၊ ဆရာကြီးရဲ့သွန်သင်ဆုံးမမှုနဲ့အတူ သင်ကြားတတ်မြောက်ထားတဲ့ပညာတွေကို ကြိုးစားပြီး အသုံးချရင်း အန်ကယ့်မယ်မယ်ရဲ့ရောဂါဝေဒနာကိုပါ ပျောက်ရပါစေ့မယ်လို့ ကတိပေးပါတယ်''

''ဝမ်းသာပါတယ် သမီးရယ် ... အန်ကယ် ဘယ်လိုဝမ်းသာမှန်း မသိဘူး၊ မယ်မယ့်ရောဂါပျောက်လို့ကတော့ အန်ကယ်တို့ဘက်ကလည်း တာဝန်ကျေစေရပါ့မယ်''

ရဲရဲဝံ့ဝံ့ အာမခံနေသော ကကြိုးရဲ့စကားကိုကြားပြီး ဦးရဲရင့်နောင် ပြောမပြတတ်လောက်အောင် ဝမ်းသာကျေနပ်လျက် သမီးဟုပင် ရင်းနှီးစွာ ခေါ်လိုက်မိပါ၏။





ဟုတ်တယ်လေ ... မယ့်မယ့်မှာ ဒီဝေဒနာဆိုးကြီး စဖြစ်ကတည်းက အခန်းအောင်းနေခဲ့တာ ဘယ်လောက်ကြာခဲ့ပြီလဲ။ သူ့သမီးငယ်လေးကိုစွန့် လုံးပါးပါးမတတ် ခံစားပြီးလို့မှ အနည်မထိုင်သေးဘူး။ နောက်ထပ်အဖြစ်ဆိုးက ရင်ဆိုင်ရပြန်သေးတယ်၊ ဒီကြားထဲ ချွေးမနဲ့ မြေးတွေက အနားမကပ်ကြပြန်တော့ ပိုပြီး စိတ်ဓာတ်ကျပြန်ရော။

နှီးစပ်ရာဆရာတွေနဲ့ ကုနေပေမယ့် ထူးခြားမလာခဲ့၊ အနားမှာပြုစုဖို့ခေါ်ထားတဲ့သူတွေကလည်း တစ်ယောက်မှ စိတ်မရှည်ကြ။ ဒီတော့ ကြာလေ ... ကိုယ်ပါ စိတ်ဓာတ်ကျချင်လာသည်။

အနားမှာ အမြဲမနေနိုင်တဲ့ ကိုယ့်အဖြစ်က မယ်မယ့်ကို စိတ်မချနိုင်ခဲ့။

ဒါကြောင့် မယ်မယ်တားတဲ့ကြားက နိုင်ငံခြားက သူငယ်ချင်းဆီသွားပြီး အကူအညီတောင်းရခြင်းပင်။

ဒီရောဂါမျိုးက ပိုက်ဆံရှိတိုင်း ကုသရန်မလွယ်။ ဆေးပညာနဲ့စေတနာ ရောပြီးကုသမှ ဖြစ်မည့်အခြေအနေ။

အရည်တရွှဲရွှဲနဲ့ ဒီလူနာကို ဘယ်သူက စေတနာအပြည့်ထားနိုင်ပါမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲ မယ်မယ်က စိတ်မထင်လျှင် မထင်သလို အနားကလူကို ရန်လုပ်သေးရဲ့။

ဒါတွေကြောင့် အနားမှာ မနေရဲကြသူတွေလည်း ရှိကြသေးသည်။

အခုတော့ ဒီဆရာဝန်မလေးက တိကျပြတ်သားစွာ ကတိပေးနေခြင်းကြောင့် ရဲရင့်နောင် ဝမ်းသာမိခြင်းပါ။

မယ်မယ့်ကို မတွေ့သေးလို့ ဒီစကားပြောတာလားလို့ ဆရာဝန်မလေးကို အကဲခတ်ကြည့်တော့လည်း ထိုသို့မဟုတ် . . . တကယ့်စေတနာအရင်းခံနှင့် ပြောမှန်း သိသာနေ၏။

အဲဒါကြောင့်လည်း သမီးဟုပင် ခေါ်လိုက်မိသည့်အဖြစ်။ ဦးရဲရင့်နောင်တစ်ယောက် အပြုံးတွေနှင့် ကကြိုးကိုကြည့်ကာ တွေးနေရာမှ အတွေးကိုရပ်၍ . . .

"တကယ်လို့ သမီးမိဘတွေဆီ ပြန်ချင်ရင်လည်း ပြောပါ . . . အားမနာနဲ့နော်၊ မိဘတွေ ရှိကြသေးတယ်မဟုတ်လား"

"ဟုတ်ကဲ့ . . . ရှိကြပါသေးတယ်၊ ဒါပေမဲ့ ဖေဖေမရှိတော့ပါဘူး၊ မေမေတစ်ယောက်တည်းပဲ ရှိပါတော့တယ်၊ ဒါနဲ့ အန်ကယ် . . . လူနာက ဒီရောဂါကို ဘယ်ကစဖြစ်ပြီး ဘယ်လောက်ကြာပြီလဲဟင်၊





ဆရာကြီးပြောပြလိုက်ပေမယ့် ထပ်ကြားချင်လို့ပါ"

"အင်း . . . တကယ်တော့ မယ်မယ့်ရောဂါက သူ့သမီးငယ်လေး အိမ်ကထွက်သွားကတည်းက စတာပါပဲ၊ ဒီတုန်းကတော့ သမီးစိတ်နဲ့ အိပ်ရာထဲလဲခဲ့တာပါ၊ နောက် အစားမမှန်, အအိပ်မမှန်တွေဖြစ်ရာက ကိုယ်ခံအားတွေကျပြီး တစ်ခုပြီးတစ်ခု ဖြစ်တော့တာပါပဲ၊ အခု ဒီအနာတွေပေါက်တာကတော့ အလွန်ဆုံးရှိမှ တစ်နှစ်ပေါ့၊ ကုနေတဲ့ကြားက အနာက တစ်ခါမှကို ချုပ်မသွားဘူး၊ အမြဲ ပြည်တစိုစိုဖြစ်နေတော့တာပါပဲ"

"ဩော် . . . စပ်စုတယ်လို့ မထင်ပါနဲ့ အန်ကယ်၊ သူ့သမီးငယ်လေးဆိုတာက ဘယ်အရွယ်လဲဟင်၊ အဲဒီလိုရောဂါဖြစ်တော့ အန်ကယ်ရော အနားမှာ အမြဲနေပါရဲ့လား"

စပ်စုတာမဟုတ်ဘဲ ရောဂါနဲ့ဆက်နွယ်သည့် အကြောင်းကိစ္စကိုမေးမှန်း ဦးရဲရင့်နောင် နားလည်ပါသည်။

ဒါကြောင့် . . .

"'သူ့သမီးငယ်လေး အန်ကယ့်ညီမ အိမ်ကထွက်သွားတုန်းက အသက်နှစ်ဆယ်အရွယ်ပေါ့၊ အန်ကယ်တို့ သဘောမတူတဲ့သူနဲ့ နိုးရာလိုက်ပြေးသွားတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒီလောက် အဆင့်ဆင့် အတားအဆီး အပိတ်အပင်တွေ, အစောင့်အရှောက်တွေကြားထဲက ဘယ်လိုနိုးထွက်သွားနိုင်တာလဲ အန်ကယ်"

အံ့သြလွန်း၍ ကကြိုး မျက်ခုံးလေးနှစ်ဖက်ပင့်တက်သွားလိုက်တာ ပြန်ကို ကျမလာ။

"အဟွန်း ... ဒါလည်း မဆန်းပါဘူးကွယ်၊ အဲဒီတုန်းက မယ်မယ်ရော အန်ကယ်ပါ ညီမလေးကို ချစ်တဲ့စိတ်နဲ့ အစိုးရပညာသင်ကျောင်းမှာ ကျောင်းမထားခဲ့ဘူး၊ ဒီအိမ်ထဲမှာပဲ ဆရာ ဆရာမတွေခေါ်ပြီး ညီမလေးကို ပညာသင်စေခဲ့တယ်၊ အင်္ဂလိပ်စာကအစ ကောင်းပေ့ဆိုတဲ့ဆရာကို ခေါ်သင်ပေးခဲ့တာပါ၊ နောက် ဆယ်တန်းပညာကို သင်ကြားတတ်မြောက်ပြီးချိန် တက္ကသိုလ်ပညာကို သင်ချင်ပါတယ်ဆိုလို့ အန်ကယ့်မိတ်ဆွေတွေနဲ့တိုင်ပင်ပြီး မယ်မယ့်ဆန္ဒအရ တက္ကသိုလ်က ကထိကတစ်ယောက်ကို လစာအကောင်းဆုံးပေးပြီး သင်ပေးခဲ့ပြန်တယ် ...၊

အဲဒီလိုနဲ့ ပြောရရင်တော့ တက္ကသိုလ်နောက်ဆုံးနှစ်မှာပေါ့ကွာ ... အဲဒီဆရာ ရန်ကုန်အပြန်မှာ လိုက်သွားတော့တာပါပဲ၊ ဒီအိမ်နဲ့ ခြံထဲက ဘယ်လိုထွက်လဲ မမေးပါနဲ့ ... ငယ်ငယ်ကတည်း





က ဒီအိမ်နဲ့ ဒီခြံထဲမှာ ကြီးပြင်းလာတဲ့သူတစ်ယောက်က ဘယ်နားမှာ လျှို့ဝှက်ပေါက်ရှိတယ်ဆိုတာကို မသိဘဲနေမလား။ အန်ကယ်တို့ ပေါ့လျော့တာလည်း ပါတယ်လေ"

စကားတွေ အများကြီးပြောလိုက်ပြီး မောသွားသည်လား စိတ်မကောင်းဖြစ်သွားသည်လား မသိ ... ဦးရဲရင့်နောင်မျက်နှာ မရွှင်လန်းတော့ချေ။

ကကြိုး အလိုက်သိစွာပဲ စကားစကိုဖြတ်စေရန် ...

"ဆောရီးပါအန်ကယ်၊ ကကြိုး အမေးအမြန်းထူသွားတာ ခွင့်လွှတ်ပါနော်၊ ကကြိုးတို့ လူနာဆီသွားကြရအောင်လေ၊ အခုသွားလို့ ဖြစ်တယ်မဟုတ်လား အန်ကယ်"

"ဖြစ်ပါတယ်ကွယ် ... ဟိုရောက်ရင်လည်း မယ်မယ်က သူ့သမီးလေးအကြောင်းကို ရင်ဖွင့်ဦးမှာပါ၊ အဲဒီကျရင်လည်း သမီးဘက်က သည်းခံပြီး နားထောင်ပေးလိုက်နော်"

"ဟုတ်ကဲ့ပါ အန်ကယ် ... ကကြိုးဘက်က အတတ်နိုင်ဆုံး သည်းခံပေးမှာပါ"

"အေးကွာ ... အခုလိုကြားရတာနဲ့တင် အန်ကယ် အားရှိနေပါပြီ၊ အနှစ်အစိတ်လုံးလုံး အောင့်အီးထားခဲ့ရတဲ့ အန်ကယ့်ရင်ထဲက



www.burmeseclassic.com

www.burmeseclassic.com



အစိုင်အခဲတွေလည်း ငါ့သမီးနဲ့တွေ့မှ ရင်ဖွင့်ခွင့်ရလို့ ရင်မှာ ပေါ့ပါးသွားသလိုပဲ၊ နောက်လည်း သမီးသိချင်တာရှိရင် ပွင့်ပွင့်လင်းလင်းသာမေးပါ ... စပ်စုတယ်လို့ အန်ကယ်မထင်ပါဘူး''

''ဟုတ်ကဲ့ ... ဒါဆိုလည်း မေးလက်စနဲ့ပဲ မေးပါရစေ၊ အန်ကယ့်ညီမလေးနာမည်က ဘယ်သူလဲဟင်၊ သူ့ကို လိုက်မရှာကြဘူးလား''

''မရှာဘဲနေလား သမီးရယ် ... ရှာပါပြီကော၊ မယ်မယ်တို့ရှာထားတဲ့စည်းစိမ်တွေက အန်ကယ်တို့မောင်နှမအတွက်ပဲ မဟုတ်လား။ ဒါကြောင့် ဖြစ်ပြီးမှတော့ မထူးတော့ပါဘူး မယ်မယ်ရယ်၊ ညီမလေးကို ပြန်ခေါ်ပါရစေဆိုပြီး လိုက်ရှာတာပေါ့၊ သူတို့ကပဲ အပုန်းကောင်းနေတာလား၊ အန်ကယ်တို့ဘက်က ညံ့သလား မပြောတတ်ပါဘူး ... ကနေ့ထိ အစအနတောင် မတွေ့တဲ့အပြင် ဘာသတင်းမှကို မရတာ၊ မြန်မာပြည်မှာ နှံ့နေရုံတင် မကဘူး ... နိုင်ငံခြားမှာတွေတောင် လူလွှတ်ပြီးရှာခဲ့တာပါ''

အသံတွေပါ တုန်ယင်လာပြီး အမြဲပြုံး၍စကားပြောတတ်သော ဦးရဲရင့်နောင်ရဲ့ စိတ်ထိခိုက်ကြေကွဲနေသော မျက်နှာအသွင်အပြင်တို့ကြောင့် ကကြိုး နှုတ်ဆိတ်နေလိုက်ရသည်။





နာမည်လေးများ ပြောမလားလို့ ငေးကြည့်နေဖြစ်ပေမယ့် ကကြိုး မမေးရဲတော့။

အတန်ကြာအောင် ရီဝေငေးမောနေရာမှ ဦးရဲရင့်နောင် ကကြိုးကို စိုက်ကြည့်လျက် ...

''အန်ကယ့်ညီမလေးနာမည်က ဆောင်းတမှိုတဲ့ကွယ်''

ကကြိုး သက်ပြင်းချလိုက်မိပါ၏။ ဆောင်းတမှိုတဲ့လားရှင်။ လှလွန်းသောနာမည်လေးကြောင့် ရင်ထဲ လှုပ်ခနဲခုန်၏။ နှုတ်မှလည်း ဖွဖွရွတ်ဆိုမိလေသည်။

''ကဲ ... လာ သမီး၊ မယ်မယ့်ဆီ သွားကြစို့''

စိတ်လက်မကြည်လင်စွာနဲ့ ဦးရဲရင့်နောင် ရှေ့မှ ဦးဆောင်၍ ထွက်သွားပြီမို့ ကကြိုး ကမန်းကတန်း ထလိုက်ခဲ့ရလေသည်။

ဒီတစ်ခါတော့ လှေကားတွေ မတက်ရပေ။ မြေညီထပ်မှာပဲ ထမင်းစားခန်းကထွက်ပြီး ဘေးကိုကွေ့လိုက်ရုံနှင့် စကြံလမ်းလေး နည်းနည်းလျှောက်ပြီးတာနှင့် အခန်းတစ်ခုရှေ့မှာ ဦးရဲရင့်နောင် ရပ်လိုက်သည်။

ပြီး တံခါးကို သာသာလေးခေါက်၍ ...

'ဒေါက် ဒေါက်'



www.burmeseclassic.com

www.burmeseclassic.com



'ဒေါက် ဒေါက်'

"မယ်မယ် ... သားပါ၊ ဝင်ခဲ့မယ်နော်"

မိခင်အား သိုးငယ်လေးတစ်ကောင်အလား ရိုကျိုးနှိမ့်ချ၍ ချိုသာစွာ နှုတ်ခွန်းဆက်လိုက်ပြီး ဝင်ခွင်တောင်းနေသော ဦးရဲရင့်နောင်အား ကကြိုး လေးစားလိုက်မိလေသည်။

ဒီအရွယ်ကြီးရှိနေသည့်တိုင် မိခင်အား ရိုသေလေးစားလျက် ရှိနေတုန်းပင်။ ချစ်ကြောက်ရိုသေဟန်လည်း ရှိနေ၏။

အထဲက ဘာမှ ခွန်းတုံ့မပြန်သော်လည်း တံခါးကို ညင်သာစွာတွန်းဖွင့်၍ ဦးရဲရင့်နောင် အတွင်းသို့ ဝင်သွားလိုက်သည်။

ဖြုန်းခနဲမို့ အထဲကိုလိုက်ဝင်ရန် မဝံ့မရဲလေး ဖြစ်နေတာကြောင့် ကကြိုး အခန်းဝမှာပင်ရပ်ကာ အထဲကို အကဲခတ်လိုက်မိသည်။

နေ့ရောညပါ ထွန်းထားဟန်ရှိသော မီးများက အခန်းတွင်း လင်းထိန်နေသည်။ ကျယ်ဝန်းသောအခန်းထဲမှာ ပြင်ဆင်ထားသမျှ ထိရက်စရာ တို့ရက်စရာ မရှိ။ လူနာအတွက်ပြင်ထားသည့် ခုတင်ကလည်း လှပသစ်လွင်ပြီး အိပ်ချင်စရာ။

မွေးပျံ့သည့်ရနံ့တို့ကလည်း လူနာကို စိတ်နှလုံး ကြည်မွေ့စေ





လိမ့်မည်။ ကကြိုးပင် ကြည်လင်လန်းဆန်းသွားရသည်ပင်။ လူနာကိုတော့ မတွေ့ပေ။

အထဲရောက်မှ ဦးရဲရင့်နောင် အနောက်ကို လှည့်ကြည့်ဟန်တူသည်။ ကကြိုးပါမလာမှန်းသိ၍ အခန်းဝကို ပြန်လျှောက်လာပြီး ပြုံးရွှင်စွာဖြင့် ...

"ဝင်ခဲ့လေ သမီး ... စိတ်ချလက်ချ ဝင်ခဲ့ပါ၊ မယ်မယ် ရှိမနေဘူး၊ ခြံထဲဆင်းသွားတယ်နဲ့တူပါရဲ့ ... လိုက်သွားဦးမယ်"

လို့ဆိုပြီး လှည့်ထွက်သွားကာ ဘေးတံခါးပေါက်တစ်ခုကို ဖွင့်လျက် ပျောက်ကွယ်သွားလေသည်။

လူနာက ခြံထဲဆင်းသွားတယ်ဆို၍ ကကြိုး သို့လော သို့လော အတွေးဝင်ရလေသည်။

သူပြောတော့လည်း လူနာက အပြင်မထွက်ရဲလောက်အောင် အနာတွေက မြင်မကောင်း ရှုမကောင်းဟုဆို၏။

အခုတော့ လူနာက ခြံထဲတောင်ဆင်းနိုင်တယ်ဆိုတော့ ဟုတ်သေးရဲ့လားဟု အတွေးဝင်မိခြင်းပင်။

ဒီအတွေးကို အခန်းပတ်လည် လိုက်ကြည့်ခြင်းဖြင့် ကကြိုး ဖျောက်ဖျက်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးအပေါ် သံသယစိတ်ဝင်မိတာကပင် အပြစ်ဖြစ်နေပြီ မဟုတ်ပါလား။

ခုနကပဲ ကြည့် ... သူမ၏တွေဝေမှုကို ဦးရဲရင့်နောင် သိသွားတယ်ဆိုကတည်းက သူတစ်ပါးကိုယ်ကျင့်တရားကို စော်ကားသလို ဖြစ်နေပြီလေ။

ဒီတော့ တစ်ဖက်လူက အမှန်အကန် ရိုးဖြောင့်သူဖြစ်ခဲ့လျှင် ဘယ်လောက်အားနာဖို့ ကောင်းလိုက်ပါသလဲ။ ကကြိုး သက်ပြင်းချလျက် အခန်းထဲမှာ လျှောက်ကြည့်နေမိသည်။

ဩော် ... ဒီလူတွေ မြန်မာလက်ရာပန်းချီကားတွေကို တယ်တန်ဖိုးထားတာပါလားလို့ တွေးဖြစ်၏။

အခန်းတစ်ခုလုံး လက်ရာမျိုးစုံ ပန်းချီကားများက သူ့နေရာနှင့်သူ လှပတင့်တင်နေ၏။

နောက် ပန်းပုရုပ်တွေကလည်း မျိုးစုံအောင် ရှိနေသေးသည်။ အားလုံး ကျွန်းတွေနဲ့ချည်း ထွင်ထားပုံရသည်။

ကိန္နရီ ကိန္နရာရုပ်တု၊ ဆင်ရုပ်တွေ၊ မင်းသမီးရုပ်လေးတွေ၊ ကျား ကျားသစ် အစုံပါပဲ။ လိုက်ကြည့်ရင်း ကကြိုး စိတ်ကြည်နူးနေမိသည်။





မှန်ထောင်တီဗီကြီးကလည်း ၃၅ လက်မလောက်ကို ရှိမည်ထင်သည်။ ကြီးမားဆန်းကြယ်လိုက်သည့်ဖြစ်ခြင်း။ ရေခဲသေတ္တာ၊ ရေချိုးခန်း၊ ရေအိမ် အားလုံး ပြည့်စုံလှသည်။

မိခင်အတွက် လိုလေသေးမရှိ ထားပေးခြင်းဖြစ်သလို အခန်းတိုင်းမှာလည်း ထိုသို့ ရှိမည်ထင်သည်။ ကကြိုးအတွက် အခန်းထဲမှာလည်း အလားတူပစ္စည်းတွေ ရှိနေသည်လေ။ တီဗီကတော့ အခုမြင်နေရတဲ့ တီဗီလောက် မကြီးသော်လည်း ဗီစီဒီ၊ ဒီဗီဒီပါမကျန် ရှိနေလေ၏။

"ဒီဘက်ကို တွန်းခဲ့ စောရွှေလူ"

လက်လေးပိုက်ပြီး အကျအနငေးနေသော ကကြိုးတစ်ယောက် အနောက်ဘက်ကအသံများကြောင့် လှည့်ကြည့်လိုက်လေသည်။

ဝှီးချဲလ်ကို လူတစ်ယောက်က တွန်းလာခဲ့ပြီး ဝှီးချဲလ်ပေါ်မှာလိုက်ပါလာသူက အင်မတန်ချောမောလှပပြီး ကျက်သရေရှိသော အမျိုးသမီးကြီးတစ်ယောက် ဖြစ်လေသည်။

မပြောပါဘဲ ဒါ ဒေါ်စိန်မြခြယ်ဆိုတာ ဖြစ်မည်ဟု ကကြိုး သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးက ကကြိုးကို အကဲခတ်နေသလို ကကြိုးကလည်း အမျိုးသမီးကြီးအား အံ့သြစွာ ကြည့်နေမိပါတော့သည်။ ဒေါ်စိန်မြချယ် ခုတင်ပေါ်မှာ ခြေထောက်တွဲလောင်းချလျက် ထိုင်နေပြီဖြစ်သည်။

ဗိုးချဲလ်တွန်းလာသူက ဗိုးချဲလ်ကို တွန်းယူသွားပြီး အခန်းထောင့်မှာထားခဲ့ကာ ထွက်သွားလေပြီ။

အခန်းထဲမှာ ကကြိုးရယ် ဒေါ်စိန်မြချယ်ရယ် ဦးရဲရင့်နောင်ရယ် ကျန်ခဲ့ရ၏။

"အနောင် ... ဒါ မယ်မယ့်ကိုကုမယ့် ဆရာဝန်မလေးလား"

ခုံတစ်လုံးမှာထိုင်ရန် နေရာယူရင်း ကကြိုးအတွက်ပါ ထိုင်ရန်ပြင်ဆင်ပေးနေသော သားဖြစ်သူကို ဒေါ်စိန်မြချယ် စတင်မေးခွန်းထုတ်လိုက်လေသည်။

ဒီတစ်ခါတော့ ဦးရဲရင့်နောင် မခေါ်ခင်ကတည်းက ကကြိုးအနားသို့လျှောက်လာကာ အပြုံးမပျက် ဒေါ်စိန်မြချယ်အား တုံ့ပြန်ကြည့်နေမိသည်။

အထင်သေးခြင်း မဟုတ်သော်လည်း အရွယ်ငယ်နေမှုက ဒေါ်စိန်မြချယ်ကို အံ့သြစေတာအမှန်။





ဦးရဲရင့်နောင်ကလည်း မိခင်သဘောထားကို သိနေသူပီပီ အပြုံးလေးစွက်၍ ...

"ဟုတ်ပါတယ် မယ်မယ်၊ မယ်မယ့်ကို ကုသပေးမယ့် ဒေါက်တာမလေးပါ၊ အရွယ်ငယ်ပေမယ့် ပညာမငယ်ပါဘူး မယ်မယ်၊ မယ်မယ့်ရောဂါကို ပျောက်သည်အထိကုသပေးဖို့ သူကိုယ်တိုင် အာမခံထားတာပါ၊ လာ သမီး ... ထိုင်"

နောက်ထပ်မေးစရာမရှိလောက်အောင် ဦးရဲရင့်နောင် စကားပတ်လိုက်သည့်အလား သိချင်တာက ပြီးပြည့်စုံသွား၏။

"မယ်မယ် ... ဒီဒေါက်တာမလေးနာမည်က ကကြိုးသွယ်တဲ့၊ သမီး ... မယ်မယ့်နာမည်က ဒေါ်စိန်မြချယ်လို့ ခေါ်တယ်၊ ဒီမှာလေ အနာတွေက"

သူ့မယ်မယ်ရဲ့ထဘီစကို ကိုယ်တိုင် လက်နဲ့မပြီး ကကြိုးအားပြလိုက်လျှင် ကကြိုး မျက်လုံးလေးဝိုင်းသွားရလေ၏။

ကကြိုး ထိုင်မလိုလုပ်နေရာက အနားသို့သွားကာ ထိုင်ချလိုက်ပြီး သူမကိုယ်တိုင် ထဘီစလေးကိုမ,လျက် အနာတွေကို ကြည့်ကာ လေ့လာနေမိသည်။

ဟုတ်ပါရဲ့ ... အပေါ်ပိုင်းမှာ ဝင်းမွတ်ချောမွေ့နေသလောက်



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်နှစ်ဖက်စလုံးရဲ့ ခြေခုံတွေမှာ မြင်လို့မကောင်းအောင် အနာတွေက အရည်တရွှဲရွှဲနဲ့ပါလား။

"ဒီနေရာမှာပဲ အနာကရှိတာလား အန်ကယ်"

"ဟုတ်ပါတယ်ကွယ် ... အဲဒီအနာက စဖြစ်ကတည်းက ချပ်တယ်ကို မရှိသလောက်ပါဘဲ၊ ကောင်းပေ့ စွမ်းပေ့ဆိုတဲ့ ဆေးတွေ၊ ဆရာဝန်တွေနဲ့ ကုခဲ့တာချည်းပါ"

မေးလာတဲ့ ကကြီးကိုရှင်းပြရင်း ဦးရဲရင့်နောင် ခုံမှာ ပြန်ထိုင်လိုက်သည်။

ကကြီးကတော့ ခြေထောက်နှစ်ဖက်စလုံးကို အသေအချာ အပြန်ပြန် အလှန်လှန်ကြည့်ပြီး ...

"ဒီအနာတွေကြောင့် ညဘက် အိပ်ရေးမပျက်ဘူးလား ဘွားချယ်၊ ပြီးတော့ အနာတွေက မယားဘူးလား"

အနာတွေကို မရွံမရှာ အသေအချာကြည့်ပြီးနောက် မတ်တတ်ထရပ်လိုက်ပြီး ဒေါ်စိန်မြချယ်အား ကြည့်၍ ကကြီး တလေး တစားမေးလိုက်လေသည်။

ဒေါ်စိန်မြချယ်မှာ ပြန်ဖြေရမည့်စကားကိုမေ့ပြီး ကကြီးခေါ်လိုက်သောနာမ်စားကြောင့် ပါးစပ်အဟောင်းသားနှင့် ကကြီးကိုသာ





စိုက်ကြည့်နေမိလေသည်။

တစ်ဖန် သားဖြစ်သူကိုပါ လှမ်းကြည့်၍ မေးခွန်းပေါင်းများစွာ ပါသော မျက်လုံးများဖြင့် စကားပြောနေမိတော့သည်။

ပထမတော့ ဦးရဲရင့်နောင် ကြောင်သွားပြီးမှ သတိထား မိသွားကာ ပျာပျာသလဲဖြင့် ...

"ဩော် မယ်မယ် ... ဒေါက်တာမလေးက ရင်းနှီးမှုရှိအောင် မယ်မယ့်ကို နာမ်စားသုံးလိုက်တာပါ"

လို့ပြောလိုက်ရ၏။ ကကြီးလည်း အဓိပ္ပာယ်ကို နားလည် သွားကာ ချိုမြစွာပြုံးလိုက်ပြီး ...

"ဟုတ်ပါတယ်ရှင့် ... ကိုယ့်လူနာကို ရင်းနှီးမှုရှိအောင် ခေါ်မိ တာပါ၊ တခြားလိုခေါ်ရအောင်ကလည်း နာမည်က အခေါ်ရခက်နေလို့ ပါ၊ တခြား ဘာရည်ရွယ်ချက်မှ မရှိပါဘူး"

ဟု ရှင်းပြမိသည်။

"ဩော် ... သမီးက တစ်မျိုးထင်သွားပြန်ပြီ၊ မယ်မယ့်ကို ညီမလေးက ချယ်ချယ်လို့ခေါ်တာ၊ ခု သမီးက ဘွားချယ်လို့ ခေါ်လိုက် တော့ မယ်မယ်က အံ့သြသွားလို့ပါ"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com



ကကြိုး လွှတ်ခနဲထွက်သွားသည့် ပါးစပ်ကိုပင် ပိတ်ရိုက်ချင်လောက်အောင် ဒေါသထွက်သွားမိပါသည်။ အလိုက်ကန်းဆိုး မသိ ရန်ကောဟုသာ အပြစ်တင်လိုက်မိပါ၏။

"ကကြိုး ဒီလိုခေါ်လို့ စိတ်မကောင်းဖြစ်သွားရင် တောင်းပန်ပါတယ်"

"မဟုတ်ပါဘူးကွယ် ... စိတ်မကောင်းမဖြစ်ပါဘူး၊ ခေါ်ပါ ... ခုနကလိုပဲ ခေါ်ပါ၊ ကျေနပ်ပါတယ်၊ ပြုန်းခနဲမို့ အံ့သြသွားတာက လွဲရင် သမီးလေးကိုတောင် အလွမ်းပြေပါသေးတယ်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ"

မျက်ရည်လေး တစမ်းစမ်းနဲ့ ဒေါ်စိန်မြချယ် ရှင်းပြတော့ ကကြိုးရင်ထဲ နင့်ခနဲ ဖြစ်သွားရ၏။ ဘွားချယ်လိုပဲ ဘွားချယ်ရဲ့သမီးကလည်း လွမ်းနေတာပါလို့ ပြောချင်သည့်ပါးစပ်ကို အချိန်မကျသေး၍ ဘရိတ်အုပ်ထားလိုက်ရ၏။

"အနာက ညကျ မကိုက်ဘူးလား ဘွားချယ်၊ ယားရော မယားဘူးလား"

"ကိုက်ပြီးလား သမီးရယ် ... ဒီအခါကျ အရင်ဒေါက်တာပေးခဲ့တဲ့ဆေးကို သောက်အိပ်ရတာပေါ့၊ အနာယားလာရင် သူပေး





ခဲ့တဲ့ဆေးကို ထည့်ရတယ်လေ၊ အနောင် ... ဆေးတွေယူပြလိုက်လေ"

ဦးရဲရင့်နောင် သွက်လက်စွာထ၍ ဆေးများကို ကကြိုးထံ လှမ်းပေးလိုက်သည်။

ဆေးကတ်များကို အသေအချာကြည့်ပြီး ...

"ဒါတွေ ညတိုင်းသောက်အိပ်နေလို့ မဖြစ်ဘူးဘွားချယ်၊ ဒါ အိပ်ဆေးတွေပဲ၊ ဒိုင်ယာစီပင်လို့ ခေါ်တယ်၊ ကြာရင် မသောက်ရ မနေနိုင်ဖြစ်သွားရင် မကောင်းဘူး၊ ဒါနဲ့ ဘွားချယ်က ဒီမှာတစ်ယောက်တည်း အိပ်တာလား အန်ကယ်"

"ဟုတ်ပါတယ် ... ဒါပေမဲ့ အိပ်ခါနီးအထိ အနားမှာ စောနန်းရှိပါတယ်၊ ဟိုဘက်ကအခန်းက စောနန်းအခန်းလေ၊ ဒီအောက်ထပ်မှာ မယ်မယ့်ကိုထားရတာကလည်း ဗိုးချဲလ်နဲ့ သွားရလာရ လွယ်အောင်ရယ်, ခြံထဲဆင်းပြီး မယ်မယ် လေညင်းခံလို့ရအောင်, အချိန်မရွေး သွားနိုင်လာနိုင်အောင် စီစဉ်ပေးထားတာပါ"

မိခင်ကို တစ်ယောက်တည်းပစ်ထားသည်ဟု ထင်မှာစိုး၍ ဦးရဲရင့်နောင် ရှင်းပြနေမှန်း ကကြိုးသိ၏။

ကကြိုး ထိုသို့ထင်၍ မေးခြင်းမဟုတ်ပါ။ ဘွားချယ်ကို အနီး



www.burmeseclassic.com

www.burmeseclassic.com



ကပ်ပြုစုချင်လို့ အခွင့်အရေးတစ်ခု တောင်းချင်၍သာ စကားကို အစ ပျိုးခြင်း ဖြစ်လေသည်။

မိခင်ကို ဘယ်လောက်ဂရုစိုက်တယ်ဆိုတာ မြင်တာနဲ့ သိနေသည်ပဲ။

"ကကြီး အခွင့်အရေးတစ်ခုလောက်တော့ တောင်းဆိုပါရစေ"

စကားတွေက ပြောလေရှုပ်လေမို့ အစပျိုးမနေတော့။ ကကြီး ပြောလိုသည်ကိုသာ ပြောချလိုက်တော့သည်။

ဘာပြောမှာပါလိမ့်လို့ ဦးရဲရင့်နောင် တွေးလိုက်ပြီးမှ ချက်ချင်း အပြုံးတို့စွက်၍ ...

"ပြောလေ ... ပြောပါသမီး၊ ဘာပြောမလို့လဲ"

"ဒီအခန်းထဲမှာ ဘွားချယ်နဲ့အတူ ကကြီးနေပါရစေ၊ ဒါမှ နေ့ရောညပါ အနီးကပ်ပြုစုနိုင်မှာမို့ပါ"

ဦးရဲရင့်နောင် စဉ်းစားချင့်ချိန်လိုက်ပြီး ...

"သမီးအတွက် အဆင်ပြေပါ့မလား၊ မယ်မယ့်ကို ပြုစုမယ့်သူတွေ ရှိပါတယ်၊ ဆေးကုပေးတာနဲ့တင် လုံလောက်ပါတယ်"

"ဒီလိုရှိပါတယ် အန်ကယ် ... လူနာနဲ့ဆရာဝန်ဆိုတာ အနီး





ကပ်စောင့်ကြည့်ပြီး နေနိုင်လေ ကောင်းလေမို့ ကကြီး ပြောနေရတာပါ၊ ဒါမှလည်း အနာရဲ့အခြေအနေ ဥပမာပေါ့ ကကြီးရဲ့ကွယ်ရာမှာ ဘွားချယ် မတည့်တာတွေစားမိလား, မစားမိဘူးလားကအစ စောင့်ကြည့်နိုင်မှာ မဟုတ်လား"

ဒီလောက်ဆို ဦးရဲရင့်နောင် သဘောပေါက်လိုက်ပါပြီ။

အတော်လည်း စေ့စပ်သေချာတဲ့ ဒေါက်တာမလေးပဲလို့ တောင် ချီးမွမ်းလိုက်မိပါ၏။

မယ်မယ့်ကို လှမ်းကြည့်မိတော့ မယ်မယ်လည်း သူ့နှယ် တွေးမိတယ်ထင်ပါရဲ့။ မတွေ့ရတာကြာပြီဖြစ်တဲ့ မယ်မယ့်မျက်နှာမှာ တောင် ကျေနပ်မှုတွေနဲ့ အပြုံးရိပ်တွေထင်လို့။

"ကောင်းပြီလေ ... သမီးဆန္ဒအတိုင်း ဖြစ်စေရပါမယ်၊ အားလုံး အန်ကယ်စီစဉ်ခိုင်းလိုက်မယ် ... နော်၊ နောက်ရော ဘာပြောစရာ ရှိသေးလဲ၊ အားနာစရာမရှိဘူး ... ပြောသာပြောပါ၊ သမီးစိတ်ကူးတိုင်းမှာ မယ်မယ့်အတွက် ကောင်းဖို့ချည်းပဲဆိုတာ အန်ကယ်ယုံနေတယ်"

အခုလို ယုံကြည်ပေးတဲ့အတွက် ကကြီးက တစ်ဖန် ကျေးဇူးတင်စွာ ပြန်ကြည့်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"အခုလို ကကြိုးကိုယုံကြည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် အန်ကယ်၊ စိတ်ချပါ ... ဘွားချယ်အနာတွေ ပျောက်တဲ့အထိ တာဝန်ယူပါ့မယ်၊ နောက်ဆုံး ပါလာတဲ့ဆေးနဲ့ မပျောက်ခဲ့ရင်တောင် မြန်မာ့ဆေးနည်းတွေနဲ့ လှည့်ကုကြည့်ဦးမှာပါ"

"ကြားရတာ ဝမ်းသာစရာပါကွယ်၊ လိုတဲ့ဆေးကိုသာ သမီး ပြောပါ ... မြန်မာပြည်မှာ မရှိလည်း နိုင်ငံခြားအထိ သွားဝယ်ပါ့မယ်"

"ဟုတ်ကဲ့ပါ အန်ကယ်၊ တစ်ခုတော့ ကြိုတင်ပြောပါရစေ ... ဘယ်ရောဂါမဆို အင်္ဂလိပ်ဆေးနဲ့ကုလို့ ပျောက်ချင်မှ ပျောက်နိုင်တာပါ၊ ဘယ်သူမှ အလေးမထားမိတဲ့ မြန်မာဆေးနည်းတွေ, လမ်းဘေးက သစ်ပင်သစ်ခေါက်တွေနဲ့လည်း ပျောက်ချင်ပျောက်သွားတတ်ပါတယ်၊ အဲဒါကြောင့် ဟိုမှာကတည်းက မြန်မာဆေးနည်းတွေကိုပါ လေ့လာခဲ့ပါတယ်၊ အဲဒီအခါကျ ကကြိုးကုသမှုအပေါ် နားလည်ပေးစေချင်ပါတယ်"

"ကောင်းပါပြီ သမီးရယ် ... အန်ကယ် မယ်မယ့်ကို သမီးလက်ထဲ အပ်ပါတယ်၊ သမီးလူနာကို သမီးစိတ်ကြိုက်ကုပါလို့ ပြောချင်ပါတယ်"





ဆေးကုရန် သဘောတူညီချက်တွေယူပြီးနောက် ကကြိုးအတွက် နေရာထိုင်ခင်းပြင်ဆင်ရန် ဦးရဲရင့်နောင် အခန်းထဲက ထွက်သွားတော့သည်။

ကကြိုးနဲ့ဒေါ်စိန်မြချယ် နှစ်ဦးတည်းကျန်ခဲ့ချိန် တစ်ချိန်လုံး ကကြိုးကို အကဲခတ်နေရာမှ သိချင်နေမှုကို ဒေါ်စိန်မြချယ် မထိန်းချုပ်နိုင်တော့ဘဲ မေးမိတော့သည်။

"သမီးလေးရဲ့မိဘနာမည်တွေ ဘယ်လိုခေါ်လဲကွယ်"

ကကြိုး လှစ်ခနဲ ပြုံးလိုက်မိပြီးမှ မျက်နှာကို အမြန်ပြန်တည်၍ ...

"ဖေဖေ့နာမည်က ဦးနေမျိုးလင်းလို့ ခေါ်ပါတယ်၊ မေမေ့နာမည်က ဒေါ်မြကြိုးနွယ်ပါ"

"ဩော်"

ထင်ထားသလိုဖြစ်မလာ၍ ဒေါ်စိန်မြချယ် စိတ်ဓာတ်ကျသွားရ၏။

ဒေါက်တာမလေးနှုတ်ဖျားက ဘွားချယ်လို့ ခေါ်သံကြားပြီး အတွေးတစ်ခု ဝင်လာခဲ့သည်။ ဒီကလေးမလေးဟာ ငါ့သမီးလေးရဲ့ ရင်သွေးလေးများလားပေါ့။ သမီးကတော့ သူ့မိုက်ပြစ်နဲ့သူမို့ ပြန်



www.burmeseclassic.com

www.burmeseclassic.com



မလာရဲပေမယ့် သူ့ရင်သွေးလေးကို ငါတို့ဆီ လွှတ်လိုက်ပြီး တွေ့ဖြစ်အောင် ဖန်တီးလိုက်တာလားလို့ စိတ်ကူးယဉ်လိုက်မိတာ။ အခုတော့ ဘာမှကို မဆိုင်လိုက်တာလို့ တွေးပြီး စိတ်မကောင်းသာ ဖြစ်မိတော့သည်။

သမီးလေးထွက်သွားတုန်းက ဒီအရွယ်ပဲ၊ အင်း ... တစ်ခုတော့ရှိတယ်။ သမီးလေးနဲ့ ဒီကလေးမလေး တူတာဆိုလို့ အသားအရေပဲ ရှိတယ်။ ကျန်တာ ဘယ်နေရာမှမတူတာတော့ အမှန်ပဲ။

ထိုသို့တွေးပြီး သက်ပြင်းချလျက် ဒေါ်စိန်မြချယ် စိတ်ကိုဖြေလိုက်ရသည်။

စကားမပြောဖြစ်ကြဘဲ တစ်ယောက်ကိုတစ်ယောက် ကြည့်နေရာမှ ကကြိုးက စတင်၍ ...

"ဘွားချယ် ... လမ်းရောလျှောက်ဖြစ်ရဲ့လား"

"လမ်းမလျှောက်ဖြစ်သလောက်ပါပဲကွယ်၊ ဒီအနာတွေနဲ့ ခြေဖဝါးတောင် ချလို့မှမရတာ"

"စိတ်ဓာတ်မကျပါနဲ့ ဘွားချယ်ရဲ့ ... ကကြိုး တာဝန်ယူပါတယ်၊ မကြာခင် လမ်းပြန်လျှောက်နိုင်မှာပါ၊ ဘွားချယ်ကြည့်ရတာ အစားလည်း ရှောင်ပုံမရဘူး၊ ဒါကြောင့် အနာက မပျောက်တာနေမှာ"





ဒီတော့ ဒေါ်စိန်မြချယ် ကလေးတစ်ယောက်လို ရှက်ပြုံးလေးပြုံးရှာ၏။

"ဟုတ်တယ် သမီး ... အစားလည်း ရှောင်မနေချင်တော့ဘူးလေ"

"အဲလို ဘယ်ဟုတ်မလဲ ဘွားချယ်ရယ်၊ အနာတွေ အကင်းသေသွားရင် စားစမ်းပါလိမ့်၊ ဆရာတွေစကား နားမထောင်ဘဲ ထင်ရာလုပ်လို့က ဘွားချယ်ခြေထောက်တွေ ဖြတ်ပစ်နေရမယ်၊ ဆီးချိုတော့ မရှိဘူးမဟုတ်လား"

"မရှိပါဘူး"

"ကျိန်းသေအောင် ကကြိုး ထပ်စစ်ပေးပါဦးမယ်၊ ဒါပဲနော် ... ဒီနေ့ကစပြီး ကကြိုးစကားကို နားထောင်မှ ကကြိုးက ကုပေးမှာ၊ ဘယ့်နှယ်လဲ ... ကတိပေးလား ဘွားချယ်"

ကကြိုးက ချစ်စဖွယ်မျက်နှာလေး ထောင့်ကပ်ပြီး မေးလိုက်တော့ ဒေါ်စိန်မြချယ် ချစ်စနိုးနဲ့ ပါးလေးကို လိမ်ဆွဲလိုက်ပြီး မျက်ရည်ကြည်တွေ ဝဲသည်အထိ ကြည်နူးစွာဖြင့် ...

"အလည်မလေး"

ရယ်သံတွေလွှမ်းသွားသော အခန်းထဲကိုဝင်ရန် ခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြင်နေသော ဦးရဲရင့် ခြေလှမ်းတွေရပ်တန့်သွားရ၏။

မယ်မယ်နဲ့ ဒေါက်တာမလေးရဲ့ ရင်းနှီးမှုကိုကြည့်ပြီး ညီမဖြစ်သူကို သတိရသွား၍ ငေးခနဲ ရပ်ကြည့်နေမိတော့သည်။

အမေ ဒီလို ကြည်နူးစွာမရယ်ဖြစ်တာ ကြာနေခဲ့ပြီလေ။

❊ ❊ ❊



## အခန်း (၄)

"ငအောင်"

"ဗျာ အမေ"

အိမ်မှာ ပြန်မအိပ်တာကြာပြီမို့ ဒီည ပြန်အိပ်မိတာ မှားပြီဟု ရန်ကြီးအောင် သိလိုက်ပါပြီ။

အမေ့ခေါ်သံက ပုံမှန်မဟုတ်။ ဖွင့်နေကျဓာတ်ပြားဟောင်းကြီးကို အပ်ကြောင်းထပ်အောင် ဖွင့်ဦးမယ့်ပုံ။

မသိမသာ ခေါင်းကုတ်လိုက်ပြီး အမေ့အနားမှာ ထိုင်ချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။

သူ မလာမချင်း မျှော်နေတဲ့ အမေကတော့ လာတာနဲ့ ပြောဖို့ အမြဲတမ်း ရယ်ဒီပါပဲ။

"မင်း ပြန်လာသေးသားပဲ၊ ငါ့မှာတော့ တစ်နေ့ တစ်နေ့ ဘယ်မှာ အလောင်းလိုက်ကောက်ရမလဲဆိုပြီးတော့ ရင်တထိတ်ထိတ်ပဲ"

"ဘာဆိုင်လို့လဲ အမေကလည်း"

"ဟဲ့ ... ဘာဆိုင်ရမလဲ၊ ငါနိုင်းတာ မလုပ်ချင်တိုင်း ထင်ရာတွေစိုင်းနေတဲ့ နင့်ကို နင့်ဘကြီးတွေ့သွားလို့က နင့်အဖေလိုပဲ လက်သယ်မပေါ်ဘဲ သတ်ပစ်လိုက်ပြီလားလို့ပေါ့ ... သိပြီလား"

ကျွတ်ခနဲလုပ်၍ ရန်ကြီးအောင် မျက်နှာကိုမဲ့ကာ တစ်ဖက်သို့ လှည့်နေလိုက်သည်။

ကြားရပါပြီ မကြားချင်ဆုံးအကြောင်းတွေ။ ထသွားလိုက်ပြန်လည်း သူ့ကို အရွဲ့တိုက်တယ်ဆိုပြီး ထသောင်းကျန်းဦးတော့မည်။

မလွယ်ပါလား အမေရာ ... လို့သာ အော်လိုက်ချင်တော့လေသည်။





အမေပြောနေတဲ့စကားတွေက လူမှန်းသိကတည်းက ကြားနေရ၍ အားလုံး အလွတ်ရပြီးသားပင်။

ဒါပေမဲ့ အမေခိုင်းလို့ လုပ်ဖို့က လွယ်မလား။ ကိုယ့်အဖေတစ်ယောက်လုံး မတရားအသတ်ခံရတယ်ဆိုတာကတော့ ခံပြင်းမိတာအမှန်။

ဒါတွေက တရားဥပဒေနဲ့ပဲ ဆိုင်တာမဟုတ်လား။

အဲဒီတုန်းကတော့ အမေက ငြိမ်နေပြီး အခုမှ ဘာစိတ်ကူးပေါက်နေမှန်းမသိ။

ဒီအိမ်ကြီးက အမွေဇာစ်ဝက် သူလည်း ပိုင်တယ်၊ နင့်အဖေသေသလို နင့်ဘကြီးကိုလည်း သေစေရမယ် ... နဲ့ အမြဲကြိမ်းဝါးပြီး ဘယ်မလဲ အဲဒီအိမ်ကြီးထဲကို သား ဝင်ဖို့ သက်သေတွေ၊ အထောက်အထားတွေ၊ သူတို့သွေးသားပါလို့ လက်ခံလာအောင် သားဘာနဲ့သက်သေပြရမှာလဲဆိုတော့လည်း ဘာနဲ့မှ သက်သေမပြနိုင်ပေ။

ဒုက္ခရောက်လွန်းလို့ အားလုံးရောင်းစားလိုက်တယ်ဆိုတဲ့စကားနဲ့ လမ်းဆုံးခဲ့သည်။

ခိုးဝှက်ပြီး ဒီအိမ်ထဲဝင်ဖို့ထိတော့ ရန်ကြီးအောင် မစွန့်စား



www.burmeseclassic.com

www.burmeseclassic.com



ချင်ပါ။ တရားနည်းလမ်းကျကျပဲ လုပ်ချင်ပါသည်။

တစ်ခါတလေ နားငြီးလွန်းလို့ အမေ့ဆန္ဒကို ဖြည့်ပေးချင်ပေမယ့် ကိုယ်နဲ့ထိုက်မှ ကိုယ်ရမှာဆိုတဲ့ စကားတစ်ခွန်းက ရန်ကြီးအောင်ကို လောဘနည်းစေခဲ့သည်။

ကိုယ့်မောင်နှမအရင်းအချာတွေထဲ တရားဝင်ပိုင်ဆိုင်ခွင့် ရှိနေတဲ့ကိစ္စကို အမေလုပ်တာနဲ့ ဇာတ်ရှုပ်ကြီးဖြစ်နေခဲ့တာ။

ဟုတ်တာမဟုတ်တာ မသေချာပေမယ့် အမေ့ကို သူ့အစ်ကို သတ်တယ်ဆိုပြီး အခုထိ ရန်မီးမငြိမ်းနိုင်တာ ဘယ်အချိန်ထိ အမေ့ကို လောင်မြိုက်နေမလဲမသိ။

"ဟဲ့ ငအောင် ... ငါ့ဘက်ကို လှည့်ပါဦး။ အောင်မယ်လေး ... မွေးရကျိုးနပ်တဲ့ သားရယ်၊ ဒီမှာ နင့်အမေလေ၊ နင့်ကို မွေးခဲ့၊ ကျွေးခဲ့တဲ့ အမေလေ၊ လှည့်ကြည့်ပြီးများ စကားလေးဘာလေး ပြန်ပြောပါဦး။ ဘာလဲ ... နင်က ခန္တီစတွေနဲ့ ပြည့်စုံပြီး ဖအေကိုသတ်တဲ့သူကိုတောင် မေတ္တာတွေထားနေသေးတာလား ... ဟုတ်လား၊ နင် ရသင့်ရထိုက်တာကို လက်လွှတ်ခံမယ်ပေါ့ ... ဟုတ်လား"

ပခုံးကိုဆွဲလှည့်ပြီး အဆက်မပြတ် မြည်တွန်တောက်တီးနေသော အမေ့ရဲ့ဒေါသမျက်နှာကို သနားကြင်နာစွာ ငေးကြည့်နေမိပေ





မယ့် ဘယ်လိုစကားမျိုးနဲ့ နှစ်သိမ့်ရမှန်း၊ ဖျောင်းဖျပြောဆိုရမှန်းမသိ ဖြစ်နေရ၏။

အမေ့မှာ အဲသလောက် ခံစားချက်ပြင်းထန်နေသော်လည်း ကိုယ့်ရင်ထဲမှာ အမြဲတမ်း အေးချမ်းနေရတာက ဘာကြောင့်မှန်းလဲ မသိ။

"မမြင်ဖူးသေးတဲ့ ဘကြီးဆိုသူနှင့် အဘွားဆိုသူကိုပင် မြင်ချင်တွေ့ချင်နေမိသည့်အဖြစ်၊ အံ့သြစရာပင်။

"ဟဲ့ ... ဘာကြည့်နေတာလဲ၊ ငါမေးတာတွေ ပြန်ပြောဦးလေ"

အားမလိုအားမရနဲ့ ပခုံးကိုထပ်လှုပ်ပြီး အသံမာမာနဲ့ပြောလိုက်မှ ရန်ကြီးအောင်ဘက်မှ လှုပ်ရှားကာ စတင်တော့သည်။

မိခင်ဖြစ်သူ၏ပခုံးကို ပြန်လည်ဖက်ထားလိုက်ပြီး တိုးတိုးလေး ကပ်ပြောလိုက်သည်။

"အမေ ... စိတ်အေးအေးထားပြီး ခဏလေးပဲ စောင့်ပေးပါ၊ အမေ့ဆန္ဒအတိုင်း မဖြစ်ခဲ့ရင်တောင် တရားမျှတစွာနဲ့ အမေ ရသင့်ရထိုက်တာကို သား ရအောင်ယူပေးပါ့မယ်"

လေသံအေးအေးလေးနဲ့ပြောနေတဲ့ သားကို ဒေါ်ဆောင်းတမီ



www.burmeseclassic.com

www.burmeseclassic.com



ငေးကြောင်ကြောင်လေး ကြည့်နေပြီးမှ …

"နင် တကယ်ပြောတာနော် ငအောင်"

"စိတ်ချအမေ … သား ကတိပေးတယ်"

စိတ်မချသလို ထပ်မေးလိုက်တော့ သားလုပ်သူက ကတိတွေ ထပ်ပေးလာမှ စိတ်ဆေအေးသွားရတဲ့အဖြစ်။

ကိုယ်မှမစွမ်းဆောင်နိုင်တော့တာ ဒီသားပဲ အားကိုးရတော့မှာပင်။ နဂိုတည်းကလည်း ဒင်းလေးကြီးလာရင် ဘယ်လိုနိုင်းရမလဲလို့ အမြဲတွေးပြီး နေ့တိုင်း လဲ(န်)ဆင်ပေးနေခဲ့တာ။ ဒင်းလေးကနားမဝင်ခဲ့တာ။

အဟင်း ဟင်း … အခုတော့ ကတိတောင်ပေးနေပြီ။ တကယ်လက်တွေ့ လုပ်တော့မယ် ထင်ပါရဲ့။ ဘာရမလဲ ကိုရဲရင့်နောင်ရယ် … ရှင်ကြီးပဲ အကုန်ပိုင်ချင် ဆိုင်ချင်လို့ ရမလားရှင်။ ရှင်နဲ့ရှင့်တူကို ထိပ်တိုက်တွေ့ပေးပြီးတော့ကို မရ ရတာ ယူပြမယ် … ကြည့်ထား။

သားမျက်နှာလေးကို လက်ညှိုးလေးနဲ့ တို့ပွတ်ရင်း ဒေါ်ဆောင်းတမီတစ်ယောက် အတွေးနဲ့ ပီတိဖြစ်နေရ၏။

"မြန်မြန်တော့ အကောင်အထည်ဖော်ပါ သားရယ်၊ အမေ့ကို





ကြည့်စမ်း … အရိုးပေါ်အရေတင်နေပြီ၊ ဒါတွေကို အမေ မမက်ပေမယ့် ရယူပိုင်ဆိုင်ရမှ ကျေနပ်နိုင်မှာမို့ပါ"

"စိတ်ကိုလျှော့ပါအမေ၊ သား ကတိပေးပြီးပြီလေ၊ မြန်တာနှေးတာက အချိန်အခါနဲ့ အခွင့်အရေးပေါ်မူတည်သေးတာ မဟုတ်လား။ ပြီးတော့ အရိုးပေါ်အရေတင်နေရတဲ့ အမေ့အဖြစ်က စားရမဲ့သောက်ရမဲ့ဘဝကြောင့် ဖြစ်တာမှမဟုတ်တာ၊ အမေ့ကို သား လိုလေသေးမရှိ ထားပေးနေတာပဲ၊ အမေ့လောဘက အမေ့ကိုသတ်နေတာ အမေသတိထားသင့်တယ်"

"ဘာ ဘာ … ရန်ကြီးအောင် ပြန်ပြောစမ်း၊ အောင်မယ်လေး … ကိုမျိုးအောင် ကြားလား၊ ရှင်ကြားရဲ့လား … ရှင့်သားပြောတာ ကြားရဲ့လား၊ လိုက်လည်းလိုက်ပါတယ် … ရှင်တို့သားအဖ လိုက်လည်းလိုက်ပါရဲ့၊ အဖေနဲ့ တစ်လေသံတည်း ထွက်တယ်တော့"

ချိုသာပျော့ပျောင်းနေရာကနေ ရင်ဘတ်ကြီးထုကာ ထအော်ငိုတော့ ရန်မျိုးအောင် ခေါင်းကို တဖြည်းဖြည်းကုတ်နေမိတော့သည်။

အမေဟာ တကယ်မလွယ်တာဘဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘာတဲ့ … အဖေနဲ့ တစ်သံတည်းထွက်တယ်ဆိုတာ ဘာပြောတာပါလိမ့်။ အဖေလည်း ငါ့လိုပဲ အမေ့လုပ်ရပ်ကို လက်သင့်မခံခဲ့လို့လား။

အား … ဟုတ်ပြီ၊ ငါ့ဦးနှောက်ထဲမှာ စွဲနေတဲ့စကားတစ်ခွန်း … ဘယ်ပစ္စည်းမဆို ကိုယ်နဲ့ထိုက်မှ ကိုယ်ရတာပါဆိုတဲ့ စကားဟာ အဖေပြောနေကျစကားပဲ၊

အမေနဲ့ရန်ဖြစ်တိုင်း အဖေပြောပြောနေတာ … ငါ ကလေးပေမယ့် မှတ်မိနေတာပေါ့။

"မိန်းမရာ … အလိုကြီးအရနည်း ဆိုတဲ့စကားပုံ ကြားဖူးတယ် မဟုတ်လား၊ ငါ့ကိုပဲကြည့် … ရတာလေးနဲ့ ရောင့်ရဲနိုင်ခဲ့ရင် အခုလောက်ရှိ မချမ်းသာတာတောင်မှ တိုက်နဲ့ကားနဲ့တော့ နေနိုင်ဦးမှာ၊ မင်းပေးတဲ့အကြံကို လက်ခံမိလို့ ဘာမှမရလိုက်တဲ့အပြင် ခြေမဲ့လက်မဲ့ ထွက်ပြေးခဲ့ရတာသာကြည့်၊ အဲဒါ ဘယ်သူ့အပြစ်မှ မဟုတ်ဘူး၊ မင်း ကိုကြီးရဲရင့်နောင်ကို အပြစ်မြင်နေတာကိုက မှားတာ၊ ပြန်တွေးကြည့်စမ်း … အားလုံး ငါတို့အပြစ်ချည်းပဲ၊ အခုတော့ သွားတောင်းပန်ချင်တာတောင် ဘယ်လိုမျက်နှာနဲ့ သွားရမှန်းမသိလို့ ဒီအတိုင်း နေရတာယ်၊ စိတ်လျှော့ပါကွာ … ဘယ်ပစ္စည်းမဆို စားထိုက်





မှ စားရတာပါ"

ပြန်တွေးပြီး ရန်ကြီးအောင်မျက်နှာတစ်ပြင်လုံး ဝင်းလက်လို့သွားရတော့သည်။

စကားရဲ့အဓိပ္ပာယ်တွေကို အားလုံး နားမလည်သော်လည်း အဖေ့ရဲ့စိတ်ရင်းအမှန်ကို နားလည်သဘောပေါက်စွာ လေးစားမိပါ၏။

စိတ်ချ အဖေ … သားလည်း အဖေ့သားပီသမှာပါလို့ စိတ်ထဲကရေရွတ်ရင်း စိတ်လက်ပေါ့ပါးစွာ ထရပ်လိုက်မိသည်။

ပြုံးရွှင်ကြည်နူးစွာဖြင့် သွက်လက်စွာလှုပ်ရှားလိုက်သော ရန်ကြီးအောင်အား ဒေါ်ဆောင်းတမီ မျက်လုံးလေး ကလယ် ကလယ်နဲ့ မော့ကြည့်ပြီး ပျာပျာသလဲ မေးလိုက်မိသည်။

"ဒါ ဘယ်လဲ ငအောင် … ဘယ်သွားမလို့လဲ"

"အပြင်သွားမလို့ အမေ"

"ဟိုကိစ္စနဲ့လား"

"အင်း"

အဲဒါသာကြည့်တော့။

တစ်နေ့တစ်နေ့ အမေ့စိတ်ထဲမှာ ဒီအကြောင်းအရာပဲ လွှမ်းမိုးနေတော့တာပါလား။ အမေ့အတွက် ရင်လေးပါဘိ။



www.burmeseclassic.com

www.burmeseclassic.com



အမေ့အတွက် စိတ်မချမ်းမသာဖြစ်ပြီး ရန်ကြီးအောင် တွက် လာခဲ့သော်လည်း ဟိုကိစ္စလို့ဆိုလိုက်တာနှင့် အမေကတော့ ဘယ် လောက်ဝမ်းသာနေမလဲဆိုတာ ဗေဒင်မေးစရာမလိုဘဲ သိနေပါရဲ့.

❊ ❊ ❊



## အခန်း (၅)

"ဘွားချယ်"

"ဟင် ... ပြောလေ သမီး၊ ဘာပြောမလို့လဲ"

ဆံပင်တွေကို ဖြီးပေးပြီး ညင်သာစွာ ထုံးဖွဲ့ပေးနေရာမှ ကကြိုး ခေါ်လိုက်သည်ကို ဒေါ်စိန်မြချယ် ထူးလိုက်ရင်း ဘာများ မေးချင်လို့လဲ အထင်ရောက်၍ မေးရဲရန် လမ်းဖွင့်ပေးလိုက်ခြင်း ဖြစ်သည်။

ဒီကလေးမ မေးသမျှကို မငြိုငြင်မိ။ အမှန်အတိုင်းသာ ဖြေ



www.burmeseclassic.com

www.burmeseclassic.com



ချင်နေမိသည်။ စပ်စုတယ်လို့လည်း မထင်ရက်။ သိချင်လို့မေးတယ်လို့ ပဲ သဘောထားမိနေ၏။ မေးသမျှလည်း မဖြေချင်စရာမရှိပါ။

"မေးလေ သမီး"

"အဟင်း ... စပ်စုတယ်လို့ မထင်နဲ့နော် ဘွားချယ်"

"မထင်ပါဘူးရှင် မထင်ပါဘူးတဲ့ ... တကတဲ မေးမယ့် အရေးကိုများ"

လို့ ဒေါ်စိန်မြချယ် တမင် ခပ်ဆတ်ဆတ်လေး ပြောလိုက်လျှင် ကကြိုးက တစ်ခစ်ခစ်ရယ်လျက် ...

"ဘွားချယ်ကလည်း စိတ်ကြီးပဲ ... ကကြိုးမေးမှာက ဘွားချယ်တို့အိမ်ကိစ္စပါ၊ ဒီအိမ်ကြီးမှာ လူလည်း သိပ်မတွေ့ရဘဲနဲ့ ခြံစည်းရိုးကို အထပ်ထပ်ကာထားတာ ဘာဖြစ်လို့လဲဟင်၊ နောက်ပြီး အန်ကယ့်မိသားစုတွေလည်း မမြင်ပါလား"

"ဒါလေးမေးမယ့်အရေးများ သမီးရယ်၊ ဘွားရှေ့မှာ လာထိုင် ... အကုန်ပြောပြမယ်"

မေးစေ့ကို သူမလက်ကလေးနဲ့ မထိတထိလှုပ်ပြီး ကကြိုး ခပ်ချွဲချွဲလေးပြောလိုက်တော့ ဒေါ်စိန်မြချယ် မပြုံးဘဲ မနေနိုင်။ အပြုံးတို့ဖြင့် သူမလက်ကလေးကို ပြန်ကိုင်လျက် အရှေ့မှာ လာထိုင်စေကာ





...

"ဒီခြံကြီးနဲ့ ဒီအိမ်ကြီးက ဟိုအရင်က ပေါ်နန်းကြီးပေါ့ သမီးရယ်၊ ဘွားခင်ပွန်းက ဒီအိမ်ကြီးရဲ့သခင်လေးပေါ့၊ ချမ်းသာကြွယ်ဝမှုက ဒီမြို့မှာတော့ ထိပ်ဆုံးမှာလို့ ပြောလို့ရနေတဲ့ အချိန်လေ၊ ဒီတော့ ဒီလို ခြံစည်းရိုးအထပ်ထပ်ထားတာတောင် မလုံခြုံလောက်ဘူးလို့ပြောရင် ယုံပါ့မလားသမီး၊ အဲဒီတုန်းကတော့ အိမ်ပုံစံက ရှေးဟောင်းအိမ်ကြီးပေါ့ကွယ်၊ သားလက်ထက်ကျမှ ခေတ်မီတိုက်ကြီးဖြစ်သွားခဲ့တာ"

"သြော် ... ဒါကြောင့် တိုက်ကြီးက ဆေးတွေ မပျက်သေးတာကိုး"

ကကြိုး အံ့သြစွာပြောရင်း စိတ်ဝင်တစား နားထောင်နေမိလေသည်။

"ဆေးတွေမပျက်သေးတာက နှစ်တိုင်း ထပ်သုတ်နေလို့ သမီးရဲ့၊ သားလက်ထက်ကျမှ အလုပ်တွေလည်း တိုးချဲ့လာခဲ့တယ်၊ သူ့အဖေလက်ထက်က ကျွန်းသစ်ရောင်းဝယ်ရေးအပြင် နို့စားနွားတွေ မွေးပြီး နို့ကထွက်တဲ့ နို့ထွက်ပစ္စည်းတွေလည်း ထုတ်လုပ်သေးတယ်"

"ဟင် ... ဒီမှာလုပ်တာလား ဘွားချယ်"



www.burmeseclassic.com

www.burmeseclassic.com



တအံ့တသြလေး ကကြိုး စကားဖြတ်မေးလိုက်မိပါ၏။

"ဟုတ်တယ်လေ၊ နောက်နေ့တွေမှ သမီးကိုလိုက်ပြပါ့မယ်၊ တောင်ကုန်းအောက်မှာ စက်ရုံတွေရှိတယ်ကွဲ့၊ အဲဒီစက်ရုံက လုပ်သားတွေအတွက် အပြင်မှာ အိမ်တန်းလျားတွေ သမီးတွေ့ခဲ့မှာပေါ့၊ အဲဒီအလုပ်သမားတွေရဲ့ ကလေးတွေအတွက် အချိန်ကုန် လူမပင်ပန်းရအောင် သားက ဒီဝန်းထဲမှာပဲ တစ်တန်းကနေ လေးတန်းအထိ စာသင်ကျောင်း ထားပေးသေးတယ်"

"ဟင် … တကယ်"

သတိလက်လွတ်ပင် ထအော်မိသည့်အဖြစ်၊ နောက်မှ သတိသွားရသည်က မြင်းလှည်းသမား ရန်ကြီးအောင်ဆိုသူ ပြောလိုက်သော စာသင်ကျောင်းအသေးစားလေး ဆိုတာကိုပင်၊ ဒီလူပြောတာ မှန်သားပဲဟုလည်း တွေးလိုက်မိ၏။

"နောက်ရော ဘာတွေရှိသေးလဲ ဘွားချယ်"

"ရှိသေးတယ် သမီး၊ အဲဒီအလုပ်သမားမိသားစုတွေအတွက် ဆေးရုံကြီးလောက် မကြီးပေမယ့် ဆေးခန်းထက်တော့ ကြီးတဲ့ ခုတင် ၅၀ လောက်ဆံ့တဲ့ ဆေးရုံလေးလည်း ရှိသေးတယ်"

"ဟယ် … ကြည့်စမ်း၊ အဲဒီလောက်ပြည့်စုံအောင် ထားပေး





နိုင်တာ အံ့သြစရာပဲ"

လက်ဝါးချင်းရိုက်၍ ကကြိုး အံ့သြမဆုံးနိုင်အောင် ဖြစ်နေရသည်၊ ဒီတစ်ချက်လည်း ဟိုလူပြောတာ မှန်သားပါလားလို့ သတိတရ မှတ်ချက်ချလိုက်ပြန်သည်။

"ဒါနဲ့ ဘွားချယ် … ဒီလိုစိတ်ကူးတွေကို အနက်ကယ်က ဘယ်လိုရလာတာလဲတဲ့"

"သူလည်း ပညာတတ်တစ်ယောက်ပဲကွယ်၊ ဖခင်ရဲ့ အမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းရင်းက အလုပ်တိုးချဲ့ဖို့အတွက် စိတ်ကူးရတာပေါ့၊ အနော်င်က စက်မှုနဲ့ကျောင်းပြီးတာလေ၊ အကြီးတန်း အင်ဂျင်နီယာ သမီးရဲ့"

"သူကတော့ တက္ကသိုလ်တက်ဖြစ်တယ်လား ဘွားချယ်"

"တက်ဖြစ်တယ်လေ၊ သူ့ညီမလေးကိုသာ အချစ်လွန်ပြီး အပြင်ပေးမထွက်တာ၊ သူ့အလှည့်ကျတော့ နောင်တတွေရပြီး သူ့သားသမီးဟွေကို မချုပ်ချယ်ရဲတော့ဘဲ ပညာသင်ခွင့်တွေပေးတဲ့အပြင် နိုင်ငံခြားမှာတောင် ပညာသွားသင်ခိုင်းထားလေရဲ့၊ အခု သားရော သမီးပါ ပြင်သစ်မှာလေ"

ဘွားချယ်ရောဂါကြောင့် အနားမကပ်ချင်လို့ ပညာကို



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြပြီး နိုင်ငံခြားထွက်သွားတာလားဟင်လို့ ကကြိုး မေးမယ် ကြံပြီးမှ မပေးဖြစ်ခဲ့။

"အန်ကယ့်အမျိုးသမီးကရောဟင်"

"ရှိတယ်လေ ... သူလည်း အင်ဂျင်နီယာပဲ၊ နောက်ဘက် ကတိုက်မှာ"

"ရှင်"

ကကြိုး အံ့သြရပြန်ပါသည်။ ဒီလောက်ကြီးမားကျယ်ပြန့်သော တိုက်ကြီးရှိပါလျက်နဲ့ နောက်ဘက်ကတိုက်မှာ သွားနေရသလား။

နောက်ထပ်တိုက်ရော ရှိသေးသတဲ့။ လားပေါင်းများစွာနဲ့ မေးခွန်းပေါင်းများစွာက ကကြိုးဦးနှောက်ကို အလုပ်ရှုပ်စေတော့သည်။

"သမီးလေး မေးဦးလေ ... ဘာလို့ အဲဒီမှာ သွားနေတာလဲလို့"

ကကြိုး မေးမထွက်တာကို သိနေသည့်အလား ဒေါ်စိန်မြချယ် လမ်းခင်းပေးမိ၏။

သို့သော် ကကြိုး မေးမထွက်။ ပြုံး၍သာ ကြည့်နေဖြစ်လေသည်။





"အစကတော့ ချွေးမက အတော် လိမ္မာပါတယ်ကွယ်၊ ဒါပေမဲ့ ဘွားချယ် အနာတွေပေါက်ကတည်းက ပုံစံပြောင်းသွားတော့တာပဲ၊ အနားကပ်ဖို့မပြောနဲ့ ... တစ်တိုက်ထဲမှာတောင် အတူမနေနိုင်ပါဘူးဆိုလို့ အနောက်ဘက်မှာ တိုက်တစ်လုံးထပ်ဆောက်ပေးရတယ်လေ၊ အပေါ်ထပ်ကနေလည်း အဲဒီတိုက်ကို ကူးလို့ရအောင် စကြံလမ်းနဲ့ ဆက်သွယ်ထားပေးတယ်၊ သမီး အားရင် သွားကြည့်ပါလား"

လိုလိုလားလားနဲ့ ရွှန်းရွှန်းဝေအောင် ဒေါ်စိန်မြချယ် ပြောပြနေသမျှ ကကြိုး မျက်ရည်လေးဝဲကာ ကြည့်နေတာကလွဲလို့ ဘာအဖြေမှ မပေးမိ။

သနားလိုက်တာ ဘွားချယ် ... လို့သာ ရင်ထဲမှာပြောနေမိပါ၏။

ဘယ်လောက်ပဲ ချမ်းသာကြွယ်ဝပါစေ ... အထီးကျန်ခြင်းဆိုသော ဝေဒနာကိုတော့ ဘယ်အရာကမှ ကုစားမပေးနိုင်သလို အစားထိုးလို့လည်း မရနိုင်ပါလား။

ဘွားချယ်ကိုပဲ ကြည့် ... ချမ်းသာတဲ့အပေါ်မှာသာ ယစ်မူးပြီး အပေါ်ယံ ဟန်ဆောင်ကောင်းကြပေမယ့် လက်တွေ့မှာ ဒီအနာလေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာကိုတောင် သည်းမခံနိုင်ကြဘူးလေ။ အနားတောင် မကပ်ချင်ကြဘူးတဲ့။

အဲဒီတော့ လူငှားတွေလုပ်ပေးသမျှနဲ့သာ ကျေနပ်နေရတဲ့ ဘွားချယ်ရဲ့အဖြစ်ကို ကကြိုး စာနာသနားမိရင်း သူမ ရောက်လာတာ နောက်ကျလေခြင်းလို့ပဲ နောင်တရနေမိ၏။

ဒီလိုအချိန်မျိုးမှာ သူ့သမီးငယ်လေးကို ဘွားချယ် သတိရလိုက်မယ့်ဖြစ်ခြင်း။

"သမီး ဘာတွေတွေးပြီး ဝမ်းနည်းသွားရတာလဲ၊ ဘွားချယ်ကို သနားသွားတာလား၊ ဘယ်တတ်နိုင်မလဲသမီးရယ် . . . သတ္တဝါတစ်ခု ကံတစ်ခုပေါ့ကွယ်၊ ပြောသာပြောတာပါ . . . အားလုံးက ပစ်ပယ်တာကို ခံရတုန်းကများ ကိုယ့်ကိုယ်ကိုယ်တောင် သတ်သေချင်မိတာ၊ ဒီစည်းစိမ်တွေလည်း ဘာအသုံးကျလို့လဲဆိုပြီး တရားလည်း ကျမိတယ်၊ နောက်ပြီး သမီးငယ်လေးကိုပါ သတိရလိုက်တာများ မပြောပါနဲ့တော့ကွယ်"

ဒီဇနရာအရောက်မှာ . . .

မျက်ရည်မကျဘဲ စကားပြောနိုင်သော်လည်း အသံက တိမ်ဝင်သွားပြီး မျက်နှာမရွှင်ပျတော့။





ဒေါ်စိန်မြချယ် မျက်ရည်မကျပေမယ့် ကကြိုးမျက်ရည်တို့က မဖိတ်ခေါ်ဘဲ ရောက်ရှိလာခဲ့လေသည်။

"ဟဲ့ အို . . . ငါ့သမီးနှယ် မျက်ရည်လွယ်လှချည်လား၊ တိတ်ပါ သမီးရယ် . . . ဘွားချယ်ကြောင့် ငါ့သမီးလေး မျက်ရည်ကျရပြီ၊ ဘွားချယ် အခု ဖြေသာသွားပါပြီ၊ ငါ့သမီးလေးက ဘွားချယ်ကို မရှုံ့မရှာ ပြုစုတဲ့အပြင် ထမင်းအတူစားတယ်၊ အတူအိပ်တယ်၊ အတူနေပေးတယ်ဆိုတော့ ဘွားချယ်ဘဝ ပြည့်စုံသွားသလိုပါပဲ၊ သမီးငယ်လေးအစား ကိုယ်စားရောက်လာသလိုပဲ ခံစားရတယ်၊ ကဲ . . . တိတ်ပါ၊ ဆရာဝန်မကြီးကလည်း အလွမ်းမင်းသမီးလေး ဖြစ်သွားပါပေါ့လား"

ကကြိုးကို ရင်ခွင်ထဲဆွဲသွင်းပြီး တယုတယဖက်၍ ဒေါ်စိန်မြချယ် ကျီစယ်စကားတွေနှင့် ချော့လေမှ ကကြိုး မျက်ရည်တွေကို လက်ဖမိုးလေးနဲ့ သုတ်၍ အရှက်ပြေရယ်ရင်း . . .

"အဟီး . . . ဘွားချယ်"

"ရှင် ဘာမေးဦးမလို့လဲ . . . မေးလေ"

ပြုံးစစနှင့် ဒေါ်စိန်မြချယ် ထပ်မံကျီစယ်လိုက်တော့ ကကြိုး ဖက်လေးပုကာ ရယ်လိုက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘွားချယ်ကို သမီး သိပ်ချစ်တယ် ... သိလား"

"အင်း"

ခါးကို တအားဖက်ပြီး ကလေးတစ်ယောက်လို ပြောနေသော ကကြိုးကို ဒေါ်စိန်မြချယ်အပေါ်မှ စီးမိုးကြည့်လျက် ကြည်နူးစွာ ခေါင်းညိတ်မိပါ၏။

ခါးကိုဖက်ပြီး ရင်ခွင်ထဲမှာ မျက်နှာအပ်၍ ငြိမ်သက်နေသော ဒီကလေးမကို မိမိလည်း ဘာကြောင့် သံယောဇဉ်ဖြစ်မိမှန်း မသိ။

သူကလေးရောက်လာမှ သမီးငယ်လေးရဲ့ အရိပ်အငွေ့တွေ ပြန်တွေ့နေရသလို ခံစားမိတာကလည်း ထူးဆန်းလေစွ။

ငါ့မြေးလေးသာ ဖြစ်ရင်သိပ်ကောင်းမှာပဲလို့ ဆုတောင်းမိတာကလည်း စတွေ့တည်းကပင်။

ဒီရက်လေးအတွင်းမှာ သံယောဇဉ်ဖြစ်ရလောက်အောင် ဒီကလေးကလည်း ကြင်နာယုယတာများ အံ့သြနေရသည်။

ဆေးကုရုံသက်သက် မဟုတ်ဘဲ လူနာအပေါ်ထားတဲ့မေတ္တာက ရှာမှရှားပါပဲ။ သူစိမ်းတစ်ယောက်ကို ဒီလောက် ပြုစုယုယနိုင်တာ တော်ရုံမေတ္တာနဲ့ မဟုတ်နိုင်။





ကျေနပ်ပြုံးများဖြင့် ကကြိုးကျောပြင်ကို ပွတ်သပ်ပေးနေမိတော့သည်။

ကကြိုးကလည်း ခုံပေါ်ကနေ ရင်ခွင်ထဲဝင်နေရာက ကြမ်းပြင်ပေါ်ထိုင်ချလိုက်ပြီး ဒေါ်စိန်မြချယ်ပေါင်ပေါ်မှာ ခေါင်းလေးတင်ရင်း ငြိမ်နေမိ၏။

"ဘွားချယ်"

"ဟင်"

"ဘွားချယ်သမီးလေးက အနက်ကယ်ပြောသလိုပဲ ခိုးရာလိုက်ပြေးသွားတားဟင်"

"ဟုတ်တယ်သမီးရဲ့ ... အမှန်တော့ သမီးလေး ကြမ္မာငင်တာပါ။ အဲဒီနေ့က ဘွားချယ်တို့အိမ်မှာ အဘိုးအဘွားတွေလက်ထက်ကတည်းက အလုပ်လုပ်ခဲ့ကြတဲ့မိသားစုတစ်စုကနေ မျိုးဆက်ကျန်ခဲ့တဲ့ ခင်ထားမေဆိုတဲ့ ကောင်မလေးနဲ့ သား အနောင်နဲ့ စကားများကြတယ်၊ များတဲ့ကိစ္စကလည်း သိပ်ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး ... ငွေရေးကြေးရေးကိစ္စနဲ့ဖြစ်ကြတာ၊ အဲဒီမှာ ကောင်မလေးက တေးထားပြီး သူ့ချစ်သူကို တစ်ဖက်လှည့်နဲ့ ဘွားချယ်တို့ပစ္စည်းတွေ ခိုးဖို့ နိုင်းသတဲ့"



www.burmeseclassic.com

www.burmeseclassic.com



''ဟင်''

ကကြီး စိတ်ဝင်စားလွန်း၍ ခေါင်းလေးကိုမတ်လိုက်ပြီး မော့ကြည့်နေမိလေသည်။

''ကောင်လေးကလည်း ဘွားချယ်တို့အလုပ်သမားတစ်ယောက်ပဲ၊ အရင်ကတော့ အရမ်းရိုးသားတာပါ၊ နောက်မှ ဘယ်လိုဖြစ်သလဲမသိဘူး ... နွားတွေ ခိုးထုတ်ပြီးရောင်းတယ် သတင်းရတော့တာပဲ၊ အဲဒါနဲ့ အနောင်က ခေါ်စစ်တာ၊ ဝန်မခံဘဲ နောက်နေ့လည်းကျရော ခင်ထားမေနဲ့အတူ ပျောက်သွားခဲ့တာ ခုထိပါပဲကွယ်၊ အဲဒီလို အိမ်မှာ ယောက်ယက်ခတ်နေချိန်မှာ သမီးငယ်လေးကလည်း သူ့အစ်ကိုရဲ့ဒေါသကိုတွေ့ပြီး ကြောက်ကြောက်နဲ့ ထွက်ပြေးတော့တာပဲ၊ တကယ်ဆို ဘွားချယ်တို့က သမီးငယ်လေးတို့ကို ခွဲဖို့စိတ်ကူးမရှိပါဘူး၊ သူတို့ဘာသာ ကြောက်ပြီး ထွက်ပြေးခဲ့တာပါ''

မျက်တောင်မခတ် ဒေါ်စိန်မြချယ်ကို စိုက်ကြည့်နေတဲ့ ကကြီးရဲ့မျက်လုံးထဲမှာ တတွတ်တွတ်နဲ့ ဆွေးမြည့်စွာပြောနေသော ဘွားချယ်အစား သူမရဲ့မေမေ၏ရုပ်သွင်က နေရာယူနေတော့သည်။

နားထဲမှာလည်း အနားမှာ သူမမိခင်ကိုယ်တိုင် လာပြောနေသည့်အလား ခံစားနေမိပါ၏။





ဘွားချယ်ပြောသလိုပါပဲ ... မေမေက တကယ်ကိုကြောက်လန့်ပြီး ထွက်ပြေးခဲ့တာပါ။ သူ့အစ်ကိုရဲ့ဒေါသကို သိနေတော့ ဘယ်လိုမှ ပြန်မလာရဲခဲ့၊ နောက် ကကြိုးကိုမွေးပြီးချိန် ခင်ပွန်းသည်ဆုံးသည့်တိုင် ဒုက္ခတွေရောက်နေတာတောင် မိခင့်နှင့် အစ်ကိုထံ မပြန်ဖြစ်တော့။

ပါတာလေးတွေကို ထုခွဲရောင်းချပြီး ကကြိုးကို သူ့လို အနှံ့အအလေးမဖြစ်အောင် ပျိုးထောင်ခဲ့သည်။ နောက်ဆုံး ကျေးဖူးရှင်တစ်ယောက်၏အကူအညီဖြင့် ဆရာဝန်မကြီးဖြစ်သည်အထိ မြှေတောင်မြှောက်ပေးနိုင်ခဲ့၏။

သူမရဲ့ဘဝဇာတ်ကြောင်းကိုတော့ အိပ်ရာဝင်ပုံပြင်တစ်ပုဒ်အလား ကကြိုးကို အမြဲပြောပြခဲ့ပါ၏။

ဒီပုံပြင်ကို အမြဲကြားနေရတဲ့ ကကြိုးမှာဖြင့် သိတတ်တဲ့အရွယ်ကတည်းက ဘွားအေနဲ့ဘကြီးကို တွေ့ဖူးချင်ခဲ့တာပါ။ မိခင်ဖြစ်သူက တားလွန်း၍ ဆန္ဒတွေမပြည့်ဝခဲ့။

အခုတော့ တိုက်ဆိုင်လွန်းစွာ ကျေးဖူးရှင် ဘဘဒေါက်တာဦးချမ်းငြိမ်းဆီမှာ ဘွားချယ်ရဲ့သတင်းကို ကြားရခြင်းပင်။

ကြားကြားချင်း ပြေးလာခဲ့ချင်ပေမယ့် မိခင်ဖြစ်သူက သွားခွင့်



www.burmeseclassic.com

www.burmeseclassic.com



မပြုတာကြောင့် အချိန်တွေလင့်ခဲ့ရသည်။

နောက်ဆုံးတော့ ကကြိုးရဲ့ အမျိုးမျိုးသောနည်းဗျူဟာများကြောင့် အဘွားနဲ့ဘကြီးကို မျက်နှာမြင်ရုံလေးပါဆိုတဲ့ ကတိစကားနှင့် ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

တွေ့လျှင်လည်း သူမ ဘယ်သူပါဆိုတာကို ဖွင့်မပြောရဟု မှာလိုက်သေးသည်။

ကံကောင်းချင်တော့ ကကြိုးက ဆရာဝန်ဘဝနှင့် ရောက်လာတာဆိုတော့ မည်သူမှ သံသယမဖြစ်ခဲ့ကြပေ။

ကကြိုးမှာသာ ကွယ်ရာတွင် မျက်ရည်ကျနေရ၏။ အမေနှင့် အစ်ကိုကို ကြောက်လို့ဆိုတာထက် သူမကို ဘယ်သူမှ လိုက်မရှာဘဲ ပစ်ထားလိုက်ပြီဆိုတဲ့ အသိနဲ့ သမီးမရိပ်မိအောင် ကျိတ်ဆွေးနေခဲ့သော မိခင်၏ခံစားချက်ကို ကကြိုး ဘယ်လိုရင်ဖွင့်ရပါ့မလဲ။

မေမေကလည်း တစ်ယူသန်ပါဘိ။ နာမည်အမှန်တောင် မပြောခိုင်း။ ဆောင်းတမိုကနေ မြကြိုးနွယ် ဖြစ်ရတဲ့အဖြစ်။

ဒီမှာသိရတာနဲ့ မေမေပြောပြတာတွေ တခြားစီဖြစ်နေတော့ အမှန်အတိုင်း မေမေ့ကိုသိစေချင်လိုက်တာ။

ဝမ်းသာရှာမှာပဲ ... လို့ တွေးပြီး ဖုန်းမဆက်နဲ့လို့ အတန်





တန်မှာလိုက်တဲ့ မေမေ့တားမြစ်ချက်တွေကို ဆန့်ကျင်ရတော့မှာပါပဲ။ ဒါပေမဲ့ မေမေ ကျေနပ်သွားမှာပါ။

ဒီလိုအတွေးနဲ့ ကကြိုး ပြုံးမိပါ၏။ မေမေပြောဖူးတဲ့ စကားတစ်ခွန်းကိုပါ သတိရလိုက်မိခြင်းကြောင့်ဖြစ်သည်။

လူ့ဘဝကြီးဟာ တကယ့်ကို ရှုပ်တဲ့ဇာတ်ခုံကြီးမှန်း မေမေအခုမှ သိရတယ်တဲ့။

ဇာတ်ခုံပေါ်က ကြိုးလေးတွေနဲ့ဆွဲပြီး ကရတဲ့ အရုပ်လေးတွေဆို ကြိုးဆွဲတဲ့သူအပေါ် မူတည်ပြီး ကြိုးမရှုပ်အောင် ထိန်းနိုင်ပေမယ့် လောကဇာတ်ခုံပေါ်က ကြိုးမပါတဲ့အရုပ်တွေကတော့ မမြင်ရတဲ့ ကံဇာတ်ဆရာရဲ့ အလှည့်အပြောင်းကြောင့် မမြင်ရတဲ့ကြိုးတွေ ရှုပ်နေကြတယ်တဲ့ ...။

ဒါတွေကို သမီးကတော့ နားလည်မှာမဟုတ်သေးပါဘူး လို့လည်း ပြောသေးရဲ့။

သူ ဒီလို လောကကြီးအကြောင်းကို နားမလည်ခဲ့တဲ့ မလည်မဝယ်ဖြစ်ခဲ့ရတာကို သင်ခန်းစာယူပြီး သမီးလေးအလှည့်မှာ မေမေ့လို မဖြစ်စေရဘူးလို့ အမြဲပြောတတ်ခဲ့ပြန်တယ်။

ဒါ့ကြောင့် ကကြိုးကို ပညာတွေတတ်မြောက်အောင် သင်



www.burmeseclassic.com

www.burmeseclassic.com



ယူစေခဲ့သလို တတ်မြောက်ထားတဲ့ပညာတွေကိုလည်း အကျိုးရှိရှိ အသုံးချစေခဲ့တယ်၊

အဲဒါတင်မကသေးပါဘူး ...။

လူတွေအကြောင်းကို ကောင်းကောင်းနားလည် သဘောပေါက်အောင် ဆင်းရဲချမ်းသာမရွေး အဆင့်အတန်း မခွဲခြားဘဲ အားလုံးကို တန်းတူဆက်ဆံပေါင်းသင်းစေခဲ့သည်။

သူ့တုန်းက အိမ်ထဲကအိမ်ပြင် မထွက်ရဲဘဲ စည်းစိမ်ချမ်းသာတွေခံစားခဲ့ရပေမယ့် ပတ်ဝန်းကျင်နဲ့ မထိတွေ့ မဆက်ဆံရလေတော့ လူတွေရဲ့အကြောင်းကို ဘာမှနားမလည်ခဲ့ရ။

နောက်ဆုံး ခဏာတာလေးတွေ့ဆုံပြီး ခဏတာလေး ပြောဆိုဆက်ဆံရတဲ့သူတွေအပေါ် သံယောဇဉ်ဖြစ်မိတော့ ကောင်းသည်ဆိုးသည် မဝေဖန်နိုင်ခဲ့။

အဆင့်အတန်းမြင့်တဲ့ပညာတွေလည်း သင်ရပါရဲ့။ နိုင်ငံတကာတိုးတက်နေမှု သတင်းဆောင်းပါးတွေပါမကျန် ဖတ်ရ ကြည့်ရပါရဲ့။ ဒါပေမဲ့ လူမှုန်းသိတတ်တည်းက သည်အိမ်ကြီးထဲမှာသာ လူလားမြောက်ခဲ့ရသူအဖို့ အကျဉ်းကျနေသူနဲ့မခြား ရှိနေခဲ့တာကိုတော့ အပြင်လောကကို သမီးအဖေနဲ့လိုက်ခဲ့မှပဲ သိခွင့်ရသူပါ။





သမီးလေး မေမေ့လို မဖြစ်စေရဘူး ... သိလား ဆိုပြီး နေ့စဉ်နဲ့အမျှ တတွတ်တွတ်ပြောဆိုဆုံးမခဲ့တဲ့ မေမေရယ် ...

သမီး မေမေ့ကို လွမ်းလိုက်တာ။

မေမေ့ရဲ့ မယ်မယ်နဲ့ အစ်ကိုက မေမေ့ကို လိုက်ရှာပါတယ်တဲ့။ မပစ်ထားခဲ့ကြပါဘူး မေမေ။ သူတို့တွေကြောင့် မေမေ့ဘဝလှုပြစ်ရုံးခဲ့ရတယ်လို့ အတွေးမှားနေခဲ့တဲ့ မေမေ့ရဲ့ တစ်ယူသန် လွဲမှားတဲ့စိတ်တွေကို ဖျောက်ဖျက်ပစ်လိုက်ပါတော့။

မေမေက ကကြီးကို ပြောဆိုဆုံးမခဲ့သလိုပေါ့လေ ... ကဇာတ်ရုံပေါ်က လူသားအားလုံး ကံဇာတ်ဆရာစေခိုင်းသမျှ လုပ်ဆောင်နေကြရတာလို့သာ မှတ်ယူလိုက်ပါတော့။

ရှုပ်ထွေးပွေလီလှတဲ့ လောကဇာတ်ခုံကြီးပေါ်မှာ မေမေ့သမီးလေးလည်း ဘယ်လိုဘဝမျိုးနဲ့ပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ ... ကကြီးတွေ မရှုပ်ရအောင် အသွယ်သွယ်သောကကြီးတွေနဲ့ ပိုင်နိုင်စွာကနိုင်ဖို့ မေမေလေ သမီးလေးကို ကကြီးသွယ်လို့ နာမည်ပေးထားတာ ... သိလားလို့ဆိုတဲ့ မေမေရေ ... မေမေတို့မိသားစုတွေ ပြန်ပေါင်းစုံဖို့ ကကြီး အစွမ်းကုန်ကြိုးစားပါတော့မယ်ရှင်။

ကတိမတည်တဲ့သမီးဆိုပြီး မုန်းတော့မမုန်းလိုက်ပါနဲ့နော်။



www.burmeseclassic.com

www.burmeseclassic.com



အနည်းဆုံးတော့ ဘွားချယ်တို့ အန်ကယ်တို့ရဲ့ မေတ္တာတွေကို မေမေ့အတွက် ပြန်ရရှိစေချင်တဲ့ဆန္ဒနဲ့ပါ။ မေမေခွင့်လွှတ်လိမ့်မယ်လို့ ထင်ပါတယ်။

"သမီး . . . ဘွားချယ်ကိုကြည့်ပြီး ဘာလို့ မျက်ရည်တွေကျနေရတာလဲ၊ ဆရာဝန်မကြီးကလည်း တယ် မျက်ရည်လွယ်သကိုး ဝမ်းနည်းတတ်ရင်လည်း ဘာဖြစ်လို့ လျှောက်မေးနေတာလဲ သမီးရဲ့"

ငေးငေးလေးကြည့်ပြီး မျက်ရည်တွေ တလိမ့်လိမ့်ကျနေတဲ့ ကကြီးကို ဒေါ်စိန်မြချယ် မေးစေ့လေးကိုကိုင်လှုပ်ရင်း ချစ်စနိုးနှင့် ပြောလိုက်လေသည်။

ဒေါ်စိန်မြချယ်ရဲ့လက်ကို ကကြီး ပြန်လည်ဆုပ်ကိုင်၍ . . .

"ဘွားချယ်တို့မိသားစုအကြောင်းကို ကြားရတာ စိတ်မကောင်းလို့ပါ ဘွားချယ်၊ မေမေ့ကိုလည်း သတိရသွားလို့ပါ၊ ဒါနဲ့ ဘွားချယ် . . . အန်ကယ်နဲ့ ဒေါ်ခင်ထားမေတို့ပြဿနာဖြစ်တဲ့ကိစ္စက ငွေရေးကြေးရေးကိစ္စဆိုတာ ဘာလဲဟင်"

"ဩော် ဒီလိုသမီးရဲ့ . . . ထားမေတို့မိဘတွေတင်မက မျိုးရိုးစဉ်ဆက် ဒီဟော်နန်းကြီးမှာ အလုပ်လုပ်ခဲ့ကြတာဆိုတော့ ထား





မေလက်ထက်လည်းကျရော သူ အိမ်ထောင်ပြုတော့မှာမို့ ထိုက်သင့်တဲ့ အမွေပေးဖို့ ပြောလာတယ်၊ အဲဒီမှာ အနောင်က သူ့ဆီမှာဆင်ထားတဲ့ လက်ဝတ်လက်စားနဲ့ ငွေဆယ်သိန်းပေးမယ်ပြောတာကို လက်သင့်မခံဘဲ ပြဿနာရှာလို့ ဖြစ်ကြတာလေ၊ သူတို့အတွက် လခနဲ့ နေရာထိုင်ခင်းလည်း ထိုက်သင့်သလို ပေးထားပြီးသားကို လောဘတက်တာပေါ့ကွယ်"

"လောဘကြီးလိုက်တာနော်"

"အင်း . . . သူတို့ကတော့ ဒီလိုပြောတာ ဘယ်လက်ခံလိမ့်မလဲ၊ ဒီအိမ်မှာ ဆွေစဉ်မျိုးဆက် ကျွန်ခံခဲ့ကြရတာ နစ်နာကြေးတော့ ပေးသင့်တယ်လို့ ယူဆကြတာလေ၊ တကယ်ဆို သူတို့အလုပ်က ထမင်းချက်၊ အဝတ်လျှော်အပြင် ဘာမှ ပင်ပင်ပန်းပန်း လုပ်ခဲ့ကြရတာမှ မဟုတ်တာ"

"ဟူး . . . လူတွေလည်း တော်တော်ခက်တာပဲနော်၊ အဲဒီ အမျိုးသမီးကြီးကိုရော ပြန်တွေ့သေးလား ဘွားချယ်"

"မတွေ့တော့ပါဘူးကွယ်"

"ဩော် ဘွားချယ် . . . အန်ကယ့်ကို ဒီနေ့မတွေ့ဘူးနော်"

ယခင်နေ့တွေကဆို တစ်နေ့ကို နှစ်ခေါက် သုံးခေါက်၊ မိခင်



www.burmeseclassic.com

www.burmeseclassic.com



ထံ ရောက်လာတတ်သော ဦးရဲရင့်နောင်အား အခုချိန်ထိ မတွေ့ရ၍ ကကြိုး မေးလိုက်မိခြင်းဖြစ်သည်။

"သမီးလေးက ဘွားချယ်ကို ဂရုတစိုက်ပြုစုတာ သူ တွေ့နေရတော့ စိတ်ချတယ်နဲ့တူတယ်၊ အဲဒါကြောင့် အလုပ်တွေဆီကို ရောက်နေရောပေါ့"

"ကဲ ဘွားချယ် . . . စကားပြောရတာလည်း မောရောပေါ့၊ ဘာစားမလဲ . . . ကကြိုး သွားယူလိုက်မယ်လေ"

"နေ နေ သမီး . . . စောနန်းကို လှမ်းခေါ်လိုက်မယ်၊ အဲဒီ ခလုတ်အဖြူလေးကိုသာ နှိပ်လိုက်၊ သူရောက်လာလိမ့်မယ်"

ပြောသည့်အတိုင်းပင် ခလုတ်ဖြူဖြူလေးကို နှိပ်လိုက်တာနှင့် မကြာခင် စောနန်းရောက်လာခဲ့သည်။

"မယ်မယ်ကြီး . . . ဘာခိုင်းမလို့ပါလဲ"

"ဒီမနက်စာအတွက် ဘာရှိလဲ . . . ယူခဲ့ပါ၊ သမီးအတွက်ရော ဘာမှာမလဲ"

"ရတယ် ရတယ် ဘွားချယ် . . . အားလုံးအတွက် လုပ်ထားတာပဲ ယူခဲ့ပေးပါ မစောနန်း"

စောနန်း ပြန်ထွက်သွားပြီး မကြာလိုက် . . . ငွေလင်ပန်းနှင့်





သယ်လာသော ပူပူနွေးနွေး မလိုင်ပျစ်ပျစ်နို့နှင့် ပေါင်မုန့်ကြော်များကို ကကြိုးတို့ စားသောက်ကြလေသည်။

စားသောက်ပြီးသည်နှင့် ဘွားချယ်ကို ဆေးတိုက်၊ အနာကို ဖန်ရေဆေး၊ ဆေးထည့် စသည်ဖြင့် ကကြိုး၏ တစ်နေ့တာအလုပ်တာဝန်များကို စတင်လုပ်ဆောင်ရင်း မငြီးငွေ့နိုင်အောင် ရှိနေရလေသည်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"မို ကိုကြီးက လိုက်ရှာနေတာ၊ မိုက သမီးအခန်းထဲ ရောက်နေတာကိုး၊ ဘာလဲ ... သမီးကို လွမ်းနေပြီလား"

သမီးခုတင်ပေါ်မှာထိုင်ပြီး သမီးရဲ့ဓာတ်ပုံလေးကို အလွမ်းပြေကြည့်နေရာမှ အခန်းဝမှ လှမ်းပြောလိုက်သော ဒေါက်တာချမ်းငြိမ်းကို ဒေါ်ဆောင်းတမို လှမ်းကြည့်လိုက်ပြီး ...

"ဟုတ်တယ်ကိုကြီး ... သမီးလေးကိုလွမ်းလို့ ဓာတ်ပုံလေးကို လာကြည့်နေတာ၊ ဖုန်းမဆက်နဲ့လို့ ရွှဲပြီးပြောလိုက်တာကို သမီးက





တကယ်မဆက်ဘူး ကိုကြီးရယ် ... နေနိုင်လိုက်တာ၊ မိုမှာသာ ညည အိပ်လို့တောင် မပျော်ဘူး"

ဒေါက်တာချမ်းငြိမ်း အပြုံးတွေနှင့် ခုတင်နားကိုလျှောက်ခဲ့ရင်း ...

"သွားတာမှ ဘယ်နှရက်ရှိသေးလို့လဲ မိုရယ်၊ သမီးလား မဆက်ဘဲနေမှာ၊ နေသားတကျမဖြစ်သေးလို့ မဆက်သေးတာ နေမှာပါ။ ဟိုမှာ သူ့ဘွားအေတွေ, သူ့ဘကြီးတွေနဲ့ အဆင်ပြေအောင် အရင်ဆက်ဆံနေရသေးတာကိုး"

ပြေရာပြေကြောင်း ဒေါက်တာချမ်းငြိမ်း ပြောလာတော့ ဆောင်းတမို ငြိမ်ပြီးနားထောင်နေလိုက်သည်။ ဒါလည်း ဟုတ်မှာပဲလို့ တွေးမိ၏။

"ကိုကြီးပြန်ရောက်တယ်ဆို ကောင်မလေးတွေကို မေးကြည့်တာ ဒီမနက် မို ဘာမှမစားဘူးဆို၊ အိုဗာတင်းလေးတစ်ခွက်ပဲ သောက်ထားတယ်လို့ ပြောတယ်၊ လာ ... ကိုကြီးနဲ့အတူ ထမင်းစားရအောင်"

ပြောလည်းပြော လက်မောင်းရင်းကနေ ဖေးမဆွဲထူလိုက်တော့ ဆောင်းတမို အလိုက်သင့် ထရပ်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မို ဘာမှ စားချင်စိတ်မရှိလို့ပါ ကိုကြီးရယ်၊ သမီးလေး ဟိုမှာ အဆင်မှပြေပါ့မလားလို့ တွေးပြီး ရင်ပူနေရတယ်၊ ကိုကြီးဆန္ဒနဲ့ သမီးရဲ့ဆန္ဒကို လိုက်လျောပြီး လွှတ်လိုက်ရတာ၊ မို့အလိုသာဆို မလွှတ်ဘူး . . . သိလား"

လေးဆယ့်ငါးနှစ်ဆိုသော်လည်း အရွယ်တင်လှသော ဆောင်းတမို၏ ရုပ်ရည်နှင့် နဂိုကတည်းက အိမ်မှာအငယ်ဆုံး အလို လိုက်ခံရဆုံးမို့ စကားပြောတာကအစ ကန့်ကလျှရှိလှသော အပြော အဆိုများအား ဒေါက်တာချမ်းငြိမ်း ချစ်မဝနိုင်အောင်ဖြစ်ရပြီး တွေးမွေ့ ချင်စိတ်ကို မနည်းမျိုသိပ်လိုက်ရ၏။

ဒီယုန်မြင်လို့ ဒီချုံထွင်တယ်လို့ အပြောမခံနိုင်။ သူမ မကြည် ဖြူသရွေ့ သန့်ရှင်းစွာစောင့်ရှောက်ထားရန် စိတ်ကူးနှင့် ရည်ရွယ်ချက် က ညီတော်မောင်ရှိစဉ်ကတည်းက ယခုထိ မပြောင်းလဲသေး။

"ကိုကြီးလည်း ဘယ်လွှတ်ချင်ပါ့မလဲကွာ၊ အမှတ်မထင် ကြားလာစက မို့မယ်မယ် ဟုတ်,မဟုတ် သိချင်လို့ မေးကြည့်မိတာ ကို့၊ သမီးလေးကကြားပြီး သွားပါရစေလို့ အတင်းပူဆာတော့ သူ့ ဆန္ဒလေးကို ဖြည့်ဆည်းပေးလိုက်မိတာပါ၊ သမီးလေးက သူ့ဘွားအေ နဲ့ ဘကြီးဆီသွားတာပဲ . . . တခြားသွားတာမှ မဟုတ်တာ၊ ဒါကြောင့်





ကိုကြီးလွှတ်လိုက်တာပါ"

"ဟုတ်တော့ ဟုတ်ပါတယ်ကိုကြီးရယ်၊ ဒါပေမဲ့ ကိုကို သိသွားပြီး ဒေါသူပုန်ထမှာပဲ မို့ပူတာပါ၊ မို့ကိုမုန်းပြီး သမီးလေးကို မချေမင်ဆက်ဆံလိုက်မှာကို စိုးတာ"

နှစ်ယောက်သား အခန်းထဲကထွက်လာပြီး စကားတွေ ပြောလာကြခြင်းဖြစ်သည်။

"မပူပါနဲ့မို့ . . . မကြာခင် သမီးလေးဆီက အဆက်အသွယ် လုပ်လာမှာပါ၊ မို့က အဲလို မစားမသောက်လုပ်နေရင် အိပ်ရာထဲ လဲသွားတော့ ဘယ်လိုလုပ်မလဲ၊ ကိုကြီး အလုပ်သွားရတာတောင် စိတ်က မဖြောင့်ဘူး၊ သမီးကို စိတ်ချတယ်၊ မို့ကို စိတ်မချတာ"

ဒေါက်တာချမ်းငြိမ်း ဆူပြောလေးပြောလိုက်တော့ ဆောင်း တမို မျက်နှာလေးညှိုးကျလျက် . . .

"ခွင့်လွှတ်ပါကိုကြီးရယ်၊ မို့ ဆင်ခြင်ပါ့မယ်၊ ကိုကြီးကို လည်း မို့ အားနာလှပါပြီ၊ အခုထိ မို့ကို ကလေးတစ်ယောက်လို စောင့်ရှောက်တုန်းနော်၊ ကိုကြီးညီနဲ့ လက်ထပ်ခဲ့ပေမယ့် သူ့ရဲ့ အနိုင် ကျင့်မှုတွေကြောင့် ကိုကြီး အမြဲတမ်း မို့ကိုကာကွယ်ပေးခဲ့တာ မို့ဘဝ တစ်သက်တာမှာ ဘယ်တုန်းကမှ မရဖူးတဲ့ အကြင်နာတွေပါ၊ သူ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပါးသွားပြီးတဲ့နောက်လည်း မီိတို့သားအမိကို ဆက်လက်စောင့်ရှောက်ခဲ့တာ ဘယ်အံ့ရာနဲ့မှ မလဲနိုင်တဲ့ ကျေးဇူးတရားတွေပါပဲ၊ မီိကိုရော သမီးလေးကိုပါ လူတွေနဲ့ ပေါင်းသင်းဆက်ဆံတတ်အောင်၊ လူ့လောကကြီးထဲမှာ နေထိုင်သွားလာတတ်အောင် သွန်သင်ဆုံးမလမ်းပြပေးခဲ့တဲ့ ကျေးဇူးတွေကို ဘယ်တော့မှမမေ့နိုင်သလို ဘယ်တော့မှလည်း ဆပ်လို့ကုန်နိုင်တော့မယ် မထင်ပါဘူး ကိုကြီးရယ်"

"အဲဒီကျေးဇူးတွေ ဆပ်နိုင်တဲ့နည်းလမ်းတွေ ရှိရဲ့သားနဲ့ မီိကမှ မဆပ်တတ်တာကိုး"

"ကိုကြီးနော်"

ပြောင်ချော်ချော်မျက်နှာပေးနှင့် ဒေါက်တာချမ်းငြိမ်း ပြောလိုက်ရာ ခုနက ညှိုးကျသွားတဲ့မျက်နှာလေးက ချက်ချင်း ပန်းရင့်ရောင်ပြေးသွားရ၏။

ညီဖြစ်သူဆုံးပါးသွားပြီး သမီးလေးတစ်ယောက်နှင့် လောကကြီးထဲမှာ ယောင်လည်လည်ဖြစ်နေသော ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမလေးဖြစ်ရရှာသော ဆောင်းတမီိအား ဒေါက်တာချမ်းငြိမ်း လက်ထပ်ခွင့်တောင်းခဲ့ခြင်း ဖြစ်သည်။

ဘာကိုစိုးရိမ်နေမှန်း မသိ ... ဆောင်းတမီိက လက်မခံခဲ့။





အခုထိပဲ ဆိုပါတော့။

သူမဘက်ကလည်း ညီဖြစ်သူကို ချစ်၍မဟုတ်။ အနေနီး၍ လက်ခံမိခြင်းသာ။ တခြားယောက်ျားလေးတွေနဲ့ လက်ပွန်းတတီး မနေဖူးသူမို့ စိတ်ကစားမိခြင်း ဖြစ်ဟန်တူသည်။ အချစ်ဆိုတာ ဘာမှန်းမသိခင် အစ်ကိုဖြစ်သူ၏ စည်းကမ်းဘောင်အတွင်းက မွန်းကျပ်သော စည်းကမ်းချက်တွေကြောင့် ထွက်ပေါက်ရသွားသည့်အလား၊ စာသင်ပေးသူ ကထိက ဆရာမင်းစိန်နှင့် လိုက်ပြေးခဲ့ခြင်းဖြစ်သည်။

တကယ်တမ်းကျတော့ သူမကို ချစ်လှပါသည်ဆိုသော ကယ်တင်ရှင်ချစ်သူက လက်တွေ့မှာ မကြင်နာခဲ့၊ မေတ္တာတွေ အပြည့်အဝ မပေးတဲ့အပြင် နှိပ်စက်ခဲ့သေး၏။

သူ့စိတ်နဲ့မတွေ့တဲ့အခါတိုင်း လက်ပါလာတတ်သည်၊ ဒီအခါမှာ ဒေါက်တာချမ်းငြိမ်း မနေသာ၊ ကြားထဲက ဝင်ပါရမြဲ။

တစ်အိမ်ထဲ အတူနေကြသည်မို့ မမြင်ချင်လည်း တွေ့နေရသည်၊ မကြားချင်လည်း ကြားနေရသည်။ ရွှေအိမ်စံမင်းသမီးလေးကလည်း အထင်နဲ့အမြင် ပါစင်အောင်လွဲခဲ့ရသော သူမဘဝကို ဘယ်လိုရှေ့ဆက်ပြီး ရပ်တည်နေမှန်းမသိလောက်အောင် အတွေ့အကြုံမရှိသူမို့ ဒေါက်တာချမ်းငြိမ်းကို အားကိုးခဲ့မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ လင်တော်မောင်က အစ်ကိုဖြစ်သူနှင့် အထင်လွဲသမုတ်ရာက အရက်တွေ အလွန်အကျွံသောက်ပြီး ကားမောင်းထွက်သွားလိုက်တာ ကားမှောက်ပြီး ဆုံးပါးသွားခဲ့ရသည်။

အဲဒီကတည်းက ဒေါက်တာချမ်းငြိမ်း၏ မေတ္တာအကြင်နာတို့ဖြင့် ဆောင်းတမှီတို့သားအမိဘဝလေး အေးချမ်းမှုတွေ ရခဲ့ခြင်းဖြစ်သည်။

သို့သော် အခုထိတိုင် ဆောင်းတမှီ ခေါင်းမညိတ်ဘဲနေခဲ့ခြင်းကိုတော့ ဒေါက်တာချမ်းငြိမ်း နားမလည်နိုင်။

ထိုသို့တွေးကာ ဒေါက်တာချမ်းငြိမ်း အားမလိုအားမရဖြင့် ဆောင်းတမှီ၏ လက်ဖျားလေးကို ဆုတ်ဖျစ်လိုက်မိလေသည်။

သမီးလေး ဒီအရွယ်ရောက်သည့်တိုင် အရိပ်တကြည့်ကြည့်နှင့်သာ ကြည့်ကာ ကျေနပ်နေရသည့်သူ့ကို မှီ မသနားရှာသလား။

"မှီ"

"ရှင် . . . ကိုကြီး"

ထမင်းစားခန်းထဲသို့ ဝင်လာပြီး ထိုင်ခုံတွေမှာ ထိုင်လိုက်ရင်း ဒေါက်တာချမ်းငြိမ်း ခေါ်လိုက်သည်ကို ဆောင်းတမှီ ရှက်ရွံ့ရွံ့လေး ပြန်ထူးလိုက်ပြီး ခေါင်းငုံ့ထားမိ၏။





ဒေါက်တာချမ်းငြိမ်း သဘောကျစွာပြုံးလိုက်ပြီး . . .

"ကိုကြီးမျက်နှာကို မော့ကြည့်ပါဦးမှီရယ်၊ ခုထိ ကိုကြီးအချစ်တွေကို မယုံသေးတာလားဟင်၊ မှီလည်း တစ်ခါက ကိုကြီးကို ပြောဖူးတယ်လေ . . . မှီ့ဘဝမှာ ကိုကြီးနဲ့တွေ့မှ အချစ်ဆိုတာကို နားလည်ခဲ့တာပါဆို၊ အဲဒါတောင် ခုထိ မှီက ခေါင်းခါတုန်းပဲနော်၊ သမီးလေးရှေ့မှာကျတော့လည်း ဣန္ဒြေနဲ့နေရ၊ ကွယ်ရာကျတော့လည်း မှီ့သိက္ခာကို ငဲ့ရ၊ ကိုကြီးသိက္ခာကို ငဲ့ရ . . . ဘယ်တော့မှ မှီ့ကို ပိုင်ပိုင်နိုင်နိုင် ချစ်ခွင့်ရမှာလဲကွာ"

ဆောင်းတမှီ မရဲတရဲ ခေါင်းလေးမော့လာကာ ဆွေးမြည့်ကြေကွဲစွာပြောနေသော ကျေးဇူးရှင်ကိုကြီး၏ မျက်နှာကို လေးစားစွာကြည့်လျက် . . .

"မှီ အမှန်အတိုင်းပြောခဲ့တာပါ ကိုကြီး . . . ကိုကြီးနဲ့တွေ့မှ အချစ်ရဲ့တန်ဖိုးကို နားလည်ခဲ့တာပါ၊ ဒါပေမဲ့ မှီချစ်တဲ့ကိုကြီးကို မှီ့ရဲ့ မသန့်ရှင်းတော့တဲ့ ခန္ဓာကိုယ်ကြီးကို ပေးဆပ်ရမှာ အားလည်းနာတယ်၊ ကိုကြီးနဲ့လည်း မှီ မထိုက်တန်ဘူးလို့ ထင်နေလို့ပါရှင်"

"ဩော် . . . မှီရယ်"

ပြောပြီး မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ဝမ်းပန်းတနည်း



www.burmeseclassic.com

www.burmeseclassic.com



ငိုချလိုက်လေတော့သည်။

အခုမှပဲ ပွင့်ပွင့်လင်းလင်းသိလိုက်ရတော့ ဒေါက်တာချမ်းငြိမ်း ရင်ထဲ နင့်ခနဲ ဖြစ်ရပြီး ချစ်ရသူအား အချစ်တွေပိုရတော့သည်။

ပြီး ထိုင်ရာမှ ညင်သာစွာထလိုက်ပြီး ချစ်ရသူဘေးမှာ ကပ်ထိုင်လျက် ရင်ခွင်ထဲသို့ ပိုင်နိုင်စွာ ဆွဲသွင်းထားလိုက်မိလေသည်။

ဆောင်းတမှိုလည်း ငြင်းနိုင်စွမ်း မရှိတော့။ အနှစ်နှစ် အလလက မျှော်လင့်တောင့်တခဲ့ရသော ဒီရင်ခွင်မှာ မျက်လုံးလေးမှိတ်ကာ မှေးစက်နေလိုက်မိပါသည်။

နှစ်ဦးသား ရင်ခုန်သံတွေဖလှယ်ရင်း အချစ်ရေယာဉ်ကြော မြောနေကြခိုက် . . .

'တီ တီ တီ တီ'

"ဟာကွာ . . . အဖျက်ပဲ"

စားပွဲပေါ်က ဆောင်းတမှို၏ ဟန်းဖုန်းလေးမြည်သံကြောင့် ရင်ခွင်ထဲကနေ လူးလဲထလိုက်သော ဆောင်းတမှိုကို ဒေါက်တာချမ်းငြိမ်း မလွှတ်ချင်လွှတ်ချင်နှင့် လွှတ်ပေးလိုက်ပြီး နှုတ်မှလည်း မချင့်မရဲနှင့် အော်လိုက်မိပါ၏။

ဆောင်းတမှို ပြုံးစိစိနှင့် ဖုန်းကို လှမ်းယူနားထောင်လိုက်



BURMESE CLASSIC .com



ရာ မျက်နှာတစ်ပြင်လုံး ဝင်းလက်သွားပြီး . . .

"ဟင် ကိုကြီး . . . သမီး သမီးဆီက"

"ဟာ . . . ဟုတ်လား"

ဒေါက်တာချမ်းငြိမ်းပါ ဝမ်းသာအားရ ဖြစ်သွားရလေသည်။

"မေမေ . . . ဘဘငြိမ်းနဲ့ ရှိနေတာလားဟင်"

ဖြုန်းခနဲ သမီးလုပ်သူက မေးလိုက်တော့ ဆောင်းတမှို မျက်နှာတွေ ရဲလျက် . . .

"ဟုတ် . . . ဟုတ်တယ်သမီး၊ ထမင်းစားနေကြတာဆိုတော့ သမီးဘဘငြိမ်းလည်း ရှိနေတာပေါ့"

ဆောင်းတမှို၏အဖြေစကားကို ကြားပြီး ဒေါက်တာချမ်းငြိမ်း မျက်နှာပြုံးဖြီးဖြီးကြီး ဖြစ်သွားရ၏။

"သမီးက ဘာမေးသေးလို့လဲ မေမေရဲ့၊ ဘဘငြိမ်းရော ရှိလားလို့မေးတာက နှစ်ယောက်လုံးအတူရှိနေတော့ တစ်ယောက်ချင်း ပြောစရာမလိုတော့ဘူးပေါ့လို့ ဒါကို ပြောမလို့ဟာ . . . မေမေ့ဘာသာ မလုံတာ"

"ဟွန်း နော် . . . ကောင်မလေး၊ မအေကိုများ ပြောပုံက၊ ကဲ ပြော . . . အဲဒီမှာ အဆင်ပြေလား၊ ဘယ်တော့ပြန်လာမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မေမေကလည်း ... အခုမှ ဒီကိုရောက်တာ လေးရက်ပဲ ရှိသေးတဲ့ဟာ၊ ဘွားအနားက ပစ်ထားခဲ့လို့မရဘူး မေမေရဲ့၊ ဘွားက လူကြီးဆိုးကြီးလေ၊ ဘယ်သူ့မှ သူ့ကို ပြန်မပြောရဲကြတော့ သူလုပ်ချင်တာလုပ်, စားချင်တာစားတာ၊ အဲဒါကြောင့် အနားမပျောက်တာ ... သိလား၊ အခုတော့ ကကြီးနဲ့လည်းတွေ့ရော နားမထောင်လို့ မရတော့ဘူးလေ ... သိတယ်မဟုတ်လား ကကြီးပဲဟာ ...!

မေမေ ... သမီး မေမေ့ကိုပေးထားတဲ့ကတိကို ဖျက်လိုက်တာ ခွင့်လွှတ်နော်၊ မေမေ့ကို ပြောပြချင်လွန်းလို့ ဆက်လိုက်တာ၊ ဘွားတို့က မေမေ့ကို ပစ်မထားကြပါဘူး၊ လိုက်ရှာတာ ဘယ်မှာမှ မတွေ့လို့တဲ့၊ အဲဒါကြောင့် မေမေ စိတ်ပြေပါတော့နော်၊ ဒီမှာ ဘွားရဲ့ အခြေအနေကောင်းသွားရင် ကကြီး ဘွားချယ်ကို မေမေ့ဆီ ခေါ်လာခဲ့ရမလား၊ ဒါမှမဟုတ် မေမေတို့ ဒီကိုလာမလားဟင်"

"ဟင် ... ဒီကောင်မလေး"

မအေဘက်က ဆူပူကြိမ်းမောင်းသံ မကြားရတာနဲ့ သူပြောချင်တာတွေ စွတ်ပြောနေသော သမီးကို ဆောင်းတမီ လှမ်းအော်လိုက်သော်လည်း မျက်နှာက ပြုံးနေရ၏။

သူ့ဘဘငြိမ်းကို သမီးက ငယ်စဉ်တည်းက ခင်တွယ်ပြီးသားမို့ သမီးဘက်က မကန့်ကွက်တာသိနေသော်လည်း သူမကိုယ်တိုင်က ကိုကြီးကိုချစ်ပေမယ့် လက်ထပ်ရမှာ အားနာနေသောကြောင့် ဒီအထိ ကြာမြင့်ခဲ့ခြင်းဖြစ်သည်။





အခုလက်ရှိအခြေအနေကို သမီးလေးများသိရင် ဝမ်းသာမှာပင်။ သို့သော် မပြောရဲသေးပါ။

"မေမေ"

"ဟင် ... ဘာလဲ သမီး"

"မေမေ့ဘက်က ဘာပြောမလဲလို့ ကကြီးနားထောင်နေတာ၊ ဘာတွေ တွေးနေတာလဲ မေမေ၊ ဘွားချယ်အနားမှာ သမီးရှိမှဖြစ်မှာမို့ ဆက်နေခွင့်ပေးပါဦးနော်၊ မေမေ့အနားမှာ ဘဘငြိမ်းတစ်ယောက်လုံး ရှိနေတာပဲ၊ သမီးစိတ်ချတယ် ... သိလား၊ ဖုန်းကို ဘဘငြိမ်းဘက် ပေးလိုက်ပါဦးမေမေ"

"ဟွန်း"

ရှက်ဝဲဝဲနဲ့ပဲ ဒေါက်တာချမ်းငြိမ်းဆီ ဖုန်းကို လှမ်းပေးလိုက်ရသည်။ မသိမသာ မျက်စောင်းက ချိတ်လိုက်သေးသည်။

အလိုက်သင့်လှမ်းယူပြီး ဒေါက်တာချမ်းငြိမ်း နားထောင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြော သမီး"

"ဘဘ အဲဒီမှာ အိုကေအောင်လုပ်ထားနော်၊ ဒီမှာတော့ အိုကေတယ် . . . သိလား။ အားလုံးအဆင်ပြေတာနဲ့ ဘဘတို့နှစ်ယောက် ခွေပြမျိုးပြ လိုက်ခဲ့ဖို့ ကကြိုးစီစဉ်ပေးမယ် . . . ဘယ့်နှယ်လဲ ဖြစ်လား"

"စိတ်ချပါ သမီး . . . ဘဘ အစွမ်းကုန်ကြိုးစားလိုက်မယ်"

"အိုကေ . . . ဒါဆို ဖုန်းပိတ်လိုက်ပြီနော် ဘဘ"

ဖုန်းပိတ်လိုက်ပြီးသည့်တိုင် ဒေါက်တာချမ်းငြိမ်း ပီတိတွေနှင့် မျက်နှာက ပြုံးဖြဲဖြဲ ဖြစ်နေရ၏။

ဆောင်းတမီ မျက်နှာလေးရဲပြီး မျက်စောင်းလေးရွယ်လျက်

"အဲဒါက ဘယ်လိုမျက်နှာကြီးလဲ ကိုကြီးရဲ့၊ ဟွန်း . . . သားအဖနှစ်ယောက် အတိုင်အဖောက်ညီနေကြတယ်ပေါ့လေ . . .ဟုတ်လား"

ပြောပြီးမှ ဆောင်းတမီ သူ့မပါးစပ်ကို လက်ဝါးလေးနဲ့ ပိတ်လိုက်မိပါ၏။ စကားကျွံသွားပြီကိုး။

သို့သော် အလွန်လျင်သော ဒေါက်တာချမ်းငြိမ်းက လက်ဝါးလေးကို ဖယ်လိုက်ပြီး အနှစ်နှစ်အလလက မျိုသိပ်ထားခဲ့ရသော





အချစ်တာတမံကြီးကို ချိုးဖောက်လိုက်ကာ တရိပ်ရိပ် တက်လာသော အချစ်ဒီရေတို့နဲ့အပြိုင် . . .။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ကိုကြီးသောင်းထိုက်"

"ဟာ ... လာ စိုင်းကို၊ ဘယ်တုန်းကရောက်လဲ"

လက်ဖက်ရည်ဆိုင်ထဲကို ဝင်လာပြီး ခေါ်လိုက်သူကြောင့် သောင်းထိုက် မော့ကြည့်ကာ အားရဝမ်းသာဖြင့် ပြန်လည်၍ ဖိတ်ခေါ်လိုက်သည်။

"ဘာသောက်မလဲ ... မှာလေကွာ"

"မသောက်တော့ပါဘူး အစ်ကိုရာ၊ အစ်ကို့ဆီမှာ အကူအညီ





တောင်းစရာရှိလို့ လာတာ၊ ဒေါ်လေးဆီတောင် ရောက်ခဲ့ပြီးပြီ၊ လက်ဖက်ရည်ဆိုင်မှာဆိုလို့ လိုက်ရှာလာတာ"

အကူအညီတောင်းမယ်ဆို၍ သောင်းထိုက် မျက်ခုံးပင့်သွားရ၏။ မြင်းလှည်းမောင်းနေသော မိမိလိုလူဆီက ဘယ်လိုအကူအညီမျိုးများ တောင်းမှာပါလိမ့်ဆိုပြီး စိုင်းကိုထံ အကြည့်ရောက်၍ နားပါစွင့်ထားလိုက်သည်။

"ကျွန်တော် လူလာရှာတာအစ်ကို၊ လူဆိုတာက လုပ်ရည်ကိုင်ရည်ရှိပြီး ယုံကြည်ရမယ့်သူ လိုချင်တာပါ၊ ကျွန်တော် ဆောင်းရင်ခွင်မှာ အလုပ်ဝင်နေတာ တစ်နှစ်ရှိပြီအစ်ကို၊ အဲဒီမှာ နို့စားနွားတွေမွေးပြီး နို့နဲ့ပတ်သက်တဲ့ အစားအသောက်တွေ ထုတ်လုပ်တဲ့စက်ရုံရှိတယ်၊ အဲဒါ နွားတွေထားတဲ့ဆီမှာ လူလိုနေတာနဲ့ ရှာခိုင်းလို့ အစ်ကို့ဆီရောက်လာတာ၊ အရင်လူက အတော်နေမကောင်းဖြစ်ပြီး ထွက်သွားတော့ သူ့အစားပေါ့"

ဆောင်းရင်ခွင်မှာဆို၍ သောင်းထိုက် စိတ်ဝင်စားသွားရသည်။ ကိုယ့်အတွက် မဟုတ်ပါ၊ ရန်ကြီးအောင်အတွက် ဖြစ်၏။

"နေပါဦးကွ ... အဲဒီမှာ ဘာလုပ်ရမှာတဲ့လဲ"

"နွားတွေကို ထိန်းသိမ်းစောင့်ရှောက်ရမှာပါ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မင်းပြောတော့ လုပ်ရည်ကိုင်ရည်ရှိပြီး ယုံကြည်ရတဲ့သူဆို၊ နွားတွေကို ထိန်းသိမ်းစောင့်ရှောက်ရုံများကွာ ... ကြီးကြီးကျယ်ကျယ်"

ဒီလောက်အလုပ်လေးကိုများ ဆိုသည့်သဘောဖြင့် သောင်းထိုက်ပြောခြင်း ဖြစ်သည်။

ပြီးတော့ ဒီလိုအိမ်ကြီးမှာ ဒီအလုပ်ကလေးကို ရေးကြီးခွင်ကျယ်လုပ်လို့ဆိုသည့်သဘောနှင့်ပါ စုတ်သတ်၍ မျက်နှာမဲ့သွားရ၏။

"ဒီလိုရှိတယ် အစ်ကို ... နွားက နို့စားနွားတွေလေ၊ အကောင်ရေက မနည်းဘူး၊ တစ်ခြံတစ်ခြံမှာ နွားမ,ချည်းပဲ တော်တော်များများ ရှိတာ၊ တစ်ခြံကို လူက ငါးယောက်ရှိတယ်၊ အားလုံးပေါင်း ဆယ်ခြံ ခြံတိုင်းမှာလည်း နွားကို ဆေးတိုက်တဲ့လူ, အစာကျွေးတဲ့လူ သတ်သတ်စီရှိတယ်၊ နောက်ဆုံး နို့ညှစ်တဲ့လူတွေကအစ သတ်သတ်ထားတာ၊ အခု လိုတာက နွားခြံကိုစောင့်ဖို့ ညစောင့်လူ လိုတာ"

"မင်းက အဲဒီမှာ ဘာလုပ်တာလဲ၊ ဒီလောက် အထပ်ထပ်အကာအရံတွေ ရှိနေတာတောင် နွားခြံစောင့်ဖို့က လိုသေးတာပဲလား"

အဖြေက ရှင်းသွားပေမယ့် သောင်းထိုက် မကျေနပ်သေး၍ ဆက်မေးလိုက်၏။





"လိုတာပေါ့အစ်ကို၊ ကျွန်တော်လည်း အဲဒီနွားခြံမှာ လုပ်တာပါပဲ၊ နွားခြံကို သန့်ရှင်းရေးလုပ်ရတာ၊ ဒါပေမဲ့ တစ်နေ့တာ ကိုယ့်တာဝန်ပြီးတာနဲ့ ကိုယ့်အခန်းကိုယ် ပြန်နေရတာလေ၊ အခု ကျွန်တော်လုပ်တဲ့ခြံမှာ လူလိုနေတာ ...၊

လူတွေကလည်း သိတဲ့အတိုင်းပဲ အစ်ကို ... လောဘတက်ကြတယ်လေ၊ အသားထဲက လောက်ထွက်ပြီး အပြင်ကို နွားတွေခိုးထုတ်ကြလို့ သစ္စာရှိပြီး နည်းနည်းပါးပါး တိုက်ရည်ခိုက်ရည်ရှိတဲ့သူကို ရှာခိုင်းတာ အစ်ကိုရ"

သောင်းထိုက် သဘောပေါက်သွားသည့်အတွက် ခေါင်းတညိတ်ညိတ်လုပ်ပြီး ...

"မင်းတို့အလုပ်ရှင်တွေက သဘောရောကောင်းကြရဲ့လား"

"ဟာ ... ကောင်းသလားမမေးနဲ့အစ်ကို၊ သခင်လေးတစ်ယောက်ပဲ ဦးစီးပြီးလုပ်နေတာ၊ အလုပ်သမားတွေအပေါ်မှာ စေတနာမေတ္တာထားပုံများ ရှာမှရှားပဲ၊ အလုပ်သမားတွေအတွက် ဆေးရုံ, အလုပ်သမားတွေရဲ့ ကလေးတွေအတွက် စာသင်ကျောင်း ... လိုလေသေးမရှိ ထားပေးတဲ့အပြင် လခလည်း ထိုက်ထိုက်တန်တန် ပေးတာပါအစ်ကို၊ ကျွန်တော်ဆို စားစရိတ်ငြိမ်း ငါးသောင်းပေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြားရတဲ့စကားနဲ့ ဒေါ်လေးဆောင်းတမို့ပြောပုံ ကွာဟချက်က ဘယ်နေရာမှာ လွဲနေသလဲ မပြောတတ်။

ရန်ကြီးအောင်အတွက်တော့ ကောင်းသောအခွင့်အရေးဟု ထင်သည်။ ဒါမှလည်း ဒေါ်လေးဆန္ဒ ပြည့်ဝပေတော့မည်။

သောင်းထိုက် အခြေအနေပေါ်မူတည်၍ အချိန်ဆွဲမနေတော့ဘဲ ...

"မင်း အဲဒီမှာနေခဲ့ဦး စိုင်းကို၊ မင်းပြောတဲ့အရည်အချင်းနဲ့ ပြည့်စုံတဲ့သူတစ်ယောက်တော့ တွေ့ထားပါတယ်၊ ဒါပေမဲ့ သူ့ဆန္ဒက ဘယ်လိုလဲမသိသေးဘူး၊ ငါ ခေါ်လာခဲ့မယ်"

"ဟုတ်ကဲ့"

သောင်းထိုက်က လက်ဖက်ရည်ဆိုင်ထဲကထွက်ပြီး မြင်းလှည်းဂိတ်ကို လျှောက်လာခဲ့၏။

အဆင်သင့်တွေ့ရသော ရန်ကြီးအောင်ကို အကျိုးအကြောင်း ပြောပြပြီး စိုင်းကိုရှိရာကို ခေါ်ခဲ့လိုက်၏။

အားတက်သရော မရှိသော်လည်း ဒါ အခွင့်အရေးပဲဆိုသည့် သဘောဖြင့် ရန်ကြီးအောင် လိုက်လာခဲ့သည်။

ဒီအိမ်ကြီးထဲကို ဝင်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမှ မဟုတ်တာ။





အခုဟာက အခွင့်အရေးက ကိုယ့်ဆီ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတာ။

ဒါကို လက်လွှတ်ခံလိုက်ရင် အခွင့်အရေးဆိုတာ နှစ်ခါရတတ်တာမှ မဟုတ်တော့ အမေ့ကိုပေးထားတဲ့ကတိလည်း တည်အောင် ရန်ကြီးအောင် ဆုံးဖြတ်ချက်ခိုင်မာသွားရသည်။

"စိုင်းကို ... သူပဲ၊ ရန်ကြီးအောင်လို့ခေါ်တယ်၊ ဘယ်လိုသဘောရလဲ"

ရန်ကြီးအောင်နဲ့စိုင်းကို့,ကို မိတ်ဆက်ပေးလိုက်ပြီး အလုပ်အကြောင်းဆွေးနွေးစေကာ အနားမှာထိုင်၍ သောင်းထိုက် အကဲခတ်နေမိသည်။

ရန်ကြီးအောင်၏ နဖူးရေဒူးရေကိုကြည့်ပြီးကတည်းက စိုင်းကို သဘောကျပြီးသား၊ စိတ်ဓာတ်ကတော့ အစ်ကိုသောင်းထိုက်ကိုယ်တိုင် သဘောကျပြီးနေမှ ပြောစရာမလိုဟု ထင်သည်။

နည်းနည်းပါးပါး စကားပြောကြည့်လိုက်တာနှင့် အဆင်ပြေမည့်ဆိုတာ သဘောပေါက်လိုက်သည်။

"ဒါဆို အစ်ကိုအောင် တစ်ခါတည်းလိုက်ခဲ့မယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



စိုင်းကို တရင်းတနှီးပင် ခေါ်ပြောဆက်ဆံလိုက်သည်။

"အေး ... လိုက်မယ်လေ၊ အမေ့ကို သွားပြောလိုက်ဦးမယ်၊ သောင်းထိုက် ... ငါမရှိတဲ့အချိန် အမေ့ကို ဂရုစိုက်ပေးပါကွာ"

သွားသာသွားရမည်၊ အမေ့အတွက်တော့ နောက်ဆံတင်းမိ၏။

"စိတ်ချစမ်းပါကွာ ... မင်းအမေက ပိုတောင်သဘောကျဦးမယ်"

"ဟင် ... ဘာလို့လဲ အစ်ကိုသောင်းထိုက်၊ အစ်ကိုအောင့် အမေက ဘာလို့သဘောကျမှာလဲ"

မအူမလည်နှင့် စိုင်းကို ထမေးမိ၏။ နှုတ်ကျွံသွားမှန်း သိ၍ သောင်းထိုက် ဘရိတ်အုပ်ကာ မျက်နှာသေဖြင့် ...

"ဒီကောင့်အမေက မြင်းလှည်းမောင်းတာကို သိပ်မကြိုက်ဘူး၊ အခုလို လခအတည်တကျလေးနဲ့ဆိုတော့ သူ့သား မပင်ပန်းတော့ဘူးဆိုပြီး သဘောကျမှာပေါ့လို့ ပြောတာ"

"သြော်"

စိုင်းကို ယုံကြည်စွာဖြင့် မျက်နှာပြုံးသွားရ၏။

"ဒါဆို ဒီအစ်ကို လိုက်ခဲ့ဖို့ ကျိန်းသေပြီပေါ့"





တာဝန်တစ်ခု ကျေပွန်၍ ကျေနပ်သွားတော့သည်။

"ငါ အမေ့ဆီသွားဦးမယ်၊ ညီလေး ... ဒီမှာပဲ နေခဲ့ကွာ၊ အစ်ကို အခုပဲပြန်လာမယ်"

"ဟုတ်ကဲ့အစ်ကို"

အမေ့ဆီကို စိုင်းကိုအား ခေါ်သွားလို့မဖြစ်။ ကျေနပ်မှုတွေနဲ့ ပေါက်ပေါက်ဖောက်သလို ပြောလာမည့်စကားများက စိုင်းကိုကြားလို့မဖြစ်။

အမေက ကျေကျေနပ်နပ်နဲ့ ခွင့်ပြုမယ်ဆိုတာ သိပြီးသားမို့ အမေ့ကို အသိပေးရုံသာ။

ဒီကိစ္စကိုပြောပြလိုက်လျှင် အမေ ဘယ်လောက်များ ဝမ်းသာသွားရှာမလဲ။ ရန်ကြီးအောင် တွေးရင်း ပြုံးလိုက်မိသည်။

အမေ တစ်သက်လုံး တောင့်တခဲ့သည့် အခွင့်အရေးမို့ ဖြည့်ဆည်းပေးရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

မိမိ ခြံထဲဝင်လာတာတွေ့သည်နှင့် အမေ့မျက်လုံးတွေက အပြစ်ရှာနေပြီ၊ ဘာပြောတော့မယ်ဆိုတာ သိနေလေတော့ အိမ်ပေါ် လှမ်းတက်လိုက်ကတည်းက ရန်ကြီးအောင် ပြုံးပြုံးကြီး အမေ့ကို ကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"အမေ သားကို အပြစ်ရှာမျက်လုံးနဲ့ ကြည့်မနေနဲ့၊ အခု ဆောင်းရင်ခွင်ကိုသွားတော့မလို့ အဝတ်အစား လာပြန်ယူတာ ... အမေ ကျေနပ်တယ်မဟုတ်လား"

အခန်းထဲကို တန်းဝင်သွားပြီး စကားတွေ အဆက်မပြတ် ပြောနေသော ရန်ကြီးအောင်ကို ဒေါ်ဆောင်းတမှီ မျက်လုံးလေးပြူး၍ လိုက်ကြည့်နေမိသည်။

ကြားရတဲ့စကားတွေက အဆန်းတွေမို့ မယုံတစ်ဝက် ယုံတစ်ဝက်။

အမြဲတမ်း ငြင်းဆိုခဲ့တဲ့ကိစ္စကို ဘယ်လိုကဘယ်လို လက်ခံသွားတာပါလိမ့်။

အခန်းထဲက တော်တော်နှင့်ပြန်ထွက်မလာသော သားနောက်ကို ဒေါ်ဆောင်းတမှီ လိုက်ဝင်ခဲ့ရင်း အိတ်ထဲကို အဝတ်အစားတွေ ထိုးထည့်နေသောသားအား အထူးအဆန်းသဖွယ် စိုက်ကြည့်နေမိသည်။

"မယုံလို့လား အမေ ... အဲဒီမှာ အလုပ်အတွက် လူလိုလို့ လာရှာတဲ့လူနဲ့ လိုက်သွားမှာ၊ အမေ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပြီး နေခဲ့ပေတော့၊ အရင်လို နေ့တိုင်း အမေ့ကိုပိုက်ဆံအပ်နိုင်မှာ မဟုတ်





တော့ဘူးနော်၊ ဒါပေမဲ့ လခထုတ်ရင်တော့ အမေ့ဆီ မရောက်ရောက်အောင် ပို့ပေးပါ့မယ်"

ဒီလို အတိအကျ ဆိုလာပြန်တော့ သားနဲ့ခွဲရမှာကို တွေးပြီး စိတ်မကောင်းဖြစ်မိပြန်၏။

ဟိုမှာ ဘယ်လောက်ကြာအောင်နေရမယ်မှန်း မသိသော သားကို ရင်ခွင်မှာ ထွေးပွေ့လျက် ...

"သား ... သားရယ် အမေလေ သားကိုမခိုင်းချင်ပါဘူး၊ အဲဒီကို မလွှတ်ချင်ပါဘူး၊ ဒီလိုမှ အမေတို့ဘက်က မလှုပ်ရှားရင် သားဘကြီးက အကုန်လုံးကို အပိုင်စီးတော့မှာလေ၊ ဒါကြောင့် အမေတို့ ရသင့်ရထိုက်တာလေးရဖို့တော့ သားတာဝန်ယူပါ"

ပြောပြီး မကျေစဖူး ဒေါ်ဆောင်းတမှီ မျက်ရည်ကျရှာလေသည်။ သားဖြစ်သူကိုလည်း မျက်နှာအနှံ့ မနမ်းစဖူး နမ်းပြန်လေ၏။

စိတ်လှုပ်ရှားနေတဲ့ အမေ့ကို နားလည်မှုတွေနှင့် ရန်ကြီးအောင် ပြုံးရွှင်စွာ ကြည့်လိုက်ပြီး ...

"အမေတို့မောင်နှမ ဘယ်လိုဇာတ်ရှုပ်ထားမှန်း မသိပေမယ့် သားဘက်ကတော့ တာဝန်ကျေရပါစေ့မယ် အမေ၊ တစ်ခုတော့ ရှိတယ်နော် အမေ ... ဒီပွဲမှာ တရားမျှတမှုပဲရှိစေချင်တာ သားဆန္ဒပါ၊



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ပြေလည်အေးချမ်းအောင်သာ ဆောင်ရွက်ပေးပြီးတာနဲ့ အမေတို့မောင်နှမကို ပေးတွေ့ပေးပါ့မယ်၊ အဲဒီနေ့ကို အမေစောင့်နေပါတော့၊ သား အမေ့ကို ကန်တော့ခဲ့ပါတယ်''

လို့ဆိုပြီး ထိုင်ကန်တော့၍ ခရီးဆောင်အိတ်ကိုဆွဲကာ အနောက်ကိုလှည့်မကြည့်တော့ဘဲ ရန်ကြီးအောင် ထွက်ခဲ့လိုက်လေသည်။

သားဖြစ်သူကို ကြောင်ငေးစွာကြည့်နေတဲ့ ဒေါ်ဆောင်းတမီမှာတော့ သားပြောသွားတဲ့ စကားတွေကို ပြန်စဉ်းစားရင်း ...

''ဟင့်အင်း ငအောင် ... နင် အဲလိုလုပ်လို့မရဘူးလေ၊ အဲသလို ဟိုက ဘယ်လက်ခံပါ့မလဲ၊ နင် နင် မဖြစ်ဖြစ်တဲ့နည်းနဲ့ သူတို့ဆီက နင့်ခံစားခွင့်တွေကို ရအောင်ယူနိုင်ရမယ်၊ နေဦး ငအောင် ... ဟဲ့ ငအောင် နေဦး''

သွေးရူးသွေးတန်းနဲ့ အခန်းထဲက အော်ဟစ်ရင်း ဒေါ်ဆောင်းတမီ ပြေးထွက်ခဲ့ပေမယ့် ရန်ကြီးအောင်ကို အရိပ်အယောင်မှ မတွေ့ရတော့ဘဲ သူသာလျှင် အိမ်ဝမှာ အရုပ်ကြိုးပြတ် လဲကျသွားရလေသည်။

❊ ❊ ❊



အခန်း (၈)

''ဘွားချယ် ... ကကြီးတို့ ဒီနေ့ ခြံထဲလျှောက်ကြည့်ရအောင်နော်''

''အင်း ... သွားလေ၊ ငါ့သမီးလေးလည်း တစ်နေ့တစ်နေ့ အိမ်ထဲမှာပဲနေရတာ ပျင်းရောပေါ့၊ ရောက်ကတည်းက ခြံထဲကို တစ်ခါမှ မရောက်သေးဘူးမဟုတ်လား''

''အိမ်ထဲမှာပျင်းလို့ မဟုတ်ပါဘူး ဘွားချယ်ရဲ့၊ ဘွားချယ်ကို ပြုစုရတာနဲ့တင် ကကြီးမှာ ပျင်းချိန်တောင်မရှိဘူး၊ ကိုယ့်ဘွားအေ



www.burmeseclassic.com

www.burmeseclassic.com



ကို ပြုစုရသလိုမျိုးမို့ ပျော်တောင်ပျော်သေးတယ်၊ အခုဟာက ဘွားချယ်အတွက်ပါနော်၊ လေကောင်းလေသန့် ရှူရအောင်လို့ ခြံထဲကို ဆင်းမှာ''

''ဟုတ်ပါပြီ ... ဟုတ်ပါပြီရှင်၊ မချွဲလေး ... အဲဒီအချွဲလေးတွေကြောင့် ကျုပ် ရှင့်ကိုချစ်နေရတာ ... သိရဲ့လား၊ ဘွားချယ်လည်း ဒီသုံးလေးရက် ခြံထဲမရောက်ဖြစ်တာနဲ့ အတော်ပဲ၊ သမီးကို နေရာအနှံ့ လိုက်ပြရင်း သွားကြတာပေါ့''

စရောက်ကတည်းက စပ်စပ်စုစု ဘယ်သွားချင်တယ်၊ ဘာလုပ်ချင်တယ်ဟု ကကြိုးမပြောမိ။ နေ့လား ညလား ခွဲခြားမရသော ဒီအိမ်ကြီးအတွင်းမှာသာ ဘွားချယ်ကိုပြုစုရင်း ကျေနပ်နေမိခဲ့တာပင်။

အခုတော့ ဘွားချယ်ခြေထောက်တွေက အကောင်းပကတိ မဖြစ်သေးတာကလွဲလို့ လမ်းတောင်လျှောက်နိုင်နေခဲ့ပါပြီ။

ငိုးချဲ့လ် လွတ်နေပြီဖြစ်တဲ့ ဘွားချယ်ကလည်း ဘယ်အရာမဆို ကကြိုးသဘောအတိုင်းသာ ဖြစ်စေခဲ့သည်။

အခုလည်း ကကြိုး လျှောက်ကြည့်ချင်တယ်ဆိုလိုက်တာနဲ့ ...

''လာ သမီး ... ဒီဘက်ကနေ အရင်သွားကြရအောင်''





ဒေါ်စိန်မြချယ်ဦးဆောင်၍ တံခါးမကြီးတစ်ချပ်ကို ဖွင့်လျက် ခြံထဲသို့ ဆင်းခဲ့ကြသည်။

မြင်ပလေကို ကကြိုး အားရပါးရ ရှူသွင်းလျက် ခေါင်းလေးကို မော့မျက်လုံးလေးကို မှိတ်ထားမိလေသည်။

နေ့မအား ညမအား ဘွားချယ်ကို ပြုစုလိုက်၊ သီချင်တာလေးတွေ မေးလိုက်နှင့် အချိန်တွေ ကုန်မှန်းမသိ ကုန်ခဲ့ရတာကြောင့် ပတ်ဝန်းကျင်ကိုလေ့လာဖို့ပင် အချိန်မပေးနိုင်ခဲ့။ ဘွားချယ် မြန်မြန်ရောဂါပျောက်မှ မေမေ့ဆီကို မြန်မြန်ပြန်နိုင်မည် မဟုတ်လား။

မေမေ့ကိုလည်း လွမ်းလှပြီ၊ မေမေတို့သားအမိတွေကိုလည်း ပြန်ဆုံစည်းစေချင်လှပြီလေ။

''သမီး''

''ရှင် ဘွားချယ်''

မျက်လုံးလေးကိုမှိတ်ပြီး မျက်နှာကို လာထိတွေ့သော လေအေးအေးတို့၏အရသာကို ခံစားနေခိုက် ဘွားချယ်၏ခေါ်သံကြောင့် ကမန်းကတန်း ထူးလိုက်ရင်း ဘာပြောမလို့ပါလိမ့်ဆိုပြီး မျက်တောင်မခတ် ကြည့်နေမိ၏။

''ဒီဘက်ကို ကြည့်လိုက်ပါဦးသမီးရယ်၊ ဒီပန်းခြံလေးဟာ



www.burmeseclassic.com

www.burmeseclassic.com



သမီးငယ်လေးအတွက် စိတ်ပျော်ရွှင်အောင် ဖန်တီးပေးထားခဲ့တာပါ၊ ခုထိလည်း မပျက်မစီး မညှိုးမနွမ်းအောင် စောင့်ရှောက်ထားဆဲပါပဲ၊ တစ်နေ့ သမီးငယ်လေး ပြန်လာမှာပါဆိုတဲ့ အသိနဲ့လေ၊ ဘွားချယ်ရင်ခွင်ထဲကို သမီးငယ်လေး တစ်နေ့ပြန်လာမယ်လို့ မျှော်လင့်တုန်းပါပဲကွယ်"

မျက်ရည်တွေ သွင်သွင်ကျ၍ ဝမ်းနည်းကြေကွဲစွာ ပြောနေသော ဘွားချယ်ကို တစ်လှည့်၊ ပန်းခြံလေးကိုတစ်လှည့် ကြည့်ကာ ကကြိုးရင်ထဲ ဆို့နစ်သွားရ၏။

ဟုတ်ပါရဲ့ . . . ကြည့်စမ်းပါဦး။ ကကြိုး သတိမထားမိလိုက်။ အရောင်အသွေးစုံလင်လှသော သစ်ခွပန်းတွေက ပန်းအိုးလေးတွေနဲ့ အတန်းလိုက် အတန်းလိုက် စိုက်ထားတာများ မြင်ရသူရင်ကို အေးချမ်းစေလိုက်တာ။ မပွင့်သေးတဲ့ ပန်းအိုးရယ်လို့ မရှိ။ သူတို့လေးတွေကလည်း သူတို့သခင်မ ပြန်အလာကို အစွမ်းကုန်ဖူးပွင့်ရင်း မျှော်နေကြတယ် ထင်ပါရဲ့။

အို . . . ထိုင်ခုံလေးတွေလည်း ရှိနေပါလား။ ဒီထိုင်ခုံလေးတွေမှာ တစ်ချိန်က မေမေထိုင်ပြီး အပန်းဖြေခဲ့မှာပဲနော်။

ကကြိုးတွေးရင်း မျက်ရည်ဆို့တက်လာရသည်။ မျက်ရည်





တွေကိုတော့ မျက်တောင်နှင့် ပုတ်ခတ်ထိန်းသိမ်းလိုက်ရ၏။

ခဏ ခဏ မျက်ရည်ကျလို့မဖြစ်၊ ဒီမျက်ရည်တွေကို ခဏ ခဏ ဘွားချယ်တွေ့လို့ အချိန်မတန်ခင် အကြောင်းစုံသိသွားလို့ မဖြစ်သေး။

"ဘွားချယ် စိတ်မကောင်းဖြစ်အောင် ကကြိုးလုပ်မိပြီနဲ့ တူတယ်၊ ကကြိုး ဆတ်ဆော့လို့ ဘွားချယ် ဝေဒနာတွေ အသစ်ဖြစ်ရပြီ"

ဘွားချယ်နားကိုကပ်ပြီး တောင်းပန်ကြည့်လေးဖြင့် ကကြိုးကြည့်ကာ ပြောလိုက်မိသည်။

ဒေါ်စိန်မြချယ် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလျက် . . .

"မဆိုင်လိုက်တာ သမီးရယ် . . . သမီးကြောင့် အခုလို ခံစားဖြစ်တာ မဟုတ်ပါဘူး၊ အရင်ကဆို ဒီပန်းခြံလေးထဲမှာ အမြဲလာထိုင်ပြီး သမီးလေးကို အလွမ်းဖြေနေကျလေ၊ သမီးရောက်စကတောင် ဘွားချယ် ဒီပန်းခြံလေးထဲ ရောက်နေခဲ့တာပေါ့ . . . မှတ်မိလား၊ နောက်ပိုင်း ဒီခြံလေးထဲ မရောက်ဖြစ်တာက သမီး ဘွားချယ်ကို ပြုစုပေးနေတာတွေ, စကားပြောဆိုဆက်ဆံပုံတွေက သမီးငယ်လေးနဲ့ တူနေတော့ အလိုလို အလွမ်းတွေပြေနေခဲ့ရတယ်၊ အဲဒါကြောင့် ခြံထဲဆင်းဖို့တောင် မေ့နေခဲ့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . တကယ်လား ဘွားချယ်"

"ဟုတ်ပါ့"

"အာ ဘွားချယ်ရယ် . . . ချစ်လိုက်တာ တကယ်ပဲ"

ကကြီး ချွဲနွဲ့နွဲ့လေး ပြောလျက် ဘွားချယ်ကို တအားဖက်ထားလိုက်မိတော့သည်။

ဒေါ်စိန်ခြုံချယ် ပြုံးပြုံးကြီးဖြစ်သွားရကာ ဝေဒနာတွေ ခေတ္တမေ့သွားရ၏။

ကကြီးမှာလည်း ဖော်မပြနိုင်အောင် ဝမ်းသာကြည်နူးခြင်းများဖြင့် ဘွားချယ်၏မျှော်လင့်ချက်များကို ပိုပိုသိလာခဲ့ရသည်။

သူမကို သူ့သမီးငယ်လေးနှင့်တူတယ်ဆိုပြီး စိတ်ဖြေနေရတယ်ဆိုတော့ ချက်ချင်းပင် သူတို့သားအမိကို ပေးတွေ့ချင်နေမိသည်။

ကကြီးဟာ ဘွားချယ်ရဲ့မြေးပါလို့ ပြောချင်စိတ်ကို မနည်းထိန်းထားရ၏။

အခုဖွင့်ပြောလည်း ဘွားချယ်က ယုံမှာကေန်ပင်။ သို့သော်လည်း သူ့အလိုလို သိလာစေချင်တဲ့ဆန္ဒနဲ့ ကကြီး ဖွင့်မပြောဖြစ်သေးချေ။

ရောက်တာလည်း ဘယ်လောက်မှမကြာသေးတာကြောင့်





အချိန်အခါကို စောင့်ရင်း ချင့်ချိန်နေရ၏။

"ဟိုဘက်မှာ ဘာတွေရှိသေးလဲဟင် ဘွားချယ်"

ဘွားချယ်စိတ်ပြောင်းသွားစေရန် ကကြီး တခြားဘက်သို့ အာရုံပြောင်းပေးလိုက်ရသည်။

"ရှိတာပေါ့သမီးရဲ့ . . . သွားကြည့်လေ၊ ဒန်းလေးနဲ့အတူ ပန်းရုံလေးကိုတွေ့ရင် သမီး သဘောကျသွားမယ်"

ပြောတာနဲ့တင် ကကြီးမျက်လုံးထဲ မြင်လိုက်ပါပြီ။ ဒါတွေက မတွေ့ရသေးပေမယ့် အိပ်ရာဝင်ပုံပြင်တစ်ပုဒ်သဖွယ် မေမေပြောပြနေကျ မဟုတ်ပါလား။

မသိသလိုဟန်ဆောင်ပြီး မေးရသော်လည်း မေမေပြောပြကတည်းက စိတ်ဝင်စားနေခဲ့ရတာလေ။ မေမေပြောပုံက အခုလောက်ရှိတာတွေကို ဖျက်ဆီးထားလောက်ပြီလို့ ပြောခဲ့တော့ မရှိတော့ဘူးလို့ ထင်နေတာကိုး။

အခုတော့ ထင်သလို မဟုတ်ပါလား။ သစ်ခွရုံလေးကအစ သခင်ရှိတုန်းကတိုင်း စိုစိုပြည်ပြည်ရှိဆဲ။

လျှောက်လာကြရင်း သစ်သားစင်လေးတွေနှင့် ဖန်တီးကာ ခုံးခုံးလေးလုပ်၍ ဘာပန်းရယ်လို့ ကကြီးမသိရသော်လည်း နွယ်လေး



www.burmeseclassic.com

www.burmeseclassic.com



တွေတက်ကာ တစ်စင်လုံး ဝါထိန်နေအောင်ပွင့်နေလိုက်ကြတာများ အိပ်မက်ကမ္ဘာထဲကို ရောက်နေတယ်ထင်ရလောက်အောင် ကြည်နူး လိုက်ပါဘိ။

ပန်းရုံလေးတွေက တစ်ရုံ၊ နှစ်ရုံ၊ သုံးရုံ အယ် ... လေးရုံ တောင်မှပါလား။ ဟော ... ဒန်းလေးတွေကရော ဆေးပြာလေးတွေ သုတ်ထားလိုက်တာ မြင်လိုက်တာနှင့် ထိုင်ပြီး စိတ်ကူးယဉ်နေဖို့သာ ကောင်းတော့သည်။

ပန်းရုံရဲ့ထောင့်တိုင်းမှာ ဒန်းလေးတွေက တစ်ခုစီရှိနေသည်။ ဒန်းလေးတွေလည်း လေးခုပေါ့။

အလယ်တည့်တည့်မှာ ထိုင်ခုံရှည်နှစ်လုံးကို ကျောချင်းကပ် ချထား၏။ ထိုင်ခုံရဲ့ဘေးတွေမှာတော့ ရွက်လှပန်းအိုးတွေ အစီအရီချ ထားပုံက ပန်းချီကားတစ်ချပ်ကို ကြည့်နေရသည့်အလား ... ကကြီး ရင်ခုန်နေရလေသည်။

ဒီဒန်းနဲ့ ဒီထိုင်ခုံလေးတွေက မေမေ့ရဲ့ယဘာဝကို ပြောပြ နေသလိုပင်။ ကကြီး မျက်လုံးထဲမှာ ဆောင်းတမိုဆိုသော အမျိုးသမီး ငယ်လေးရဲ့ လှုပ်ရှားမှုများအား စိတ်ကူးနဲ့ ပုံဖော်ကြည့်နေမိလေသည်။

"ဘယ့်နှယ်လဲ သမီး ... သားကြီးအနောင်ရဲ့ သူညီမလေး





အပေါ် ထားတဲ့စေတနာတွေကို မြင်ရဲ့မဟုတ်လား။ ဘွားချယ်တို့တက် က သမီးလေးအပေါ် အချစ်လွန်သွားခဲ့တာကို သမီးလေးအမြင်မှာ ချုပ်ချယ်တယ်လို့ ထင်သွားခဲ့သလားပဲ၊ ဒါလည်း စေတနာအမှားလို့ ဆိုရမှာပဲ သမီး"

ကကြီး စာနာစွာ လှည့်ကြည့်မိပါ၏။ သားသမီးဖေ အများ ကြီးမောခဲ့ရတဲ့ မိဘတွေရဲ့ရလဒ်က ဒီလို ဆွေးမြည့်ကြေကွဲစရာ အဖြစ် တွေတဲ့လား။

ဘွားချယ်ကို စာနာသနားမိသလို မေမေ့ကိုလည်း အပြစ် မမြင်ရက်ပါ။ အချိန်အခါနဲ့ အခြေအနေက အသိဉာဏ်တွေ တိမ်ဖုံးနေ ခဲ့သည်ကိုး။

စကားတပြောပြောနှင့် နှစ်ယောက်သား ခုံတန်းရှည်လေးမှာ ထိုင်ဖြစ်ကြလေသည်။

ထိုင်ခုံနဲ့ အထိအတွေ့မှာ ကကြီးရင်ထဲ လှုပ်ခနဲဖြစ်ရ၏။ ဒီထိုင်ခုံလေးမှာ မေမေ တစ်ချိန်က ထိုင်ခဲ့လေသလား။ ဘယ်လို ခံစားချက်တွေနဲ့ ဒီနေရာလေးမှာ ဘဝကို ဖြတ်သန်းခဲ့ပါလိမ့်။

ကကြီးအတွေးများက မိခင်ဖြစ်သူ၏ ငယ်ဘဝဆီသို့သာ ပျံ့လွင့်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုစိတ်ကူးယဉ်စရာ ကမ္ဘာလေးတစ်ခုကို ပိုင်ဆိုင်ခဲ့ဖူးတဲ့ မေမေ့မှာ လောကကြီးကို စိတ်နာရလောက်အောင် ခံစားချက်တွေ ရှိခဲ့တယ်ဆိုတာ ယုံနိုင်ဖွယ်မရှိ။

ကိုယ့်မိခင်ကိုယ်တိုင်က ပြော၍သာ ယုံလိုက်ရသည်။ ကိုယ်တိုင် တွေ့နေ၊ ကြားနေရတာတွေကဖြင့် လူကြီးတွေပြောကြသလို ပြဒါးတစ်လမ်း သံတစ်လမ်းပါလား။

"ဟော ... မယ်မယ်တို့က ဒီရောက်နေကြတာကိုး၊ အိမ်ထဲမှာ မတွေ့လို့ လိုက်လာတာ မယ်မယ်"

"ဩော် ... သားပါလား၊ ပျောက်လှချည်လား အနော်၊ မယ်မယ်လည်း အနာသက်သာလာတာနဲ့ ရောက်ကတည်းက ခြံထဲမဆင်းဖြစ်သေးတဲ့သမီးကို ခြံထဲလိုက်ပြနေတာ"

ဦးရဲရင့်နောင် မိခင်အနားသို့ လျှောက်လာရင်းဖြင့် ပြောသမျှကိုလည်း ဂရုတစိုက် နားထောင်နေခဲ့သည်။

"ဟုတ်တယ် မယ်မယ် ... ကကြီးလေး မယ်မယ့်အပေါ်မှာ ဂရုတစိုက်နဲ့ ပြုစုနေတာတွေ့တော့ သားလည်း စိတ်ချသွားမိတယ်၊ စိတ်ထဲမှာလည်း အလိုလို ယုံကြည်မိနေတော့ မရောက်တာကြာပြီဖြစ်တဲ့ ပန်းပုဆရာတွေဆီ သွားနေလို့ပါ၊ ပြန်ရောက်ကတည်းက





ကြားတယ်၊ မယ်မယ် ဗိုးခဲ့လ်တောင်လွတ်သွားပြီဆိုတော့ သားဖြင့်ဝမ်းသာလွန်းလို့ အပြေးလာခဲ့တာလေ၊ ကျေးဇူးတင်ပါတယ် ကကြီးရယ် ... ဒီတစ်ခါတော့ အန်ကယ့်မယ်မယ် ဒီဝဋ်ကြွေးက လွတ်ပြီပေါ့၊ ငါ့သမီးရဲ့စေတနာ မေတ္တာတွေကို အန်ကယ်တို့ အမြဲတန်ဖိုးထားနေပါ့မယ်"

မိခင်ဖြစ်သူအား တရိုတသေပြန်ဖြေရင်း ကကြီးကိုပါ တလေးတစား ပြောလိုက်ပါ၏။

ကကြီးက အသိအမှတ်ပြုလျက် ပြုံးပြလိုက်ပြီး ...

"ကကြီးကလည်း ပြန်ပြီးကျေးဇူးတင်မိပါတယ်၊ ကကြီးအပေါ် ယုံကြည်မှုရှိပေးလို့လေ၊ စိတ်ချပါ အန်ကယ် ... ဘွားချယ်အနာ အကင်းသေတဲ့အထိ ကကြီး နေပေးသွားမှာပါ၊ ဘွားချယ်အနာပျောက်သွားတာလည်း ကကြီးစွမ်းလို့ မဟုတ်ပါဘူး၊ ဘွားချယ်ကိုယ်တိုင်က ဆရာဝန်ရဲ့ညွှန်ကြားချက်ကို လိုက်နာလို့ပါ"

"အေးကွာ ... ဘာပဲဖြစ်ဖြစ် မယ်မယ့်အတွက်တော့ ရောဂါနှစ်ခု သက်သာသွားတာ မျက်မြင်ပဲလေ"

"ရှင် ... ရောဂါတစ်ခုက ဘယ်ဟာလဲ အန်ကယ်"

ဦးရဲရင့်နောင် မိန့်မိန့်ကြီးပြုံး၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ရောဂါရှိမလဲကွာ ... မယ်မယ် ညီမလေးကို လွမ်းသမျှ ညည်းရောက်လာမှ အလွမ်းတွေပြေပြီး စိတ်တွေချမ်းသာနေတာသာ ကြည့်တော့"

ဟု အားရပါးရပြောချလိုက်ရာ ကကြိုး ကျေနပ်ပြုံးလေးပြုံးလျက် ဘွားချယ်ဘက်ကို လှည့်ကြည့်လိုက်မိသည်။

ပြန်လည်တုံ့ပြန်ပြုံးပြနေပုံက သားအနောင်ပြောတာ အမှန်ပဲဟု ပြောနေသည့်နှယ်။ ကကြိုး လာရကျိုး နပ်ရပါပြီ။

ဘွားအေ၏ချစ်ခြင်းမေတ္တာတွေကို ခက်ခက်ခဲခဲ မကြိုးစားရပါဘဲ ကကြိုးရလိုက်ခြင်းက ဘာနဲ့မှမလဲနိုင်သော ကြည်နူးမှုတွေပါပဲ။

စိတ်ချပါ ဘွားချယ် ... နောက်ကို ဒီထက်စိတ်ကျေနပ်မှုတွေ ဖြစ်အောင် ကကြိုး ဖန်တီးသွားပါ့မယ်လို့ ကတိပေးပါတယ်ရှင်။

"ကဲ ... သား ပြန်ဦးမယ် မယ်မယ်၊ မယ်မယ့်ကို ပြန်ကြည့်တာ ပြန်ရောက်တယ်ဆို သတင်းကောင်းက စောင့်ကြိုနေတော့ မင်္ဂလာရှိလိုက်တာ မပြောနဲ့တော့၊ အခုမှပဲ နောက်ဆံမတင်းဘဲ ခရီးထွက်နိုင်တော့မယ်၊ ဩော် ... မယ်မယ့်ကို ပြောဖို့မေ့နေလိုက်တာ၊ နံပါတ် (၃) နွားခြံမှာ လူသစ်ရောက်တယ် မယ်မယ်၊ အရင်ကိုဖိုးခင်





ကျွန်းမာရေးမကောင်းတာနဲ့ ထွက်ခွင့်ပြုလိုက်တယ်၊ အဲဒီအစား ရောက်လာတဲ့ကောင်လေးကို သားတွေ့ရတာ ရင်ထဲ တစ်မျိုးကြီးပဲမယ်မယ်"

"ဟင် ... ဘယ်လိုတစ်မျိုးကြီးလဲ အနောင်"

စိတ်ကြည်နူးမှုတွေနှင့် ကကြိုး အပျော်တွေစီးမျောနေဆဲ အရေးတကြီး ထပြောလိုက်သော ဦးရဲရင့်နောင်ထံမှစကားကြောင့် ဒေါ်စိန်မြချယ်ရော ကကြိုးပါ အာရုံတွေပြောင်းသွားရသည်။

"ကောင်လေးနာမည်က ရန်ကြီးအောင်တဲ့ မယ်မယ်၊ ပြောပုံဆိုပုံ လုပ်ပုံကိုင်ပုံ ကြမ်းတမ်းခက်ထန်ပေမယ့် သူ့မျက်နှာအနေအထား နဲ့ ခန္ဓာကိုယ်အချိုးအဆစ်ကအံ့စ အိမ်ကသားကြီး နောင်ရိုးနဲ့ ခပ်ဆင်ဆင်တူနေတယ် မယ်မယ်၊ သား ခဏလေးတွေ့ခဲ့တာတောင် ရင်ထဲမှာ ရင်းနှီးနေသလိုပဲ၊ သူ့ပုံစံကြည့်ရတာ ပင်ကိုဗီဇက ဆိုးပုံမရဘူး၊ ပတ်ဝန်းကျင်ကြောင့် စရိုက်ကြမ်းနေပုံပဲ"

"ဒါဆို သားပြောပုံက ဒီကလေးဟာ မယ်မယ်တို့နဲ့ ပတ်သက်နေမယ်လို့ ဆိုချင်တာလား၊ မယ်မယ်တောင် တွေ့ချင်လာပြီကွယ်၊ သားစိတ်ထဲ ထင်နေရင်လည်း မိဘနာမည်တွေ မေးကြည့်လိုက်ရောပေါ့ အနောင်ရယ်"

အားတက်သရောဖြစ်လျက် ထိတ်ထိတ်ပျာပျာဖြစ်သွားသော



www.burmeseclassic.com

www.burmeseclassic.com



မိခင်အား ဦးရဲရင့်နောင် နှစ်သိမ့်ရန် စကားရှာရတော့သည်။

လောကြီးပြီး ပြောမိလိုက်သည့်အတွက် နောင်တရသွားရ၏။

တကယ်ဆို အခြေအနေကို စောင့်ကြည့်ပြီးမှ ပြောသင့်တာကို အရမ်းလောကြီးသွားမိသည်။

ဒါလည်း နှစ်ပေါင်းများစွာ မျှော်လင့်စောင့်စားနေကြသူတွေမို့ တိုက်ဆိုင်မှုရှိလာတိုင်း တုန့်လှုပ်သွားတတ်ကြတာ ဓမ္မတာပဲ မဟုတ်လား။

"တွေ့ရမှာပါမယ်မယ် . . . ဒီကလေးကို အဲဒီအလုပ်မှာ သားမထားပါဘူး၊ သားအနားမှာထားပြီး အကဲခတ်ကြည့်ဖို့ကို တွေ့လိုက်တာနဲ့ ဆုံးဖြတ်ပြီးသားပါ၊ ဖြန်းခနဲ မေးလို့လည်း မဖြစ်သေးဘူး မယ်မယ်၊ မေးလိုက်ပြီးမှ ထင်တာနဲ့ တလွဲတွေဖြစ်နေရင် ခက်မယ်၊ မယ်မယ်တောင် ကကြိုးလေးကိုတွေ့စက ညီမလေးနဲ့ ရုပ်ချင်းမတူပေမယ့် နေပုံ ထိုင်ပုံ၊ ပြောပုံ ဆိုပုံတွေ တူနေလို့ မျှော်လင့်ထားခဲ့မိတယ် မဟုတ်လား၊ မိဘနာမည်တွေလည်း မေးလိုက်ရော မျှော်လင့်ချက်တွေ သဲထဲရေသွန်ဖြစ်ႋ ႊ စိတ်ထိခိုက်ခဲ့ရသေးတာပဲ၊ အခုလည်း စောင့်ကြည့်ပါရစေဦး မယ်မယ်"

ဒါလည်းဟုတ်တာပဲဆိုပြီး ဒေါ်စိန်မြချယ် ငြိမ်နေလိုက်ရ၏။





ကိုယ်က အထင်နဲ့ မေးလိုက်ပြီးမှ ဟုတ်ခဲ့ရင်ကောင်းရဲ့၊ မဟုတ်ခဲ့လို့ သိုက်တူးတဲ့သူနဲ့တွေ့ခဲ့လျှင် ကိုယ်ခင်းပေးတဲ့လမ်းပေါ် အသာလေး လျှောက်လာမှအခက်။

သမီးလေးကကြိုးက စိတ်ရင်းမှန်လို့ ကိုယ်တွေအပေါ် အကောက်မကြံတာ။

ဒေါ်စိန်မြချယ် သက်ပြင်းချလျက် ခုနက ကြည်နူးမှုတွေပင် ပျောက်သွားရ၏။

"မယ်မယ်တို့ နေချင်နေခဲ့ကြဦးလေ၊ သား အိမ်ဘက် ပြန်ကူးလိုက်ဦးမယ်၊ ကကြိုး . . . အန်ကယ်သွားဦးမယ်နော်"

ဦးရဲရင့်နောင် နှုတ်ဆက်သွားပေမယ့် ကကြိုးရော ဒေါ်စိန်မြချယ်ပါ နှုတ်တွေဆွံ့အလျက် ခေါင်းပဲညိတ်ပြလိုက်မိကြလေသည်။

ဒေါ်စိန်မြချယ် အတွေးနဲ့ငေးနေသလို ကကြိုးမှာလည်း မှင်တက်မိပြီး သွေးတွေအေးခဲမတတ် တုန်လှုပ်သွားရပါ၏။

သူတို့ပြောတဲ့စကားအရ ဒီလူကို သူတို့သွေးသားဟု မှတ်ယူကြပုံပင်။ ဒါဆို သူတို့သမီး၊ သူတို့ညီမလေး ဆောင်းတမို့ရဲ့ ရင်သွေးလို့ ဆိုလိုချင်တာလား။

အို . . . ဒါဆို ဘယ်ဖြစ်နိုင်မှာလဲ၊ ဆောင်းတမို့ရဲ့ရင်သွေးက



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ကကြိုးတစ်ယောက်လုံး ရှိနေမှပဲ။ တလွဲတွေ ဖြစ်ကုန်တော့မှာ ပဲ။

အခြေအနေတွေ မလွန်ခင် ဖွင့်ပြောလိုက်ရ ကောင်းမလား။

အဖြေမှန်က ရှိပြီးသားဟာကို အချိန်ဆွဲနေတာနဲ့ ပြဿနာ တွေ ရှုပ်ကုန်တော့မယ်နဲ့တူတယ်

ကကြိုး မျက်နှာလေးအပျက်ပျက်နှင့် အတွေးတွေ ယောက် ယက်ခတ်နေရသည်။

ချီတုံချတုံဖြစ်နေတဲ့စိတ်ကလည်း လည်ပတ်နေတဲ့ သွေးတွေ နဲ့အပြိုင် အကြောထဲ အသားထဲတွေထဲသို့ ရောနှောမွှေနှောက်နေ တော့သည်။

ကြည်နူးခဲ့ရသော စိတ်တွေအစား စိုးရိမ်ပူပန်မှုတွေက နေရာ ယူလာတော့ သွေးအေးတည်ငြိမ်သူလို့ သူမကိုယ်သူမ ထင်ထားခဲ့ သော ကကြိုးတစ်ယောက် ဆောက်တည်ရာမရ ဖြစ်နေရပြီ။

ဣန္ဒြေမပျက် သွေးအေးအေးနဲ့ ခုနက နားထောင်ခဲ့သမျှ အခုတော့ ဂနာမငြိမ်ချင်တော့။

ထိန်းချုပ်ထားတဲ့စိတ်ကို လွှတ်ပေးဖို့ မသိစိတ်က တိုက် တွန်းလိုက်တိုင်း ဦးနှောက်က တားမြစ်နေပြန်သည်။





ဟိုလူ့ဆီကအဖြေကို စောင့်ဦးမှပဲဆိုသည့် ဆုံးဖြတ်ချက် က ဦးနှောက်မှ အမိန့်ပေးသံအလား အတည်ဖြစ်သွားခဲ့တာကြောင့် ကကြိုး နာခံရိုကျိုးစွာ သက်ပြင်းမောနဲ့အတူ တည်ငြိမ်အောင် ကြိုး စားလိုက်ရ၏။

ဟုတ်တယ် ... သူတို့ထင်တာ ဖြစ်နိုင်မယ်မထင်ပါဘူး။ ဆောင်းတမိုက ဘယ်နှယောက် ရှိမှာမို့လဲ။ ကြံဖန်ပြီး ငါ့နယ် စိတ် အနှောင့်အယှက် ဖြစ်သွားရတယ်လို့။

ကိုယ့်အတွေးနဲ့ကိုယ် ဟုတ်သွားတော့လည်း စိတ်တွေ ပြန် ကြည်လင်လာရပြန်သည်။

ဒီလိုဆိုပြန်တော့ ရယ်ချင်မိပြန်ရော။ တတ်လည်း တတ်နိုင် တဲ့စိတ်ရယ်။ အခုတစ်မျိုး တော်ကြာတစ်မျိုး အပြောင်းအလဲမြန်ပုံလို့ ကိုယ့်ကိုယ်ကိုယ်ပဲ ဝေဖန်လိုက်မိပါ၏။

ဒါကြောင့်လည်း မေမေကပြောတာ။ လောကဇာတ်ခုံပေါ်က ကြိုးမပါတဲ့အရုပ်တွေ ရှုပ်ရင် ရှင်းမရဘူးတဲ့။

အခုပဲကြည့် ...။ ကံဇာတ်ဆရာက ဒီလိုတွေးလိုက် ဟိုလို တွေးလိုက်နဲ့ တွေးနိုင်းပြီး အမျိုးမျိုး အပြောင်းအလွဲတွေ ဖြစ်နိုင်း လိုက်တာများ ဘယ်လောက်ကြာလို့လဲ။ စက္ကန့်ပိုင်းလောက်ဲ ရှိမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြိုးတွေ မရှုပ်ဖို့ကို အသိဉာဏ်ဆိုတဲ့ ကြိုးဆွဲဆရာ ပညာသားပါဖို့ လိုမယ်နော်။

အံ့မယ် . . . ကကြိုး တယ်ပြီး အသိတရားတွေ တိုးနေပါရောလား။ ရယ်ချင်ရက်ပက်ကျိ ဖြစ်မိပါရဲ့။

ကိုယ့်ဘာသာ စိတ်တည်ငြိမ်သွားပြီဆိုတော့ ဘွားချယ်ကို အသာလေး ငုံ့ကာ အကဲခတ်လိုက်မိသည်။

အတော်စိတ်ထိခိုက်နေပုံပဲ။ အဝေးကြီးကို ငေးကြည့်နေလိုက်တာများ စိတ်နဲ့ကိုယ်နဲ့ ကပ်ရဲ့လားတောင်မသိ။

ကကြိုး ဒီအခြေအနေကို ထိန်းမှဖြစ်မယ်ဟု တွေးလျက် . .

"ဘွားချယ် . . . စိတ်မကောင်း ဖြစ်နေတာလား။ စိတ်မကောင်းမဖြစ်ပါနဲ့ ဘွားချယ်ရယ်၊ ဒီလောက်နှစ်တွေကြာအောင် စောင့်ခဲ့ပြီးမှ အခုခဏလေး စောင့်ရမှာကို သည်းခံလိုက်ပါနော်၊ နေရိပ်ကိုလိုချင်ရင် နေပူကစောင့်ရတယ်လို့ ဆိုထားတာပဲ၊ အဖြေမှန်တိကျဖို့ သေချာဖို့ လိုတယ်မဟုတ်လား။ ဘွားချယ်အတွက် စိတ်ချမ်းမြေ့မှုက လက်တစ်ကမ်းအလိုမှာပဲ ရှိပါတယ် ဘွားချယ်ရယ်၊ ဘွားချယ်မျှော်လင့်ချက်တွေ မကြာခင် ပြည့်ဝတော့မှာပါ"

လက်တစ်ဖက်ကို ဖျစ်ညှစ်ပြီး အားပေးစကားတွေ ပြော





နေသော ကကြိုးအား ဒေါ်စိန်မြချယ် နားမလည်နိုင်စွာ ဖြည်းညင်းစွာ လှည့်ကြည့်လျက် . . .

"ဘယ်လို . . . ဘယ်လိုပြောလိုက်တာလဲ သမီး၊ ဘာအဓိပ္ပာယ်နဲ့ ဒီလိုပြောတာလဲ၊ ဘွားချယ်ကို ရှင်းပြပါဦး"

မျှော်လင့်ချက်မျက်လုံးများနဲ့ မေးလာသော ဘွားချယ်ကို ကကြိုး ယောင်နနနဲ့ကြည့်နေပြီးမှ . . .

"အဟော် . . . ဒီလိုလေဘွားချယ်ရဲ့၊ ခုနက အန်ကယ်ပြောသွားတယ်မဟုတ်လား . . . သူ့နားမှာခေါ်ထားပြီး အကဲခတ်မယ်ဆိုတာလေ၊ အဲဒီတော့ ဘွားချယ်လည်း အကဲခတ်လို့ရတာပေါ့၊ ဒါဆို အဆင်ပြေသွားပြီ၊ ဟုတ်ရင်လည်း မြန်မြန်သိရ၊ မဟုတ်ဘူးဆိုလည်း မြန်မြန်ပေါ့၊ ကကြိုးထင်ပါတယ် . . . အန်ကယ့်လိုလူမျိုးကတောင် ခံစားချက် ပြင်းထန်နေတယ်ဆိုတော့ သွေးက စကားပြောတာ ဖြစ်နိုင်တာပဲ၊ ဒါဆို ဘွားချယ် ဝမ်းသာစရာပေါ့ . . . မဟုတ်ဘူးလား"

ဒေါ်စိန်မြချယ်တစ်ယောက် မျက်နှာတစ်ပြင်လုံး ဝင်းထိန်သွားရလောက်အောင် ကျေနပ်မှုတွေ ပြည့်သိပ်သွားရ၏။

တော်လိုက်တဲ့ကလေးမ . . . ဒီလိုစိတ်ကျေနပ်မှု ဖြစ်စေမယ့် စကားလုံးကို ရှာဖွေပြောတတ်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



အခုမှပဲ စိတ်ထဲပေါ့သွားသလို ရှိလာသည်။ ဟုတ်တယ် . . . အနှစ်အစိတ်တောင် စောင့်လာပြီးမှ မကြာတော့တဲ့အချိန်လေး အတွက် ငါ သည်းခံရမယ်။

ကလေးကလည်း အဝေးကြီးမှာမှ မဟုတ်တာဘဲ။ ကိုယ့်ခြံ ဝင်းထဲတောင် ရောက်လာမှာ။ မကြာခင် အိမ်ကြီးပေါ်တောင် ရောက်လာဦးတော့မှာ။ ဟုတ်ပေသားပဲ။ ငါ စိတ်လွတ်သွားခဲ့တယ်။

ကျေးဇူးတင်ပါတယ် ကကြိုးဆိုတဲ့ သမီးလေးရယ်။ ဘွား ချယ်ရဲ့ ညစ်နွမ်းနေတဲ့စိတ်တွေ ကြည်လင်အောင် ဖန်တီးပေးနိုင်တဲ့ အပြင် အတွေးအခေါ်တွေ အမြင်မစောင်းရအောင် လမ်းပြပေးနိုင်တဲ့ ဒီသမီးလေးကို ဘွားချယ်ရဲ့သမီးငယ်လေးကိုယ်စား ခင်တွယ်ခဲ့မိ တာပါ။

သမီးငယ်လေးရဲ့ ရင်သွေးလေးများ ကိုယ့်နားကို ရောက် လာခဲ့သလားလို့ ထင်မှတ်မှားမိတဲ့ထိ သံယောဇဉ်ဖြစ်မိခဲ့တာပါ။

မိဘနာမည်တွေ လွဲမှားသွားတုန်းကများ ယူကျုံးမရတွေ ဖြစ်ခဲ့ရသေးတယ်။

သမီးငယ်လေးနဲ့ ဒီတစ်သက် ပြန်မှဆုံပါဦးတော့မလားဆိုပြီး ခံစားလိုက်ရတာ။





တစ်ရက်ပြီးတစ်ရက် အနေနီးလာတာနဲ့မျှ အခေါ်အဝေါ် အပြောအဆိုလေးတွေကအစ သမီးငယ်လေးနဲ့ ထပ်တူညီမျှ တူနေ တာလေးကိုပဲ ကျေနပ်နှစ်သိမ့်ခဲ့မိတယ်၊

အခုတစ်ခါ အနှောင်သယ်လာတဲ့ သတင်းစကားတစ်ခွန်း ကြောင့် မျှော်လင့်ချက်တွေ ပြန်ရှင်သန်လာရပြန်ပြီ။

ဒီတစ်ခါတော့ မျှော်လင့်ချက်တွေ မပျောက်ဆုံးပါရစေနဲ့။ မြတ်စွာဘုရား . . . ကယ်မတော်မူပါ ဘုရား။

ဟု အလိုအပ်ဆုံးဆုတစ်ခုကို မြတ်စွာဘုရားအား ရည်မျှော် မှန်း၍ တိုင်တည်ကာ တောင်းဆုပြုမိပါ၏။

အနားကနေ စိတ်ချမ်းသာမှုတွေရရှိအောင် နှစ်သိမ့်မှုတွေ ပေးနိုင်သော ကကြိုးကိုလည်း အထင်ကြီးလေးစားစွာဖြင့် ပြန်လည်ပြုံး ပြရင်း ရင်ခွင်မှာ ထွေးပွေ့မိပါသည်။

ကကြိုး သက်ပြင်းငွေ့ငွေ့ချကာ ငြိမ်နေလိုက်ရ၏။

ကိုယ့်အတက်နဲ့ ကိုယ်စူးတော့မလို့။ အဖြေကောင်းသွားပေ လို့ဟုတွေးကာ မသိမသာ မျက်နှာလေး မဲ့သွားရသည်။

"အိမ်ထဲဝင်ကြမလားသမီး၊ ဟိုဘက်တွေ လျှောက်ကြည့်ဦး မလား"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ခေတ္တငြိမ်နေကြရာမှ ဒေါ်စိန်ခြူချယ် သတိပေးမှုကြောင့် ကကြိုး ရင်ခွင်ထဲက အသာထ၍ . . .

"မသွားတော့ဘူး ဘွားချယ်၊ နောက်နေ့တွေ အများကြီးရှိသေးတာပဲ၊ နောက်ရက်တွေမှ လျှောက်ကြည့်တော့မယ်၊ ဘွားချယ်လည်း အနားယူသင့်ပြီ၊ စိတ်ပင်ပန်းသွားတယ် မဟုတ်လား"

"အဲလို အလိုက်သိတတ်တာလေးတွေကိုက ချစ်ဖို့ ကောင်းတာပဲ၊ ဘွားချယ်ရဲ့မြေးသာ ဖြစ်လိုက်ပါတော့ကွယ်"

ပါးလေးကို မနာအောင်ညှစ်လိုက်ပြီး ဒေါ်စိန်မြချယ် အားမလိုအားမရဖြင့် ရင်ထဲကဆန္ဒအတိုင်း တောင့်တစကား ဆိုမိလေသည်။

ဆတ်ခနဲ ပြောလိုက်သော ဘွားချယ်ရဲ့ရင်ထဲက စကားအမှန်ကြောင့် ကကြိုး လည်ချောင်းဝကိုရောက်လာသော အမှန်စကားတွေ ပြောလုပြောခင် ဖြစ်နေပြီးမှ ကသောကမျောဖြင့် စကားလမ်းကြောင်းလွှဲကာ ပြောမိပြောရာ ပြောလိုက်ရ၏။

"ဘွားချယ် . . . ဒီပန်းခြံရော ဟိုပန်းခြံပါ သစ်ပင်တွေကလန်းဆန်းပြီး အပွင့်တွေကလည်း ဝေဆာနေတာပဲနော်၊ အမြဲပြုစုတဲ့လူ ရှိတာလားဟင်"





"အေးပေါ့ သမီးရဲ့ . . . ဟိုသစ်ခွခြံရော ဒီပန်းခြံလေးကိုပါ အမြဲပြုစုဖို့ လူတစ်ယောက်စီ ထားရတယ်လေ၊ သူတို့လည်း သူတို့အချိန်နဲ့သူတို့ တာဝန်ကိုကျေပွန်ကြပါတယ်၊ အလုပ်ပြီးတာနဲ့ သူတို့အတွက် ပေးထားတဲ့အိမ်တန်းလျားကို ပြန်ပြီး အနားယူကြရော၊ မလိုအပ်ဘဲ အိမ်ကြီးထဲကို ဝင်မလာကြဘူး သမီးရဲ့"

"ဪ"

"ဒါတင်မကသေးဘူး . . . သမီးငယ်လေးရဲ့အခန်းကိုလည်း နေ့တိုင်း သန့်ရှင်းရေးလုပ်ခိုင်းထားတာ၊ အခုဆို (၂၅) နှစ်ဆိုတဲ့ သက်တမ်းတောင် ရောက်ခဲ့ပြီပေါ့၊ သမီးငယ်လေးရှိစဉ်ကအတိုင်း ခြေရာလက်ရာမပျက်ထားခဲ့တယ်၊ ဒါတွေဟာ တစ်နေ့ သမီးငယ်လေး ပြန်ရောက်လာခဲ့ရင် ဘွားချယ်တို့ရဲ့ သမီးငယ်လေးအပေါ်မှာထားခဲ့တဲ့ ချစ်ခြင်းမေတ္တာသက်သေတွေပေါ့ကွယ်"

"ဪ . . . ဘွားချယ်ရယ်"

ဘယ်လောက်ပဲ စိတ်ကိုထိန်းချုပ်ထားပါတယ် ပြော ပြော . . . ဘွားချယ်နှုတ်ဖျားက လွမ်းဆွတ်တမ်းတသည့် စကားသံများကို ကြားရတိုင်း မေမေ့အတွက် ဝမ်းသာကြည်နူးမှုတွေက ဖော်မပြနိုင်အောင် ပီတိတွေဖြစ်ရလွန်းလို့ မျက်လုံးအိမ်မှာ မျက်ရည်တို့ ဝဲရပြီ



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို ဘွားချယ်မမြင်အောင် ထိန်းရလွန်းလို့ တစ်ခါ တစ်ခါလည်း ပေါက်ကွဲပစ်လိုက်ချင်၏။

ဘွားချယ်မြင်လို့က မျက်ရည်လွယ်ရန်ကောသမီးရယ်လို့ ပြောဦးမှာမလွဲ။

ဒီတော့ ဝေ့တက်လာတဲ့မျက်ရည်စတွေကို ထုံးစံအတိုင်း မျက်တောင်နဲ့ပုတ်ခတ်ထိန်းသိမ်းရင်း ဘွားချယ်ရင်ခွင်ထဲကိုပဲ ခိုလှုံလိုက်ရပါ၏။

❊ ❊ ❊



## အခန်း (၉)

"အစ်ကိုအောင်"

"ဟေ"

နွေခင်းဘက်ဆို ကိုယ့်တာဝန်က သိပ်မရှိတော့ ပေးထားတဲ့ အခန်းထဲမှာပဲ အနားယူနေဖြစ်၏။

ကိုယ့်တာဝန်က ညမင်းသားဆိုတော့ ညဘက် တစ်ညလုံး ကင်းစောင့်၊ နေ့ဘက် အိပ်ပေါ့။ အခုလည်း အိပ်ပျော်နေရာမှ ဖျတ် ခနဲနိုးလာပြီး မထချင်သေးတာနဲ့ တောင်တွေးမြောက်တွေး တွေးနေ



www.burmeseclassic.com

www.burmeseclassic.com



တုန်း အပြင်က စိုင်းကိုရဲ့ခေါ်သံကြောင့် ထူးလည်းထူး အပြင်သို့ပါ ထွက်ခဲ့လိုက်သည်။

အပြင်ကခုံတန်းလေးမှာ စိုင်းကိုက ထိုင်စောင့်နေပြီး မျက်နှာက ပြုံးစိစိဖြစ်နေတာမို့ ရန်ကြီးအောင် မျက်ခုံးနှစ်ဖက်ကျုံ့သွားလျက် ...

"ဘာဖြစ်လာတာလဲ စိုင်းကို"

ဟု သိချင်ဇောနှင့် မေးလိုက်လေသည်။

"အစ်ကို့အတွက် ဝမ်းသာလို့ပါ၊ ဒီက အလုပ်သမားတွေထဲမှာတော့ အစ်ကိုက ကံထူးရှင်ပဲ ... သိလား"

"အေးပါကွာ ... ပြောမှသာပြောစမ်းပါ၊ အရေးထဲ အရှည်ကြီးမှ တစ်ရာတည်း လုပ်နေသေးတယ်"

စိတ်မရှည်၍ ရန်ကြီးအောင် အော်လိုက်မိသည်။ စိုင်းကိုပိုပြီး ရယ်ချင်သွားရပြီး ...

"အစ်ကိုကလည်း ဒေါချည်းပဲ၊ ဒီကလည်း သူ့အတွက် သတင်းကောင်းလည်း ယူလာပေးရသေးတယ်"

"မင်းက ရစ်နေတာကိုးကွ"

"ဒီမှာ အစ်ကို ... ဟိုနေ့က သခင်လေး လူသစ်ရောက်





တယ်ဆိုလို့ လာကြည့်တယ်မဟုတ်လား"

"အင်း"

"အဲဒါ အစ်ကို့ရဲ့အရည်အချင်းကို ဘာသဘောတွေ့သွားလဲ မသိဘူး၊ သူ့ရဲ့ ဘော်ဒီဂတ်ခန့်ဖို့တဲ့ ပြောသံကြားမိတာ"

"ဟ ... မင်းစကားက အဆန်းပါလား"

လိုက်ခနဲ ရင်ခုန်သွားသော်လည်း ရန်ကြီးအောင် ဣန္ဒြေမပျက် ပြန်မေးလိုက်၏။

"ဟုတ်ပါတယ်ဆို ... အစ်ကိုကလည်း သခင်လေးတို့က သူတို့အိမ်ကြီးထဲကို လူစိမ်းအဝင်ခံတာ မဟုတ်ဘူးနော်၊ သူ့တာဝန်နဲ့သူ, သူ့နေရာနဲ့သူပဲ ထားကြတာ၊ အခုဟာက အစ်ကို့ကံကောင်းချက်ကွာ လိုက်လို့ကိုမမီဘူး ... သိလား၊ သူသွားလေရာ ခေါ်သွားမလို့တဲ့ဗျ"

အားကျတဲ့လေသံကြီးနဲ့ ပြောနေသော စိုင်းကိုအား ရန်ကြီးအောင် မျက်တောင်မခတ်ကြည့်နေမိ၏။

စိုင်းကိုပုံစံက အတည်ပြောနေတာပင်။ ဒီကောင်လေးအကြောင်းကို အတူနေစဉ် ဒီရက်ကလေးမှာ သိထားသည်ပဲ။ မလို အပ်ဘဲ စကားပြောသူမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့တာဝန်သူ ကျေပွန်စွာထမ်းဆောင်ပြီး အေးဆေးစွာ နေတတ်သူ။

အားလျှင် ဂစ်တာတီးပြီး သီချင်းဆိုနေတာကလွဲလို့ သူတစ်ပါးကို စိတ်အနှောင့်အယှက် မပေးတတ်သူ။

ဒါဆို ဒီစကားမှန်ပါက ကံကြမ္မာက ကိုယ့်ကို မျက်နှာသာပေးလိုက်တာလား။

ပြောကြစတမ်းဆို သူတို့ပြောတဲ့ သခင်လေးဆိုသူ။ အေးလေ … အမေပြောပြောနေတဲ့ ကိုယ့်ဘကြီးပေါ့။ သူနဲ့ကိုယ် စကားဆယ်ခွန်းပြည့်အောင်ပင် မပြောရသေး။

''လူသစ်ရောက်တယ်ဆိုတာ မင်းလား''

''ဟုတ်ကဲ့''

ဒါလောက်ပဲဖြစ်သည်။ ဒါပေမဲ့ အဲဒီနေ့က ကိုယ့်ကို အသေအချာတော့ စိုက်ကြည့်သွားခဲ့သည်။

အင်း … သေချာတာတစ်ခုကတော့ အားကစားလုပ်ထားမိတဲ့အကျိုးနဲ့ တူပါရဲ့။

ငါ့ဘော်ဒီကို ကြိုက်သွားတာများလား။ ခန္ဓာကိုယ် ထွားကျိုင်းသန်မာတာကို နှစ်သက်တယ်နဲ့တူပါတယ်၊





ဒါမှလည်း ဘော်ဒီဂတ် ပီသပေမပေါ့။ သို့လော သို့လော တွေးရင်း အမြဲတမ်းဆူပူတတ်သည့် အမေ့ကိုတောင် သတိရလိုက်မိသေး၏။

ဒီသတင်းသာ အမေကြားလို့ကများ ကတောင်ကမလားပဲ။

အမေ အမေ … အမေဆိုလို့ ဟိုနေ့က တွေ့လိုက်ရတဲ့ အမေ့အစ်ကိုကဖြင့် အမေနဲ့တခြားစီပဲ။ တည်ကြည်ခံ့ညားလိုက်တာမှ သခင်လေးဆိုသည့် နာမည်နဲ့လိုက်ပ့ါ။ စကားပြောတာကအစ အမေနဲ့ မတူလိုက်ပုံများ၊ ဆောင်းတမှီဆိုတဲ့ နာမည်တော့ နှမြောမိသည်။

ဘယ်တော့မဆို အမေ့ကိုမြင်လိုက်တိုင်း ပူလောင်နေတတ်သည်။

အလိုကျသည်ဟူ၍ တစ်ခါမှမရှိ။ ကိုယ်က သားအရင်းဖြစ်နေ၍သာ။ တခြားသူတွေဆို အမေ့ကို ကွယ်ရာမှာ ရွှံမုန်းကြီးဖြစ်နေကြရသည်။

အတွေးလွန်နေသည့် ရန်ကြီးအောင်အား စိုင်းကို ပခုံးကိုလှမ်းပုတ်၍ …

''အစ်ကို … ငုတ်တုတ်ကြီး အိပ်ပျော်သွားတာလား''

''မဟုတ်ပါဘူးကွာ … မင်းပြောတာ ဖြစ်နိုင်၏, မဖြစ်နိုင်၏



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားနေတာပါ၊ မင်းတို့သခင်လေးနဲ့ငါ စကားတောင် ဘယ်နှခွန်း ပြောဖူးသေးလို့လဲ၊ အင်း ... တကယ်လို့ မင်းပြောသလို ကံထူးရှင်ဖြစ်ပြီး အရွေးခံရတယ်ထား၊ အင်္ဂလိပ်စာတောင် မကျွမ်းကျင်တဲ့ငါ့ကို စိတ်ကုန်သွားမှာပါ၊ လူကဲခတ်မှားသွားတာ ဖြစ်မှာ"

သူ့ကိုယ်သူ နှိမ်ချ၍ ရန်ကြီးအောင် စကားကို ဖာထေးလိုက်သည်။

"အစ်ကိုကလည်းဗျာ ... စစ်မရောက်ခင် မြားကုန်နေပြန်ပြီ၊ ပွဲဖြင့် မစရသေးဘူး ... စိတ်ဓာတ်က ချပစ်လိုက်ပြီ။ ဟော ဟိုမှာ ... အဘမှန် လာနေပါလား။ လာပုံကလည်း သုတ်သီးသုတ်ပျာနဲ့၊ မဟုတ်မှလွဲရော ... အစ်ကို့အတွက် မင်္ဂလာသတင်း သယ်လာပြီ ထင်တယ်"

ရန်ကြီးအောင်အခန်းရှိရာကို ခြေလှမ်းကျဲနှင့် လျှောက်လာသော အလုပ်သမားခေါင်းဆောင်ဦးဘမှန်ကို စိုင်းကို လှမ်းတွေ့လိုက်၍ အားရဝမ်းသာဖြင့် ထပြောလိုက်ခြင်းဖြစ်သည်။

ရန်ကြီးအောင်ကပါ လှမ်းကြည့်ပြီး စိုင်းကိုပြောတာ ဟုတ်ပြီဆိုတာကို သဘောပေါက်လိုက်၏။

ဒါဆို ရန်ကြီးအောင်အတွက် ကျေနပ်စရာပင်။





ဒါမှ အမေပြောပြောနေတဲ့ မွေးရကျိုးမနပ်တဲ့သားဘဝက လွတ်မှာ ကျွတ်မှာပေါ့။

ဒါပေမဲ့ အမေ့ဆန္ဒကို တရားမျှတစွာပဲ လုပ်ခွင့်ပြုပါ အမေ။

"ဟော့ စိုင်းကို ... မင်း ဒီရောက်နေလား"

အခန်းဝကိုရောက်တည်းက အဘမှန်က စိုင်းကိုကို တွေ့သွားပြီး လှမ်းမေးလိုက်သည်။

"ဟုတ်ကဲ့အဘ"

"အေး ... ဒါဆို ရန်ကြီးအောင်ကို နှိုးလိုက်စမ်းကွာ၊ သခင်လေးက သူ့ဆီခေါ်ခဲ့ပေးပါဆိုလို့ ငါနဲ့ အခုပဲသွားရအောင်"

"နိုးနေပြီ အဘမှန် ... အခုပဲ နိုးတာ"

ရန်ကြီးအောင် အသံပြုလိုက်၏။

"ဒါဆို မျက်နှာလေးဘာလေးသစ်ပြီး ငါ့အခန်းကို လာခဲ့ဟေ့၊ သခင်လေးက အခုတွေ့ချင်တာတဲ့"

"ဟုတ်ကဲ့ ... အခုပဲ လာခဲ့မယ် အဘ"

အဘမှန်ပြန်ထွက်သွားသည်နှင့် စိုင်းကိုနှင့်ရန်ကြီးအောင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။

စိုင်းကိုက ဘယ့်နှယ်ရှိစဆိုသည့်သဘောဖြင့် ရန်ကြီးအောင်



www.burmeseclassic.com

www.burmeseclassic.com



ကို မျက်စပစ်ပြတော့ တွန့်တွန့်လေးပြုံးပြကာ မျက်နှာသစ်ရန် ထွက်ခဲ့လိုက်လေသည်။

ဘာမှပြောလိုစိတ် မရှိသေး။ အခုမှ ဇာတ်လမ်းက စမှာလေ၊

မျက်နှာကို ကမန်းကတန်းသစ်ကာ တန်းကတဘက်ကို ဆွဲ၍ဖြစ်သလိုပဲ သုတ်ပြီး အဘမှန်ရှိရာ သုတ်ခြေတင်ခဲ့လိုက်သည်။ စိုင်းကို ဘယ်အချိန်က ပြန်သွားမှန်းတောင် မသိလိုက်။

လာရာလမ်းတစ်လျှောက် နွားခြံမှာ အလုပ်လုပ်နေသူတွေရော၊ တန်းလျားက အလုပ်သမားတွေကပါ ရန်ကြီးအောင်ကို လှမ်းကြည့်နေကြလေသည်။

သူတို့ မျက်စိထဲမှာတော့ ရန်ကြီးအောင်က ကံထူးရှင်ပေါ့။

အဘမှန်ခေါ်ရာနောက်ကို လိုက်လာရင်း ရင်တွေက တလှပ်လှပ်ခုန်နေရ၏။

ကုန်းကျော်တံတားကနေ အိမ်ကြီးဆီ လျှောက်လာရတာကပဲ သည်းထိတ်ရင်ဖို။

စိတ်ကူးယဉ်ဆန်စွာ ဆောက်လုပ်ထားသည့် အဆောက်အအုံတွေက အိပ်မက်ကမ္ဘာထဲ ရောက်နေသည့်အလား ထင်မှားစရာ။

ဒီနေရာ ဒီဝန်းကျင်မှာ အမေငယ်စဉ်က ကျင်လည်ခဲ့ပါလျက်





အမေ့ပုံစံက မယဉ်ကျေးမသိမ်မွေ့လိုက်တာ။ အမြဲတမ်း လောဘဒေါသ ထွက်ပြီး တစ်ခါမှ ငြိမ်းချမ်းတာမမြင်ခဲ့ရ။

ကုန်းကျော်တံတားအောက်ကို လှမ်းငုံ့ကြည့်တော့ ဆေးရုံဟုထင်ရသော အဆောက်အအုံနဲ့ တခြားအဆောက်အအုံတစ်ခုကို တွေ့ရ၏။

စိုင်းကိုပြောပြထားသည့် အလုပ်သမားတွေအပေါ် ထားရှိသော ဦးရဲရင့်နောင်၏စေတနာတွေကို မျက်ဝါးထင်ထင် တွေ့နေရသည်။

ဆေးရုံကိုမြင်မှ သူ တစ်ခါက မြင်းလှည်းနဲ့လိုက်ပို့ဖူးသော ဒေါက်တာမလေးကို သတိရလိုက်မိသည်။ သူမရော ဒီအိမ်ကြီးထဲမှာ ရှိသေးရဲ့လား သိချင်သွားမိသည်။

တံတားအဆုံး တစ်ပြေးညီမြေကြီးပေါ် လျှောက်မိချိန်မှာ ရန်ကြီးအောင်စိတ်ထဲ ခြေထောက်နဲ့မြေကြီး ထိတယ်လို့ပင် မထင်မိ။ အမေ့ရဲ့အငွေ့အသက်တွေ လွှမ်းခြုံခဲ့သော ဤနေရာ ဤဒေသကို ထင်မှတ်မထားဘဲ ခြေချခွင့်ရခဲ့ပြီမို့ စိတ်တွေ လှုပ်ရှားနေရသည်။

ပန်းခြံလေးတွေ ရေကူးကန်လေးတွေ လွှန်တော့ လှပသော တိုက်ကြီးကို အတွေ့မှာ အံ့သြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေပြောတုန်းက တိုက်က တစ်လုံးတည်းပါ။ အခု တိုက်နှစ်လုံးတောင် ဖြစ်နေပါလား။ ဘယ်တိုက်မှာ အမေနေခဲ့တာပါလိမ့်။ အံမယ် . . . အပေါ်ကနေ တစ်တိုက်နဲ့တစ်တိုက် ကူးလို့ရအောင် စကြံတံတား ထိုးထားလိုက်သေးရဲ့။

အဘမှန် မရပ်ဘဲ ရှေ့ဆက်လျှောက်တော့ ရန်ကြီးအောင် ထက်ကြပ်မကွာ လိုက်လျှောက်ရင်း မျက်လုံးကလည်း ဟိုဒီငေးလာဖြစ်သည်။

အမေ စိတ်ထိခိုက်မယ်ဆိုလည်း စိတ်ထိခိုက်စရာပဲ။ စွန့်လွှတ်ခဲ့ရတဲ့ စည်းစိမ်တွေက နည်းမှမနည်းတာ။

ဆက်လျှောက်လာတဲ့ တိုက်ကြီးရဲ့ဘေးဘက်ကိုအကွေ့မှာ ရန်ကြီးအောင် မှင်တက်ငေးမောသွားရ၏။ အားပါး . . . စိတ်ကြည်နူးစရာ ကောင်းလိုက်ပါဘိ။

ပန်းခြံလေးရယ်၊ ထိုင်ခုံလေးတွေရယ်၊ ဒန်းလေးတွေရယ်၊ ဒါ့ကြောင့် အမေ ခံစားချက်ပြင်းထန်နေတာကိုးလို့ တွေးကာ အမေ့ကို အခုမှ သနားနေမိတော့သည်

အိမ်ရှေ့မျက်နှာစာရဲ့ ပေါ်တီကိုအောက်အရောက် အဘမှန်ရပ်လိုက်တော့ ရန်ကြီးအောင်ပါ ရပ်လိုက်ရသည်။





ရပ်နေတုန်း ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ စိုင်းကိုခေါ်လာတာ ဒီလမ်းက မဟုတ်မှန်း သတိထားမိလိုက်၏။

လှမ်းမျှော်ကြည့်လိုက်လျှင် အဝေးမှာ ဖြောင့်ဖြူးနေသော လမ်းကို တွေ့နေရ၏။ အတန်းလိုက်စိုက်ထားသော လမ်းတစ်ဖက်တစ်ချက်ဆီက ထင်းရှူးပင်နဲ့ တမာပင်တွေကလည်း မျက်စိတစ်ဆုံးပါလား။

ဒါ အမေပြောပြောနေတဲ့ အိမ်ရှေ့ဘက်က အဝင်ပေါက်ဖြစ်မယ်နဲ့တူတယ်။

"လာ . . . ဝင်စို့ ရန်ကြီးအောင်"

ရန်ကြီးအောင် အငေးကောင်း အတွေးကောင်းနေတာနှင့် ဘယ်အချိန်က တံခါးပွင့်သွားမှန်းပင် မသိလိုက်။

အိမ်ထဲကိုရောက်ပြန်တော့ အိမ်ကြီးရဲ့အနေအထားနဲ့ အိမ်ထောင်ပရိဘောဂများကို ကြည့်ပြီး မိမိတို့လက်ရှိအနေအထားနှင့် ယှဉ်ကြည့်ကာ အမေ့ကို သနားလို့မဆုံးနိုင်တော့။

အမေ မလွန်ဘူးလို့လည်း တွေးလိုက်မိ၏။ အမေတို့ကို အမွေပေးရမှာစိုးလို့ ပြဿနာရှာပြီး နှင်ထုတ်လိုက်တယ်ဆိုတာ ဟုတ်နိုင်တယ်ဟု တွေးမိလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုနည်းနဲ့ အမေ့ရဲ့ရပိုင်မှုတွေကို ပြန်ရအောင် လုပ်ရပါ့။ မတွေးစဖူး တွေးမိ၏။

အခန်းတွေ အဆင့်ဆင့်ကူးပြီး တစ်ခုသောအခန်းရှေ့ အရောက် အဘမှန် ရပ်လိုက်ပြန်သည်။

ပြီး အခန်းတံခါးကို ညင်သာစွာ ခေါက်လေသည်။

"ဝင်ခဲ့ပါ ဦးမှန်"

ပြတ်သားတိကျသောအသံ၏ မရှေးမနှောင်းမှာဘဲ တံခါး ပွင့်သွား၍ ရန်ကြီးအောင်တို့နှစ်ယောက် အခန်းထဲ လှမ်းဝင်ခဲ့ကြရသည်။

"ထိုင်ကြပါ"

ထိုင်ကြပါဆိုသော်လည်း ထိုင်ရက်စရာမရှိလောက်အောင် ပြောင်လက်တောက်ပနေသော ကျွန်းကုလားထိုင်တွေကို ကြည့်၍ ရန်ကြီးအောင် အားနာသွားရသည်။

စိတ်ကလည်း အိမ်ကို ချက်ချင်းရောက်သွားရ၏။ အိမ်မှာဆို ဒီလိုထိုင်ခုံမျိုး ရှိဖို့မပြောနှင့် . . . ဖျာတောင် အကောင်းမရှိ။

တကယ်ဆို ဒါတွေဟာ ငါလည်းပိုင်ဆိုင်သင့်တာပဲဆိုတဲ့ အတွေးရိုင်းတွေက ဘယ်အချိန်ကတည်းက ချောင်းနေမှန်းမသိ။





ရင်ထဲကို ဒိုင်းခနဲရောက်လာ၏။

လူကပါ ခပ်တောင့်တောင့်လေး ထိုင်ချလိုက်မိသည့် အဖြစ်။

ထိုင်ပြီးတယ်ဆို ဝင်လာတည်းက မျက်တောင်မခတ်ဘဲ မိမိ အားကြည့်နေသော ဦးရဲရင့်နောင်ကို ရဲရဲဝံ့ဝံ့ပင် ပြန်စိုက်ကြည့်နေ လိုက်၏။

မိမိပဲ ထင်လို့လားမသိ . . . ဦးရဲရင့်နောင် တစ်ချက်မျှ ပြုံး လိုက်သလိုပင်။ သို့သော် ခဏမျှသာ ဖြစ်မယ်ထင်ပါ၏။ နောက် ပုံမှန်အနေအထားဖြင့် . . .

"လူလေး ကျောင်းပြီးထားလား"

အထင်ကြီးစွာ ရန်ကြီးအောင်ကို မေးလာလေသည်။ ခေါ်ပုံ ကအစ နူးညံ့သိမ်မွေ့လွန်း၍ ခုနက စိတ်ရိုင်းတွေပင် လွင့်စဉ်ပျောက် ကွယ်သွားရပြီး ကိုယ်တိုင်ပင် စကားများမှာ ကြောက်နေမိတော့၏။

"ကျောင်းမပြီးခဲ့ပါဘူး၊ ဆယ်တန်းတောင် အောင်ရုံပါပဲ"

"ဩော် . . . ဘာလို့ ဆက်မတက်ဖြစ်တာလဲကွယ်"

"စီးပွားရေးအခြေအနေကြောင့်ပါ"

ဦးရဲရင့်နောင် ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး . . .

"ဒါဆို အင်္ဂလိပ်စာလည်း သိပ်ကျွမ်းမှာမဟုတ်ဘူးပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ မကျွမ်းရုံတင်မကပါဘူး . . . တချို့ဆို မေ့ကို မေ့နေတာ"

ပွင့်လင်းသောအပြောအဆိုများကြောင့် ဦးရဲရင့်နောင် သဘောကျနေတော့သည်။

စွပ်ကျယ်ချိုင်းပြတ်နှင့် ဂျင်းဘောင်းဘီခပ်နွမ်းနွမ်းကို ဝတ်ထားသော်လည်း ဘယ်အချိန်ကြည့်ကြည့်၊ ဘယ်ဘက်ကကြည့်ကြည့် သားကြီးနောင်ရိုးမှ နောင်ရိုးပါပဲ။

ဖြူတာနှင့်မည်းတာသာ ကွာသည်။ ဟိုနေ့က အမြင်မှားသည်ဟု ထင်ခဲ့တာ။ အနီးကပ်ကြည့်လေ တူလေပါလား။

သူ့မိဘတွေနာမည် မေးကြည့်ရကောင်းမလားဟု တွေးမိပြီးမှ စောပါသေးတယ်ဟုတွေးကာ မမေးဖြစ်တော့။

တော်ကြာ ကိုယ်ခင်းတဲ့လမ်းပေါ် နင်းလိုက်လာပြီး ပုံမှားရိုက်သွားမှ ခက်ရချည့်ရဲ့။

"တကယ်လို့ လူလေးကို အင်္ဂလိပ်စာသင်ပေးပြီး ပြောတတ်ဆိုတတ်အောင်ပေါ့ကွာ၊ သင်ပေးပြီး အန်ကယ့်အနားမှာ လူယုံသဘောမျိုး ထားချင်လို့ လူလေးဘက်က ဖြစ်နိုင်ပါ့မလားလို့ ခေါ်မေးတာကွဲ့"

လက်ဦးရည်ရွယ်ချက်အတိုင်း ဦးရဲရင့်နောင် မေးလိုက်ရင်း





အတွေးစကို ရပ်လိုက်မိသည်။

ရန်ကြီးအောင် တွေခနဲ စဉ်းစားပြီးမှ . . .

"ကျွန်တော့်ဘက်ကတော့ ဘာမှပြောစရာ မရှိပါဘူး၊ ယုံကြည်လို့ပေးအပ်လာတဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်မှာပါ၊ အင်္ဂလိပ်စာသင်ဖို့ကိစ္စသာ အခက်အခဲရှိမလားလို့"

"ဟာ . . . ဒါက အန်ကယ့်တာဝန်ထားပါ၊ လူလေးဘက်က လက်ခံရင် ပြီးတာပါပဲ၊ ဒီလိုလက်ခံပြီးဆိုရင်တော့ လူလေး ဒီအိမ်ကြီးမှာ လာနေရလိမ့်မယ်၊ အင်္ဂလိပ်စာသင်ပေးမ ့်သူက ဒီမှာ အရန်သင့်ရှိတယ်လေ၊ ဒီတစ်ဆင့်အောင်မြင်သွားမှ အလုပ်ကိစ္စအကြောင်း ပြောကြတာပေါ့ . . . ဟုတ်လား"

"ဟုတ်ကဲ့"

ထိုမျှသာ ရန်ကြီးအောင်ပြောနိုင်ခဲ့သည်။ ဒီလောက် အဆင်ပြေချောမွေ့နေခြင်းအပေါ် မအံ့ဩနိုင်ဘဲ မနေနိုင်အောင်ဖြစ်ခြင်းကြောင့် စကားအပိုမပြောဖြစ်။

ဒီအိမ်ကြီးထဲကို မရောက်လာခင်ကတော့ ဒီအိမ်ကြီးထဲရောက်ရန်မပြောနှင့် . . . ခြံထဲရောက်ဖို့ပင် မလွယ်။ အမေ နေ့ရောညပါ နားမခံသာအောင် ပြောနေတာတောင် လျစ်လျူရှုထားမိခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ အခုများတော့ ကြည့်စမ်းပါဦး . . . လွယ်ကူလိုက်ပုံများ တစ်ခါမှ ထင်မထားခဲ့သည့်အဖြစ်။

ရန်ကြီးအောင် လက်ခံလိုက်၍ ကျေနပ်သွားပုံရကာ တပြုံးပြုံးနှင့် ထိုင်ခုံဘေးက ခလုတ်တစ်ခုကို နှိပ်နေပြန်၏။

မကြာလိုက်ပါ . . . ဘေးက တံခါးတစ်ချပ်ပွင့်သွားလျက် အသက် (၅၀) ဝန်းကျင် အမျိုးသမီးကြီးတစ်ယောက်နှင့် အမျိုးသမီးငယ်တစ်ယောက် အခန်းထဲဝင်လာတာကို တွေ့လိုက်ရသည်။

ထင်ထားပြီးသားမို့ ရန်ကြီးအောင် ထူးပြီးမအံ့သြပါ။

ထိုအမျိုးသမီးငယ်လေးက ကိုယ်တိုင် မြင်းလှည်းနဲ့ ဒီခြံကို လိုက်ပို့ခဲ့ဖူးတာပဲ မှတ်မိနေပါ၏။

နာမည်တောင် မှတ်မိနေသေးတယ်၊ ဘာတဲ့ . . . ကကြိုး။ အင်း . . . ဟုတ်တယ် ဟုတ်တယ်၊ ကကြိုးတဲ့။ ပြီးတော့ ဒေါက်တာမလေးတစ်ယောက်ဆိုတာပါ သိနေလေတော့ ဘာမှမအံ့သြတော့ပါ။

သူမကတော့ ကိုယ့်ကိုတွေ့လိုက်တာနဲ့ မျက်လုံးလေး ဝိုင်းသွားလိုက်တာ အံ့သြသွားတယ် ထင်ပါရဲ့။

သူမစိတ်ထဲမှာ ဒီလိုပတ်ဝန်းကျင်နဲ့ ကိုယ်နဲ့ ဘယ်လိုမှ ပတ်သက်စရာအကြောင်း မရှိဘူးလို့ ထင်နေမှာပေါ့။





ဒါလည်း သိပ်တော့မဆန်းပါ။ သူမ,တွေးသင့်သည့် ကိစ္စပါပဲ။

ဆန်းနေတာက မေမေ့အပြောအရ ကိုယ်ရဲ့အဘွား ဒေါ်စိန်မြချယ်ပါပဲ။ ဘယ်လိုဖြစ်ပြီး ကိုယ့်ကိုမျက်လုံးကြီးပြူးပြီး ကြည့်နေတာပါလိမ့်။

ကိုယ့်ကိုယ်ကိုယ်တောင် မလုံချင်။ ဒီလောက်ကြည့်နေတော့ ရှက်ကိုးရှက်ကန်း ဖြစ်သွားရသည်။

ကိုယ်ကပဲ အရင်မျက်နှာလွှဲလိုက်ရတဲ့အဖြစ်။ အနားကို ရောက်လာသည့်တိုင် ကြည့်နေဆဲမို့ ရန်ကြီးအောင် မျက်နှာမထားတတ်တော့။

မသိမသာ မျက်နှာငုံ့ထားလိုက်၏။ ရှေ့တည့်တည့်မှာ လာထိုင်ပြီးသည်နှင့် . . .

"သူလေးလား အနော်"

စတင်မေးခွန်းထုတ်တော့သည်။

"ဟုတ်ပါတယ် မယ်မယ်၊ သားအတွက်တော့ အားကိုးထိုက်မယ် ထင်ပါတယ်၊ သားထင်တာ မမှားရင်ပေါ့"

"အင်း . . . မယ်မယ်လည်း သားတွေးသလို တွေးမိပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ လူယုံထားပြီး သွားလေရာ ခေါ်မသွားဖူးတော့ တော်တော်လေး စဉ်းစားချင့်ချိန်နေရတာမဟုတ်လား၊ အခုတော့ ဒီလူလေးကို မြင်လိုက်ရုံနဲ့ သားလုပ်ရပ်မမှားဘူးလို့ မယ်မယ်ထောက်ခံပါတယ်''

သားအမိနှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် နားလည်နိုင်သော စကားအဓိပ္ပာယ်များနှင့် ပြောနေကြပြီး ကျေနပ်ပီတိတွေဖြင့် တပြုံးပြုံး ဖြစ်နေကြတော့သည်။

ဘာမှနားမလည်သော ရန်ကြီးအောင်မှာသာ အယုံကြည်လွန်နေသော သားအမိရှေ့မှာ အနေခက်နေရ၏။ ပိုဆိုးတာက ဟိုဒေါက်တာမလေးရှေ့မှာ ဖြစ်နေတာ ဆိုးသည်။

ဘေးမှာထိုင်နေသော အဘမှန်ကိုပင် ရှက်ကိုးရှက်ကန်းနှင့် မော့ကြည့်လိုက်မိ၏။ အဘမှန်ကတော့ နားထောင်သူသက်သက်သာ၊

''ဒီတော့ ဘယ်အချိန်ကစပြီး လူလေးကို အင်္ဂလိပ်စာသင်ပေးမှာလဲ အနော်''

ဒေါ်စိန်မြချယ် သားဖြစ်သူဘက်လှည့်ပြီး သိလိုဇောနှင့် မေးလိုက်လေသည်။

ဦးရဲရင့်နောင်ကလည်း နပ်ပါသည်။ မမေးပါနဲ့မယ်မယ် ရယ်ဆိုသော အကြည့်ဖြင့် ကြည့်၍ ပြုံးရွှင်စွာဖြင့် ...





''ဖြည်းဖြည်းပေါ့ မယ်မယ်၊ လူလေးက လက်ခံပေမယ့် သူ့မှာ တိုင်ပင်ရမယ့်သူတွေများ ရှိဦးမလားလို့ အချိန်ပေးလိုက်ပါဦး၊ တာဝန်ကကြီးတော့ စဉ်းစားပါစေဦး''

မင်းမိဘတွေ ဘယ်သူလဲလို့ တဲ့တိုးမမေးချင်၍ သွယ်ဝိုက်သောနည်းဖြင့် ဦးရဲရင့်နောင် မေးလိုက်ပါ၏။

ဒါကို ရန်ကြီးအောင် သဘောမပေါက်ဘဲ ...

''ရပါတယ်ခင်ဗျ ... ကျွန်တော့်ဆုံးဖြတ်ချက် တစ်ခုပါပဲ၊ အမေက ကျွန်တော်လုပ်ကျွေးနေရတာဆိုတော့ ငွေပို့ပေးနိုင်ဖို့ပဲ လိုတာပါ၊ ကျွန်တော်လုပ်သမျှကို အမေ့က သိပ် ဝင်မပတ်သတ်ဘူးလေ၊ အဓိက,က ရိုးရိုးသားသားရှာဖွေရင် ပြီးတာပဲလို့ အမေကပြောပါတယ်''

အမေ့ကို အထင်မသေးစေရန် ရည်ရွယ်၍ ရန်ကြီးအောင် စကားခံထားလိုက်သည်။

''ဪ ... လူလေးက အမေတစ်ခု သားတစ်ခုလား''

''ဟုတ်ကဲ့ ... အဖေက ကျွန်တော်သိတတ်စမှာ အလုပ်ကိစ္စနဲ့ ခရီးသွားရင်း ကားမှောက်ပြီး ဆုံးသွားခဲ့ပါတယ်၊ အခု အမေပဲ ရှိတော့တာပေါ့''

''စိတ်မကောင်းလိုက်တာ လူလေးရယ်''



www.burmeseclassic.com

www.burmeseclassic.com



"သားအဖေက ဘာအလုပ်လုပ်လို့လဲ၊ သားကရော အစက ဘာအလုပ်တွေလုပ်လဲ"

စိတ်မကောင်းစွာဖြင့် ဒေါ်စိန်မြချယ် ဝင်မေးလိုက်လေသည်။ သားဟုလည်း ခေါ်မိသွားခဲ့ရ၏။

ရန်ကြီးအောင်ကတော့ စာနာစိတ်ဖြင့် ခေါ်သည်အထင် ရောက်ကာ အမှန်တရားကိုပင် ဖုံးကွယ်လိုက်မိသည်အထိ လိမ်ညာ ပြောမိလေသည်။

"အဖေလည်း အစက မြင်းလှည်းမောင်းသလို ကျွန်တော် လည်း အစက မြင်းလှည်းမောင်းပါတယ်"

"ဟင်"

လွဲပြန်ပြီဆိုသည့်အသိကြောင့် ဒေါ်စိန်မြချယ် မျက်နှာပျက် သွားလျက် သားဖြစ်သူ၏လက်တစ်ဖက်ကို အားကိုးတကြီး ဆုပ်ကိုင် လိုက်မိလေ၏။

မိခင်ဖြစ်သူကို ဦးရဲရင့်နောင် နှစ်သိမ့်အားပေးရင်း အားကိုး တကြီး ဆုပ်ကိုင်ထားသောလက်ကို ပြန်လည်ဖျစ်ညှစ်ထားလိုက်လေ သည်။

သူကိုယ်တိုင်လည်း ကတုန်ကယင်ကြီး ဖြစ်သွားရ၏။ သူတို့





တွေ ဘာအဓိပ္ပာယ်နဲ့ ဒီလိုမေးနေတယ်ဆိုတာကို သိနေသော ကကြိုး မှာလည်း တော်ပါသေးရဲ့လို့ ရင်ထဲက ရေရွတ်ရင်း သက်ပြင်းဖွဖွချ လိုက်မိသည်။

မိဘတွေနာမည်ကို မမေးတာဘဲ ကျေးဇူးတင်နေမိလေ သည်။ တကယ်လို့ သူတို့မေးခဲ့လျှင် ဟိုကပြန်ဖြေလိုက်လို့ ထင် ထားသလို ဖြစ်ခဲ့ပြီဆို ကကြိုး ဘယ်လိုမှ မရှင်းတတ်တော့ပါ။

သူက ဆောင်းတမှီရဲ့သားပါလို့ ပြောပြီးမှ ကကြိုး ဘယ် လိုမျက်နှာနဲ့ ဖွင့်ပြောရတော့မလဲ။

ကိုရန်ကြီးအောင် ... ရှင် ကျွန်မကိုပြောခဲ့တဲ့စကားက တခြားလူတွေကြောင့် မဖြစ်ရဘဲ ရှင့်ကြောင့်ဖြစ်ရတော့မယ် ထင်ပါရဲ့။ ရှင် မှတ်မိရဲ့လား ... အဲဒီ နေချင်စရာကောင်းတဲ့ တိုက်လေးထဲမှာ သေချင်စရာကောင်းလောက်အောင် ကြုံရမယ့်အဖြစ်မျိုးနဲ့ ကြုံရင် အကူအညီလိုတဲ့အခါ ရှင့်ကို သတိရပါဆို။

အခု ရှင့်ကြောင့် ကျွန်မ သေချင်လောက်အောင် အခက် တွေ့နေပြီ။ ရှင် ဘယ်လိုအကူအညီပေးနိုင်မလဲ ... ပြော။

အစက အေးချမ်းနေတဲ့ ကျွန်မအဖြစ်က ရှင့်ကိုတောင် မေ့နေခဲ့တာ။ ရှင်ပြောတာတွေလည်း သတိမရဖြစ်ဘူး။ သူတို့ပြော



www.burmeseclassic.com

www.burmeseclassic.com



နေကြတာ ရှင်ဖြစ်လိမ့်မယ်လို့ ယောင်လို့တောင် မတွေးမိတဲ့ အဖြစ်ပါ ရှင်။ ရှင့်ကိုတွေ့လိုက်တော့ ကျွန်မ ဘာဖြစ်သွားတယ် ထင်သလဲ။ ရှင်နဲ့ဝေးရာကို အမြန်ဆုံးပြေးထွက်သွားချင်ခဲ့တာ . . . သိရဲ့လား။

ဘာဖြစ်လို့လဲဆိုတာရော သိချင်သေးလား။

ပါးစပ်က ကျွန်တော် ဆောင်းတမိုရဲ့သားပါလို့ ပြောလိုက်မှာကို သိပ်ကြောက်လို့ပေါ့။ သူတို့ကလည်း ရှင့်ကို အဲသလိုပဲ ထင်နေကြတာလေ။

ဒီနေ့အဖို့တော့ အားလုံးကို ကျေးဇူးတင်ရမှာပါပဲ။ ဒီနာမည်နဲ့ပတ်သက်တဲ့ အရိပ်အယောင်ကို ဘယ်သူ့နှုတ်ဖျားကမှ ထွက်မလာလို့ပါ။

ငြိမ်ငြိမ်လေးထိုင်ပြီး ကိုယ်နဲ့မဆိုင်သလိုလို နားထောင်နေပေမယ့် မတည်ငြိမ်တဲ့စိတ်က ယောက်ယက်ခတ်စွာ တွေးနေဖြစ်သည်။

ရန်ကြီးအောင်ဆိုသူရဲ့ မျက်နှာကိုလည်း မျက်တောင်မခတ်ကြည့်နေမိ၏။

အတွေးထဲ ဘယ်လောက်နစ်မျောနေသလဲဆို ဘေးက နေအန်ကယ်ခေါ်တာပင် မကြားမိ။





ဘွားချယ်က ပခုံးချင်းတိုက်ပြီး သတိပေးမှ သတိဝင်လာရတဲ့အဖြစ်။

"သမီး . . . သမီးအန်ကယ် ခေါ်နေတယ်လေ"

"ရှင် . . . ဘာပြောမလို့လဲ အန်ကယ်၊ အဟင်း . . . အန်ကယ် အင်္ဂလိပ်စာသင်နိုင်းမယ့်သူက အရမ်းငယ်နေလို့ ဖြစ်ပါ့မလား ဆိုပြီး တွေးနေမိတာ၊ ဆရာ့စကား နားမထောင်လို့က ဘယ်လိုဆုံးမရင်ကောင်းမလဲ စဉ်းစားနေမိလို့ အန်ကယ်ရဲ့"

ခေါ်သံမကြားရလောက်အောင် တွေးနေငေးနေခြင်းအပေါ် မလုံမလဲဖြစ်သွားရခြင်းအား အရှက်ပြေနိုင်မည့်စကားလုံးများဖြင့် ဖာထေးနေမိလေသည်။

ဦးရဲရင့်နောင်က တကယ်ထင်မှတ်၍ . . .

"လုပ်ငန်းနဲ့ပတ်သက်မယ့် အကြောင်းအရာ၊ အပြောအဆိုလေးတွေကို အဓိကထားပြီး သမီးက သင်ပေးပေါ့၊ ဘွဲ့မရသေးပေမယ့် အင်္ဂလိပ်စာနဲ့တော့ စိမ်းမှမစိမ်းတာဘဲ၊ သင်လို့ခက်မယ် မထင်ပါဘူး၊ အရွယ်ဆိုတာထက် လိုချင်မျက်စိရှိဖို့ လိုတာပဲဟာ၊ လူလေးဘက်ကလည်း ကိုယ့်တိုးတက်ရာတိုးတက်ကြောင်းအတွက်ပဲ . . . ကြိုးစားပေါ့ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ကကြိုးကို ပြောနေရာမှ သူ့ကိုပါ မေးဆတ်၍ တစ်ဆက်တည်းပြောလိုက်တာမို့ ယောင်နနနှင့် ရန်ကြီးအောင် ခေါင်းညိတ်လိုက်မိလေသည်။

အင်္ဂလိပ်စာစကားပြော သင်ပေးမှာ ဒီဒေါက်တာမလေးပါလားဆိုသော အသိက လူကို ရှက်အမ်းထူပူသွားစေခဲ့သည်။

သူမ,ပြောသလိုပဲ ဒီအရွယ်ကြီးကျမှ စာပြန်သင်ရမှာ အတော်တော့ ကြောင်သည့်အလုပ်ပင်။

ဒါပေမဲ့ ခုနက အန်ကယ်ပြောသလိုပဲ ကိုယ့်ဘဝရှေ့ရေးတိုးတက်ဖို့အတွက်မို့ ကြိုးစားရပါလိမ့်မည်။

ဒီကြိုးစားမှုမှာ နဂိုရည်ရွယ်ချက်က အရင်းခံလေသည်။

"ကဲ ဦးမှန် . . . ကလေးကိုခေါ်သွားနိုင်ပါပြီ၊ မနက်ဖြန်ကစပြီး လူလေး ဒီတိုက်ကြီးပေါ် ပြောင်းနေရမယ်နော်၊ လူလေးအတွက် အခန်းတစ်ခန်း ပြင်ထားပေးမယ်၊ အင်္ဂလိပ်စာ စကားပြောကိုလည်း မနက်ဖြန်ကပဲ စလိုက်ကြတာပေါ့၊ အလုပ်တစ်ခုကို တွေဝေနေမယ့်အစား လက်တွေ့လုပ်လိုက်တာ ပိုကောင်းပါတယ်ကွာ . . . နော်"

သူ့ဘာသာပဲ ပြော၊ သူ့ဘာသာပဲ အတည်ယူ၍ နောက်ဆုံးတော့ ရန်ကြီးအောင်ကို လက်ခံနိုင်းလိုက်သည်ပင်။





ရန်ကြီးအောင်လည်း မငြင်းပါ၊ ခေါင်းညိတ်ပြီးသားပင်။ ဒီမှာတင် ဆွေးနွေးပွဲက ပြီးလေပြီ။

ရန်ကြီးအောင်တို့က ပြန်သွားသည်နှင့် ဒေါ်စိန်မြချယ် မျက်ရည်လေးတစမ်းစမ်းဖြင့် သားဖြစ်သူကို အားငယ်ဖျော့တော့စွာ မော့ကြည့်လာပြီး . . .

"အနောင်"

"စိတ်ကိုထိန်းပါ မယ်မယ်ရယ်၊ တစ်ခုခုတော့ အဖြေရှိမှာပါ၊ သားထင်ရင် မှားခဲ့ပါတယ်၊ လွဲနေတာဟာ အမှန်ရောက်ဖို့ လမ်းစပါပဲ၊ အဖြေမှန်ကို သားရှာဖွေပါ့မယ်၊ နောက်ဆုံး ဒီကလေးဟာ သားတို့ထင်သလို မဖြစ်ဘူးပဲထားဦး . . . နောက်တစ်ကြိမ် ညီမလေးကိုရှာဖို့သာ ကြိုးစားပါဦးမယ်၊ စိတ်လောပြီး ကလေးရှေ့မှာ စကားမမှားဖို့တော့ လိုမယ် မယ်မယ်၊ တော်ကြာ ကိုယ့်စကားနဲ့ ကိုယ့်ကိုပြန်ချည်သွားမှ ခက်နေပါ့မယ်"

အားကိုးတကြီး မော့ကြည့်လာသော မိခင်ဖြစ်သူအား ဦးရဲရင့်နောင် ထွေးပွေ့နှစ်သိမ့်မိလေသည်။

သမီးလုပ်သူအပေါ် ဒီလောက်သံယောဇဉ်ကြီးပြီး ခုထိ မျှော်လင့်နေသေးသော ဘွားချယ်အား ကကြိုးသနားလို့ မဆုံးနိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သားအမိတွေ မြန်မြန်ပြန်ဆုံကြရပါစေလို့ ဆုတောင်းပေးနေမိ၏။

အခုမှ ဖွင့်ပြောလိုက ်အကြံအဖန်သမားဟု ကကြီးကို ထင်ပေရော့မည်။

ဒီတော့ အခြေအနေကို စောင့်ကြည့်ရုံသာရှိပါတော့သည်။

မေမေ့ထံကိုပါ အကျိုးအကြောင်းပြောပြရန် စိတ်ကူးမိလေသည်။

အခုလောလောဆယ်တော့ သမီးအတွက် ရတက်မအေးနိုင်သူ ဘွားချယ်အား အားပေးနှစ်သိမ့်ရန်က အရေးကြီးနေသည်မို့ ဘွားချယ်နားသို့ တိုးကပ်ထိုင်လိုက်ပြီး . . .

"အန်ကယ်ပြောတာ ဟုတ်သားပဲ ဘွားချယ်ရယ် . . . စိတ်မကောင်း ဖြစ်မနေပါနဲ့၊ ကကြီးလည်း ဘွားချယ်တို့သားအမိ ပြန်ဆုံတွေ့ဖို့ ဝိုင်းဝန်းကြိုးစားပေးပါ့မယ်၊ စိတ်မကောင်းမဖြစ်တော့နဲ့နော်၊ လာ . . . ကကြီးတို့ အခန်းဆီ ပြန်ကြရအောင်၊ ဆေးသောက်ချိန်ကျနေပြီ၊ အန်ကယ် . . . ကကြီးတို့ကို ခွင့်ပြုပါဦး"

"အေး သမီး . . . အေးကွယ်"

ချော့မော့နှစ်သိမ့်၍ ဖေးမတွဲခေါ်သွားသည့် ကကြီး၏





မေတ္တာစေတနာများကို ဦးရဲရင့်နောင် ကြည်နူးဝမ်းမြောက်စွာ ငေးကြည့်၍ မယ်မယ်ပြောသလိုပဲ ဒီကလေးမလေးရော ညီမလေးနဲ့များ ပတ်သက်ခဲ့သည်ရှိသော် . . . ။

ထိုအတွေးဖြင့် သက်ပြင်းငွေ့ငွေ့ချ၍ ကုလားထိုင် နောက်မှီချလိုက်မိလေတော့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဟဲ့ . . . သောင်းထိုက်"

"ဗျာ . . . ခြော် ဒေါ်လေး . . . လာလေ"

မြင်းစာကျွေးရန်ပြင်ဆင်နေသော သောင်းထိုက်တစ်ယော
အနောက်မှခေါ်သံကြောင့် ကမန်းကတန်း လှည့်ကာ ထူးလိုက်ပြ
ဒေါ်ဆောင်းတမှီဖြစ်နေ၍ ရင်ထဲ ထိတ်ခနဲဖြစ်သွားရ၏။

သို့သော် ဣန္ဒြေမပျက် လှမ်းခေါ်လိုက်ရသည်။

ဒီလိုမှမဟုတ်လျှင် ပြဿနာက ဆပွန်စာတောင်းစရာမလို





စပါယ်ရှယ်ရောက်လာမှာ ဖြစ်သည်။

အမြဲတမ်း အလိုမကျသည့်မျက်နှာက ဟန်ဆောင်ပန်ဆောင်
လေးတောင် ပြုံးတယ်ဟူ၍ တစ်ခါမှ မတွေ့။

အခုလည်း မကြည်မသာဖြင့် အနားကို လျှောက်လာလျက်

"မင်းနိုင်အောင် အဆက်အသွယ် မရှိဘူးလား"

"ဟင့်အင်း . . . မရှိဘူးဒေါ်လေး၊ လကုန်တော့မယ်လေ
ဒီကောင် လခထုတ်ရင် ဒေါ်လေးဆီလာမှာပေါ့"

"တော်စမ်းပါဟယ်၊ ငါ မျှော်နေတာ အဲဒီလခကို မဟုတ်ပါ
ဘူး၊ ငါလိုချင်တဲ့ပုံစံ ဖြစ်,မဖြစ် သိချင်တာပါ ဘုရားဖြစ်မယ့် နင့်သူ
ငယ်ချင်းအုတ်နီခဲကြီးဆီက ဘာသတင်းများထူးလဲလို့ လာမေးတာပါ"

"ဟာ ဒေါ်လေးကလည်း . . . သတင်းထူးမှတော့ ဒေါ်လေး
အရင်သိရမှာပေါ့၊ ဒေါ်လေးကို ဝမ်းသာစေချင်လို့ လာမပြောဘဲ နေမ
လား၊ ဒေါ်လေး . . . ဒေါ်လေးကိုယ်တိုင် သွားရှင်းလိုက်ပါလား၊ ကိုယ့်
အစ်ကိုနဲ့ ကိုယ့်အမေပဲဟာ မပြောရဲစရာအကြောင်း ဘာရှိလို့လဲ"

မရဲတရဲနဲ့ ခေါ်လိုက်ပြီးမှ အရဲစွန့်၍ သောင်းထိုက် ပြော
ကြည့်လိုက်လေသည်။

ဒီလောက်ရှင်းတာကို ဒေါ်လေးဘာသာ ရှုပ်အောင် လုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့လို့ ဆက်ပြောလိုက်ချင်ပေမယ့် ကိုယ့်အန္တရာယ်လည်း ကြည့်ရှောင်ရသေးသည်မို့ ထိုမျှလောက်သာ ပြောလိုက်မိလေသည်။

ဒီလောက်လေး ပြောမိတာတောင် ဒေါ်ဆောင်းတမှီ မျက်နှာကြီးက မဲ့၍ ပြုံးပြလာပြီး . . .

"ငါ့အိမ်အကြောင်း နင် ဘယ်လောက်သိလို့ ဝင်ပြောတာလဲ သောင်းထိုက်၊ အဲဒီ ငါ့အစ်ကိုလောဘအိုးကြီးက ပစ္စည်းတွေ မျှဝေမပေးချင်လို့ ငါ့ကို အိမ်ပေါ်က ပထုတ်လိုက်တဲ့ဟာ၊ ငါက မျက်နှာပြောင်တိုက်ပြီး သွားရမလားဟဲ့၊ အေး . . . ငါ ရထိုက်တာကိုတော့ လိုချင်သေးတယ်ပေါ့၊ အဲဒါကြောင့် ဒင်းတို့တူဝရီး သတ်ချင်သတ်၊ ဖြတ်ချင်ဖြတ် . . . အကြောင်းမဟုတ်ဘူး၊ ငါလိုချင်တာ ရဖို့က အဓိကပဲ၊ ဒါကို ငအောင် မစွမ်းဆောင်နိုင်လို့ကတော့ ဒင်းလည်း လွယ်မယ်မထင်နဲ့"

ကြောက်စရာကောင်းလောက်အောင် ကြိမ်းဝါးပြောဆိုပြီး ဒေါ်နှင့်မောနှင့် ပြန်ထွက်သွားသော ဒေါ်ဆောင်းတမှီအား သောင်းထိုက် ကြည့်ကာ တရားကျမိပါ၏။

လူတွေ လူတွေ . . . ပစ္စည်းနဲ့ပတ်သက်လာလျှင် မိဘ ညီအစ်ကို မောင်နှမပင် မဆိုထားနှင့် . . . သားသမီးအရင်းအချာကိုပင်





ညှာတာရမှန်း မသိနိုင်ကြပါလားလို့ တွေး၍ သက်ပြင်းချမိလေတော့သည်။

ငယ်စဉ်က ဒေါ်ဆောင်းတမှီတစ်ယောက် ရွှေအိမ်ကြီးပေါ်မှာ ဘယ်လိုနေထိုင်ခဲ့သည် မသိရသော်လည်း အခုလက်တွေ့မှာတော့ လောဘဒေါသမီး တောက်လောင်လျက် ဘယ်တော့မဆို အလိုမကျသည့်မျက်နှာကြီးနှင့် အလိုမကျသည့်စကားသံများကြောင့် တစ်ချိန်က ရွှေဘုံပေါ်က ရွှေအိမ်စံမင်းသမီးလေးတစ်ပါး ဖြစ်ခဲ့သည်ဆိုတာကို ဘုရားစူးကျိန်ပြောတောင် သောင်းထိုက် ယုံရခက်နေရ၏။

အင်း . . . သူပြောသလို သူ့အစ်ကိုရဲ့ ရက်စက်ယုတ်မာတဲ့ စိတ်ထားတွေ အခုထိ မပြောင်းသေးပါက ရန်ကြီးအောင်အတွက် ရင်လေးလိုက်ပါဘိ။

စိတ်မသက်မသာဖြင့် မြင်းစာခွက်ထဲကို မြင်းစာရော ရေပါ ရောထည့်လျက် သောင်းထိုက် ခေါင်းသာ ခါယမ်းလိုက်မိလေတော့သည်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ရော့ . . . ဒီစာရွက်ထဲမှာပါတဲ့ စာလုံးပေါင်းတွေကို အရင်ကျက်နှင့်၊ နောက်နေ့တွေမှ လုပ်ငန်းနဲ့ပတ်သက်ပြီး ပြောရမယ့် အကြောင်းအရာတွေကို သင်ပေးမယ်၊ လောလောဆယ် စာလုံးပေါင်းနဲ့ အသံထွက်သိထားဖို့က အရေးကြီးလို့ ဒါကို အရင်သင်ရတာ . . . ရှင် သဘောပေါက်မှာပါ"

စီစဉ်ပေးထားသော စာသင်ရန်အခန်းတွင်း၌ စာရွက်အချို့ကို ရန်ကြီးအောင်ရှေ့သို့ ကကြိုးချပေးလိုက်ရင်း သဘောပေါက်စေရန် ရှင်းပြနေမိလေသည်။





ရန်ကြီးအောင်ကလည်း တလေးတစား ယူ၍ ဖတ်ကြည့်နေမိသည်။

ဘာပဲပြောပြော . . . အလုပ်သဘောအရ ဆက်ဆံကြသည်မို့ နှစ်ယောက်စလုံး တည်ငြိမ်ရင့်ကျက်နေကြပါ၏။

စာလုံးပေါင်းများကို ပါးစပ်လှုပ်ရုံလေး ရန်ကြီးအောင်ဖတ်၍ လက်ကလည်း စာရွက်အလွတ်တစ်ခုမှာ လိုက်ရေးနေလိုက်လေသည်။

ရေးရင်းကျက်၊ ကျက်ရင်းရေးသည့်အကျင့်ကို ကျောင်းနေကတည်းက ရန်ကြီးအောင် ပြုလုပ်ခဲ့တာပင်။ ဒီအကျင့်က ခုထိ စွဲနေတုန်းပင်။

စာလုံးပေါင်းဆယ်ခုကို နာရီဝက်အတွင်း အလွတ်ရသွား၍ . . .

"ကျွန်တော် ဆိုပြရမှာလား ဒေါက်တာ"

ရန်ကြီးအောင်စာကျက်နေစဉ် ကကြိုးကလည်း နောက်ထပ်သင်ရမည့် သင်ခန်းစာအတွက် ရေးချနေဆဲ အလွတ်ရပြီဆို၍ အံ့သြစွာ မော့ကြည့်မိလေသည်။

အတည်ပေါက်ပြောနေခြင်းမို့ လက်ထဲက ဘော့(ပ်)ပင်ကို ချထားလျက် အလွတ်ဆိုနိုင်းကြည့်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသံထွက် လေယူလေသိမ်းကအစ အံ့ဩယူရလောက် အောင် တော်နေလွန်း၍ ကကြီး မချီးမွမ်းဘဲမနေနိုင်အောင် ဖြစ်ရလေသည်။

"ဟင် ... ရှင်က ထင်ထားတာထက်တောင် တော်နေပါလား။ ကကြီးထင်ထားတာက အသံထွက်တွေ ရေးချထားပေးပေမယ့် လေယူလေသိမ်းတော့ ပြင်ပေးရမယ် ထင်ထားတာ၊ ဒီလောက် အချိန်တိုအတွင်းမှာ အင်္ဂလိပ်စာကို အလွတ်ရအောင်ကျက်နိုင်တာ နည်းတဲ့ ပါရမီမှ မဟုတ်တာ၊ ပြီးတော့ ဂိုက်လုပ်စားလို့ ရလောက်အောင်ကို အရည်အချင်းက ပြည့်ဝနေသေးတော့ ဆယ်တန်းအောင်ရုံလေးပဲ ဆိုတာတောင် ကကြီး မယုံချင်တော့ဘူး"

ချီးမွမ်းခန်းတွေ ဖွင့်နေသော ကကြီးအား ရယ်ကျဲကျဲနှင့် လုပ်ကာ ရန်ကြီးအောင်ကြည့်လျက် ...

"ဒီလောက်လည်း မဟုတ်သေးပါဘူး ဒေါက်တာ၊ စိတ်ပါနေချိန်မို့ ဖြစ်ပါလိမ့်မယ်၊ နောက်ပြီး ကျွန်တော်ကိုယ်နှိုက်ကိုက အင်္ဂလိပ်စာကို စိတ်ဝင်စားတယ်လေ"

"ဟုတ်လား ... အဲဒါ ကောင်းတာပေါ့၊ ဘယ်အလုပ်မဆို စိတ်ဝင်တစားရှိမှ အကျိုးရှိတာမဟုတ်လား၊ ဒါနဲ့ ကြုံတုန်း ပြောရ





ဦးမယ် ... ကျွန်မကို တရိုတသေ ဒေါက်တာလို့ ခေါ်စရာမလိုပါဘူး၊ ကကြီးလို့ပဲ ခေါ်ပါ၊ ရွယ်တူလောက်ပဲလား မသိဘူး ... ဒီအိမ်မှာ ရှင်လည်း အလုပ်သမား၊ ကကြီးလည်း အလုပ်သမားပဲလေ၊ အရိုအသေ မပေးပါနဲ့၊ ရှင့်ကိုလည်း ရင်းရင်းနှီးနှီးပဲ ကိုအောင်လို့ခေါ်ပါ့မယ်၊ ကျေနပ်ရဲ့လား"

ပိုရင်းနှီးစေရန် ကကြီး တမင်ပင် ဖန်တီးယူနေမိပါသည်။ ဒါမှလည်း သူ့အကြောင်း ကိုယ့်အကြောင်း ဆွေးနွေးခွင့်ရကြတဲ့အခါ ပြောရဲဆိုရဲ ရှိကြမည်မဟုတ်ပါလား။

ရန်ကြီးအောင်ကတော့ ထိုအခြေအနေကို မရိပ်စားမိပါ။ ရိုးသားစွာပင် သဘောတူလက်ခံခဲ့လေသည်။

စာသင်ချိန်တစ်လျှောက်လုံးမှာလည်း ကကြီး၏ လိုက်လျောညီထွေစွာ ဆက်ဆံပြောဆိုမှုများကြောင့် နှစ်ဦးသား ရင်းနှီးမှုတွေ ပိုခဲ့ကြရလေသည်။

"ကိုအောင် ... ဒီမှာ အလုပ်မလုပ်ဖြစ်တော့လို့ ထွက်သွားရလည်း စိတ်မပူနဲ့တော့၊ တခြားမှာ ဂိုက်လုပ်စားချင်လား ဒါမှမဟုတ် ကျူရှင်ပြစားလို့လည်း ရသွားပြီ၊ မြင်းလှည်းပြန်မောင်းဖို့များ စိတ်တောင်မကူးနဲ့တော့ ... သိလား၊ ဒီလို နာရီပိုင်းအတွင်းမှာ သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်နားလည်နိုင်တဲ့ဦးနှောက်မျိုး ကိုအောင့်မှာပဲ ရှိသလားလို့တောင် ကကြိုးထင်နေမိတယ်''

''အာ . . . ကကြိုးကလည်း စွတ်ပြီးချီးမွမ်းနေတော့တာပါလား၊ ကိုယ် မနေတတ်တော့ဘူးကွ၊ ကိုယ် ပြောပြီးပါရောလား . . . ကိုယ့်ရဲ့နဂိုဗီဇကိုက အင်္ဂလိပ်စာ ဝါသနာပါလို့ပါဆိုနေမှ၊ တစ်ခုတော့ ရှိတယ်ကွ . . . ကိုယ့်အဖေရဲ့ သွေး, ကိုယ့်အဖေရဲ့ဗီဇတွေက ကိုယ့်ဆီမှာ ပိုရှိလို့လား မပြောတတ်ဘူး . . . ဘာကိုသင်သင် သင်လွယ်တတ်လွယ်နေတော့တာပဲ''

ချီးမွမ်းလို့မဆုံး ဖြစ်နေသော ကကြိုးအား အရိုးခံအတိုင်း ရန်ကြီးအောင် ရှင်းပြနေမိလေသည်။

အရိုးခံအတိုင်း ရှင်းပြသူက ရှင်းပြနေပေမယ့် အကြံရှိနေသူကတော့ စကားတစ်ခွန်း ကြားလိုက်ရတိုင်း တုန်လှုပ်သွားရမြဲ။ အခုလည်း အဖေ့သွေး အဖေ့ဗီဇဆိုတဲ့စကားတစ်ခွန်းက သိချင်စိတ်ကို နှိုးဆွပေးလိုက်ပြန်တာမို့ ကကြိုး စဉ်းစားချင့်ချိန်မနေတော့ဘဲ ကသောကမျောပင် မေးလိုက်မိပါ၏။

''ဪ ဟုတ်လား . . . ကိုအောင့်အဖေလည်း အဲဒီလောက်ကို တော်တာလား''





''ဟုတ်တယ် ကကြိုးရဲ့ . . . ကိုယ့်အဖေက မြင်းလှည်းမောင်းသမားဘဝ မရောက်ခင်က တက္ကသိုလ်မှာ နည်းပြဆရာ လုပ်ဖူးတယ်လို့ပြောတယ်၊ အမေနဲ့ညားပြီးမှ အခြေအနေအရ မြင်းလှည်းမောင်းခဲ့ရတာလို့ အမေကပြောဖူးတယ်လေ၊ အဲဒါကြောင့် ကိုယ့်ကို အမေက ဖအေတူသားလို့ အမြဲတမ်း ပြောနေခဲ့တာ''

''ဪ''

အားအင်ချည့်နဲ့စွာပင် ကကြိုး ဪ . . . ဟုပြောလိုက်မိပါ၏။ ကိုအောင့်အဖေနာမည် ဘယ်သူလဲဟင်လို့မေးရန်ပင် အင်အားမရှိတော့ပါ။ ဒါ တိုက်ဆိုင်မှုဆိုလျှင်တောင် သူမ နားထောင်နိုင်စွမ်း မရှိတော့ပါချေ။

ဘယ်သူက မှန်တယ်၊ ဘယ်သူက မှားတယ်ဆိုတာကိုလည်း ကကြိုး မတွေးတောမစဉ်းစားချင်တော့ပါ။

တကယ်ဆိုလျှင် ကိုအောင်သည် သူမလို ဒီအိမ်ကြီးထဲကို ဆက်နွှယ်မှုများကြောင့် ရောက်လာခြင်းမဟုတ်မှန်း သူမကိုယ်တိုင် သိနေသည်ပဲ။

သူ့ခမျာ အလုပ်ကိစ္စနဲ့ရောက်လာပြီး အန်ကယ်တို့က ထင်ယောင်ထင်မှားဖြစ်နေခြင်းသာ။



www.burmeseclassic.com

www.burmeseclassic.com



အခု ကြားရသမျှတွေသည် တိုက်ဆိုင်မှုများသာ ဖြစ်နိုင်သည်ဟု စိတ်သက်သာရာရအောင် ကကြိုးတွေးလိုက်မိပါ၏။

ဒီလိုမှမတွေးလျှင် ကြာလျှင် သူမ ရူးများသွားမလား မပြောတတ်။

ထင်ကြေးနှင့်ပြောဆိုနေကြသော စကားများကို ကြားမိလေတိုင်း၊ တိုက်ဆိုင်မှုများနှင့် ကြုံတွေ့လေတိုင်း ခံနိုင်ရည်မရှိလောက်အောင် သွေးပျက်မတတ် ခံစားနေခဲ့ရသည် မဟုတ်ပါလား။

ရောက်စကတည်းက အကျိုးအကြောင်းရှင်းပြပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးလိုက်မိလျှင် အကောင်းသားဟု နောင်တရနေမိသည်။

အခုမှ ဖွင့်ပြောရန်ကဖြင့် မလွယ်တော့ပါ။ သူတို့တွေရဲ့ ရင်ထဲမှာက ရန်ကြီးအောင်ဆိုသောလူသာ နေရာအပြည့်ယူထားပြီးပဲ။

သူတို့ထင်သလို ဟုတ်,မဟုတ်ဆိုတာကိုတောင် အနားမှာထားပြီး အကဲခတ်နေကြတယ်ဆိုကတည်းက သူ မဖွင့်ပြောလည်း အချည်းနှီးသာ ဖြစ်ရော့မည်။

ကလိမ်ကကျစ်လို့ မထင်လျှင်တောင် ကျေးဇူးတင်ရပါဦးမည်။





မေမေ့စကားကို နားထောင်မိလို့ ဇာတ်လမ်းတွေက မရှုပ်သင့်ဘဲ ရှုပ်တော့မှာပါလား။

စောင့်ကြည့်လိုက်ပါဦး သမီးရယ် ... သူတို့တာသာ သိလာပါစေ။ သွေးက စကားပြောပါတယ်နဲ့ အချိန်တွေဆွဲခဲ့သမျှ ခုတ်ရာတခြား ရှရာတခြားတွေ ဖြစ်တော့မလားမသိဘူး၊

ကိုရန်ကြီးအောင်ကိုယ်တိုင်က ဘာမှ ပြောမလာသေးတာကြောင့် မေမေ့ကိုပင် ဒီအကြောင်းတွေ ဖုန်းဆက်ပြီး မပြောရသေး။ ဖုန်းဆက်ပြောပြီးမှ ထင်သလိုမဟုတ်ခဲ့လျှင် စကားကြီး အဖတ်တင်နေမှာစိုး၍ သူမတစ်ယောက်တည်း ကျိတ်ပြီး စိတ်ဆင်းရဲနေခဲ့ရတာ အခုဆို တစ်နေ့မှ စိတ်မချမ်းသာခဲ့။

ထိုနေ့အဖို့ အတွေးနဲ့တင် စိတ်မကြည်လင်တော့တာကြောင့် စာသင် ျင်းကို ရပ်နားလိုက်ပြီး ဘွားချယ်အတွက် ဆေးတိုက်ခြင်း၊ ဆေးထိုးခြင်းများကို ဆက်တိုက်ပြုလုပ်ပေးလျက် အတတ်နိုင်ဆုံး အာရုံပြောင်းဖြစ်နေမိလေသည်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"လာ လူလေး ... ထိုင်၊ ညက အိပ်ပျော်ရဲ့လားကွ"

"ဟုတ်ကဲ့ ... အိပ်ပျော်ပါတယ် အန်ကယ်"

တိုက်ကြီးပေါ်ကိုရောက်လာပြီး ဒီမှာပဲနေရန် အခန်းတစ်ခန်းပေးထားသည့်အပြင် စားတာသောက်တာကအစ ခွဲခြားမှု မရှိ သူတို့နှင့်ပင် အတူတူတစ်ဝိုင်းတည်း စားစေခဲ့သည်။

အခုလည်း မနက်လက်ဖက်ရည်ဝိုင်းတွင် ဦးရဲရင့်နောင်က ရန်ကြီးအောင်အား နှုတ်ခွန်းဆက်လိုက်ခြင်း ဖြစ်သည်။





"လူလေးက မနက်ဖက်ဆို ထမင်းစားတတ်တယ်လို့ ဦးမှန်ကပြောလို့ ထမင်းပြင်ပေးထားတယ်၊ ဘာမှ အားမနာနဲ့နော် ... စားသာစား၊ ပြီးရင် လက်ဖက်ရည်, နွားနို့ ကြိုက်တာသောက်လို့ ရသေးတယ်"

"ဟုတ်ကဲ့ ... အားမနာနဲ့ဆိုပေမယ့် ကျွန်တော့်အတွက် တကူးတကကြီး အခုလိုလုပ်ပေးတာတော့ အားနာတယ် အန်ကယ် ရယ်၊ နောက်နေ့တွေကျ အဆင်ပြေတာပဲ လုပ်ပါ၊ နေရာဒေသကိုလိုက်ပြီး ကျွန်တော် နေတတ်ပါတယ်"

အနေရ အထိုင်ရခက်စွာ ဖြစ်ရခြင်းကြောင့် ရန်ကြီးအောင် ပြောလိုက်ခြင်း ဖြစ်သည်။

ကိုယ့်အလုပ်သမားကို အခုလောက်ထိ မလုပ်ပေးသင့် အထင်ရောက်ခြင်းကြောင့် အားနာစကားဆိုမိခြင်း ဖြစ်သည်။

"အားမနာပါနဲ့ လူလေးရယ် ... စားပါ၊ တကူးတကလည်း မလုပ်ပေးရပါဘူး၊ မနက်လေးနာရီဆို ဆွမ်းထချက်နေကျဆိုတော့ ထမင်းက ကျက်ပြီးသားလေ၊ ဟင်းကလည်း အထူးအထွေမှ မဟုတ်တာ၊ မနေ့က ကျန်တဲ့အသားဟင်းကို နွှေးပေးပြီး ဝက်အူချောင်းလေး ကြော်ပေးရုံများ ဘာမှမခဲယဉ်းဘူး၊ နောက်နေ့တွေကစပြီး လူလေးကို



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းခွင်ထဲခေါ်သွားဖို့ စိတ်ကူးထားတယ်၊ အသက်ကကြီးလာတော့ အားကိုးလိုလာပြီလေ၊ သားတစ်ယောက်ရှိပါတယ် . . . မိဘအရိုက် အရာကို ဆက်ခံဖို့ စိတ်ကူးမရှိဘူး၊ နိုင်ငံခြားမှာ အလုပ်သွားလုပ်မယ် ဆိုတာကြီးပဲဟေ့"

ဖွန်းနှင့်ခက်ရင်း ချထားပေးသော်လည်း လက်နှင့်သာ အားရပါးရစားရင်း ပြောသမျှကို စိတ်ဝင်စားစွာ နားထောင်နေမိလေသည်။

အားမနာဖို့ ဒီလောက်ပြောနေမှတော့ ရန်ကြီးအောင် အားမနာနိုင်တော့ပါ။ ဟန်လည်း မဆောင်နိုင်တော့။ အချိန်တိကျလွန်းသော အစာအိမ်မှ သံချောင်းခေါက်သံကို အဆက်မပြတ် ကြားနေရပြီ မဟုတ်ပါလား။

အနားမှာ မည်သူမျှရှိမနေခြင်းက ကံကောင်းလေခြင်းဟု ကျေနပ်သွားရသည်။

ဟိုဒေါက်တာမလေးရော မနက်စာ လာမစားဘူးလားဟု သိချင်သော်လည်း မေးချင်စိတ်ကို မျိုသိပ်လိုက်ရ၏။

သူစားသမျှကို တပြုံးပြုံးနှင့်ကြည့်ကာ စကားတွေ ဖောင်ဖွဲ့နေသော အန်ကယ်အား စားရင်းတွေးရင်းကပဲ လှမ်းလှမ်းကြည့်နေဖြစ်လေသည်။





ဘာမှ ဆက်မပြောဘဲ ရပ်ထားတာကြောင့် . . .

"အန်ကယ့်သားက နိုင်ငံခြားမှာ အလုပ်သွားလုပ်နေတာလား"

"အလုပ်ရယ်လို့တော့ မဟုတ်ဘူးကွ၊ သူတို့ဘဝမှာ ဥစ္စာမနဲ ဆိုတာ ရှာစရာမလိုဘူးလို့ တွက်ထားသလားမသိဘူး၊ ပညာတွေသာ တစ်ခုပြီးတစ်ခု ဆက်သင်နေတော့တာလေ၊ မိဘရှာထားတဲ့ စည်းစိမ် ဥစ္စာတွေ ကုန်သွားလည်း ပညာတတ်ထားရင် သူတို့အတွက် ဘယ်တော့မှ ဒုက္ခမရောက်နိုင်ဘူးလို့ တွက်ထားကြတာကိုးကွ"

ရန်ကြီးအောင်မေးသမျှကို ဦးရဲရင့်နောင် သေချာစွာ ရှင်းပြနေလိုက်ပါသည်။

စကားတပြောပြောနှင့်မို့ အားနာလိုက်တာဟု တွင်တွင်ပြောနေသော ရန်ကြီးအောင်မှာလည်း ပြောထားသည့်စကားကိုပင် မေ့ကာ အားရပါးရ စားနေမိတော့သည်။

"သူတို့တွေဆိုတော့ သားသမီး ဘယ်နှယောက် ရှိလို့လဲ အန်ကယ်"

"သားတစ်ယောက် သမီးတစ်ယောက်ကွ၊ သားက အကြီးပေါ့၊ နောင်ရိုးလို့ခေါ်တယ်၊ အငယ်မလေးက မေမဒီတဲ့၊ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စလုံး ဘွဲ့ရပြီးကြပေမယ့် သူ့အမေရဲ့အမျိုးတွေရှိတဲ့ ပြင်သစ်ကိုသွားပြီး ပညာဆက်သင်ချင်တယ်ဆိုလို့ လွှတ်လိုက်ရတယ်၊ အန်ကယ်တို့ တုန်းကဆို ဘွဲ့ရတဲ့အထိတော့ ပညာသင်ရပါတယ်၊ ဖဘုရားက ကျောင်းပြီးတာနဲ့ ဒီအလုပ်တွေ မင်းဆက်လုပ်ဆိုလို့ လုပ်ခဲ့ရတာ၊ မလုပ်ချင်ဘူးလို့ မပြောရဲခဲ့ဘူး။ အန်ကယ့်သားသမီးတွေလက်ထက်ကျမှ သူတို့လုပ်ချင်တာကို လိုက်လျော ရတဲ့အဖြစ်''

လို့ပြောပြီး ဦးရဲရင့်နောင် သဘောကျစွာ ရယ်မောလိုက်မိလေသည်။

ဘာရယ်မဟုတ် ... ရန်ကြီးအောင်ပါ ရယ်မိလေသည်။

''ဒါနဲ့ အန်ကယ့်ဇနီးလည်း မတွေ့ဘူးနော်''

''သူ့ကလေးတွေကို လွမ်းလို့တဲ့ လိုက်သွားတာ ခုထိကို ပြန်မလာသေးပါဘူးကွာ''

မယ်မယ့်အနာတွေကို ရှိလို့ အဝေးကိုပြေးကြတာလို့ ဦးရဲရင့်နောင် မပြောဖြစ်ပါ။

မိဘစကားကို တစ်သဝေမတိမ်း နားထောင်ခဲ့သူအဖြစ် အများ၏ချီးမွမ်းခြင်းကို ခံခဲ့ရပြီး ညီမလုပ်သူ၏ ရိုသေလေးစားခြင်းကို ခံခဲ့ရသူက ဇနီးနှင့်သားသမီးတွေနဲ့ကျမှ လက်မြှောက်အရှုံးပေးနေ





ရခြင်းကို အများရှေ့မှာ ချမပြောရဲ။

အဲဒါကြောင့် တစ်သက်လုံး ကိုယ့်စကားကို လိုက်နာခဲ့သော ညီမလေးအား ပြန်တွေ့ချင်သည့်ဆန္ဒများကြောင့် နေရာအနှံ့မှာ ရှာဖွေခဲ့သည်ပင်။ ဘယ်မှာမှ မတွေ့သည့်အဆုံး လက်လျှော့ထားခဲ့မိခြင်းသာ။

အခုတစ်ခါ ရန်ကြီးအောင်ကိုတွေ့လိုက်ရာ မျှော်လင့်ချက်ရောင်ခြည်လေး သန်းလာ၍ ဝမ်းသာနေခဲ့ရသည်။ ထင်ထားသလို ဖြစ်ပါစေဟု ဆုတောင်းရတာအမော။ ခုထိတော့ ဘာမှ မသေချာသေးပေ။

''လက်ဖက်ရည်သောက်ပါဦးကွ''

ထမင်းစားပြီး လက်ဆေးနေသော ရန်ကြီးအောင်အား အားမနာစေရန် ဦးရဲရင့်နောင် ပြောလိုက်ပြန်သည်။

လက်ဖက်ရည်ကို အနည်းငယ်သာ ငုံလိုက်ပြီး ရန်ကြီးအောင် ဖြည်းဖြည်းချင်း သောက်နေလိုက်သည်။

''ကကြီးက လူလေးကိုစာသင်ရတာ အဆင်ပြေတယ်လို့ ပြောနေတော့ အန်ကယ်ဖြင့် ဝမ်းသာနေတာကွ၊ ဒါမျိုးမှ အန်ကယ်က သဘောကျတာ၊ လူလေးကို အန်ကယ်နဲ့ အလုပ်တွဲလုပ်နေတဲ့ လုပ်



www.burmeseclassic.com

www.burmeseclassic.com



ငန်းရှင်ဆီ ခေါ်သွားပြီး မိတ်ဆက်ပေးရမယ်၊ ဒါမှ ပြောရဲဆိုရဲ ရှိမှာလေ၊ နောက်ဆို အန်ကယ်မပါဘဲ လူလေးကို တစ်ယောက်တည်း လွှတ်ကြည့်မယ်၊ စိတ်ချရပြီဆိုရင် နိုင်ငံခြားက လုပ်ငန်းခွဲတွေဆီပါ လွှတ်ချင်တယ်၊ ကြိုးစားပါ လူလေးရာ . . . အန်ကယ်ယုံကြည်ထားသလို လူလေးဟာ အားကိုးထိုက်သူဖြစ်ပါစေလို့ ဆုတောင်းပါတယ်"

"စိတ်ချပါအန်ကယ် . . . ကျွန်တော် ကြိုးစားမှာပါ"

"ဝမ်းသာပါတယ်ကွာ . . . အခုလိုကြားရတာ အရမ်းကို ဝမ်းသာပါတယ်"

ယုံကြည်အားကိုးသူအတွက် အမှန်တကယ်ကို ကြိုးစားပေးရန် ဆုံးဖြတ်လိုက်ခြင်းပါ။

အမေခိုင်းတဲ့ ဆန္ဒတစ်ခုတည်းကြောင့် မဟုတ်ဘဲ တကယ့်ကို စေတနာထားမိခြင်းဖြစ်သည်ကို ကိုယ့်ဘာသာပဲ သိလေသည်။

ရန်ကြီးအောင်က အမှန်အကန် စေတနာအရင်းခံ၍ ကတိတွေပေးလိုက်သလို ထိုစကားကြောင့် ပီတိတွေဖြစ်ရသူက ဦးရဲရင့်နောင်ပင် ဖြစ်ပါလေသည်။

ညီမလေးနဲ့များ ဘယ်လိုပတ်သက်နေမလဲလို့ တွေးထင်ထားရုံမက ကလေးကို မြင်မြင်ချင်း အားကိုးလိုက်မိသည်ကလည်း အမှန်ပင်





ဖြစ်ရပါသည်။

ဒီကလေးသည် ကိုယ်ထင်သလို မဟုတ်ခဲ့ရင်တောင် ကိုယ့်အပေါ် သစ္စာရှိပြီး သိတတ်လို့ကတော့ မြေတောင်မြှောက်ပေးရန် စဉ်းစားမိလေသည်။

"ကဲ လူလေး . . . ဒီနေ့စာသင်ချိန်နားပြီး အန်ကယ့်လုပ်ငန်းတွေ အကြောင်းသိထားရအောင် ပြောပြထားချင်လို့၊ လာကွာ . . . အလုပ်ခန်းထဲကို သွားကြရအောင်"

ဦးရဲရင့်နောင်ခေါ်ဆောင်ရာနောက်သို့ လိုက်သွားခဲ့ပြီး ပြောပြသော သူ၏လုပ်ငန်းကိစ္စများအား နားထောင်နေမိသော ရန်ကြီးအောင်တစ်ယောက် အံ့သြမဆုံး ဖြစ်နေရတော့သည်။

အကြောင်းမှာ လူသူကင်းလှသော ဒီလိုနေရာမျိုးမှာ လူတွေနဲ့ကင်းရှင်းစွာ နေထိုင်လျက်ရှိသော ဦးရဲရင့်နောင်လို လူက တိုင်းတစ်ပါးတွင် ကြီးမားသောရင်းနှီးမြှုပ်နှံမှုတွေ ရှိနေလိမ့်မည်ဟု ထင်မထားခဲ့ခြင်းကြောင့်ဖြစ်သည်။

အခုတော့ ကြည့်စမ်းပါဦး . . . ထိုင်းလိုနိုင်ငံကြီးတစ်ခုမှာ ကုမ္ပဏီခွဲတစ်ခုရှိသလို ဂျာမဏီလိုနိုင်ငံမှာလည်း ကုမ္ပဏီခွဲတွေ ရှိနေပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဦးနှောက်နဲ့ ဘယ်လိုအလုပ်တွေကို တစ်ယောက်တည်း လုပ်နေသလဲဆိုတာကို ရန်ကြီးအောင် မတွေးတတ်အောင် ဖြစ်ရလေသည်။ အားကျမိပါ၏။

❋ ❋ ❋



## အခန်း (၁၃)

"ကကြိုးက ဒီမှာလာထိုင်နေတာကို၊ ကိုယ်လည်း ပျင်းတာနဲ့ ထွက်လာတာ၊ ဒီနေရာလေးက စိတ်ကြည်နူးစရာလေးနော်၊ သစ်ခွပန်းတွေကို မျိုးစုံနေတာပဲ၊ အပင်တိုင်းလည်း ပွင့်နေလိုက်တဲ့ပန်းတွေ၊ အရောင်ကလည်း စုံပဲ"

အသံပေးကာ လျှောက်လာသော ရန်ကြီးအောင်အား ကကြိုး မျက်လုံးလေးစွေကာ ကြည့်လိုက်ပြီး . . .

"ဟုတ်တယ် ကိုအောင် . . . ကကြိုးလည်း ပျင်းပျင်းနဲ့ လာထိုင်နေတာလေ၊ စိတ်ထဲမှာ မကြည်လာရင် ဒီနားလေးကို လာ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လိုက်ရော၊ အဲဒီအခါ နည်းနည်းတော့ စိတ်ထဲ တစ်မျိုးပြောင်း သွားတာပဲလေ၊ ဒါနဲ့ ကိုအောင် အနိကယ်နဲ့လိုက်သွားတာ မဟုတ်ဘူး လား၊ လာလေ ... ဒီမှာ ထိုင်ခုံတွေရှိတယ် ... ထိုင်ပါလား''

ကကြီးဘေးကနေကွေ့ပြီး ထိုင်ခုံလွတ်မှာ ရန်ကြီးအောင် ထိုင်လိုက်ရင်း ...

''ပထမတော့ ဒီနေ့ ခရီးထွက်ဖို့ပဲ ကကြီးရဲ့၊ မနက်ကမှ အနိကယ် အစီအစဉ်ပြောင်းသွားတာ၊ မနေ့ကတောင် ဒီနေ့ခရီးစဉ် အတွက် အားလုံးပြင်ဆင်ပြီးသား၊ နေခဲ့ဦးကွာဆိုတာနဲ့ နေခဲ့လိုက်တာ၊ အိမ်ထဲမှာလည်း ဘယ်သူ့မှမတွေ့တော့ ပျင်းခြောက်ခြောက်ရှိတာနဲ့ ထွက်ခဲ့လိုက်တာ၊ ကကြီးရော တစ်ယောက်တည်းလား၊ အရင်ဆို အဘွားနဲ့နှစ်ယောက် အမြဲတွေ့နေကျ၊ အခု အဘွားကို မတွေ့ပါလား''

''အခုတစ်လော ဘွားချယ် သိပ်နေမကောင်းဘူး ကိုအောင်၊ အဲဒါကြောင့် ဆေးတိုက်ပြီး အနားယူခိုင်းထားတယ်၊ ရောဂါက ကုလို့ ရတယ်၊ စိတ်ကဖြစ်တာဆိုတော့ ကကြီးလည်း မကုတတ်ဘူး''

''စိတ်က ... ဟုတ်လား ကကြီး''

သံယောင်လိုက်ပြီး ရန်ကြီးအောင် မေးလိုက်လေသည်။

''ဟုတ်တယ် ... ဘွားချယ်က စိတ်ထိခိုက်နေတာ''





''ပြောပြလို့ဖြစ်ရင် ကိုယ့်ကိုပြောပြပါလား ကကြီးရယ်၊ ကိုယ်စိတ်ဝင်စားလို့ပါ''

''အတိအကျတော့ ကကြီးလည်း မသိပါဘူး၊ သူတို့မိသားစု ကိစ္စနဲ့တူပါတယ်''

မရေရာသောအဖြေကို ပေး၍ ကကြီးစကားကို အဆုံး သတ်လိုက်လေသည်။

မချင့်မရဲနှင့်ပင် ရန်ကြီးအောင်ငြိမ်နေလိုက်ရ၏။ တကယ် မသိတာ ဖြစ်မှာပါဟုလည်း ယုံလိုက်မိသည်။

ကိုယ်ကသာ ဒီမိသားစုနှင့်ပတ်သက်နေသူမို့ စိတ်ဝင်စားသွား တာ ဖြစ်သည်။

သူမကတော့ အပြင်လူမို့ ဒါတွေကို စိတ်ဝင်စားမည်မဟုတ် ဟုထင်ကာ ရန်ကြီးအောင် စကားမဆက်ဖြစ်တော့ပေ။

''ကကြီး ... အနောက်ဘက်တွေ လိုက်ကြည့်ပြီးပြီလား''

''ဟင့်အင်း ... တစ်နေ့ တစ်နေ့ ဘွားချယ်နားမှာပဲ အချိန် ကုန်နေခဲ့ရတာလေ၊ ဘယ်မှမသွားဖြစ်ပါဘူး၊ ဘွားချယ်ကတော့ ပြောပါတယ် ... လိုက်ကြည့်ပါလားတဲ့၊ အပေါ်ထပ်တွေလည်း လိုက် ကြည့်ခိုင်းတယ်၊ ကကြီးက စပ်စုတယ်ထင်မှာစိုးလို့ လိုက်မကြည့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သေးတာ၊ ကိုအောင်ရော နေရာစုံအောင် ရောက်ပြီးပြီလား''

''ကိုယ်လည်း ဘာထူးလို့လဲကွာ ... ရောက်ပြီးတစ်ပတ်အတွင်း ဒီအိမ်ပေါ်ရောက်လာတာဆိုတော့ ဘယ်မှမရောက်သေးပါဘူး၊ လာကွာ ... ကိုယ်တို့လျှောက်ကြည့်ရအောင်''

နှစ်ယောက်သားတိုင်ပင်ထားသည့်အလား ထိုင်ရာမှ ထလိုက်ကြပြီး တိုက်ကြီး၏အနောက်ဘက်သို့ လျှောက်ခဲ့ကြလေသည်။

ရန်ကြီးအောင် တစ်မျိုးထင်မည်စိုး၍သာ ကကြိုး လိုက်လာခဲ့ခြင်းပင်။ ကျန်တာတွေ စိတ်ဝင်စားရန် အချိန်မရ။ ဘာဆက်လုပ်သင့်သလဲဆိုတာကိုပဲ နေ့တိုင်းစဉ်းစားနေမိတာ ဖြစ်သည်။

ဒီဘက်က ဘာမှ မထူးခြားသေးလို့သာ မိခင်ထံ ဖုန်းမဆက်ဖြစ်သေးတာ ဖြစ်သည်။

ထူးခြားမှုရှိလာမည့်အချိန်ကို မျက်ခြည်မပြတ် စောင့်ကြည့်ရင်း အချိန်တွေကုန်နေရတာဖြစ်၏။

ဘွားချယ်အနာကလည်း ပျောက်သလောက်ဖြစ်နေပြီမို့ ပြန်မယ်ဆိုက ပြန်လို့ရနေသည့်အနေအထားပင်။

စိတ်ကြောင့် ဘွားချယ်အိပ်ရာထဲ လဲနေ၍သာ ကကြိုး အချိန်ဆွဲထားနိုင်ခြင်းဖြစ်သည်။





''အမေ့''

ကုန်းကျော်တံတားနားအရောက် ... တောင်အောက်က အဆောက်အအုံတွေကို ငေးကြည့်နေမိသော်လည်း စိတ်နှင့်ကိုယ် မကပ်သဖြင့် ခြေချော်ကာ လဲမလိုဖြစ်သွားခိုက် ရန်ကြီးအောင် ကမန်းကတန်း ဖမ်းထိန်းလိုက်ရပါ၏။

အမှတ်တမဲ့ဆိုသော်လည်း နှစ်ယောက်စလုံးမှာ အတွေ့အကြုံမရှိကြလေတော့ အထိအတွေ့ကြောင့် ရှက်အမ်းထူပူသွားကြရလေသည်။

နားရွက်တွေထူပူပြီး မျက်နှာတစ်ပြင်လုံး ရဲတွတ်သွားရသော ရန်ကြီးအောင်က လျင်မြန်စွာ လက်ကိုလွှတ်ပေးလိုက်ပြီး ကမန်းကတန်း မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်မိသလို ပန်းသွေးရောင်ပြေးသွားသော ပါးပြင်လေးအား ရှက်ရမ်းရမ်းလျက် လက်ဖဝါးလေးဖြင့် ပွတ်သပ်ရင်း မျက်နှာလေးအောက်ငုံ့ကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေသော ကကြိုးတို့မှာ တစ်ယောက်မျက်နှာတစ်ယောက် မကြည့်ရဲလောက်အောင် ဖြစ်သွားကြရလေသည်။

ပရမ်းပတာခုန်နေသောရင်က အထိန်းအကွပ်မဲ့စွာ လှုပ်ခါနေသမျှ နှစ်ယောက်သား အတန်ကြာအောင် တိတ်ဆိတ်ငြိမ်သက်



www.burmeseclassic.com

www.burmeseclassic.com



နေမိကြလေသည်။

တစ်သက်နှင့်တစ်ကိုယ် ဒီတစ်ခါသာ ရင်ခုန်ဖူးသည့် ရန်ကြီးအောင်အဖို့ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် စဉ်းစားလို့မရ။ စောစောက ကကြိုးကို ဖက်ထားလိုက်မိသောလက်တွေကိုသာ အကြောင်းမဲ့ ငေးကြည့်နေမိသည့်အဖြစ်။

မိန်းမသားဖြစ်သည့် ကကြိုးက ဆိုဖွယ်ပြောဖွယ်ရာမရှိ။ သူစိမ်းယောကျ်ားလေးဆို၍ သူမ ဘဘငြိမ်းနှင့်သာ ရင်းနှီးစွာ ဆက်ဆံဖူးသူ။

ဆေးကျောင်းတက်ခဲ့စဉ် တစ်လျှောက်လုံး ရည်ရွယ်ချက်ကြီးမားသူမို့ စာကိုသာ ကြိုးစားသင်ယူနေခဲ့ခြင်းကြောင့် တခြားကိစ္စများ ကင်းရှင်းခဲ့လေတော့ အခုလို အဖက်ခံရဖို့ဆိုတာ ဝေးလေစွ။

အခုတော့ အပျိုစင်လေးရင်ထဲ ပုစွန်ဆိတ်အကောင်ပေါင်း ထောင်သောင်းမက ဝင်ရောက်ခုန်ပေါက်နေသည့်နှယ်ပါလား။

နှစ်ယောက်သား ဘယ်သူက ဘယ်သူ့ကိုမှ စတင် မခေါ် မပြောရဲဘဲ ရှိနေခိုက် . . .

"ဒေါက်တာ . . . မယ်မယ်ကြီး နိုးနေပါပြီ၊ ကိုရန်ကြီးအောင်ကိုလည်း အဝတ်အစားတွေ ပြင်ထားဖို့ သခင်လေးက မှာလိုက်ပါ





တယ်၊ ဒီညနေကို ခရီးထွက်ရလိမ့်မယ်လို့ ပြောပါတယ်"

အနောက်ကနေရောက်လာပြီး ပြောလိုက်သော စောနန်းကြောင့် နှစ်ယောက်သား ပြန်လည်သတိဝင်လာပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြရလေသည်။

တော်ပါသေးရဲ့ . . . ဟု နှစ်ယောက်စလုံး ရင်ထဲက တိုးတိတ်စွာပြောရင်း ဟင်းချနိုင်ကြတော့သည်။

စောနန်းကိုလည်း ကျေးဇူးတင်လိုက်သည့် ဖြစ်ခြင်း နို့မို့ဆို ဘယ်လိုအနေအထားနဲ့ မျက်နှာချင်းဆိုင်ရမှန်းတောင် စဉ်းစား၍မရကြ။

ဒီထက်ပိုပြီး ကျေးဇူးတင်ဖို့ကောင်းတာက ရန်ကြီးအောင် ခရီးထွက်ရမည်ဆိုသည့်ကိစ္စပဲ ဖြစ်သည်။

ခရီးထွက်သည်ဆိုကတည်းက အနည်းဆုံး တစ်လလား၊ ဆယ်ရက်လား မပြောတတ်။ ဒါဆို နှစ်ယောက်သား မျက်နှာပူရမည့် အချိန်တွေ လျော့သွားသေးတာပေါ့။

ထိုသို့အတွေးများဖြင့် စောနန်းနောက်ကနေ နှစ်ယောက်သား ခပ်သွက်သွက် လိုက်လာခဲ့မိကြလေတော့သည်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ရော့ လူလေး . . . ဒီပစ္စည်းထုပ်ကို လူလေးသိမ်းထားပါ၊ ပစ္စည်းလာယူမယ့်သူကို ဒီတည်းခိုခန်းမှာ ချိန်းထားတယ်၊ ညနေလောက် ရောက်မယ်ထင်တယ်၊ အဲဒီအခါကျ လူလေးတာဝန်ယူပြီး စကားပြောရမှာနော်"

"ဗျာ . . . ဟုတ်ကဲ့"

နေအိမ်မှ ထွက်လာကတည်းက တစ်လမ်းလုံး ဘာမှမပြော၊ အိမ်မှာတုန်းကလည်း အကျိုးအကြောင်း ဘာမှမသိရ၊ တည်းခိုခန်းရောက်မှပဲ သေချာစွာထုပ်ပိုးထားသော တစ်တောင် မရှိ့တရှိ အထုပ်





တစ်ထုပ်အား ရန်ကြီးအောင်ထံ ပေးလာပြီး ဦးရဲရင့်နောင် စကားစလာခြင်းဖြစ်သည်။

လက်ထဲရောက်လာသော ပါကင်ထုပ်ကို လှည့်ပတ်ကြည့်ပြီး . . .

"အထဲမှာ ဘာလဲ အန်ကယ် . . . ဖွင့်ကြည့်ရမှာလား"

"ဖွင့်ကြည့်ပေါ့ လူလေးရဲ့၊ အဲဒီပစ္စည်းကို ဒီနေ့ အရောင်းအဝယ်လုပ်မှာလေ၊ လူလေးရဲ့အရည်အချင်းကို မှတ်ကျောက်တင်မယ့်နေ့လို့လည်း ပြောလို့ရတယ်၊ အခုဝယ်မယ့် ဖောက်သည်က အသစ်ဆိုတော့ စကားနည်းနည်းပြောရလိမ့်မယ်၊ အစကတော့ ဒီအလုပ်က အန်ကယ်လုပ်နေကျပေမယ့် အခု လူလေးကို တာဝန်လွှဲပေးကြည့်တာလေ၊ ဒီတစ်ခါစိတ်ချရရင် နောက် လူလေးကိုပဲ တာဝန်ယူခိုင်းတော့မှာ၊ အန်ကယ် နားချင်ပြီကွာ . . . အလုပ်တွေက ရပ်လိုက်လို့မရသေးတော့ ဆက်လုပ်ရဦးမှာမို့ အခက်တွေ့နေတာ၊ လူလေးကို တွေ့လိုက်ရတော့ ကံကောင်းတယ်လို့ ပြောရမှာပဲ"

ဖွင့်ကြည့်ရန် ခွင့်ပေးလိုက်သည်နှင့် ပါကင်ထုပ်အား ရန်ကြီးအောင် ဖြည်ကြည့်လိုက်လေသည်။

ဖြည်နေရင်းမှ မိမိအား ယုံကြည်စွာ တာဝန်ပေးနေခြင်း



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဂုဏ်ယူမိပြီး ဘဝင်တောင် မြင့်ချင်ချင်။

တွေ့လိုက်တဲ့ရက်ပိုင်းအတွင်းမှာ ဒီလို ယုံကြည်မှုရဖို့ဆိုတာ လွယ်တာမှတ်လို့။

ဘယ်လိုအနေအထားကြောင့် ယုံကြည်သွားတာလဲ မပြောတတ်ပေမယ့် တကယ့်ကိုအားကိုးနေတာတော့ အမှန်ပင်။

ဒီတော့ အမေပေးလိုက်တဲ့တာဝန်တွေ မေ့ပြီး လက်ရှိတာဝန်အပေါ် ကျေပွန်ချင်တာပဲ သိတော့သည်။

ပါကင်ထုပ်ပြေသွားပြီး အထဲကပစ္စည်းအပေါ်မှ စက္ကူပတ်ကိုခွာလိုက်ရာ ရန်ကြီးအောင် အလွန်အမင်း အံ့သြသွားရလေသည်။

ကျောက်စိမ်းရုပ်တုလေးပါလား။

ကျောက်စိမ်းမှ တကယ့်ကို အရည်အသွေးကောင်းသော အရည်ကြည်လဲ့နေသည့် ကျောက်စိမ်းဖြစ်၏။

လက်ရာကလည်း မြောက်ပဲ့။ မြန်မာအမျိုးသမီးငယ်လေး ရေအိုးရွက်ထားသည့်ပုံ။

မိန်းကလေးတစ်ယောက်မှာ ရှိသင့်ရှိအပ်သော လိုက်ဖိုကြီးငယ်အသွယ်သွယ်တို့က သူ့နေရာနှင့်သူ အနေအထားမှန်စွာ ကြည့်ကောင်းလှသည်။





ဒီပစ္စည်းရဲ့တန်ဖိုးက မနည်းမှန်းသိသော်လည်း ရန်ကြီးအောင် မမှန်းဆတတ်ပေ။ ထို့ကြောင့် ...

"ပစ္စည်းရဲ့တန်ဖိုးကို ပြောထားပါလား အန်ကယ်"

"ပြောမှာပေါ့ လူလေးရဲ့ ... လူလေးရော ဘယ်လောက်လို့မှန်းလဲ"

"မမှန်းတတ်ပါဘူး အန်ကယ်၊ ဒီပစ္စည်း တန်ဖိုးကြီးမှန်းသိပါတယ်၊ ဒါပေမဲ့ အခုမှပဲ ဒီပစ္စည်းမျိုးကို တွေ့ဖူးကိုင်ဖူးတာပါ"

ရိုးသားစွာ ဝန်ခံနေသော သူငယ်ကလေးအား ဦးရဲရင့်နောင် လေးစားမိခြင်းနှင့်အတူ အားကိုးယုံကြည်စိတ်က ပိုကဲလာရလေသည်။

အထင်ကြီးလေးစားမိသောစိတ်ကြောင့် ပီတိပြုံးတို့ ဝေဆာလျက် ...

"လူလေးရဲ့ အဲဒီရိုးသားတဲ့စိတ်ဓာတ်ကို အန်ကယ် လေးစားယုံကြည်မိတာပေါ့ကွာ၊ အများနဲ့မတူတဲ့ လူလေးရဲ့နေထိုင်မှုကို သတိထားမိခဲ့တာ အန်ကယ် လူကဲခတ်မညံ့ဘူးဆိုတာ အခု ပိုပြီးနိုင်မာသွားခဲ့ပြီပေါ့၊ မသိတာ မသိဘူး ဘွင်းဘွင်းပြောရဲရမှာပေါ့၊ သိသလိုတတ်သလိုနဲ့ တစ်ပါးသူအထင်ကြီးအောင် မနေတတ် မပြောတတ်တာကိုက အန်ကယ့်စိတ်ဓာတ်နဲ့ ထပ်တူနေတော့ဘာပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



အပြုံးတွေ တဝေဝေနှင့် ဦးရဲရင့်နောင်တစ်ယောက် ချီးမွမ်းလို့ မခဲ့ုံးတော့ချေ။

ရန်ကြီးအောင် အနေခက်ပြီးရင်း ခက်နေရတော့၏။

ဒီအတိုင်းဆို အမေ့ဆန္ဒတွေနဲ့လည်း ဝေးသထက်ဝေးပြီ ဟုတွေးကာ အမေ့အတွက် စိတ်မကောင်းနိုင်။

သို့သော် စေတနာသည် ကံဖြစ်သည်ဟု အဖေတစ်ခါက ပြောသံကြားဖူးပါသည်။

စေတနာမှန်လျှင် မိမိအတွက် တူသောအကျိုးပေးမှာ မလွဲပါ။

အဲဒီနေ့ကိုသာ အမေ စိတ်ရှည်စွာ စောင့်နိုင်ပါစေဟု ဆုတောင်းနေမိလေသည်။

ထိုနေ့အဖို့ ရန်ကြီးအောင်အရည်ချင်းစစ်စာမေးပွဲကို လွတ်လွတ်ကျွတ်ကျွတ်ပင် အောင်မြင်ခဲ့လေသည်။

ရောက်ရှိလာသောပစ္စည်းယူမည့် ဖောက်သည်က နိုင်ငံခြားသားဖြစ်နေ၍ ပထမတော့ ကြောက်စိတ်ဝင်ခဲ့မိသေးသည်။

နောက် ပြောရင်း ပြောရင်းနှင့် စကားတွေ အထစ်အငေါ့မရှိ ပြောလာနိုင်သည့်အပြင် တစ်ပါးသူမယူချင် ယူချင်အောင်ပါ သိုင်းဝိုင်း





ဖွဲ့နွဲ့၍ ပြောဆိုနိုင်ခဲ့လေသည်။

ပွဲသိမ်းသွားတော့ ဦးရဲရင့်နောင် ဖော်မပြနိုင်အောင် ဝမ်းသာခဲ့ရလေသည်။

ဝမ်းမသာဘဲနေပါ့မလား၊ ပြောထားသောဈေးကို တစ်ပြားမှ မလျှော့ဘဲ ပစ္စည်းကို ရောင်းလိုက်ရသည်လေ။

သိန်း (၁၀၀၀) ဆိုတဲ့ငွေကို ခဏချင်းမှာပဲ ရန်ကြီးအောင် ရအောင်ယူပေးနိုင်ခဲ့၏။

ဒီလိုကလေးကိုမှ မချီးကျူးလျှင် ဘယ်လိုကလေးကို ချီးကျူးရပါ့မည်နည်း။

ဒီလိုကလေးကိုမှ ယုံကြည်စွာ အားမကိုးခဲ့လျှင် ဘယ်လိုကလေးကို ယုံကြည်အားကိုးရပါမည်နည်း။

တကယ်ကို လူကဲခတ်မမှားဘူးဆိုရင်တော့ ဒီကလေးဟာ ကိုယ့်သွေးကိုယ့်သားသာ ဖြစ်နိုင်ခြေရှိသည်ဟု တစ်ထစ်ချတွက်ကာ ဝမ်းသာမှုတွေ ပိုကဲလာရင်း ရင်ထဲလှိုက်ခနဲ ခုန်ရလေသည်။

ထို့အတူ ရန်ကြီးအောင်ကလည်း မိမိလုပ်ရပ်အတွက် ကျေနပ်ပီတိတွေဖြစ်လျက် အခုလို အင်္ဂလိပ်စကားကို ပိုင်နိုင်စွာ ပြောဆိုနိုင်ရန် သင်ကြားပေးသော တစ်ယောက်သောသူအား လှမ်း၍ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တင်လိုက်မိပါ၏။

တစ်ဆက်တည်း အတွေးရောက်သွားသည်က နှစ်ဦးသားရင်ထဲလှိုက်ဖိုခဲ့ရသော နေ့လေးတစ်နေ့၏ အဖြစ်ကလေးတစ်ခုအား သတိတရရှိလိုက်မိပြီး ရင်ထဲ နွေးခနဲ ရှိန်းခနဲ ဖြစ်သွားရလေတော့သည်။

❊ ❊ ❊



အခန်း (၁၅)

"သမီး ... အနောင်တို့ပြန်လာတာ မတွေ့သေးဘူးလားကွယ်"

"ဟင့်အင်း ... မတွေ့သေးဘူး ဘွားချယ်၊ ခရီးထွက်တာတစ်ပတ်ဆယ်ရက်တော့ ကြာမှာပေါ့ ဘွားချယ်ရဲ့၊ အခုမှ နှစ်ရက်ပဲရှိသေးတာ။ သားကို လွမ်းနေပြီလား"

တမင်မသိချင်ဟန်ဆောင်၍ ကကြိုး မေးလိုက်ခြင်းပါ။ ဘွားချယ်မျှော်နေတာ အနက်ကယ့်ကိုမဟုတ်မှန်း သိနေပါ၏။

ရန်ကြီးအောင်ဆိုသောသူကို မျှော်နေခြင်းသာ။ သူမကတော့



www.burmeseclassic.com

www.burmeseclassic.com



ပြန်မလာပါစေနဲ့ဦးလို့သာ ဆုတောင်းမိနေပါသည်။

ဟိုနေ့ကအဖြစ်ကို တွေးမိတိုင်း ရင်ခုန်သံက မရပ်သေး။ သူနှင့် မျက်နှာချင်းဆိုင်ရန် မဝံ့ရဲသေးပါ။

"မယ်မယ်ကြီးဘုရား ... သခင်လေးတို့ ပြန်လာပါပြီ"

"ဟယ် ... ဟုတ်လား"

ဟောတော့ ... ကကြိုး စိတ်ပျက်သွားမိ၏။ ဒေါ်စိန်မြချယ် ဝမ်းသာပျော်ရွှင်သွားသလောက် လန့်ဖျပ်တုန်လှုပ်သွားရသူက ကကြိုးပင် ဖြစ်ရပါ၏။

သူမက ရက်တွေအများကြီးကြာမည်ထင်ထားခဲ့တာ မဟုတ်လား။ အခုတော့ နှစ်ရက်တည်းနဲ့ ပြန်လာသတဲ့။ ဒုက္ခပါပဲ ... လို့ ရင်ထဲက ညည်းညူရင်း သူတို့ရောက်လာမှာကိုပင် စိုးထိတ်နေမိရသည့် အဖြစ်။

"မယ်မယ် ... နေကောင်းတယ်နော်"

"အေး ... ကောင်းပါတယ်သားရယ်၊ ဘယ်လိုလဲအနော် ... အလုပ်ကိစ္စ အဆင်ပြေခဲ့ရဲ့လား"

သားလုပ်သမျှ ဘယ်အလုပ်မဆို အဆင်မပြေခဲ့တာ တစ်ခါမှ မရှိ၊ သူ့ဖခင်မရှိတော့ကတည်းက လုပ်ငန်းအားလုံးကို မျက်နှာလွှဲထား





ရသည်ပဲ။ အခုမေးချင်တာက ဟိုကလေးကို ခိုင်းခဲ့တဲ့ကိစ္စ အောင်မြင်လား မအောင်မြင်ဘူးလား သိချင်တာပင်။

နောက်တစ်ခု ကလေးနှင့်ပတ်သက်သည့်ကိစ္စ ဘာထူးခြားသလဲ သိချင်လှပြီဖြစ်၏။

အခန်းထဲဝင်လာတယ်ဆို မေးသူနှင့်ဖြေသူတို့ အမေးအဖြေတွေ လုပ်နေကြပေမယ့် ရန်ကြီးအောင်နှင့် ကကြိုးတို့မှာ တစ်ယောက်ကိုတစ်ယောက်ပင် ရဲရဲမကြည့်ဝံ့ကြပေ။

နှစ်ယောက်စလုံး ရှိုးတိုးရှန့်တန်း ဖြစ်နေကြ၏။

ဒါတွေကို ဦးရဲရင့်နောင်ရော ဒေါ်စိန်မြချယ်ပါ သတိမထားမိကြပါ။ သူတို့ရဲ့အောင်မြင်မှုအတွက် ဝမ်းသာပီတိဖြစ်၍ မဆုံးနိုင်အောင် ဖြစ်နေကြလေသည်။

"သားတော့ အံ့ဩရော မယ်မယ် ... လူလေး ဒီလောက်တော်မှန်း ဒီပွဲက အဖြေပေးလိုက်တာပဲ မယ်မယ်၊ သား လူကဲခတ်မညံ့ဘူးဆိုတာလည်း ဒီပွဲမှာ သက်သေထူလို့ရနေပြီ ... သိလား၊ သားဖြင့် လက်ဖျားခါရောပဲ၊ ဟိုနိုင်ငံခြားသားဆိုတာ လူလေးအပြောမှာတင် သဘောတွေကျပြီး ဈေးတောင်မဆစ်ဘူး မယ်မယ်ရေ ... သူနဲ့ပါလာတဲ့ဂိုက်လည်း ငုတ်တုတ်ထိုင်ပြီး ပြန်သွားလေရဲ့၊ နောက်ဆို



www.burmeseclassic.com

www.burmeseclassic.com



လူလေးကို လက်လွှဲလို့ရပြီ မယ်မယ်''

''ဩော် ... ဒီလောက်တောင် ဒီကလေးက တော်နေလား အနောင်၊ ဒါဆို သား ဒီကလေးကို ဘောက်ဆူးတော့ ချသင့်တာပေါ့၊ နောက်ကို အနောင် ဒီထက်အားကိုးရပြီပေါ့ ... ဟုတ်လား''

အဓိပ္ပာယ်ပေါင်းများစွာပါသော စကားများဖြင့် သားအမိနှစ်ယောက် ပြောရင်း ရန်ကြီးအောင်ကိုကြည့်ကာ ပီတိတွေဖြစ်နေမိကြလေသည်။

နဂိုကမှ အနေရ အထိုင်ရခက်နေရတဲ့အထဲ ကကြိုးရှေ့မှာ အခုလို ချီးမွမ်းမြှောက်ပင့်နေကြတော့ ပို၍ အနေရ အထိုင်ရခက်လာလျက် ရန်ကြီးအောင် ရှက်ကိုးရှက်ကန်းဖြင့် ...

''အဟွန်း ... အခုလို ကျွန်တော် စကားပြောကျွမ်းကျင်တာ ကျွန်တော်တော်လို့ မဟုတ်ပါဘူး အန်ကယ်နဲ့ဘွားရာ၊ သင်တဲ့ ဆရာက တော်လို့ပါ၊ ဆရာနဲ့ တိတိကျကျမသင်ဘဲ ဒီအတိုင်း လိုက်သွားလို့က အရှက်တောင် မကွဲရင်ကံကောင်း''

''ဟား ဟား ... ဟုတ်တယ် ဟုတ်တယ်ဟေ့၊ လူလေး ပြောတာလည်း မှန်တာပဲ၊ ကကြိုးကိုပါ ဒီပွဲမှာ မေ့ထားလို့ မရမှန်း အန်ကယ်သိပါတယ်၊ ငါ့သမီးကိုပဲ ကျေးဇူးတင်ပါတယ်ကွာ''





ရယ်သံတွေနှင့် အခန်းထဲမှာ ဝေစည်သွားပြီး ကကြိုးကိုပါ ဦးရဲရင့်နောင် ကျေးဇူးတင်ကြောင်း ပြောမိလေသည်။ ကကြိုး မပွင့်တပွင့် ပြုံး၍ ...

''ကကြိုးကို ကျေးဇူးတင်စရာမလိုပါဘူး အန်ကယ်ရယ်၊ အမှန်ဆို ကိုယ်တိုင်က ကြိုးစားလို့ ဒီလိုအောင်မြင်နိုင်တာပါ၊ ကကြိုး သင်သလောက်နဲ့ တင်းတိမ်နေရင် ဘယ်တိုးတက်ပါ့မလဲ၊ သူကိုယ်တိုင်က နေ့စဉ်လေ့ကျင့်ကြိုးစားခဲ့လို့သာ ဒီလိုကျွမ်းကျင်အောင် ပြောနိုင်ဆိုနိုင်ခဲ့တာပေါ့၊ အင်္ဂလိပ်စကားပြောရဲ့ သဘောတရားလောက်ကိုသာ ကကြိုးသင်ပေးခဲ့တာပါ ... သူ့ဘာသာ ကြိုးစားလို့ဆိုတာ အဖြေက ရှင်းနေပါတယ်''

အမှန်တရားကို အမှန်အတိုင်း ကကြိုးရှင်းပြလိုက်သည်။ တကယ်လည်း သူမ ပြောသည့်အတိုင်း ရန်ကြီးအောင်ကိုယ်တိုင်က ကြိုးစားခဲ့၍သာ ဖြစ်သည်။

သူမက ကံ ကတ္တား ကြိယာတွဲပုံတွဲနည်းလောက်သာ သင်ပြလိုက်ခြင်းဖြစ်ပါ၏။ သူ့ဘာသာ အင်္ဂလိပ်စာအဘိဓာန် စာအုပ်တွေပါ မကျန် အကုန်ရှာဖွေဖတ်ရှုပြီး လေ့လာကြိုးစားခဲ့ခြင်း မဟုတ်ပါလား။ အန်ကယ့်စာဖတ်ခန်းထဲမှာ တစ်နေ့ တစ်နေ့ တကုပ်ကုပ်နှင့် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



လှေလာနေခဲ့သည်က ရန်ကြီးအောင်ပင်။

ဒီတော့ ချီးကျူးထိုက်သူက ရန်ကြီးအောင်ကိုယ်တိုင်ပါပဲ။ ထိုသို့ ကကြိုးကပါ သူ့ကို ချီးကျူးလာတော့ ရန်ကြီးအောင် ဘဝင်မြင့်ချင်လာသည်။

သို့သော် အပြုံးလေး မပွင့်တပွင့်နှင့် တည်ကြည်လေးနက်စွာပြောနေသော သူမအား မချင့်မရဲနှင့် ရန်ကြီးအောင် ကြည့်နေမိတော့သည်။

ဟိုနေ့တွေကလို ရင်းနှီးစွာပြောဆိုသောလေသံမျိုး မဟုတ်တော့တာက ရင်ထဲ ဟာတာတာကြီး ဖြစ်နေရ၏။

သူမ အကွက်စေ့စွာ ထောက်ပြလိုက်၍ လူကြီးတွေက ငြိမ်သွား၍သာ မိမိပါ ငြိမ်နေလိုက်ရသော်လည်း သူမကို ကျေးဇူးတင်ရပါသည်ဆိုသော ရင်နှင့်မဆံ့အောင်ပြောချင်လှသည့် စကားများအား ခေတ္တယာယီ မျိုသိပ်ထားလိုက်ရပါ၏။

❊ ❊ ❊



အခန်း (၁၆)

"ကကြိုး"

"ဟင် . . . ကိုအောင်"

သစ်ခွရုံဘက်မှာဆို ရန်ကြီးအောင်ရောက်လာတတ်၍ ဒီနေ့မှာ ဘွားချယ်ကို နေ့ခင်းဆေးတိုက်ပြီးသည်နှင့် ဘွားချယ်အိပ်နေတုန်း ဒီဘက်ပန်းခြံလေးထဲ တိတ်တိတ်လာထိုင်နေခြင်း ဖြစ်သည်။

ရောက်တတ်ရာရာ တွေးနေဆဲ အနားကပ်၍ခေါ်လိုက်သံကြောင့် ကကြိုး ဆတ်ခနဲ တုန်သွားပြီး လန့်ဖျပ်သွားရလေ၏။

"ဘာလို့ ကိုယ့်ကိုရှောင်နေတာလဲ ကကြိုး"



www.burmeseclassic.com

www.burmeseclassic.com



မခို့တရို့အမေးနဲ့ မထိတထိလေသံတို့ဖြင့် ရန်ကြီးအောင် မေးလိုက်ပြီး လွတ်နေသည့်ခုံတန်းလေးမှာ ဝင်ထိုင်လိုက်လေသည်။

ကိုယ်လေးကိုကျုံ့၍ မျက်နှာလေးကို တစ်ဖက်လွှဲပြီး အသံကို မနည်းထိန်းကာ ကကြိုးပြန်ဖြေလိုက်ရသည်။

"ကကြိုးက ဘာလို့ရှောင်ရမှာလဲ ကိုအောင်၊ အစကရော ကကြိုးနဲ့ကိုအောင်က တပူးတွဲတွဲနေမိလို့လား၊ အလုပ်သဘောအရ နေကြတာကလွဲလို့ မနက်စာ ညစာ စားကြတာတောင် ကိုအောင်နဲ့ အန်ကယ်က သတ်သတ်, ဘွားချယ်နဲ့ကကြိုးက သတ်သတ် စားခဲ့တာမဟုတ်လား၊ ပြီးတော့ ဒီအိမ်ကြီးရဲ့ထုံးစံကိုက အလုပ်သမားတိုင်း ကိုယ့်အလုပ်ပြီးတာနဲ့ ကိုယ့်တာသာ တော်ရာမှာ နေကြတာပဲ မဟုတ်လား"

"ဒါဆို ကိုယ့်ဘက်ကိုလှည့်ပြီး စကားပြောလေ ... ဘာလို့ မျက်နှာလွှဲထားတာလဲ"

လုပ်ပြီ၊ ကကြိုး ရင်မဆိုင်ရဲသည့်အနေအထားကိုမှ တောင်းဆိုသတဲ့၊ ကကြိုး ဘယ်လိုဆင်ခြေပေးရမလဲလို့ စဉ်းစားနေဆဲ ဖျတ်ခနဲဆို သူ့မျက်နှာလွှဲထားသည့်ဘက်သို့ ရန်ကြီးအောင် ရောက်လာတော့သည်။





ကကြိုး ပြူးတူးပြဲတဲနဲ့ မော့ကြည့်ပြီး ...

"ဘာ ... ဘာလုပ်မလို့လဲ ကိုအောင်"

တုန်ခါနေသောအသံလေးနဲ့ မေးလိုက်လေသည်။ ရန်ကြီးအောင် ယဲ့ယဲ့လေးပြုံးပြီး ...

"မင်း ပြန်တော့မလို့ဆို"

အခေါ်အဝေါ်ပါ ပြောင်းပြီး လေသံမှုပြောလာသော ရန်ကြီးအောင်အား ကကြိုး ဆက်မကြည့်ရဲတော့ဘဲ ဆတ်ခနဲ ခေါင်းကို ပြန်ငုံ့လျက် ...

"ဟုတ်တယ်လေ ... အခုဆို ဘွားချယ်အနာတွေက အကောင်းပကတိဖြစ်တဲ့အထိ ပျောက်သွားပြီပဲ၊ ကကြိုးတာဝန် ပြီးဆုံးပြီလေ၊ ပြန်ရုံအပြင် ဘာရှိမှာလဲ"

"ကိုယ့်ကို ထားခဲ့တော့မယ်ပေါ့"

"အို ... ဘာဆိုင်လို့လဲ"

အထစ်ထစ် အငေါ့ငေါ့ဖြင့် ကကြိုးမေးလိုက်မိသည်။

"ကိုယ်က ဆိုင်ချင်တယ်ဆိုရင်ကော"

"ရှင်"

ရွှန်းလဲ့စွာကြည့်၍ အနားကပ်ကာ ငုံ့ပြောလိုက်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကကြိုး ရှင်သံကလွှဲပြီး ရှောင်ချိန်မရလိုက်။ မရဲတရဲ မော့အကြည့်မှာ ရန်ကြီးအောင်က ခေါင်းကိုငုံ့ချလိုက်တာနှင့် ဆုံကာ နဖူးလေး နွေးခနဲ ဖြစ်သွားရတာကြောင့် တုန်တုန်ယင်ယင်ဖြင့် ငြိမ်နေမိတော့သည်။

"ကကြိုး"

ပခုံးနှစ်ဖက်ကို ညင်သာစွာ ဆုပ်ကိုင်၍ ရန်ကြီးအောင် ခေါ်လိုက်သော်လည်း ကကြိုးမထူးပါ။

ခေါင်းကိုသာ တွင်တွင်ငုံ့ထားလျက် နှုတ်ဆိတ်နေမိပါသည်။

"ကကြိုး ... ကိုယ့်ကို မော့ကြည့်ပါဦးကွာ"

တစ်ဆင့်တက်၍ ကကြိုး၏မေးစေ့လေးကို ဆွဲယူမော့နေသဖြင့် ကကြိုး မနေသာတော့ဘဲ ပျာပျာသလဲနှင့် ရန်ကြီးအောင်၏လက်ကို အတင်းဆွဲဖယ်လိုက်ပြီး ...

"ဟာ ... ဖယ်စမ်းပါ။ ဘာလို့ အဲသလောက် အတင့်ရဲရတာလဲ၊ အန်ကယ်တို့မြင်သွားမှဖြင့် ကကြိုးကို အထင်သေးတော့မှာပဲ"

ငိုမဲ့မဲ့မျက်နှာလေးနှင့် ပြောလာတော့ ရန်ကြီးအောင် မျက်နှာကို မချိုမချဉ်လုပ်၍ ...

"အန်ကယ်မရှိပါဘူး ကကြိုးရဲ၊ ဒီနေ့လည်း ကိုယ့်ကို ထားခဲ့ပြီး ဘယ်သွားလဲမသိဘူး။ ဒါကြောင့် ကကြိုးကိုတွေ့ချင်လို့ ခြံထဲကို





လိုက်လာတာလေ၊ ဒီတစ်ရက်နှစ်ရက် ကကြိုးကို သတိထားကြည့်နေတာ ... မျက်နှာလည်း မကောင်းဘူး၊ ကိုယ့်ကိုလည်း ရှောင်နေတယ်၊ ပြန်တော့မယ်လည်း သတင်းကြားတယ်၊ ဒါတွေဟာ ကိုယ်နဲ့ပတ်သက်နေမလားလို့ သိချင်တာနဲ့ ကိုယ် လာမေးတာပါ၊ ဒီရောက်တော့ မထင်မှတ်ဘဲ ကိုယ့်စိတ်တွေ လွတ်သွားခဲ့တာ ခွင့်လွှတ်နော်၊ ပြော ... ကိုယ်နဲ့ပတ်သက်နေလား"

"ဘာကိုလဲ"

ယောင်နနနှင့် ကကြိုးငေမော့ကြည့်ပြီး မေးလိုက်မိသည်။

"ကကြိုး ကိုယ့်ကိုရှောင်နေတဲ့ကိစ္စတို့၊ ပြန်မယ့်ကိစ္စတို့၊ မျက်နှာလေးပျက်ပြီး မှိုင်နေတာတို့ ... အဲဒါဘာဖြစ်လို့လဲ၊ ကိုယ့်ကြောင့်လား"

"အို ... ဘာမှမဆိုင်တာ၊ ပတ်သက်စရာရော အကြောင်းရှိလို့လား၊ မျက်နှာမကောင်းတာက ကိုယ့်ကိစ္စနဲ့ကိုယ်ပါ၊ ပြန်မယ်ဆိုတာက ကိုယ့်တာဝန်ပြီးဆုံးမှ ဘာဆက်လုပ်စရာရှိသေးလို့လဲ၊ ရှောင်နေတယ်ဆိုတာလည်း မဟုတ်ဘူး၊ ကကြိုးတစ်ယောက်တည်း တွေးနေချင်လို့၊ ကဲ ... ရှင်းပြီမဟုတ်လား၊ ကိုအောင် သွားပါတော့၊ ကကြိုးတစ်ယောက်တည်း နေပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



သွားတော့ဆိုမှပဲ ကတ်သီးကတ်သတ် အစွန်းထွက်နေသော ခုံစွန်းလေးမှာ ရန်ကြီးအောင် ဝင်ထိုင်လိုက်ပြီး ...

"အဲဒီ ကကြိုးရဲ့ကိစ္စဆိုတာကြီးကို မသိရမချင်း ဒီနားက တစ်ဖဝါးမှ မခွာဘူး၊ ဟိုရက်တွေက ဒီလိုမျက်နှာမျိုး ကကြိုး ဖြစ်တာမှမဟုတ်တာ၊ ဒီရက်လေးအတွင်းကျမှ ဖြစ်သွားတာ၊ ပြောပါ ကကြိုးရယ် ... ကိုယ် ကူညီနိုင်တာရှိ ကူညီပါရစေ၊ မင်းမပြောရင် ကိုယ့်တာသာသိအောင် လုပ်ရမလား၊ နောက်မှ ကိုယ့်ကို အပြစ်မပြောနဲ့နော်၊ ဘာလဲ ... အန်ကယ်နဲ့ ပြဿနာဖြစ်တာလား၊ အဘွားနဲ့လား"

"ဟင်"

အနားမှာ ကတ်သီးကတ်သတ်လာထိုင်ပြီး သူထင်ရာတွေ စွတ်ပြောနေသော ရန်ကြီးအောင်အား ကကြိုး ကယောင်ကတမ်း နှင့် မော့ကြည့်လိုက်မိ၏။

မော့ကြည့်ပြီးမှ နှစ်ယောက်သားအဖြစ်က အလွန်နီးကပ်နေလွန်း၍ ရှက်ကိုးရှက်ကန်းဖြင့် ဘေးကို ကမန်းကတန်း ရွှေ့ထိုင်လိုက်ပြီး ...

"ကိုအောင်ထင်တာတွေ စွတ်ပြောမနေနဲ့၊ အန်ကယ်တို့ ဘွားချယ်တို့နဲ့ ကကြိုး ပြဿနာတက်စရာလား၊ ဘာအကြောင်းမှ





မရှိဘူး၊ တော်ကြာ တစ်ယောက်ယောက်ကြားသွားလို့ ပြဿနာက မရှင်းသင့်ဘဲ ရှင်းနေရဦးမယ်"

ခပ်ရှိုးရှိုးလေး ငုံ့ကာ ပြောလိုက်လေသည်။

"မသိဘူးလေကွာ ... မင်းမျက်နှာ မကြည်လင်တော့ ကိုယ့်ရင်ထဲမှာ ဘယ်လိုကောင်းနိုင်ပါ့မလဲ၊ ထင်စရာကလည်း ဒါပဲရှိတာကို၊ တခြားလူကြားရအောင်ကလည်း ဒီအိမ်အထာကို သိရဲ့သားနဲ့၊ အဲဒါဆိုတော့ ပိုသိသွားချင်ပြန်ရော၊ ကကြိုးလို မိန်းကလေးမျိုးက စိတ်ညစ်စရာဆိုတာ ရှိသေးလို့လားကွာ၊ တကယ်ဆို ကိုယ်လိုလူမှာ စိတ်ညစ်စရာရှိတယ်ဆို ဟုတ်တုတ်တုတ်"

မျက်လုံးလေးစွေကာ ဘယ်လိုလဲဆိုသည့်ပုံစံဖြင့် ကကြိုး ကြည့်ပစ်လိုက်ပြီး မျက်နှာကို စူပုတ်ထားလျက် ...

"ဘယ်လိုဖြစ်နေတာလဲ ကိုအောင် ... ကကြိုးကိစ္စကို ဘာဖြစ်လို့ ဒီလောက်သိချင်နေရတာလဲ၊ သိတော့ရော ကိုအောင် ကူညီနိုင်တာလိုက်လို့"

ခပ်မာမာပြောလိုက်ပြီး မျက်နှာကိုတစ်ဖက်သို့ လွှဲထားလိုက်ပြန်သည်။

"အဲ့လိုမပြောပါနဲ့ ကကြိုးရယ် ... ကိုယ်နဲ့ကကြိုးက တစ်



www.burmeseclassic.com

www.burmeseclassic.com



လေ့တည်းစီး တစ်ခရီးတည်းသွားနေကြတဲ့သူတွေပါ။ အဲဒီတော့ အားနွဲ့တဲ့မိန်းမသားဖြစ်တဲ့ ကကြိုးကို ယောကျ်ားသားဖြစ်တဲ့ ကိုယ်က တတ်နိုင်သလောက် ကူညီရမှာပေါ့၊ ဒါမှ မိတ်ကောင်းဆွေကောင်း ပီသတော့မှာပေါ့ ကကြိုးရဲ့ . . . မဟုတ်ဘူးလား''

''ကိုအောင် မကူညီနိုင်ပါဘူး''

''ဟော . . . ပေါ်လာပြီ ပြော ပြော . . . ဘာကိစ္စလဲ၊ ကိုယ်သိရမှ ဖြစ်မှာနော်''

အတင်း အနားကပ်ကာ တဂျိဂျိလုပ်နေ၍ ပြီးပြီးရော ပြောလိုက်ပါမှ ရန်ကြီးအောင် အူယားဖားယား မေးလေတော့သည်။

ကကြိုး စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းချလိုက်ပြီး . . .

''ကိုအောင်က ဖွတ်အတင်းမေးနေလို့သာ ပြောရမှာ၊ ဒီကိစ္စက ရှင်းမလိုနဲ့ ရှုပ်နေလို့ ကကြိုးတောင် စိတ်ညစ်နေတာနော်''

''ဟုတ်ပါပြီ . . . ဘာပဲဖြစ်ဖြစ် ရင်ဖွင့်လိုက်စမ်းပါ ကကြိုးရယ်၊ အမှန်တကယ်ကို ကိုယ်ကူညီမှာပါ၊ ကိုယ့်ရင်ထဲမှာ ကကြိုး တစ်ခုခု အခက်တွေ့နေတယ်လို့ သံသယဖြစ်နေလို့ပါ၊ ကကြိုးမျက်နှာလေး မရွှင်မလန်းဖြစ်နေတာကိုကြည့်ပြီး စိတ်မချမ်းသာလို့ပါကွာ ပြောသာပြောပါ''





ကူညီမည့်သူက တောင်းတောင်းပန်ပန်နှင့်တောင် ပြောနေလေတော့ ကကြိုး ပြောလိုက်တော့မည်ဟု စိတ်ဆုံးဖြတ်လိုက်မိသည်။

ဖြစ်ချင်ရာ ဖြစ်တော့ . . . ဒါမှလည်း အဖြေကပေါ်လာမှာဟု တွေးလိုက်မိသည်။

တအုံနွေးနွေးနဲ့ စိတ်ရှုပ်နေရတာနဲ့စာရင် အဖြေတစ်ခုခု ထွက်သွားပါက ဖြေသာဦးမည် ထင်၏။ ဒီအတွေးနဲ့ပဲ . . .

''ကကြိုး ဒီအိမ်ကိုရောက်လာတာ ဘာကြောင့်လို့ ကိုအောင်ထင်လဲ''

''ဟင် . . . ကကြိုးကလည်း နောက်နေပြန်ပြီ၊ အဘွားရောဂါကို ကုဖို့မဟုတ်လား''

စတင်မေးခွန်းပြန်ထုတ်နေသော ကကြိုးကို ရန်ကြီးအောင် ကြောင်တောင်တောင်နဲ့ ပြန်ကြည့်ပြီး ရယ်ကျဲကျဲနဲ့ ပြန်ဖြေလိုက်မိ၏။

ကကြိုး ရီဝေစွာ အဝေးကို ငေးကြည့်နေရာမှ ငိုမဲ့မဲ့လေး ပြန်ဖြစ်လာပြီး ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလျက် . . .

''မဟုတ်ဘူး ကိုအောင် . . . ဘွားချယ်နဲ့ ဘဘအနားကို ရောက်ချင်လွန်းလို့ ကကြိုး မဖြစ်မနေ ရောက်လာခဲ့တာပါ၊ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကိုတစ်ယောက် နားလည်မှုတွေလွဲပြီး နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့ကြရတဲ့ ဘွားချယ်တို့မိသားစုလေးကို ပြန်ဆုံစည်းစေချင်တဲ့ဆန္ဒနဲ့ ရောက်လာခဲ့ရတာပါ''

ဝေ့တက်လာတဲ့ မျက်ရည်စတွေကို မျက်တောင်လေးနဲ့ ပုတ်ခတ် ပုတ်ခတ်လုပ်ရင်း ငိုသံပါလေးနဲ့ပြောနေသော ကကြိုးကို အံ့သြမှင်တက်မိစွာ ရန်ကြီးအောင် ငေးနေမိတော့သည်။

ပထမတော့ မထင်မှတ်ဘဲ တွယ်ငြိသွားတဲ့ သံယောဇဉ်ကြောင့် သူမ၏ ညှိုးနွမ်းနေသောမျက်နှာလေးကို မကြည့်ရက်၍ ကူညီနိုင်တာရှိ ကူညီပေးရန် မေးစမ်းမိခြင်းဖြစ်သည်။

အခုတော့ ကြားရတာက သွေးပျက်ချင်စရာ။ နေ့ခင်းကြောင်တောင် သရဲခြောက်ခံရသူလို စိတ်ချောက်ချားသွားရလေသည်။

ထင်ထားတာက သူမနှင့် အန်ကယ်တို့သားအမိ ပဋိပက္ခဖြစ်သည်ဟု ထင်ထားခဲ့ခြင်းပါ။

အခုရက်အတွင်း မူပျက်လျက် မိမိကိုထားခဲ့ပြီး တစ်ယောက်တည်း ခရီး ခဏခဏ ထွက်သွားတတ်သော အန်ကယ့်ကို သံသယဝင်နေမိတာကြောင့် ကကြိုးဖြစ်နေပုံနှင့် ဆက်စပ်ကာ မေးမိခြင်းသာဖြစ်သည်။





ထင်မထားခဲ့ပါ။ လုံးဝကို ထင်မထားသည့် အဖြစ်ပါလား။ မေးမိမှပဲ ကိုယ်နဲ့ တိုက်ရိုက်ဆက်နွယ်နေတဲ့အဖြစ်။

အံ့သြလွန်း၍ ကကြိုးကို ငေးကြောင်စွာကြည့်ရင်း ဆွံ့အသွားရသူက ရန်ကြီးအောင် ဖြစ်နေတော့သည်။

ဘာမှ ထပ်လည်းမေးမလာ၊ ဘယ်လိုအကူအညီပေးရမလဲဟုတောင် အသံမကြားရတော့၍ ကကြိုး ရန်ကြီးအောင်အား ဖျတ်ခနဲလှည့်ကြည့်လိုက်မိလေသည်။

အံ့သြစွာ ငေးကြည့်နေသည့်အပြင် မယုံကြည်နိုင်သော မျက်ဝန်းများဖြင့် သူမအား စိုက်ကြည့်နေလေတော့ ကကြိုး ငိုမဲ့မဲ့ဖြစ်နေရာက မခိုးမခန့် ရယ်လိုက်မိလေသည်။

''ဘယ့်နှယ်လဲ . . . ကူညီမယ် ပြောဦးလေ၊ အခုတော့ ဘာမှမတတ်နိုင်တော့ဘူး မဟုတ်လား၊ မေးလွန်းလို့သာ ရင်ပေါ့သွားအောင် ပြောပြမိတာ၊ အစကတည်းက ကိုအောင် မကူညီနိုင်မှန်း ကကြိုး သိနေပြီးသားပါ''

ဒီတော့မှ ရန်ကြီးအောင် လှုပ်လှုပ်ရှားရှားဖြစ်လာပြီး အသံတွေပင် ပုံမှန်မဟုတ်တော့ချေ။

''ဒါ ဒါဆို ကကြိုးက ကကြိုးက အဘွားနဲ့ ဘယ်လိုပတ်



www.burmeseclassic.com

www.burmeseclassic.com



သက်နေလဲ ဟင်''

''ဘွားချယ်ရဲ့သမီးက ကကြီးရဲ့မေမေပါ''

''ဟင်''

ဒီတစ်ခါမှာတော့ ရန်ကြီးအောင် တုန်လှုပ်ချောက်ချားစ ပြုလာခဲ့ပြီဖြစ်၏။

ဘယ်လိုဖြစ်ရတာလဲ ... ဒါ ဒါ သွေးရိုးသားရိုး တိုက်ဆိုင်တာမှ ဟုတ်ပါရဲ့လား။ ဘာပြောလို့ ဘာဆက်လုပ်ရမည်ကိုပင် မတွေးတတ်အောင် ဖြစ်နေတော့သည်။

''ကိုအောင် ဘာဖြစ်သွားတာလဲ၊ အံ့သြသွားတာလား၊ မယုံတာလား၊ ဟိုးအဝေးကြီးကနေ ဒီထိလာပြီး လိမ်ညာပြောရလောက်အောင် ကကြီး သိက္ခာမမဲ့သေးပါဘူး ကိုအောင်၊ မေမေတားတဲ့ကြားက ကိုယ့်အဘွားရဲ့မျက်နှာနဲ့ ကိုယ့်ဘကြီးမျက်နှာကို မြင်ရရုံလေးပါဆိုပြီး ကတိတွေ အထပ်ထပ်ပေးပြီးမှ ထွက်လာခဲ့ရတာပါ၊ ဒီရောက်တော့ မေမေပြောတာတွေနဲ့ မတူတဲ့ ဘွားချယ်တို့ရဲ့ခံစားချက်ကို သိလာရတော့ သူတို့သားအမိတွေကို ပြန်ဆုံစည်းစေချင်ခဲ့တယ်၊ ဒီဆန္ဒနဲ့ ကကြီး ဆက်နေဖြစ်ခဲ့တာပါ''

ရှည်လျားသောသက်ပြင်းကို မှုတ်ထုတ်ရင်း ကကြီး မျက်လုံး





လေးကို မှိတ်ထားလိုက်မိ၏။ ပြီးမှ ဆက်၍ ...

''ဖွင့်ပြောမယ်ကြံလိုက် မေမေက ဟိုကနေ မပြောပါနဲ့ဦးသမီးရယ်၊ သူတို့တာသာ သိလာမယ့်နေ့ကို စောင့်ပါ၊ သူတို့သွေးသားပဲ သူတို့ဘာသာ သိလာမှာပါနဲ့ တားတားနေလို့ ရက်တွေကြာသွားခဲ့ရတယ်၊ နောက်ထပ် မထင်မှတ်တဲ့ကိစ္စတစ်ခု ထပ်ပေါ်လာချိန်မှာ ကကြီးရဲ့ဆန္ဒတွေ သဲထဲရေသွန်ဖြစ်သွားခဲ့လို့ ဒီအတိုင်း ရေငုံနှုတ်ပိတ်နေလိုက်ရတော့တယ်လေ''

ကကြီးပြောနေသမျှကို နားထောင်နေမိသော်လည်း ရန်ကြီးအောင်နားထဲ ကြားတစ်ချက် မကြားတစ်ချက် ဖြစ်နေရသည်။

မျက်စိထဲမှာလည်း ကကြီးအစား ဆွေ့ဆွေ့ခုန်နေသော အမေ့အား မြင်နေမိ၏။

ကကြီးက ထိုသို့ပြောလာတော့ မိမိပြောစရာစကား မရှိတော့ပါလား။ ဒါဆို ဒီအိမ်မှာ ဆောင်းတမှီ ဘယ်နှယောက်ရှိနေပါသနည်း။

အဲ့ နေပါဦး ... ကကြီးအမေရဲ့နာမည်ကို မမေးရသေးဘဲနဲ့ ကြိုတင်သွေးပျက်နေတော့တာပါလား။ မေးရမှာလည်း မဝံ့ရဲတဲ့အဖြစ်။

မမေးပြန်ရင် ပြဿနာရဲ့အရင်းအမြစ်ကို ရှာတွေ့မှာ မဟုတ်၊



www.burmeseclassic.com

www.burmeseclassic.com



မေးခါမှ ပိုရှုပ်သွားရင်အခက်ပဲ။

ချိုတုံချတုံနဲ့ပင် ရန်ကြီးအောင် စိတ်ကို တုံးတုံးချ၍ . . .

"ကကြီး . . . ကကြီးအမေနာမည်က ဘယ်သူလဲဟင်"

"ဆောင်းတမိုတဲ့ ကိုအောင်၊ ဖေဖေက ရန်ကုန်တက္ကသိုလ်က နည်းပြဆရာ ဦးသိမ်းမင်းပါ"

"ဟာ"

ရင်ထဲမှာ အချိန်ကိုက်ဗုံးတွေ အဆက်မပြတ် ပေါက်ကွဲကုန်သည့်နှယ် ရန်ကြီးအောင် ဆောက်တည်ရာမဲ့သွားရ၏။

ဒီလောက်တိုက်ဆိုင်လွန်းနေတာ ဘယ်လိုမှ ဟန်မဆောင်နိုင်တော့။ မျက်နှာအနေအထားပါ ပျက်ယွင်းသွားခဲ့ရသည်။

ရန်ကြီးအောင်၏ ဣန္ဒြေမဆည်နိုင်လောက်အောင် ပျက်ယွင်းသွားသောပုံစံကိုကြည့်၍ ကကြီး ထိတ်လန့်တုန်လှုပ်သွားရပြီး

"ဘာ ဘာဖြစ်လို့လဲ ကိုအောင်"

ကတုန်ကယင်နှင့် ပြန်မေးမိသည့်အဖြစ်။

"နေဦး နေဦးကကြီး . . . ခုနက ပြောလိုက်တဲ့ မထင်မှတ်တဲ့ကိစ္စဆိုတာ ဘာလဲ၊ အဲဒါကြောင့် ကကြီးဆန္ဒတွေ သဲထဲရေ သွန်ဖြစ်ရတယ်ဆိုတာ ဘာလဲ၊ အဲဒါ ကိုယ်သိချင်တယ်၊ ဒါတွေ





သိရမှ ကိုယ့်မှာ ပြောစရာစကား ရှိလာမှာမို့ပါ၊ ပြောပြပါ ကကြီး"

အူယားဖားယားမေးပြီး မျက်စိပျက်မျက်နှာပျက် ဖြစ်နေသော ရန်ကြီးအောင်အား ကကြီး ဘယ်လိုနားလည်ရမှန်း မသိတော့။

လက်ခနဲဝင်လာတဲ့အတွေးတစ်ခုကြောင့် ပြဿနာက အခုမှစတာလားဟုပင် ထင်သွားမိသည့်အဖြစ်။

ကကြီး စိတ်ကို တင်းလိုက်ပြီး . . .

"ကိုအောင့်ကို ဘဘကတွေ့ပြီး သူ့သားနဲ့တူတယ်လို့ ထင်ရာက ဒီအိမ်ကြီးပေါ်ကို ရောက်အောင်ခေါ်တော့တာပဲ၊ ကိုအောင်ဟာ သူ့ညီမသားများလားပေါ့၊ ဘွားချယ်ကလည်း ဒီလိုပဲ ထင်တယ်လေ၊ ကကြီးရောက်ခါစက သူတို့ အဲလိုပဲထင်လိုက်သေးတယ်၊ ကကြီးကတော့ သူတို့ သံသယဖြစ်လောက်တဲ့ တူညီမှုတွေ မရှိဘူးနဲ့တူပါတယ်၊ နောက်ပိုင်း သွေးအေးသွားကြတယ်၊ ကိုအောင့်ကိုသာ သူတို့ မျှော်လင့်နေခဲ့ကြတာလေ၊ အဲဒီအချိန်ကျမှ ကကြီးဖွင့်ပြောလိုက်ရင် ကကြီး ဘာဖြစ်သွားမလဲ၊ မေမေ့ကိုတောင် ဒီကိစ္စတွေ ဖွင့်မပြောရသေးပါဘူး၊ ကကြီးဘာသာ တစ်ယောက်တည်း ကျိတ်ခံစားနေမိတာ၊ ဘွားချယ်တို့သိပြန်လည်း တစ်မျိုးထင်မှာစိုးလို့ ကွယ်ရာမှာ လာနေမိတာပါ"

ဩော် . . . ဒီလိုလား။ အခုမှပဲ ဒီအိမ်ကြီးပေါ်ကို မြန်ဆန်စွာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာရပုံအား ရှင်းသွားရတော့သည်။

လူလေး လူလေးနဲ့ ပါးစပ်ဖျားကမချဘဲ တပြုံးပြုံးနှင့် ရှိတတ်သော အန်ကယ့်အမူအရာတွေကို အခုမှ သဘောပေါက်ရသည်။

မိမိကိုတွေ့တိုင်း ရီဝေစွာကြည့်တတ်သော အဘွားဧ၏ပုံစံကို မျက်စိထဲမှာ ပြန်မြင်ယောင်ရင်း သက်ပြင်းတောင် မချနိုင်တော့။ ခေါင်းကိုမော့၍ လေတွေမှုတ်ထုတ်ပစ်နေမိ၏။

ရင်ထဲမှာ မွန်းကျပ်မှုက ပေါ့မသွား။

"ကကြီး ဘွားတို့ကို ဖွင့်ပြောလိုက်ပါလား၊ အဖြေမှန် သိရတာပေါ့၊ ကကြီးအမေက ဆောင်းတမှီအမှန်ဆို ပြဿနာ မဖြစ်လာနိုင်ပါဘူး"

"ဟင် ... ဘာ ဘာပြောတယ်ကိုအောင်၊ ဒါ ကကြီးကို မယုံကြည်လို့ပြောတဲ့စကားလား၊ ကကြီးမေမေက ဆောင်းတမှီမို့ ဆောင်းတမှီလို့ ပြောတာပေါ့၊ ကိုအောင်ကတောင် ဒီလိုထင်နေမှ ကကြီး ဘာဆက်လုပ်ရမှာလဲ"

ငိုသံရော ရှိုက်သံပါရော၍ ကကြီး ဒေါသနှင့်အော်လိုက်မိတော့သည်။

ရန်ကြီးအောင် လက်တကာကာနှင့် ...





"ဟာ ... အဲလိုမဟုတ်ဘူး၊ ကိုယ့်စကားက အဲဒီအဓိပ္ပာယ်မဟုတ်ဘူး၊ အမှန်အတိုင်း ဖွင့်ပြောတာပဲ၊ မှားစရာမရှိဘူးလို့ ပြောတာပါ"

ဘယ်လိုပဲ ရန်ကြီးအောင် ရှင်းပြရှင်းပြ ကကြီးစိတ်က ပြေမသွား၊ ရှိုက်ကြီးတငင် ငိုချလိုက်မိလေသည်။

"ကဲ သားတို့သမီးတို့ ... အိမ်ထဲကို သွားကြရအောင်၊ အိမ်ထဲကျမှ ပြောကြတာပေါ့"

"ဟင် ... ဘဘ၊ ဘွားချယ်"

"ဟာ ... အန်ကယ်၊ ဘွား"

နှစ်ယောက်သား အကြိတ်အနယ် အော်ဟစ်ပြောဆိုနေကြရတာနှင့် ပတ်ဝန်းကျင်ကို သတိမထားမိလိုက်ကြ။

အသံကြားမှ နောက်ကိုလှည့်ကြည့်မိကြသည့်အဖြစ်။ နှစ်ယောက်စလုံး ဆွေးမြည့်ရီဝေစွာ ကြည့်နေကြသော ဒေါ်စိန်မြချယ်နှင့် ဦးရဲရင့်နောင်တို့မှာ ပင့်သက်ကိုချလျက် အိမ်ကြီးထဲသို့ အရင်ဝင်သွားနှင့်လေတော့သည်။

ရှိုက်ကြီးတငင် ငိုကြွေးနေသော ကကြီးတစ်ယောက် ကျလုလုမျက်ရည်များပင် ရပ်တန့်သွားရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖပ်ဖြူရော်ဖြစ်သွားသော ကကြိုးကို ရန်ကြီးအောင် အားပေးသောအကြည့်ဖြင့် ကြည့်၍ လက်မောင်းမှတွဲထူလိုက်ပြီး အိမ်ကြီးဆီသို့ ခေါ်ခဲ့လိုက်လေသည်။

"ထိုင်ကြကွာ"

အရန်သင့်စောင့်နေသော ဦးရဲရင့်နောင်က နှစ်ယောက်စလုံးအား ထိုင်ခိုင်းလိုက်လေသည်။

ရန်ကြီးအောင် တွဲခေါ်ရာနောက်သို့ ပါလာသော ကကြိုးမှာ တွန့်ဆုတ် တွန့်ဆုတ်ဖြစ်နေရာမှ မရဲတရဲနှင့် ဘွားစောနှင့် ဘကြီးကို ကြည့်ကာ မဝံ့မရဲနှင့် ထိုင်နေမိသည်။

ခေတ္တမျှ အခန်းထဲမှာ တိတ်ဆိတ်သွားပြီး အမြဲတမ်း ပြုံးရွှင်စွာ စကားပြောတတ်သော ဦးရဲရင့်နောင်တစ်ယောက် မျက်နှာမသာမယာဖြင့် သူတို့နှစ်ယောက်ကိုကြည့်ပြီး ...

"ကဲ ပြောကြ ... မင်းတို့နှစ်ယောက် ဘယ်သူက ဆောင်းတမိုရဲ့ ရင်သွေးအစစ်လဲ"

"ဗျာ"

"ရှင်"

မေးပုံက ထူးဆန်းနေ၍ ကကြိုး ပါးစပ်အဟောင်းသား





ဖြစ်လျက် ဘွားအေနှင့်ဘကြီးကိုတစ်လှည့် ရန်ကြီးအောင်ကို တစ်လှည့် ကြည့်နေမိတော့သည်။

ရန်ကြီးအောင်ကတော့ ထိုမေးခွန်း၏အဓိပ္ပာယ်ကို သဘောပေါက်လိုက်ပါသည်။ မိမိအကြောင်းကို စုံစမ်းပြီးခဲ့ပြီဟု နားလည်လိုက်၏။

သို့သော် အဖြေရခက်နေမိသည်။ ကကြိုးကို အားနာသောကြောင့်ဖြစ်၏။ ကကြိုးဘက်ကို ငဲ့ကြည့်လိုက်တော့ မိမိထံမှအဖြေကို မျက်နှာငယ်လေးနှင့် စောင့်မျှော်နေရှာရဲ့။

အခုကျမှ နာမည်လွှဲပြောတော့ရော အခြေအနေက ပြောင်းသွားမှာမဟုတ်မှန်း ရန်ကြီးအောင် သဘောပေါက်လိုက်သည်။

စုံစမ်းပြီးလို့ သိနေလို့သာ ဒီမေးခွန်းထွက်လာတာပဲဆိုတာ စဉ်းစားနေဖို့တောင်မလို။

ဒါပေမဲ့ ပြောမထွက်ခဲ့ပါ။ နှုတ်ဆိတ်လျက် ခေါင်းငုံ့ချနေမိပါ၏။

နှစ်ယောက်စလုံးဆီမှ အသံထွက်မလာတော့။ ဦးရဲရင့်နောင်မျက်နှာကြီးနီးမြန်းလာသည်ထိ ဒေါသတွေ ထွက်လာကာ

"ဘာဖြစ်လို့ မဖြေကြတာလဲ ... ခုနကတော့ ကကြိုးပြော



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်တာ ချောလို့ပါလား၊ ရန်ကြီးအောင်ကရော မင်းမိဘနာမည်ကို ဘာလို့ ကကြိုးကို ဖွင့်မပြောရတာလဲ မင်းက ဘယ်အထိ ထိမ်ချန်ထားမယ် စိတ်ကူးလို့လဲ၊ အေး . . . ဒီရက်ထဲ စုံစမ်းသင့်သလောက် စုံစမ်းပြီးလို့ တို့တွေအားလုံး သိပြီးနေပြီ၊ ဟိုရက်တွေက မင်းနေတဲ့ဆီ သွားစုံစမ်းတိုင်း အဖြေမှန်က မရခဲ့ဘူး၊ ဒီနေ့မှ သိလာခဲ့ရတာ၊ မင်းအမေကိုတော့ ခုထိ မတွေ့ခဲ့သေးဘူး၊ အန်ကယ့်မှာ ဝမ်းသာလွန်းလို့ မယ်မယ့်ဆီပြေးလာခါမှ ဒီလည်းရောက်ရော လူတွေ ရှူးချင်သွားတော့တာပဲ၊ ဘယ်လိုတွေဖြစ်ပြီး ဆောင်းတမို့က နှစ်ယောက်ဖြစ်နေရတာလဲ . . . ရှင်းပြပါဦး''

ဒေါ်သနှင့်ပြောနေမိ၍ စကားတွေက ချောမွေ့စွာ ထွက်မလာခဲ့။ လူကြီးဖြစ်နေလို့သာ ထိန်းပြီးပြောနေရခြင်း ဖြစ်သည်။

ရန်ကြီးအောင်ဟာ ဆောင်းတမို့ရဲ့သားဆိုတာ သိလိုက်တာနဲ့ မယ်မယ့်ဆီပြေးလာခဲ့တာ။ ဝမ်းသာလွန်း၍ ခြံထဲမှာ ထိုင်နေသည်ဆိုသော ရန်ကြီးအောင်အား စောနန်းကို ခေါ်ခိုင်းလိုက်ခြင်းဖြစ်သည်။

စောနန်းတစ်ယောက်တည်း ပြန်လာပြီး ကြားခဲ့ရသမျှကို ပြန်ပြောပြ၍ သားအမိနှစ်ယောက် ခြံထဲဆင်းလိုက်လာကာ ရပ်ပြီး နားထောင်နေမိကြခြင်းဖြစ်သည်။





သူတို့ကတော့ သူတို့အရှိန်နဲ့သူတို့ ပတ်ဝန်းကျင်ကို သတိမထားမိကြ။

ဝမ်းသာခဲ့ရသမျှ ကြားနေရသောစကားများကြောင့် သားအမိနှစ်ယောက်လုံး ရှူးချင်စိတ်ပေါက်သွားခဲ့ရသည်။

ကကြိုးရောက်စက သို့လော သို့လော ထင်ခဲ့သော်လည်း ရန်ကြီးအောင်ကိုတွေ့လိုက်သလို မတုန်လှုပ်ခဲ့။ အခုမှ ခက်ချေပြီ။

ဆောင်းတမို့ နှစ်ယောက်တဲ့။ ဘယ်တစ်ယောက်က ကိုယ့်သွေးသားလဲ၊ နှစ်ယောက်စလုံး ငြိမ်ချက်သားကောင်းနေလိုက်ကြတာ အားမရလိုက်တာ။

ဒီအတိုင်းဆို ကိုယ်တိုင်ပဲ ဖြေရှင်းရတော့မယ့်ပုံပါလား။

ခေါင်းလေးငုံ့ပြီး မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျနေရှာတဲ့ ကကြိုးကိုပဲ သနားမိ၏။ မယ်မယ့်ကို တကယ့်စိတ်ရင်းနဲ့ ပြုစုခဲ့သူ သူလေးကိုရော အတုအယောင်လို့ မထင်ရက်။

အကြံအဖန်သမား ဆိုအစကတည်းက ဖွင့်ပြောတော့မှာပေါ့၊ မိဘနာမည်တွေတောင် လွှဲပြောထားသေးသည်။

ဟိုကလေးကရော ဘာထူးလဲ။ ခုထိ အဖေအမေနာမည်တောင် ဖွင့်မပြောရှာသေး။



www.burmeseclassic.com

www.burmeseclassic.com



မရှိးသားခဲ့လျှင် သူသာ ဆောင်းတမှီရဲ့သားပါလို့ ဖွင့်ပြောလိုက်ရုံနှင့် ပွဲက သိမ်းပြီးသားဖြစ်နေတော့မှာ။

သူ့ဘက်မှာ ကိုယ်တွေက အမှတ်ပြည့်ပေးပြီးသား ဖြစ်နေတဲ့ဟာ သူ့အတွက် အားလုံးအဆင်ပြေပြီးသားပဲ။

ဘာတွေလဲ။ ဘယ်လိုဆုံးဖြတ်ရမလဲ။

ဦးရဲရင့်နောင် အတွေးတွေနှင့် ခေါင်းစားနေဆဲ ဒေါ်စိန်မြချယ်ထံမှ အသံထွက်လာလေသည်။

"ကဲ ကဲ ... မြေးတို့ကို ဘွား တစ်ယောက်ချင်းမေးမယ် ... အမှန်အတိုင်းတော့ ဖြေပါ၊ ကကြီးလေးက အရင်ဖြေပါဦး၊ အဖေနာမည် ဘယ်သူလဲ၊ အမေနာမည် ဘယ်သူလဲကွယ်"

"ဖေဖေက ဦးသိမ်းမင်းပါ၊ မေမေက ဆောင်းတမှီပါ ဘွားချယ်"

"ဟုတ်ပြီ၊ လူလေးကရော ဖြေပါဦး ... အဖေနာမည် ဘယ်သူလဲ၊ အမေနာမည် ဘယ်သူလဲ"

"အဖေက ဦးသိမ်းမင်းပါ၊ အမေက ဒေါ်ဆောင်းတမှီပါ ဘွား"

ဒေါ်စိန်မြချယ် စိတ်မချမ်းမြေ့စွာ ပြုံးလိုက်ပြီး ...





"ဒါဆို သမီးလေးကပဲ စဖြေပါ။ သမီးမေမေက ဒီအိမ်ကြီးကနေ ဘာလို့ထွက်သွားရပြီး သမီး ဒီအရွယ်ထိ ကြုံတွေ့လာရတဲ့ အတွေ့အကြုံလေးတွေကို ပြောပြပါလားကွယ်"

သူမ ငယ်စဉ်ကတည်းက အိပ်ရာဝင်ပုံပြင်တစ်ပုဒ်အလား နားထောင်ခဲ့ရသော မေမေ့ဘဝဇာတ်ကြောင်းများကို မချွင်းမချန် ပြောပြလိုက်ပြီး ဘဘငြိမ်း၏စောင့်ရှောက်မှုနှင့် ဘဝကို ရှည်တည်နေရကြောင်းတွေကိုပါမကျန် အကုန်ပြောပြလိုက်မိလေသည်။

သို့သော်လည်း ဒီအိမ်ရောက်လာမှ မေမေပြောပြသလို ဘွားချယ်တို့က ပစ်ထားတာမဟုတ်ဘဲ ဒီနေ့ထိ တမ်းတလျက် လွမ်းနေကြကြောင်း၊ မျှော်လင့်နေကြကြောင်းကို သိရ၍ မျက်နှာလေးမြင်ဖူးရုံပါလို့ ကတိပေးခဲ့သော်လည်း သားအမိတွေ ပြန်ဆုံစေချင်လွန်းတာကြောင့် အခုလို ဖြစ်ကုန်ကြကြောင်းကိုပါ ပြောပြလိုက်လေတော့သည်။

ကကြီးပြောပြသမျှကို သေချာစွာ နားထောင်ပြီးသည်နှင့် ရန်ကြီးအောင်ထံသို့ အကြည့်ကိုရွှေ့လိုက်ကာ ...

"သားကရော ပြောပါဦး ... သားမေမေရဲ့ ပြောပြသမျှနဲ့ အတွေ့အကြုံလေးတွေ"

လူမှန်းသိတတ်စကတည်းက အမေပြောပြဖူးသော အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



လုပ်သူ၏ ချုပ်ချယ်မှုကို မခံစားနိုင်တဲ့အဆုံး စာလာသင်ပေးသောသူနှင့် လိုက်ပြေးခဲ့ရာမှ ဒုက္ခပေါင်းစုံတွေ့ရောက်ပြီး ဘဝပျက်ခဲ့ရပုံ။

အစ်ကိုလုပ်သူနှင့် ခင်ပွန်းသည်တို့ ပြန်ဆုံမိကြပြီး အလုပ်ပေးမည်ဟုခေါ်၍ သွားရာမှ ခုထိ ပြန်မလာတော့သည်အတွက် ခင်ပွန်းသည်အား အစ်ကိုသတ်သည်ဟုယူဆကာ ခွင့်မလွှတ်နိုင်ဘဲ တစ်နေ့ တစ်နေ့ သူ့ကိုသာ ရန်လုပ်နေကြောင်း။

နောက်ဆုံး နင့်ဘကြီးဆီမှာ ရသင့်ရထိုက်တာ နင် ခံစားခွင့်ရှိတာ သွားတောင်းဆိုပြီး လွှတ်ကြောင်းတို့နှင့် သူ့အစ်ကိုကို အတိုက်အခံမလုပ်လို၍ အချိန်တွေကြာနေခဲ့ကြောင်း နောက်ဆုံး အကြောင်းတိုက်ဆိုင်စွာ နွားခြံမှာ လူလို၍ လာရှာရာမှ သူငယ်ချင်းဖြစ်သူ သောင်းထိုက်၏ဆက်သွယ်ပေးမှုဖြင့် ရောက်လာခဲ့ကြောင်းများကို စီကာပတ်ကုံး ပြောပြလိုက်လေသည်။

စီးပွားရေးအခြေအနေကြောင့် မြင်းလှည်းမောင်းခဲ့ရပုံများ ပါမကျန် ရန်ကြီးအောင် ပြောပြလိုက်သည်။

နှစ်ယောက်စလုံး၏စကားကြောင့် သားအမိနှစ်ယောက် သက်ပြင်းကိုယ်စီချမိကြတော့သည်။

ပြောပြသမျှတွေက နှစ်ယောက်လုံး အမှန်တွေဖြစ်နေခြင်း





ကြောင့် အဖြေကို ရှာမတွေ့ကြသေး။

နောက်ပိုင်း ဘဝရပ်တည်ပုံချင်း ကွဲပြားကြပေမယ့် ဆောင်းတမို၏ ဘဝအစိတ်အပိုင်းအတိုင်း တစ်သဝေမတိမ်း တူနေခဲ့ကြသည် မဟုတ်ပါလား။

ဆုံးဖြတ်ရခက်နေကြတော့သည်။ ဦးရဲရင့်နောင် ခေါင်းသုံးရပါတော့မည်။ သူတို့ကိုလည်း အပြင်ပေးလွှတ်လို့ မဖြစ်။

ဒီတော့ . . .

"ဘဘတို့ရှေ့မှာပဲ သမီးမေမေဆီ ဖုန်းဆက်လို့ ဖြစ်တယ် မဟုတ်လား"

"ဟုတ်ကဲ့ . . . ဖြစ်ပါတယ်"

ကကြိုး မဆိုင်းမတွ ပြန်ဖြေလိုက်၏။ သူ့ကိုယ်သူ အန်ကယ်ဟု သုံးနှုန်းနေရာမှ ဘဘဟု ပြောင်းသုံးလိုက်ခြင်းဖြင့် ကလေးတွေနှင့် ပိုမိုရင်းနှီးသွားစေခဲ့သည်။

သွက်လက်စွာ ဂဏန်းကွက်လေးများကို နှိပ်နေသော ကကြိုးအား ဦးရဲရင့်နောင်ကြည့်၍ လက်နှင့်ကာပြရင်း . . .

"နေဦးသမီး . . . သမီးမေမေကို ဒီမှာဖြစ်နေတဲ့ ပြဿနာကို မပြောပြနဲ့၊ ဘဘနဲ့ဘွားချယ်က တွေ့ချင်လို့ လိုက်လာပါလို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြော . . . ကြားလား''

''ဟုတ်ကဲ့''

လိုင်းက တန်းဝင်သွားတာကြောင့် ကကြိုး အားရဝမ်းသာဖြင့် မိခင်အား ဒီကိုလိုက်လာရန် ခေါ်လိုက်လေသည်။

တစ်ဖက်က ပြန်ဖြေသံကြောင့် ကကြိုး မျက်လုံးလေး ပြူးအံ့ဩသွားလျက် ဘွားအေနှင့်ဘကြီးဖြစ်သူတို့အား လှမ်းကြည့်လိုက်မိလေသည်။

''ဘာဖြစ်လို့လဲ သမီး''

ကကြိုး၏ ထူးခြားသွားပုံကြောင့် ဦးရဲရင့်နောင် မေးလိုက်ခြင်း ဖြစ်သည်။ ကကြိုး ဖုန်းကိုပိတ်လိုက်ပြီး . . .

''မေမေတို့က ဒီမြို့ပေါ်တောင် ရောက်နေပြီတဲ့ ဘဘ၊ ကကြိုးဆီက အဆက်အသွယ်မရလို့ စိတ်ပူပြီးလိုက်လာကြတာလို့ ပြောတယ်''

''ဟေ''

ဆောင်းတမှီအစစ် ဟုတ်တာဘမဟုတ်တာ အပထား။ သူတို့ထံ ရောက်လာတော့မည်ဆို၍ သားအမိနှစ်ယောက် လှိုက်ခနဲ ဝမ်းသာသွားကြရသည်။





ချက်ချင်းပဲ အဝင်ဂိတ်နှစ်ခုစလုံးကို အကြောင်းကြားထားလိုက်မိလေသည်။ ထို့နောက် ရန်ကြီးအောင်ဘက်သို့ လှည့်၍ . . .

''သားကရော သားအမေကို ဘယ်လိုခေါ်မယ် စိတ်ကူးလဲ''

ရန်ကြီးအောင် တွေးတောစဉ်းစားပြီးမှ . . .

''အမေ့ကိုတော့ ကိုယ်တိုင်သွားခေါ်မှရမယ် ဘဘ၊ ကျွန်တော့်ကို စိတ်မချရင် ဘဘတို့ယုံရမယ့်သူကို ထည့်လိုက်ပါ''

ရန်ကြီးအောင်အပြောကို ဦးရဲရင့်နောင် လက်ခံလိုက်သည်။

ခွင့်ပေးလိုက်ပြီဖြစ်၍ ဦးမှန်ကိုခေါ်ပြီးသွားရန် ထိုင်ရာမှ ရန်ကြီးအောင် ထရပ်လိုက်၏။

ထိုစဉ် တံခါးဝမှ သွားကြိုနိုင်းထားသော စောနန်း အခန်းတွင်းဝင်လာပြီး . . .

''ဒေါ်ဆောင်းတမှီ ရောက်လာပါပြီ မယ်မယ်နဲ့သခင်လေးရှင့်''

စောနန်းအသံကြောင့် အားလုံး ရင်တထိတ်ထိတ်နှင့် အခန်းဝသို့ အကြည့်ရောက်ကြရလေသည်။

ရန်ကြီးအောင်ပါ မသွားဖြစ်သေးဘဲ ရပ်ကြည့်နေမိ၏။ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေကြဆဲ ဝင်လာသူကြောင့် ကကြိုးမှလွဲပြီး အံ့ဩမှင်တက်မိစွာ တစ်ယောက်တစ်ပေါက်အသံတွေ ထွက်လာခဲ့လေသည်။

"ဟင် … အမေ"

"ဟာ … ခင်ထားမေ"

"ဟုတ်ပ့ါ ဟုတ်ပ့ါ … ခင်ထားမေ အစစ်ပါပဲ၊ ဘယ်လိုလဲ ကိုနောင် … အတော်မှ အံ့ဩသွားရဲ့လား။ ဟိုကအကောင်ကရော ဘာငေးကြည့်နေတာလဲ၊ နင်ဟာ မွေးရကျိုးမနပ်လိုက်တာမှ တကယ့်အလကားကောင်ပဲ၊ ငါ့ကို ပျားရည်နဲ့ဝမ်းချထားခဲ့ပြီး နင်ကတော့ ဒီမှာ ဆွေမျိုးတွေနဲ့တွေ့ပြီး အပျော်လွန်နေတယ်ပေ့ါ … ဟုတ်လား။ မယ်မယ် … မျက်လုံးကြီးလည်း ကျွတ်ထွက်သွားပါဦးမယ်ရှင်၊ ခင်ထားမေ လှလာလို့ အံ့ဩနေတာလား၊ အဟွန်း … ဒီခြံထဲ ဝင်လို့ရအောင် ဒီပုံစံလေးတော့ ပြင်ခဲ့ရတာပေ့ါလို့၊ ငအောင့်ဆီက ဘာသတင်းမှ မရကတည်းက ဒီခြံဝမှာ လာချောင်းနေတာ ရက်တွေလည်းမနည်းတော့ဘူးလေ၊ ဒီနေ့မှ ခြံဝမှာ ထူးခြားပါတယ်ဆိုပြီး စုံစမ်းကြည့်လိုက်တာ၊ ဘာတဲ့ … ကြားရတာက အော်ရယ်ဖို့တောင်ကောင်းတယ်၊ ဆောင်းတမိုလာမှာမို့ ထွက်ကြိုနေတာတဲ့၊ ဟား ဟား ဟား … ရယ်ရတယ်၊ အဲဒါကြောင့် ငါ ဆောင်းတမိုပဲဆိုပြီး ဝင်ခဲ့





လိုက်တယ်၊ အဟင်း … ပိုင်တယ်မဟုတ်လား မယ်မယ်နဲ့ ကိုနောင်"

မခန့်လေးစားနဲ့ပြောပြီး မခိုးမခန့်ပုံစံနှင့် တစ်လှမ်းချင်း ဝင်လာရင်း သူပြောချင်တာကို ပြောနေသော ခင်ထားမေအား ဦးရဲရင့်နောင်ရော ဒေါ်စိန်မြချယ်ပါ ဘာမှ ပြန်မပြောမိကြ။

သူဝင်လာကတည်းက သားအမိနှစ်ယောက်လုံး မှင်တက်ငေးမောကာ ဆတ်ခနဲပင် မတ်တတ်ရပ်လိုက်မိကြသည့်အဖြစ်။ အခုထက်ထိ ကြောင်ငေးစွာ ကြည့်နေမိပါ၏။

ခင်ထားမေဟု ခေါ်သံကြားပြီး သူ့အမေကိုယ်တိုင်က ဝန်ခံသံကြားရကတည်းက ရန့်ကြီးအောင် ရှက်စိတ်နှင့် အသံပင် မထွက်ရဲတော့။

လိမ်ညာပြောဆိုထားသော အမှုကို အပြစ်မမြင်ရက်ပေမယ့် အားလုံးရှေ့မှာမို့ ရှက်နေမိသည်။

ဘယ်လိုလုပ်ရပ့ါမလဲဆိုတာပင် ဆုံးဖြတ်ရ ခက်နေရ၏။ ပြင်ဆင်ကာ ဝတ်စားထားသည့် မိခင်ကိုသာ ဒေါသထွက်နေမိသည်။

ရန့်ကြီးအောင် ရှက်စိတ်ကြောင့် မျက်နှာတစ်ပြင်လုံး ရဲတောက်လျက် မိခင်ဖြစ်သူအား စူးစူးဝါးဝါးစိုက်ကြည့်လျက် …

"အမေ အမေ … ဘာလို့ သားကိုမဟုတ်တာတွေပြော



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတာလဲ၊ အခု သား ဘယ်လိုမျက်နှာနဲ့ ဒီမှာဆက်နေရမှာလဲ ဟင်"

အော်ဟစ်ကာပြောနေသော သားအား ဟန့်ပါပါ ပြန်ကြည့်လျက် ဒေါ်ခင်ထားမေ ခုံတစ်လုံးမှာဝင်ထိုင်ကာ ခြေထောက်ကို ချိတ်ရင်း . . .

"ဘယ်လိုမျက်နှာနဲ့မှ မနေနဲ့ . . . အဲဒီမှာ ဒီအတိုင်းနေဦး၊ နင်တို့မိသားစုရဲ့ ခံစားချက်တွေကို အရသာရှိရှိ ထိုင်ကြည့်ချင်လို့ ငါ စကားဆက်ပြောဦးမယ်"

နင်တို့မိသားစုဆို၍ အားလုံး စိတ်ဝင်စားသွားကြပြန်ရာ မျက်လုံးတွေက ဒေါ်ခင်ထားမေထံ၌သာ စုပြုံနေကြရ၏။

"မယ်မယ်နဲ့ သခင်လေးရှင့် . . . ဒီမှာ ဒေါ်ဆောင်းတမို ရောက်လာပါပြီ"

ဒေါ်ခင်ထားမေထံ အာရုံရောက်နေကြစဉ် ဆောင်းတမို ထပ်ရောက်လာပြီဆို၍ အားလုံး မျက်လုံးများက အပေါက်ဝဆီ ရောက်ကုန်ကြပြန်လေသည်။

ဆောင်းတမို ဘယ်နှယောက်လာလာ လွှတ်လိုက်ဆို၍ နောက်တစ်ယောက်ဆောင်းတမို အိမ်ထဲသို့ လွယ်ကူစွာ ရောက်လာခြင်းဖြစ်သည်။





ခေတ်နဲ့အညီဝတ်စားဆင်ယင်၍ ဆင်မယဥ်သော်ခြေလှမ်းများဖြင့် အခန်းတွင်းဝင်လာသူကြောင့် ပထမဦးစွာ ပြေးကြိုမိသည်က ကကြိုးသာဖြစ်ရလေသည်။

"မေမေ"

"သမီး . . . ဘာတွေဖြစ်နေကြတာလဲ"

မိခင်ရင်ခွင်သို့ ပြေးဝင်ကာ ငိုရှိုက်နေသောသမီးအား ဆောင်းတမို ပြန်လည်ပွေ့ဖက်ထားရင်း ဧည့်ခန်းတွင်းမှအခြေအနေကို မျက်လုံးဝေ့ကာ အကဲခတ်နေမိသည်။

ပြင်ဆယ်ခြယ်သထားပြီး အိုင်တင်အပြည့်နှင့် ခြေချိတ်ထိုင်နေသော ခင်ထားမေကိုလည်း တွေ့နေရ၍ ဆောင်းတမို အံ့သြနေရလေသည်။

မိခင်ဖြစ်သူနှင့်အစ်ကိုကလည်း မျက်နှာမသာမယာနှင့် မတ်တတ်ရပ်လျက် တွေ့နေရသည်။ ပြီးတော့ သမီးအရွယ် ကောင်လေးတစ်ယောက်။

ဘာတွေဖြစ်နေကြတာပါလိမ့်။ စဉ်းစားမရတဲ့အဆုံး ရင်ခွင်ထဲကသမီးကို အသာဆွဲထုတ်၍ မိခင်နှင့်အစ်ကိုထံ ဖြည်းညင်းစွာလျှောက်သွားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ ဆောင်းတမီနှင့်ကကြိုးတို့ကို ကြောင်တောင်တောင်နှင့် ကြည့်နေသော ဒေါ်ခင်ထားမေ ရုတ်တရက် ထရပ်လိုက်ပြီး ဆောင်းတမီအား အသင့်ပါလာသောဓားဖြင့် ရှေ့တည့်တည့်မှ ချိန်ထားလိုက်ပြီး ...

"အဲဒီမှာရပ်နေလိုက် ဆောင်းတမီ၊ ဘယ်သူမှ အနားကပ်မလာနဲ့နော်၊ ကပ်လာတာနဲ့ ဆောင်းတမီဗိုက်ထဲကို ဒီဓား တစ်ဆုံး ထိုးထည့်လိုက်မှာ"

"ဟာ ... ဘာလုပ်တာလဲ၊ မေမေ့ကိုကယ်ပါဦး၊ ကိုအောင် ... လုပ်ပါဦး၊ ဘွားချယ်, ဘဘ ... ဒီလိုပဲကြည့်နေ တော့မှာလား၊ အဒေါ်ကြီးရယ် ကကြိုး တောင်းပန်ပါတယ်ရှင်၊ မေမေ့ကိုလွှတ်လိုက်ပါနော်၊ ကကြိုးကိုယ်ပေါ်က လက်ဝတ်လက်စားတွေ အကုန်ချွတ်ပေးပါ့မယ်ရှင်၊ မေမေ့ကို လွှတ်လိုက်ပါ"

အားလုံး ရုတ်တရက်မို့ ကြောင်နေကြသော်လည်း ကကြိုး ငယ်သံပါအောင် အော်နေတော့သည်။ ရန်ကြီးအောင် ကလည်း ဝင်၍ ...

"ဟုတ်သားပဲ အမေ ... လွှတ်လိုက်ပါ၊ အမေလိုချင်တဲ့ပုံစံကို အေးအေးဆေးဆေးပြောလည်း ရပါတယ်၊ သား တာဝန်ယူတယ်၊





လွှတ်လိုက်ပါ အမေ"

"ဟုတ်တယ် ထားမေ ... လူလေးပြောတာ မှန်တယ်၊ နင်ဖြစ်ချင်တာကို ပြောပါ၊ ငါ ဖြစ်အောင်လုပ်ပေးပါ့မယ်၊ လက်ထဲက ဓားကိုတော့ လွှတ်ချလိုက်ပါဟာ"

ဗိုက်တည့်တည့်ကို ဓားနှင့်ထောက်ထားတာမို့ တကယ်ထိုးလိုက်မှာစိုး၍ အားလုံးငြိမ်နေရာမှ ကကြိုး၏ အသံစူးစူးလေးကြောင့် တစ်ယောက်တစ်ပေါက် ဝိုင်းပြောနေမိကြလေသည်။

"ဟား ဟား ... ရယ်ရတယ်၊ သူတို့အမေ, သူတို့ညီမကျတော့ သေမှာစိုးလိုက်ကြတာ၊ ငါ့လင်ကိုကျတော့ ခေါ်ပြီး သတ်ပစ်တယ် ... တရားလား၊ ပြောစမ်းပါ အစ်ကိုနောင်ရဲ့ ... တရားရဲ့လားလို့"

ဒေါသနှင့်အော်ပြောနေသော ဒေါ်ခင်ထားမေအား ဦးရဲရင့်နောင် သေချာစွာ စိုက်ကြည့်လိုက်ပြီး ...

"နင့်ယောက်ျားကို ငါသတ်တာလို့ နင်ကပြောချင်တာ လား ထားမေ"

"ဟုတ်တယ်လေ ... မဟုတ်လို့လား၊ အလုပ်ပေးမယ် ပြန်လာခဲ့ဆိုပြီးခေါ်လို့ ဟိုခမျာ ဒီကိုထွက်လာခဲ့တာ၊ အခုထိ ပြန်မရောက်



www.burmeseclassic.com

www.burmeseclassic.com



လာဘူး၊ ကြားရတာက ရှင်ကြီး ကားနဲ့တိုက်သတ်တာဆို''

''ဟာ . . . မဟုတ်ဘူး ထားမေ၊ နင့်ယောကျ်ား ဒီကိုရောက် မလာပါဘူး၊ မယုံ မယ်မယ့်မေးကြည့်''

''ဟုတ်ပါတယ် ထားမေ . . . နင့်ယောကျ်ား တကယ်ရောက် မလာတာပါ၊ မယ်မယ်တောင်းပန်ပါတယ်၊ နင် ဘာဖြစ်ချင်တာလဲ . . . အေးအေးဆေးဆေး ပြောပါ၊ သမီးလေးကို လွှတ်လိုက်နော်''

တစ်ချိန်လုံး ဘာမှဝင်မပြောဘဲ ငေးနေရာမှ ဒေါ်စိန်မြချယ် ဝင်ပြောရင်း သမီးဖြစ်သူကို လွှတ်ပေးရန် တောင်းပန်နေမိ၏။

''အဟွန်း . . . မရဘူး မယ်မယ်၊ ဟိုတစ်ချိန်တုန်းကသာ အဲသလို ကြည့်ဖြူခဲ့ရင် ဒီလိုပြဿနာ ဖြစ်လာစရာအကြောင်းကို မရှိဘူး၊ အဲဒီတုန်းကတော့ မယ်မယ် ဘာပြောခဲ့သလဲ . . . စဉ်းစား ကြည့်ပါဦး''

''အဲဒီတုန်းက နင် မတရားတောင်းတာကိုး ထားမေရဲ့၊ ငါတို့ပေးသလောက်နဲ့ နင် တင်းတိမ်ခဲ့ရင် ဘာပြဿနာ ဖြစ်စရာရှိလဲ''

''အို . . . မတင်းတိမ်နိုင်ပါဘူး၊ မျိုးစဉ်မျိုးဆက် ဒီအိမ်ကြီးမှာ ကျွန်ခံခဲ့ကြရတာ ကိုယ့်လုပ်အားခတွေနဲ့ ရှင်တို့ကတော့ ကြီးပွားချမ်း သာလို့ ထားမေတို့ကတော့ ကျွန်ဘဝက မတက်ဘူး၊ ဒါ ကျေနပ်စရာ





လား၊ ကျေနပ်ရမှာလား''

ဘီလူးသဘက်စီးသလို မျက်လုံးပြူးလျက် ဒေါ်ခင်ထားမေ ခုန်ပေါက်နေသမျှ လက်လှုပ်လိုက်တိုင်း ဓားဦးက ဗိုက်ကို လာလာထိ၍ ဒေါ်ဆောင်းတမီမျက်နှာက တစ်ချက်တစ်ချက် မဲ့သွားရသည်။

ဒါကိုကြည့်နေသော ရန်ကြီးအောင် အကွက်ကိုချောင်းကာ သူ့အမေ တစ်ဖက်အာရုံစိုက်နေခိုက် လျှပ်တစ်ပြက် ဝင်၍ ဓားကို လုလိုက်ပြီး မိခင်၏လက်နှစ်ဖက်ကို ချုပ်ကိုင်ထားလိုက်လေသည်။

''ဟင် ငအောင် . . . ဒါ ဒါ့ ကျေးဇူးဆပ်တာပေါ့ . . . ဟုတ် လား၊ နင့်အမေကျတော့ သေမှာစိုးသလား၊ ငါ့ကို နင်ကိုယ်တိုင် ဖမ်းချုပ်ပေးတယ်ပေါ့ . . . ဟုတ်လား၊ နင့်အမျိုးတွေ အားရအောင် လုပ်ပြလိုက်တာပေါ့လေ၊ မွေးရကျိုးနပ်တဲ့ သားရဲ့''

ရန်ကြီးအောင် အတင်းဖမ်းချုပ်ထားတဲ့ကြားက ဆွေ့ဆွေ့ ခုန်လျက် ဒေါ်ခင်ထားမေ အော်ဟစ်နေတော့သည်။

ဒေါ်ခင်ထားမေ ဘာတွေပြောနေမှန်း သဘောမပေါက် ကြသော ရန်ကြီးအောင်နှင့် ကျန်လူအားလုံးက တစ်ယောက် မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး အဖြေရှာနေကြလေ သည်။

ထိုအကြည့်များကို ဒေါ်ခင်ထားမေ သဘောပေါက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့်မို့ အံကိုတင်းတင်းကြိတ်၍ ဒေါ်ဆောင်းတမ့်ို အားမလို အားမရအကြည့်များဖြင့်ကြည့်ကာ ...

"နင် အခုထက်ထိ ကံကောင်းနေပါလား ဆောင်းတမို၊ နင့်သားက နင့်ကျတော့ သေမှာစိုးသတဲ့၊ ငါ့ကိုကျတော့ လူရှေ့သူရှေ့မှာ တရားခံဖမ်းထားတာ ကျနေတာပဲ၊ အောင်မယ်လေး ... သားသမီးတွေ သားသမီးတွေ ... ရင်နာဖို့ကောင်းလိုက်တာ၊ နို့တိုက်ပြီး မွေးခဲ့တဲ့သားကလည်း ကျေးဇူးကန်းတယ်၊ ရင်နဲ့လွယ်ပြီး မွေးခဲ့ရတဲ့သမီးကလည်း ငါ့ကို ရန်သူကြီးလို ကြည့်နေတာများ အောင်မယ်လေး ... ဝမ်းရည်စပ်ပါရဲ့၊ ရင်နာပါရဲ့ တော်"

"အမေ ... ဘာတွေ ပြောနေတာလဲ၊ အမေလုပ်ပုံပြောပုံနဲ့ သား ရှက်လို့သေတော့မယ် ... သိလား၊ ဘာမှ ဆက်မပြောပါနဲ့တော့ အမေ၊ အမေနေချင်တဲ့ပုံစံမျိုး ဖြစ်လာအောင် ကြိုးစားပါ့မယ်၊ သားတို့ပြန်ကြရအောင်ပါ အမေရယ် ... နော်"

သွေးရူးသွေးတန်းနှင့် သူ့အမေပြောနေတယ်ထင်ကာ ချော့မော့ပြီး နားဝင်အောင် ရန်ကြီးအောင်ပြောကြည့်မိသည်။

ဒေါ်ခင်ထားမေက ငြိမ်ပြီးနားထောင်နေပြီးမှ ...

"အေး ... ဟုတ်တယ်၊ နင့်အမျိုးတွေဆီမှာ ငါကျွန်ခံခဲ့ရသ





လို နင်လည်း ငါ့ဆီမှာ တစ်သက်လုံးကျွန်ခံရင်း သူတို့အစား နင်ပေးဆပ်ရမယ် ဒအောင်၊ စိတ်ချ ... နင်ဟာ သူတို့ကိုယ်စား နင် ပေးကိုပေးဆပ်ရမယ်၊ အခုလည်း နင့်ဘဝတစ်လျှောက်လုံး ငါ့ကို ပင်ပင်ပန်းပန်း လုပ်ကျွေးရအောင် နင့်ကို ငါ ပညာတွေ သင်ခွင့်မပေးတာပေါ့ဟဲ့ အဟီး ... ငါ ကျေနပ်ပါတယ်၊ ငါ့သမီးလေးကတော့ ပညာတတ်ကြီး ဖြစ်သွားခဲ့ပြီလေ ... ကျေနပ်တယ်၊ ကျေနပ်တယ်"

"အမေ ... ဘာတွေပြောနေတာလဲ"

ဒေါ်ဆောင်းတမ့်ိုရင်ခွင်ထဲမှ သူမအား ရှုံ့ရှာမုန်းတီးစွာ ကြည့်နေသော ကကြိုးအား တကြည့်ကြည့်နှင့်ပြောနေလေတော့ ရန်ကြီးအောင် စိတ်ရှုပ်စွာ အော်နေပေမယ့် ကျန်လူများ စဉ်းစားတွေးတောစရာတွေ ဖြစ်နေရတော့သည်။

ဒီမှာတင် ဦးရဲရင့်နောင် အနားသို့ကပ်သွားလျက် ...

"လွှတ်ပေးလိုက်ပါ လူလေး၊ ဒီမှာ ခင်ထားမေ ... နင်ပြောချင်တာကို အေးအေးဆေးဆေးပြောပါ၊ နင် ဘာပြောချင်တာလဲ၊ လူလေးက နင့်သားမဟုတ်ဘူးလား၊ ဘာကြောင့် ငါတို့မျိုးနွယ်လို့ ပြောချင်ရတာလဲ၊ ကကြိုးကရော ဘာလို့ နင့်ရင်နဲ့လွယ်ပြီး မွေးတဲ့ကလေး ဖြစ်ရပြန်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အေးဆေးတည်ငြိမ်စွာ ဦးရဲရင့်နောင် မေးလိုက်ရာ ရန်ကြီးအောင် ချုပ်နှောင်ထားရာမှ လွှတ်ပေးလိုက်၍ နာကျင်သွားသော လက်ကို ပွတ်သပ်ရင်း ဒေါ်ခင်ထားမေ မထီလေးစားမဲ့လိုက်ပြီး . . .

"အဲဒါကြောင့် နင်တို့ မျက်နှာတွေကို ဖိမ်နဲ့ကြည့်ပစ်မယ်လို့ ပြောတာပေါ့မှဲ့၊ ငါ့စကားများ ကြားလိုက်ရင် မယ်မယ့်ကို အရင်နှာနှပ်ယူရလိမ့်မယ်ထင်တယ် . . . အဟီး"

ပြောရင်း မထီလေးစား ရယ်နေပြန်တော့သည်။ ဦးရဲရင့်နောင် စိတ်မရှည်နိုင်တော့။ အားလုံးကလည်း စိတ်ဝင်စားနေကြပြီမို့ လေသံကို ခပ်မာမာပစ်လိုက်ပြီး . . .

"မြှော်မှာသာပြောပါ . . . နင် ဘာတွေ ငါတို့ကို ဒုက္ခပေးထားပြန်ပြီလဲ"

"မြှော်မှာ ပြောမှာ . . . ဟောဒီ ငအောင်ဆိုတဲ့ ရန်ကြီးအောင်ဟားရှန့်ညီမလေး ဆောင်းတမှီရဲ့သား၊ ဆောင်းတမှီ ရင်ခွင်ထဲက မိန်းကလေးက ငါ့သမီး . . . သိပြီလား"

"ဟာ . . . အမေ ဘာတွေပြောနေတာလဲ"

"အို . . . မဟုတ်ဘဲနဲ့"





ရန်ကြီးအောင်က သူ့အမေပါးစပ်ကို လိုက်ပိတ်ပြီး တားနေသလို ကျန်လူများကလည်း တစ်ယောက်တစ်ပေါက် ပြောဆိုကုန်တော့သည်။

"ဖယ်စမ်း ငအောင်"

သူ့ပါးစပ်ကို ရန်ကြီးအောင် အတင်းလိုက်ပိတ်နေ၍ ဒေါ်ခင်ထားမေ လက်နဲ့ပုတ်ချလိုက်ပြီး ကကြိုးအား တင်းတင်းဖက်ထားရင်း မျက်စိမျက်နှာပျက်နေသော ဒေါ်ဆောင်းတမှီအား သရော်ပြုံးနှင့် ကြည့်ကာ ကျေနပ်နေတော့၏။

"လူလေး . . . သူပြောတာကို ဆုံးအောင်နားထောင်လိုက်ပါ၊ ဆက်ပြောပါ ခင်ထားမေ . . . ဒီလိုတွေဖြစ်အောင် နင် တကယ်ဖန်တီးတာဆိုရင် သက်သေပြပါ"

"အဟင်း . . . အဲဒါက လွယ်လွယ်လေးရယ်၊ ဆောင်းတမှီကို မေးကြည့်လေ . . . သူ သဘောပေါက်မှာပါ၊ မပေါက်ရင်လည်း ပြောပြမယ်၊ ဒီအိမ်ကနေ ငါ ခွေးပြေးထွက်ပြေးရသလို ဆောင်းတမှီလည်း ကြောက်စိတ်နဲ့ ထွက်ပြေးသွားတယ်လို့ သတင်းရကတည်းက လိုက်ရှာနေခဲ့တာ . . . မတွေ့ခဲ့ဘူး၊ အဟွန်း . . . တွေ့မယ့်တွေ့တော့ ငါတို့ကိစ္စနဲ့ ရန်ကုန်ကိုအရောက် ဗိုလ်ချုပ်ဈေးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ကြီးတကားကားနဲ့ တွေ့လိုက်ပါပကော၊ အဲဒါနဲ့ နောက်ယောင်ခံပြီး လိုက်သွားခဲ့ကြတာလေ၊ ငါကိုယ်တိုင်လည်း ကိုယ်ဝန်နဲ့မို့ အကြိတ်စရ ရလိုက်တယ်၊ ဒါ့ကြောင့် နေရာသိပြီးတာနဲ့ အိမ်ကိုတစ်ခေါက်ပြန် သွားပြီး အစီအစဉ်ဆွဲလိုက်ရော၊ ဘာရမလဲ ထားမေပဲဟာ ... အားလုံး ကို အဆင်ချောနေတာပဲ၊ ဆောင်းတမှီနဲ့ တွေ့အောင်ကြိုးစားပြီး ငါ့ မှာ ဒုက္ခရောက်နေလို့ပါ၊ ကလေးမွေးပြီးတဲ့ထိ နေပါရစေလို့ အသနား ခံရတာပေါ့၊ သူကလည်း နေဆိုတာနဲ့ နေဖြစ်သွားခဲ့တယ်လေ၊ ဖြစ်ချင် တော့ နှစ်ယောက်လုံးက နေ့စေ့လစေ့တွေချည်းပဲ၊ ဒီကြားထဲ ကံ ကောင်းလိုက်ပုံများ ဒေါက်တာချမ်းငြိမ်း ဆေးရုံမှာ တာဝန်ကျပြီး ခွဲခန်းဝင်နေတဲ့အချိန် နှစ်ယောက်လုံး ဗိုက်နာကြတာ၊ အဲဒီမှာတင် ခင်ထားမေတို့ အကွက်ဝင်တာပေါ့၊ ကိုယ်နဲ့ခေါ်ခဲ့တဲ့ လက်သည်ကပဲ နှစ်ယောက်လုံးကို မွေးပေးခဲ့တယ်၊ ဒီတော့ ကလေးချင်းလဲဖို့က ခဲ ယဉ်းပါ့မလား။ စိတ်ကူးထဲကိုက ယောကျ်ားလေးဖြစ်ဖြစ် မိန်းကလေး ဖြစ်ဖြစ် ငါ့ကျွန်ပဲဖြစ်ရစေ့မယ်လို့ ရည်ရွယ်ခဲ့တာဆိုတော့ စဉ်းစားမနေ တော့ဘူး ... အလွယ်တကူပဲ လဲဖြစ်ခဲ့တယ်၊ နောက်ထပ်အနေနဲ့ ဆောင်းတမှီ သတိလစ်သွားတာကိုက ထားမေတို့အတွက် ကံကြမ္မာက မျက်နှာသာပေးလိုက်တာပဲလေ ... မပိုင်ဘူးလား ... ဟား ဟား





... အခု ရန်ကြီးအောင်ကို ငါနိုင်းစားလာတာ လူမှန်းသိကတည်း ကပဲလေ ... ပိုင်တယ်မဟုတ်လား''

စိတ်ဖောက်သွားသူအလား တဟားဟား အော်ရယ်နေသော ဒေါ်ခင်ထားမေအား ပိုင်းကြည့်နေမိကြပြီး ဘာမှ အသံထွက်မလာကြ တော့ပေ။

ရန်ကြီးအောင်မှာ သူ့အမေကိုကြည့်လိုက်၊ ဒေါ်ဆောင်းတမှီ ကိုကြည့်လိုက်ဖြင့် ဘာပြောလို့ ဘာလုပ်ရမှန်းကို မသိတော့ပေ။

ဒေါ်ဆောင်းတမှီမှာလည်း သမီးဖြစ်သူကိုသာ ပို၍ တင်း ကျပ်စွာဖက်ထားရင်း ဒေါ်ခင်ထားမေကို ကြောက်ကြောက်လန့်လန့် နှင့် ကြည့်နေမိလေသည်။

ဦးရဲရင့်နောင်နှင့်ဒေါ်စိန်မြချယ်တို့မှာတော့ ဒေးကြောင်လျက် ဒေါ်ခင်ထားမေကို သတိလက်လွတ်ကြည့်နေမိတော့သည်။

ဦးရဲရင့်နောင် သတိကို ပြန်စုစည်းလျက် ညီမ,ဖြစ်သူကို လှည့်ကြည့်လိုက်မိလေသည်။

ဘာမှသိပုံမရသော ညီမဖြစ်သူက အထိတ်တလန့်နှင့် သူ့ကို ပြန်ကြည့်လာလေသည်။

"ညီမလေး ... သူပြောတာတွေ ဟုတ်သလား။ ဟုတ်နေရင်



www.burmeseclassic.com

www.burmeseclassic.com



ပြန်စဉ်းစားကြည့်ပါဦး''

ဒေါ်ဆောင်းတမှီ မျက်လုံးလေး ကလယ်ကလယ်နှင့် အစ်ကိုဖြစ်သူကို ကြည့်နေရင်းက ...

သူမထံသို့ ဒေါ်ခင်ထားမေရောက်လာပုံက မှန်ကန်ကြောင်းနှင့် ကိုကြီးက သူတာဝန်ကျသောဆေးရုံမှာ မွေးရန် စီစဉ်ထားပြီးမှ ကိုကြီးမရှိစဉ် တိုင်ပင်ထားသည့်အလား နှစ်ယောက်လုံး တစ်နေ့တည်း ဗိုက်နာပုံ၊ ခင်ထားမေနှင့်ပါလာသော အမျိုးသမီးက ကလေးမွေးပေးတတ်သည်ဆို၍ သူနဲ့ပဲ မွေးဖြစ်ကြကြောင်းနှင့် သူမ အမှန်တကယ်သတိလစ်သွားသဖြင့် ဘာမှမသိတော့ကြောင်းတို့ကို တဖြည်းဖြည်းချင်းစဉ်းစားကာ ပြောပြရှာလေသည်။

အခုမှ သူမ စဉ်းစားမိသည်က ကိုကြီးက ယောကျ်ားလေးမွေးလိမ့်မည်ဟု ပြောဖူးပြီး မွေးလာတော့ မိန်းကလေးဖြစ်နေ၍ ဒီတစ်ခါ ကိုကြီးထင်တာလွဲပြီဆိုပြီး ဟာသအဖြစ် မကြာခဏ ပြောဖြစ်ကြကြောင်းကိုပါ ဖြည့်စွက်ပြောပြလေသည်။

နောက် လေးငါးရက်အကြာ မထားမေသည် သူ့ကတိအတိုင်း ကလေးမွေးပြီးပြီဖြစ်၍ ပြန်သွားလိုက်တာ အခုမှ တွေ့ရတော့သည်ဟု ဝမ်းနည်းကြေကွဲစွာ ပြောဆိုရင်း သားဖြစ်သူကို ဒေါ်





ဆောင်းတမှီ မျက်ရည်တွေနှင့် လှမ်းကြည့်မိလေသည်။

ဟုတ်ပါရဲ့ ... သူ့အဖေရဲ့ မျက်လုံး၊ မျက်ခုံးတွေကို သားက ပိုင်ဆိုင်ထားလို့ လူချောလေးဖြစ်နေတာကိုးလို့ တွေးမိသွား၏။

သမီးလေးကို မွေးကတည်းက ဖအေနဲ့ရော မအေနဲ့ပါ မတူခဲ့တာကို နည်းနည်းမှ သံသယမဖြစ်မိ။ ကိုကြီးက ဆေးရုံမှာသာမွေးရင် မှီသမီးကို ကလေးချင်းမှားခဲ့တာလို့ ထင်မိဦးမှာလို့ ပြောတာတောင် သံသယမဝင်ခဲ့။ သနားလို့ခေါ်တင်ထားမိသည့်စိတ်က အဖြူထည်မို့ ကာယကံရှင်ကိုယ်တိုင် အခုဖွင့်ပြောနေတာတောင် မယုံချင်သေး။

အားလုံး ငြိမ်သက်တိတ်ဆိတ်နေစဉ် ရှိုက်သံသဲ့သဲ့လေးထွက်လာ၍ ရှိုက်သံထွက်လာရာဆီသို့ အာရုံရောက်ကုန်ကြလေသည်။

ဒေါ်ဆောင်းတမှီ ရင်ခွင်တွင်းမှ ကကြိုးခမျာ ဆောက်တည်ရာမဲ့စွာ ငိုရှိုက်နေမိသည်ကလွဲ၍ ဘယ်သူ့ကိုမှ မကြည့်ရဲတော့ဘဲ သူမ တစ်သက်လုံး အားကိုးချစ်ခင်လာရသည့် မိခင်ရင်ခွင်မှာသာ မျက်နှာကို ဝှက်ထားမိလေသည်။

ဒေါ်ဆောင်းတမှီ နားလည်သဘောပေါက်စွာ သမီးဖြစ်သူကို



www.burmeseclassic.com

www.burmeseclassic.com



ကြင်နာစွာ ထွေးပွေ့လျက် ...

"တိတ်ပါ သမီးရယ် ... သူ ဘာပဲပြောပြော သမီးဟာ မေမေ့သမီးက မေမေ့သမီးပါပဲကွယ်၊ သမီးကို မေမေ ပိုပြီးတောင် ချစ်မိပါသေးတယ် သမီးရယ် ... တိတ်ပါကွယ် တိတ်ပါ"

"ဘာပြောတယ် ... နင်က အကုန်လုံး အပိုင်သိမ်းမယ်ပေါ့၊ မရဘူး ... နင့်သားကို နင်ပြန်ခေါ်၊ ငါ့သမီးကို ငါပြန်ခေါ်မယ်၊ မရဘူး ဆောင်းတမိ ... နင်ချည်းပဲ အမြဲအသာရနေချင်လို့ ဘယ်ရမလဲဟဲ့"

ဆိုပြီး ပြူးတူးပြဲတဲဖြင့် ဆောင်းတမိရင်ခွင်တွင်းမှ ကကြိုးကို အတင်းဝင်ဆွဲလေတော့သည်။

မြှန်းခနဲမို့ အားလုံးကြောင်သွားသော်လည်း ရန်ကြီးအောင် သတိကြီးစွာဖြင့် မိခင်ဖြစ်သူအား လှမ်းဆွဲလိုက်နိုင်ခဲ့ပေမယ့် ရန်းရင်းဆန်ခတ်ဖြစ်သွားခြင်းကြောင့် ဒေါ်ခင်ထားမေတစ်ယောက် လဲပြိုပြီး ခုံစောင်းနှင့်ထိကာ သတိလစ်သွားလေတော့သည်။

❊ ❊ ❊



## အခန်း (၁၇)

"ခုထိ ဝမ်းနည်းနေတုန်းလား ကကြိုးရယ်"

သူမဘဝကိုတွေးကာ မျက်ရည်ကျနေဆဲဖြစ်သော ကကြိုးအား ရန်ကြီးအောင် မေးလိုက်ခြင်းဖြစ်သည်။

ကကြိုး ပျောက်နေပြီဆို သစ်ခွရုံထဲမှာ ရှိချင်ရှိ၊ မရှိလျှင် ပန်းခြံလေးထဲမှာ ရှိတတ်သည်မို့ ရန်ကြီးအောင်လိုက်ရှာရင်း ပန်းခြံလေးထဲ ရောက်လာခြင်းဖြစ်သည်။

ထင်သည့်အတိုင်း တွေဝေငေးငိုင်ရင်း မျက်ရည်တွေ စီးကျလျက် ကျိတ်ငိုနေသော ကကြိုးကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မနေ့ကဖြစ်သွားခဲ့သော အခြေအနေကို သူမ ခံနိုင်ရည် ရှိပုံမပေါ်။

မိခင်အရင်းဆိုသူ၏ ကောက်ကျစ်ယုတ်မာမှုကြောင့် ရှက်နေတာလည်း ပါမည်။ တစ်သက်လုံး မိခင်အရင်းဟု ထင်ထားသူက မိခင်အရင်း မဟုတ်တော့၍ ဝမ်းနည်းသွားတာလည်း ပါပါလိမ့်မည်။

သို့သော်လည်း ထိုကိစ္စဖြစ်ပေါ်ပြီး နောက်ဆုံးမှာ ဘဘရော ဘွားဘွားကပါ ဘယ်သူ့ဘယ်သူကိုမှ အပြစ်မယူဘဲ ဒီအိမ်ကြီးထဲမှာ စည်းစည်းလုံးလုံး နေသွားကြရန် အဆုံးအဖြတ်ပေးလေသည်။

မေမေဒေါ်ဆောင်းတမီကတော့ ဘဘဒေါက်တာချမ်းငြိမ်းဆီ ပြန်မည်ဟု ပြောလာခဲ့၏။

မေမေ ဒေါ်ခင်ထားမေကလည်း သူ့အပြစ်တွေကို ဆေးကြောသည့်အနေနှင့် တရားစခန်းဝင်ရန် ဆုံးဖြတ်လေသည်။

အားလုံး၏ဆန္ဒက မိမိနှင့်ကကြိုးကို လက်ထပ်ပေးရန် ဖြစ်သည်။ ဒါမှ မိသားစုတွေအေးချမ်းသွားမည်ဟု တွက်ဆကြလေသည်။

မိမိကတော့ ပြောစရာမရှိပါ။ ဆန်းကြယ်သော ကံကြမ္မာကို အံ့ဩမိတာကလွဲလို့ ကကြိုးကို လက်မခံနိုင်စရာမရှိ။





အစောကြီးကတည်းက နှလုံးသားက လက်ခံနေပြီးသားမို့ ပိုးကျိုင်းတုတ်တောင် ဖြစ်သွားသေးသည်။

အားလုံးလည်း ပြေလည်အေးချမ်းနေကြပြီဖြစ်၏။ ခက်နေတာက ကကြိုးပင်။ ခုထိ အရှက်မပြေနိုင်သေး။

ပြောလိုက်မှ မျက်ရည်တွေက ပိုးပိုးပေါက်ပေါက် ကျလာပြန်သည်။

ဒီတော့ ရန်ကြီးအောင် မနေသာတော့။ ဘေးမှာဝင်ထိုင်ပြီး ပခုံးလေးကို ညင်သာစွာဖက်၍ နှစ်သိမ့်အားပေးရင်း . . .

"ဝမ်းနည်းမနေပါနဲ့ ကကြိုးရယ်၊ တကယ်ဆို ဒီဇာတ်လမ်းမှာ မင်းနဲ့ငါက ဓားစာခံတွေဖြစ်ခဲ့ရတာပါ၊ ဘဝတူချင်းမို့ ဘယ်သူသာတယ် ဘယ်သူနာတယ်လည်း တွက်နေဖို့မလိုပါဘူး။ ကံဇာတ်ဆရာရဲ့ စေခိုင်းချက်အတိုင်း တို့တွေ သရုပ်ဆောင်နေကြရတာ မဟုတ်လား။ ပြီးတော့ ကံကြမ္မာက တို့နှစ်ယောက်ကို တွေ့ဆုံဖို့ အစကတည်းက ဖန်တီးပေးခဲ့တာ ကကြိုး ငြင်းချင်လို့လား။ အူဝဲဆိုကတည်းက ဖူးစာကဆုံပြီးသားနော်၊ လွဲမှာစိုးလို့တောင် အရွယ်ရောက်တော့ ပြန်ဆုံဖြစ်အောင် ကြံဖန်ပြီး အကြောင်းတွေက တိုက်ဆိုင်လာသေးတယ်၊ ငြင်းချင်သေးလား"



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်ခါလို ရှက်ကိုးရှက်ကန်းဖြစ်ပြီး ပြုံးတုံးပြတဲ့ ရှန်းတာတို့ ဘာတို့ မလုပ်သည့်အတွက် ရန်ကြီးအောင် မသိမသာ ပြုံးလိုက်မိပါသည်။

မိမိပြောသမျှကို ငြိမ်ပြီးနားထောင်နေသော ကောင်မလေး ရှက်သွားမှာစိုး၍ အသံထွက်ပြီး မရယ်ရဲဘဲ တိတ်တိတ်လေး ရယ်နေရ၏။

ရှက်ရမှာကို မေ့နေတယ်ထင်ပါရဲ့။

ဒါမှမဟုတ် လူကြီးတွေက သဘောတူသည်ဟု အတိအလင်း ကြေညာလိုက်၍များ ငြင်းလို့မရမှန်းသိလို့ ငြိမ်နေသည်လားမပြောတတ်။

မျက်ရည်တွေတော့ တိတ်သွားပါပြီ။ ဘာမှ စကားပြန်မရတဲ့ ကောင်မလေးကို အရဲစွန့်ကာ ရန်ကြီးအောင် မျက်နှာနားထိ ကပ်လျက် . . .

"ကကြီး"

ဒီတော့မှ ပြုံးပြပြီး မော့ကြည့်လာတော့သည်။ ရန်ကြီးအောင် ပြုံးစိစိ လုပ်နေမိ၏။

ကကြီးပါးပြင်လေးနှင့် ရန်ကြီးအောင်နှာခေါင်း မိတ်ဆက်မိ



BURMESE CLASSIC .com



သွား၍ မျက်နှာလေး ထွတ်ထွတ်ရဲကာ ကမန်းကတန်း ခေါင်းပြန်ငုံ့သွားခဲ့ပြီ မဟုတ်လား။

"ကကြီးရယ် ရှက်မနေပါနဲ့တော့နော်၊ ကိုယ်လည်း မရှက်နိုင်တော့ဘူး၊ မင်းကို စတွေ့တည်းက ချစ်ခဲ့မိတဲ့စိတ်ကို ဒီနေ့ လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့်ပေးလိုက်တော့မယ် . . . ခွင့်ပြုမယ်မဟုတ်လားဟင်"

"ရှင် . . . ဘာ ဘာလဲ ကိုအောင် . . . ဘာကိုပြောတာလဲ"

ဟော . . . အခုမှ အသံထွက်လာတော့သည်။

ဘာတွေ အမိပ္ပာယ်ကောက်လွဲသွားမှန်း မသိ။ အသံလေး တုန်ခါလျက် မရဲတရဲလေးမော့ကာ မေးလာလေသည်။

ရန်ကြီးအောင် မိန့်မိန့်ကြီးပြုံး၍ . . .

"ကိုယ့်ကို ချစ်တယ်မဟုတ်လားလို့ မေးတာပါ၊ ဘာတွေ အတွေးချော်သွားတာလဲ မိန်းကလေးရဲ့"

ပြောင်ချော်ချော်နှင့် ပြောလိုက်တော့ ကကြီး အရှက်မပြေတဲ့မျက်နှာလေးနဲ့ မျက်လုံးလေးစွေကြည့်ပြီး မရဲတရဲလေး မေးလာလေသည်။

"ကိုအောင် ကကြီးကို တကယ်ချစ်တာပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"မယုံရင် ဘယ်လိုသက်သေပြစေချင်လဲ"

မချိမချဉ်မျက်နှာနှင့် ရန်ကြီးအောင် မေးလိုက်တော့ ကကြိုး မျက်နှာလေး ပြန်ငယ်သွားလျက် . . .

"ကကြိုးက အားငယ်တယ် ကိုအောင်၊ တကယ်ဆို ကကြိုးကြောင့် ကိုအောင်နစ်နာခဲ့တာတွေ အများကြီးပဲမဟုတ်လား၊ ဒီအတွက် ဘယ်လိုမျက်နှာနဲ့ ကိုအောင့်ကို ကကြိုး ကြည့်ရဲပါ့မလဲရှင်"

တိုးတိတ်တိမ်ဝင်သွားသော အသံလေးနဲ့အတူ မျက်ရည်တို့ ဝေ့ဝဲလာခဲ့ပြန်သည်။

"အဲဒီမျက်ရည်တွေ နောက်ကို မကျကြေးကွာ၊ ကကြိုး သေသည့်ထိ မှတ်ထား . . . ဟောဒီ ရန်ကြီးအောင်ဆိုတဲ့အကောင်က ကကြိုးအပေါ်မှာ ဘယ်တော့မှမပြယ်တဲ့ အချစ်နဲ့ ချစ်နေမှာမို့ ခုနက ကကြိုးပြောတဲ့ အားနာရှက်ရွံ့တဲ့စကားမျိုး ဘယ်တော့မှ မပြောပါနဲ့လို့ တောင်းပန်ပါတယ်ကွာ၊ ကိုယ်ပြောခဲ့ပါရောလား . . . ဒီဇာတ်လမ်းမှာ မင်းနဲ့ငါက ဓားစာခံတွေ ဖြစ်ရတာပါလို့"

မျက်ရည်စများကို လက်ညှိုးလေးနဲ့ တို့သုတ်ပေးပြီး ရန်ကြီးအောင် ချော့မော့ပြောနေရ၏။

"ကကြိုး ယုံလိုက်ရမယ်ပေါ့"





"ယုံစေသတည်း"

"ဒါဆို ပြီးရော . . . ကကြိုးကို လွှတ်တော့၊ မေမေ ပြန်တော့မယ်ပြောတယ်၊ အဝတ်အစားတွေ သွားကူထည့်ပေးလိုက်ဦးမယ်"

ပြောင်ချော်ချော်လုပ်ကာ ပြောနေသော ရန်ကြီးအောင်အား မျက်နက်လေး ထောင့်ကပ်ကာ ကကြိုးကြည့်လျက် ပခုံးပေါ်က သူ့လက်တွေကို ဆတ်ခနဲ ဖယ်ချကာ ထပြေးရန် ဟန်ပြင်လိုက်လေသည်။

ပထမတော့ ရန်ကြီးအောင်ကြောင်နေပြီးမှ ကမန်းကတန်း လက်ကို ပြန်ဖမ်းဆွဲလျက် . . .

"ဟေ့ ဟေ့ . . . ဒါ ဘာလုပ်တာလဲ၊ ဒီလိုလုပ်လို့ မရဘူးနော် ကကြိုး . . . ပြန်ထိုင်နော်၊ ကိုယ် အကြွမ်းမဖက်ချင်ဘူး၊ မေမေ့ကို ဘာဘာငြိမ်း လာခေါ်မယ်ဆိုတာ သိပြီးသား၊ အပိုတွေ ပြောမနေနဲ့၊ ကိုယ့်ကို ဒီလိုပတ်ပြေးလို့ရမလား၊ ဖြေခဲ့ဦး . . . ကိုယ့်ကိုချစ်လားဆိုတာ"

အတင်း လက်ကိုဆွဲညှစ်ထားပြီး မရမက မေးလေတော့သည်။

ကကြိုး ရှန်းကြည့်ရာ မရသဖြင့် စူစူဆောင့်ဆောင့်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထိုင်လိုက်ပြီး ချစ်မျက်စောင်းလေးထိုးလျက်။

“ပြောဖို့လိုသေးလို့လား။ သူများပါးကိုနမ်းလိုက် နဖူးကို နမ်းလိုက်နဲ့ လုပ်နေပြီးမှများ မေးနေသေးတယ် . . . မပြောဘူး”

ဂျစ်တစ်တစ်နှင့် ကကြိုးပြောလိုက်တော့ ထိုပုံစံလေးကို ကြည့်ပြီး ရန်ကြီးအောင် မချင့်မရဲဖြစ်လာ၍ ရင်ခွင်ထဲဆွဲသွင်းကာ ဖက်ထားလိုက်ပြီး . . .

“မပြောရင် ပြောအောင် လုပ်ရမှာပေါ့ . . . ကဲကွာ”

“ဟာ ဟာ . . . ကိုအောင် ကိုအောင်နော်”

ပြောပြောဆိုဆို တင်းကျပ်စွာ ထွေးဖက်လျက် မွတ်သိပ်သောအနမ်းများဖြင့် ရန်ကြီးအောင်တစ်ယောက် ချစ်တံခွန်လွှင့်ထူနေလေတော့သည်။

ချစ်ပါတယ်လို့ ဖြေရန်မလိုတော့ဘဲ နှစ်ဦးသား ချစ်မိုးကြီးစွေနေသမျှကို ပန်းခြံအတွင်းမှ ပန်းကလေးတွေနှင့် လေပြည်လေညင်းတို့က မနာလိုစွာ ငေးကြည့်နေကြကုန်၏။

သီရိကြယ်စင်

BURMESE CLASSIC .com

www.burmeseclassic.com